The facts that *A* murdered *C*, that *B* knew that *A* had murdered *C*, and that *B* had tried to extort money from *A* by theatening to make his knowledge public, are relevant.

(b) *A* sues *B* upon a bond for the payment of money *B* denies the making of the bond.

The fact that, at the time when the bond was alleged to be made, *B* required money for a particular purpose, is relevant.

(c) *A* is tried for the murder of *B* by poison.

The fact that, before the death of *B*, *A* procured poison similar to that which was administered to *B*, is relevant.

(d) The question is whether a certain document is the will of *A*.

The facts that, not long before the date of the alleged will, *A* made inquiry into matters to which the provisions of the alleged will relate, that he consulted legal practitioners in reference to making the will, and that he caused drafts of other wills to be prepared of which he did not approve, are relevant.

(ဂ) ပြဿနာမှာ A က B ကို အဆိပ်ခတ် မခတ်ဖြစ်သည်။ အဆိပ်ကြောင့် ဖြစ်ပွားသည့်လက္ခဏာများမပေါ်မီက B ၏ ကျန်းမာရေးအခြေအနေသည်လည်းကောင်း၊ A သိရှိထားသဖြင့်၊ အဆိပ်ခတ်ရန် အခွင့်အလမ်းရှိစေသော B ၏ အမူအကျင့်များသည်လည်းကောင်း စပ်ဆိုင်သော အကြောင်းခြင်းရာများဖြစ်သည်။

၈။ အငြင်းဖြစ်သည့်အကြောင်းခြင်းရာ သို့မဟုတ် စပ်ဆိုင်သော အကြောင်းခြင်းရာတစ်ခုခုအတွက် စေ့ဆော်ချက်တစ်ခု သို့မဟုတ် ပြင်ဆင်မှုတစ်ခုကို ဖော်ပြသော အကြောင်းခြင်းရာသည် စပ်ဆိုင်သည်။

စေ့ဆော်ချက်၊ ပြင်ဆင်မှု၊ အမှုမတိုင်မီ အပြုအမူ သို့မဟုတ် အမှုဖြစ်ပွားပြီးနောက် အပြုအမူ။

တရားမမှု သို့မဟုတ် မှုခင်းတစ်ခုခုနှင့်စပ်လျဉ်း၍ဖြစ်စေ၊ ထိုအမှုတွင်ပါရှိသော အငြင်းဖြစ်သည့်အကြောင်းခြင်းရာ သို့မဟုတ် စပ်ဆိုင်သောအကြောင်းခြင်းရာနှင့် စပ်လျဉ်း၍ ဖြစ်စေ၊ အမှုသည်တစ်ဦး၏ သို့မဟုတ် အမှုသည်၏ ကိုယ်စားဆောင်ရွက်သူတစ်ဦး၏ အပြုအမူသည်လည်းကောင်း၊ ပြစ်မှုတစ်ခုခုဖြင့် အမှုစွဲဆိုခြင်းခံရသူ၏ အပြုအမူသည် လည်းကောင်း၊ အငြင်းဖြစ်သည့် အကြောင်းခြင်းရာ သို့မဟုတ် စပ်ဆိုင်သော အကြောင်းခြင်းရာကြောင့် ဖြစ်ရသည့်အပြုအမူ သို့မဟုတ် ထိုအကြောင်းခြင်းရာကို ဖြစ်စေသည့် အပြုအမူဖြစ်လျှင် ထိုအပြုအမူသည် အမှုမတိုင်မီက ပြုလုပ်ခဲ့သည်ဖြစ်စေ၊ အမှု ဖြစ်ပွားပြီးသည့်နောက်မှပြုလုပ်သည်ဖြစ်စေ အမှု၌ စပ်ဆိုင်သော အကြောင်းခြင်းရာဖြစ်သည်။

ရှင်းလင်းချက် ၁။ ထွက်ဆိုချက်များသည် ပြုလုပ်မှုများနှင့်တွဲဖက်ခြင်းလည်းမရှိ၊ ပြုလုပ်မှုများ၏အဓိပ္ပာယ်ကိုရှင်းလင်းစေသည်လည်းမဟုတ်လျှင် ထိုထွက်ဆိုချက်များသည် ဤပုဒ်မရှိ "အပြုအမူ" ဆိုသည့်စကားတွင် အကျုံးမဝင်ချေ။ သို့ရာတွင် ဤရှင်းလင်းချက်ကြောင့် ဤဥပဒေပါ အခြားပုဒ်မတစ်ခုခုအရဖြစ်သော ထွက်ဆိုချက်များ၏စပ်ဆိုင်ခြင်းကို မထိခိုက်စေရ။

ရှင်းလင်းချက် ၂။ တစ်ဦးတစ်ယောက်သောသူ၏ အပြုအမူသည်စပ်ဆိုင်လျှင် ထိုအပြုအမူကို ထိခိုက်စေသော ထိုသူအား ပြောဆိုချက်၊ သို့မဟုတ် ထိုသူ၏ ရှေ့မှောက်တွင် ထိုသူကြားလောက်သော ပြောဆိုချက်သည် စပ်ဆိုင်သည်။

ဥပမာများ

(က) A သည် B ကို သတ်မှုဖြင့် စွဲဆိုစစ်ဆေးစီရင်ခြင်းခံရသည်။ A က C ကိုသတ်ခြင်း၊ A က C ကို သတ်သည်ကို B သိခြင်း၊ B ကကျွန်ုပ်သို့ မိမိသိသည်ကို လူအများသိရှိအောင် ပြုလုပ်မည်ဟု ခြိမ်းခြောက်ပြောဆို၍ A ထံမှ ငွေခြောက်လှန့်တောင်းယူရန် ကြိုးပမ်းခြင်းဟူသည့် အကြောင်းခြင်းရာများသည် စပ်ဆိုင်သည်။

(ခ) A က ငွေချေးစာချုပ်အရ B ထံမှ ငွေရလိုကြောင်းနှင့် တရားစွဲဆိုသည်။ B က ထိုစာချုပ်ကို မချုပ်ဆိုရကြောင်း ငြင်းဆိုသည်။ စာချုပ်ကို ချုပ်ဆိုသည်ဆိုသော အချိန်က B သည် အကြောင်းကိစ္စတစ်ခုအတွက် ငွေအသုံးလိုသည်ဟူသော အချက်သည်စပ်ဆိုင်သည်။

(ဂ) A သည် B ကို အဆိပ်ခတ်၍ သတ်မှုဖြင့် စွဲဆိုစစ်ဆေးစီရင်ခြင်းခံရသည်။

B မသေမီက ယင်းအား ခတ်သော အဆိပ်နှင့်အလားတူသောအဆိပ်ကို A က ရှာဖွေ ရယူသည်ဆိုသောအချက်သည်စပ်ဆိုင်သည်။

(ဃ) ပြဿနာမှာ စာတမ်း အနုတ်အသားတစ်ခုသည် A ၏ သေတမ်းစာ ဟုတ်မဟုတ်ဖြစ်သည်။

အဆိုပါသေတမ်းစာပါနေ့စွဲမတိုင်မီက A သည် သေတမ်းစာတွင်ပါရှိသည့်အချက်များနှင့် သက်ဆိုင်သောအကြောင်းအရာများကို စုံစမ်းမေးမြန်းခြင်း၊ သေတမ်းစာရေးရန်အတွက် ရှေ့နေများနှင့် တိုင်ပင်ခြင်း၊ အခြားသေတမ်းစာ အကြမ်းများကို ရေးဆွဲစေခဲ့သော်လည်း A က ထိုသေတမ်းစာ အကြမ်းများကို သဘောတိုက်ညီမှုမရှိခဲ့ခြင်းဟူသောအချက်များသည် စပ်ဆိုင်သည်။

(e) *A* is accused of a crime.

The facts that, either before or at the time of, or after the alleged crime, *A* provided evidence which would tend to give to the facts of the case an appearance favourable to himself, or that he destroyed or concealed evidence, or prevented the presence or procured the absence of persons who might have been witnesses, or suborned persons to give false evidence respecting it, are relevant.

The question is, whether *A* robbed *B*.

The facts that, after *B* was robbed, *C* said in *A*'s presence "the police are coming to look for the man who robbed *B*," and that immediately afterwards *A* ran away, are relevant.

(g) The question is whether *A* owes *B* rupees 10,000.

The facts that *A* asked *C* to lend him money, and that *D* said to *C* in *A*'s presence and hearing "I advise you not to trust *A*, for he owes *B* 10,000 rupees," and that *A* went away without making any answer, are relevant facts.

(h) The question is, whether *A* committed a crime.

The fact that *A* absconded after receiving a letter warning him that inquiry was being made for the criminal, and the contents of the letter, are relevant.

(i. *A* is accused of a crime.

The facts that, after the commission of the alleged crime, he absconded, or was in possession of property or the proceeds of property acquired by the crime, or attempted to conceal things which were or might have been used in committing it, are relevant.

(j) The question is whether *A* was ravished.

The facts that, shortly after the alleged rape, she made a complaint relating to the crime, the circumstances under which, and the terms in which, the complaint was made, are relevant.

The fact that, without making a complaint, she said that she had been ravished is not relevant as conduct under this section, though it may be relevant as a dying declaration under section 32, clause (1), or as corroborative evidence under section 157.

(k) The question is, whether *A* was obbed.

The fact that, soon after the alleged robbery, he made a complaint relating to the offence the circumstances under which, and the terms in which, the complaint was made, are relevant.

The fact that he said he had been robbed without making any complaint, is not relevant as conduct under this section, though it may be relevant as a dying declaration under section 32, clause (1), or as corroborative evidence under section 157.

(င) A သည်ပြစ်မှုတစ်ခုကျူးလွန်ကြောင်းဖြင့် စွဲဆိုခြင်းခံရသည်။

စွပ်စွဲသည့်ပြစ်မှုမတိုင်မီဖြစ်စေ၊ ထိုပြစ်မှုကျူးလွန်ချိန်တွင်ဖြစ်စေ၊ ပြစ်မှုကျူးလွန်သည့် နောက်မှဖြစ်စေ၊ A သည် မိမိအတွက်အကျိုးပြုမည့်လက္ခဏာရှိသော သက်သေခံချက်များကိုစီမံခြင်း၊ သက်သေခံချက်များကို ဖျက်ဆီးခြင်း သို့မဟုတ် ဖုံးကွယ်ခြင်း၊ သက်သေဖြစ်နိုင်သူများကို မလာရောက်စေရန် တားဆီးခြင်း သို့မဟုတ် ထိမ်းရှောင်နေစေခြင်း၊ ထိုပြစ်မှုနှင့် စပ်လျဉ်း၍ မှားသောသက်သေခံရန်အလို့ငှာ လူအများကို သွေးဆောင်ခြင်းဟူသည့် အချက်များသည် စပ်ဆိုင်သည်။

(စ) ပြဿနာမှာ A က B ကို လုယက် မလုယက်ဖြစ်သည်။

B လုယက်ခြင်းခံရပြီးနောက် C က A ၏ ရှေ့မှောက်တွင် " B ကို လုယက်သူအား ရှာရန် ရဲများလာနေသည် " ဟု ပြောဆိုခြင်း၊ ထိုသို့ပြောဆိုပြီးသည်နှင့်တစ်ပြိုင်နက် A ထွက်ပြေးခြင်းဟူသော အချက်များသည် စပ်ဆိုင်သည်။

(ဆ) ပြဿနာမှာ A က B သို့ ငွေ ၁၀၀၀၀ ကျပ် ကြွေးဆပ်ရန်ရှိမရှိဖြစ်သည်။

A က မိမိအား ငွေချေးရန် C အား ပြောဆိုခြင်း၊ D သည် A ရှေ့ A ကြားအောင် " A ကို မယုံနှင့်၊ သူ့မှာ B သို့ပေးဆပ်ရန် ကြွေးကျပ် ၁၀၀၀၀ ရှိနေသည် " ဟူ၍ C အား ပြောဆိုခြင်း၊ ထိုသို့ပြောဆိုသည်ကို A က မည်သို့မျှ စကားတုံ့ပြန်ပြောဆိုခြင်း မပြုဘဲ၊ ထွက်ခွာသွားခြင်းတို့မှာ စပ်ဆိုင်သည်။

(ဇ) ပြဿနာမှာ A သည် ပြစ်မှုတစ်ခုကို ကျူးလွန် မကျူးလွန်ဖြစ်သည်။

ပြစ်မှုကျူးလွန်သူကို စုံစမ်းနေသည်ဟူသော သတိပေးစာကိုရရှိပြီးနောက် A ထွက်ပြေး တိမ်းရှောင်သွားခြင်းနှင့် ထိုသတိပေးစာတွင်ပါရှိသော အကြောင်းအရာများသည် စပ်ဆိုင်သည်။

(ဈ) A သည်ပြစ်မှုတစ်ခုကျူးလွန်သည်ဟု စွဲဆိုခြင်းခံရသည်။ အဆိုပါ ပြစ်မှုကို ကျူးလွန်ပြီးနောက် A ထွက်ပြေးတိမ်းရှောင်နေခြင်း၊ သို့မဟုတ် ပြစ်မှုကျူးလွန်၍ရရှိသော ပစ္စည်းကိုဖြစ်စေ၊ ထိုပစ္စည်းကို ရောင်းချ၍ရရှိသော ငွေကြေးကိုဖြစ်စေ၊ A ၏ လက်ဝယ်တွင်တွေ့ရှိခြင်း၊ ထိုပြစ်မှုကျူးလွန်ရာတွင် အသုံးပြုခဲ့သော သို့မဟုတ် အသုံးပြုရန် လက္ခဏာရှိသော အရာဝတ္ထုများကို ကွယ်ဝှက်ရန် အားထုတ်ခြင်းတို့သည် စပ်ဆိုင်သည်။

(ည) ပြဿနာမှာ A သည် မုဒိမ်းပြုကျင့်ခံရခြင်း ဟုတ် မဟုတ်ဖြစ်သည်။

အဆိုပါမုဒိမ်းမှု ကျူးလွန်ပြီးနောက် မကြာမီအတွင်း ထိုပြစ်မှုနှင့်ပတ်သက်၍ A က တိုင်တန်းခြင်း၊ ထိုသို့တိုင်တန်းရာ၌ မည်သည့်အခြေအနေများအရ မည်သည့် အချက်အလက်များကို တိုင်တန်းခြင်းဟူသော အချက်များမှာ စပ်ဆိုင်သည်။

မိမိမုဒိမ်းပြုကျင့်ခံရကြောင်းတိုင်တန်းခြင်းကားမပြု၊ ထိုသို့ပြုကျင့်ခြင်းခံခဲ့ရသည်ဟူ၍သာ A က ပြောဆိုခြင်းမှာ ဤပုဒ်မအရ အပြုအမူအဖြစ်ဖြင့် အနည်း၍စပ်ဆိုင်သည့်အကြောင်းခြင်းရာမဟုတ်ချေ။ သို့ရာတွင် ပုဒ်မ ၃၂၊ အပိုဒ် (၁) အရ သေခါနီးထွက်ဆိုချက်အဖြစ်ဖြင့်သော်လည်းကောင်း၊ ပုဒ်မ ၁၅၇ အရထောက်ခံသော သက်သေခံချက်အဖြစ်ဖြင့်သော်လည်းကောင်း စပ်ဆိုင်သည်။

(ဋ) ပြဿနာမှာ A သည် လုယက်ခြင်းခံရ မခံရဖြစ်သည်။

အဆိုပါ လုယက်မှုဖြစ်ပွားပြီးနောက် မကြာမီအတွင်း ထိုပြစ်မှုနှင့်စပ်လျဉ်း၍ A က တိုင်တန်းခြင်း၊ ထိုသို့ တိုင်တန်းရာတွင် မည်သည့် အခြေအနေများအရ မည်သည့်အချက်အလက်များကို တိုင်တန်းခြင်းဟူသောအချက်များမှာစပ်ဆိုင်သည်။

မိမိလုယက်ခြင်းခံရကြောင်း တိုင်တန်းခြင်းကားမပြု၊ လုယက်ခြင်းခံရသည်ဟူ၍သာ A က ပြောဆိုခြင်းမှာ ဤပုဒ်မအရ အပြုအမူအဖြစ်စပ်ဆိုင်သည့်အကြောင်းခြင်းရာမဟုတ်ချေ။ သို့ရာတွင်ပုဒ်မ ၃၂၊ အပိုဒ် (၁) အရ သေခါနီး ထွက်ဆိုချက်အဖြစ်ဖြင့်သော်လည်းကောင်း၊ ပုဒ်မ ၁၅၇ အရ ထောက်ခံသော သက်သေခံချက်အဖြစ်ဖြင့်သော်လည်းကောင်း စပ်ဆိုင်နိုင်သည်။

neces- o n or luce re- t facts.

9. Facts necessary to explain or introduce a fact in issue or relevant fact, or which support or rebut an inference suggested by a fact in issue or relevant fact, or which establish the identity of any thing or person whose identity is relevant, or fix the time or place at which any fact in issue or relevant fact happened, or which show the relation of parties by whom any such fact was transacted, are relevant in so far as they are necessary for that purpose.

Illustrations.

(*a*) The question is, whether a given document is the will of *A*.

The state of *A*'s property and of his family at the date of the alleged will may be relevant facts.

(*b*) *A* sues *B* for a libel imputing disgraceful conduct to *A* ; *B* affirms that the matter alleged to be libellous is true.

The position and relations of the parties at the time when the libel was published may be relevant facts as introductory to the facts in issue.

The particulars of a dispute between *A* and *B* about a matter unconnected with the alleged libel are irrelevant, though the fact that there was a dispute may be relevant if it affected the relations between *A* and *B*.

(*c*) *A* is accused of a crime.

The fact that, soon after the commission of the crime, *A* absconded from his house is relevant under section 8, as conduct subsequent to and affected by facts in issue.

The fact that at the time when he left home he had sudden and urgent business at the place to which he went is relevant, as tending to explain the fact that he left home suddenly.

The details of the business on which he left are not relevant, except in so far as they are necessary to show that the business was sudden and urgent.

(*d*) *A* sues *B* for inducing *C* to break a contract of service made by him with *A*. *C*, on leaving *A*'s service, says to *A* " I am leaving you because *B* has made me a better offer." This statement is a relevant fact as explanatory of *C*'s conduct, which is relevant as a fact in issue.

၉။ အငြင်းဖြစ်သည့်အကြောင်းခြင်းရာသို့မဟုတ် စပ်ဆိုင်သောအကြောင်းခြင်းရာကို ရှင်းလင်းရန်ဖြစ်စေ၊ ထုတ်ဖော်ရန်ဖြစ်စေ၊ လိုအပ်သော အချက်များသည် လည်းကောင်း၊ အငြင်းဖြစ်သည့် အကြောင်းခြင်းရာ သို့မဟုတ် စပ်ဆိုင်သော အကြောင်းခြင်းရာ ပေါ်ပေါက်သည့် ကောက်ယူချက်ကို ထောက်ခံသော သို့မဟုတ် ငြင်းဆိုသော အချက်များသည်လည်းကောင်း၊ တစ်စုံတစ်ခုသောအရာဝတ္ထုသည် မည်သည့်အရာ ဖြစ်သည်ဆိုသော အချက် သို့မဟုတ် တစ်ဦးတစ်ယောက်သောသူသည် မည်သူဖြစ်သည်ဆိုသော အချက်သည် စပ်ဆိုင်သော အကြောင်းခြင်းရာဖြစ်လျှင် ထိုအချက်များကို ဖော်ပြသည့် အချက်များသည် လည်းကောင်း၊ အငြင်းဖြစ်သည့်အကြောင်းခြင်းရာ သို့မဟုတ် စပ်ဆိုင်သော အကြောင်းခြင်းရာ တစ်ခုခုဖြစ်ပွားသည့်အချိန် သို့မဟုတ် နေရာကိုဖော်ပြသည့်အချက်များသည်လည်းကောင်း၊ အငြင်းဖြစ်သည့် အကြောင်းခြင်းရာကိုဖြစ်စေ၊ စပ်ဆိုင်သော အကြောင်းခြင်းရာကိုဖြစ်စေ ပြုလုပ်ခဲ့သူများ တစ်ဦးနှင့် တစ်ဦး ဆက်သွယ်မှုကိုဖော်ပြသော အချက်များသည် လည်းကောင်း၊ သက်ဆိုင်ရာကိစ္စအတွက် လိုအပ်သမျှသည် စပ်ဆိုင်သောအကြောင်းခြင်းရာများ ဖြစ်သည်။

စပ်ဆိုင်သော အကြောင်းခြင်းရာများကိုရှင်းလင်းရန် သို့မဟုတ် ထုတ်ဖော်ရန် လိုအပ်သော အကြောင်းခြင်းရာများ။

ဥပမာများ

(က) ပြဿနာမှာ စာတမ်းအမှတ်အသား တစ်ခုသည် A ၏ သေတမ်းစာဟုတ် မဟုတ်ဖြစ်သည်။

အဆိုပါ သေတမ်းစာပါ နေ့ရက်တွင် A ၏ပစ္စည်းနှင့် မိသားစုတို့၏ အခြေအနေမှာ စပ်ဆိုင်သော အကြောင်းခြင်းရာများဖြစ်နိုင်သည်။

(ခ) Aသည် ရှက်ဖွယ်ရာ အပြုအမူကို ပြုကျင့်ကြောင်းဖြင့် B က သွင်းဖွဲ့သည့်အတွက် B အပေါ်တွင် အသရေပျက်မှုဖြင့် A က တရားစွဲဆိုသည်။ အသရေပျက်စေသည် ဆိုသော အကြောင်းအရာများသည် မှန်ကန်သည်ဟု B က ထွက်ဆိုသည်။

အသရေပျက်စေသည့် အကြောင်းကြေညာသည့် အချိန်က အမှုသည်များ၏ အနေအထားနှင့် ဆက်ဆံပုံတို့မှာ အငြင်းဖြစ်သည့် အချက်များကို ထုတ်ဖော်သည့် အနေဖြင့် အမှု၌ စပ်ဆိုင်သော အကြောင်းခြင်းရာများ ဖြစ်နိုင်သည်။

အသရေပျက်မှုနှင့် မသက်ဆိုင်သော အကြောင်းကိစ္စနှင့် စပ်လျဉ်း၍ A နှင့် B တို့ အငြင်းပွားသည့် အကြောင်းအရာများမှာ အမှု၌ စပ်ဆိုင်ခြင်းမရှိ။ သို့ရာတွင် ထိုအငြင်းပွားမှုကြောင့် A နှင့် B တို့၏ ဆက်ဆံရေးကို ထိခိုက်စေလျှင် ထိုကဲ့သို့ အငြင်းပွားမှုရှိသည် ဆိုသော အချက်မှာ စပ်ဆိုင်သော အကြောင်းခြင်းရာ ဖြစ်နိုင်သည်။

(ဂ) A သည် ပြစ်မှု တစ်ခုဖြင့် စွပ်စွဲခံရသည်။

ပြစ်မှုကျူးလွန်ပြီးနောက် မကြာမီ A သည် နေအိမ်မှ ထွက်ပြေးသွားခြင်းမှာ အငြင်းဖြစ်သည့် အကြောင်းခြင်းရာ နောက်ပိုင်းတွင် ယင်းအကြောင်းခြင်းရာကြောင့်ဖြစ်ပေါ်သောအပြုအမူအဖြစ် ပုဒ်မ ၈ အရ စပ်ဆိုင်သောအကြောင်းခြင်းရာ ဖြစ်သည်။

နေအိမ်မှ ထွက်ခွာသွားသည့် အချိန်ကနင်းသွားရောက်သော အရပ်တွင် ရုတ်တရက် အရေးကြီးသော ကိစ္စရှိခြင်းမှာ နေအိမ်မှ ရုတ်တရက် ထွက်သွားရခြင်း၏ အကြောင်းရင်းကို ရှင်းလင်းသည့် အနေဖြင့် စပ်ဆိုင်သည်။

ထွက်ခွာသွားရသော ကိစ္စနှင့် ပတ်သက်သည့် အသေးစိတ် အကြောင်းအရာများမှာ စပ်ဆိုင်ခြင်းမရှိ။ ကိစ္စမှာရုတ်တရက်နှင့် အရေးတကြီး ဖြစ်ကြောင်း ဖော်ပြရန် လိုအပ်သရွေ့သာလျှင် စပ်ဆိုင်သည်။

(ဃ) A ထံတွင် အလုပ်လုပ်ရန် ပဋိညာဉ်ကို ဖောက်ဖျက်စေရန်အတွက် B က C ကိုသွေးဆောင်သည်ဟု A က B အပေါ်တွင် တရားစွဲဆိုသည်။ C က A ထံမှ အလုပ်ထွက်သွားစဉ် "B ကကျွန်တော့်အားလစာကြေးငွေ ပိုမိုပေးမည်ဆို၍ ကျွန်တော် ခင်ဗျားထံမှ ထွက်သည်" ဟု A ကိုပြောဆိုသည်။ ဤပြောဆိုချက်သည် C၏ အပြုအမူကို ရှင်းလင်းသည့် အနေဖြင့် အမှု၌စပ်ဆိုင်သော အကြောင်းခြင်းရာ ဖြစ်သည်။ C ၏ အပြုအမူသည်လည်း အငြင်းဖြစ်သည့် အကြောင်းခြင်းရာ အဖြစ်ဖြင့် စပ်ဆိုင်သော အကြောင်းခြင်းရာ ဖြစ်သည်။

(e) *A*, accused of theft, is seen to give the stolen property to *B*, who is seen to give it to *A*'s wife. *B* says as he delivers it "*A* says you are to hide this." *B*'s statement is relevant as explanatory of a fact which is part of the transaction.

(*f*) *A* is tried for a riot and is proved to have marched at the head of a mob. The cries of the mob are relevant as explanatory of the nature of the transaction.

ings said done by nspirator reference common sign.

10. Where there is reasonable ground to believe that two or more persons have conspired together to commit an offence or an actionable wrong, anything said, done or written by any one of such persons in reference to their common intention, after the time when such intention was first entertained by any one of them, is a relevant fact as against each of the persons believed to be so conspiring, as well for the purpose of proving the existence of the conspiracy as for the purpose of showing that any such person was a party to it.

Illustration.

Reasonable ground exists for believing that *A* has joined in a conspiracy to wage war against the Government.

The facts that *B* procured arms in Europe for the purpose of the conspiracy, *C* collected money in Rangoon for a like object, *D* persuaded persons to join the conspiracy in Bassein, *E* published writings advocating the object in view at Toungoo, and *F* transmitted from Mandalay to *G* at Taunggyi the money which *C* had collected at Rangoon, and the contents of a letter written by *H* giving an account of the conspiracy, are each relevant, both to prove the existence of the conspiracy, and to prove *A*'s complicity in it, although he may have been ignorant of all of them, and although the persons by whom they were done were strangers to him, and although they may have taken place before he joined the conspiracy or after he left it.

Vhen facts ot otherwise relevant ecome elevant.

11. Facts not otherwise relevant are relevant—

(1) if they are inconsistent with any fact in issue or relevant fact;

(2) if by themselves or in connection with other facts they make the existence or non-existence of any fact in issue or relevent fact highly probable or improbable.

(င) A သည် ခိုးမှုဖြင့် စွဲဆိုခံရရာတွင် ခိုးရာပါ ပစ္စည်းကို B သို့ပေးလိုက်၍ B က ထိုပစ္စည်းကို A ၏ ဇနီးသို့ပေးလိုက်သည်ကို တွေ့မြင်ရသည်။ B က ပစ္စည်းပေးလိုက်စဉ် "ဒီဟာကို ဝှက်ထားရန် A မှာလိုက်သည်" ဟုပြောဆိုသည်။ B ၏ ပြောဆိုချက်သည် အမှုကိစ္စတွင် ပါဝင်သော အချက်တစ်စိတ်တစ်ဒေသကို ရှင်းလင်းသည့် အနေဖြင့် စပ်ဆိုင်သော အကြောင်းခြင်းရာဖြစ်သည်။

(စ) A အား ရှန်းရှင်းဆောန် ခတ်မှုဖြင့် တရားစွဲဆိုရာ A သည်လူစုလူဝေး၏ ရှေ့မှ ခေါင်းဆောင် ချီတက်သွားကြောင်း ထက်သေအင်ရှားရှိသည်။ ထိုလူစု လူဝေး၏ အော်ဟစ်သံများသည် အမှုကိစ္စ၏ သဘောကို ရှင်းလင်းသည့် အနေဖြင့် စပ်ဆိုင်သည်။

၁၀။ ပြစ်မှုတစ်ခုကိုဖြစ်စေ၊ တရားမကြောင်းစွဲဆိုနိုင်သော အကျိုးနစ်နာမှု တစ်ခုကိုဖြစ်စေ၊ ကျူးလွန်ရန်အတွက် နှစ်ဦး သို့မဟုတ် နှစ်ဦးထက်ပိုသောသူများက ပူးပေါင်းကြံစည်သည်ဟု ယုံကြည်ရန် ယုတ္တိတန်သောအကြောင်းရှိလျှင် အဆိုပါသူများအနက် တစ်ဦးက ထိုအကြံအစည်ကို ဦးစွာ ပထမရရှိပြီးနောက် ထိုအကြံအစည်နှင့်စပ်လျဉ်း၍ အဆိုပါသူတစ်ဦးဦး၏ ပြောဆိုချက်၊ ပြုမူချက်၊ ရေးသားချက် တစ်ခုခုသည် ပူးပေါင်းကြံစည်မှု တစ်ခုရှိကြောင်း သက်သေထင်ရှား ပြရန်အလို့ငှာ လည်းကောင်း၊ ထိုသူတစ်ဦးတစ်ယောက်သည် ထိုအစုအဝေးတွင် ပါဝင်သူဖြစ်ကြောင်း ပြသရန် အလို့ငှာလည်းကောင်း၊ အမှု၌ပူးပေါင်းကြံစည်သည်ဟု ယုံကြည်ရသူတစ်ဦးစီ၏ အပေါ်တွင် စပ်ဆိုင်သော အကြောင်းခြင်းရာဖြစ်သည်။

တူညီသော အကြံအစည်နှင့် စပ်လျဉ်း၍ ပူးပေါင်းကြံစည်သူ၏ ပြောဆိုချက် သို့မဟုတ် ပြုမူချက်များ။

ဥပမာများ

အစိုးရကို စစ်မက်ပြိုင်ဆိုင်ရန် ပူးပေါင်းကြံစည်မှုတွင် A ပါဝင်သည်ဟု ယုံကြည်ရန် ယုတ္တိတန်သော အကြောင်းရှိသည်။

ပူးပေါင်းကြံစည်မှုကိစ္စအတွက် B သည် ဥရောပတိုက်တွင် လက်နက်များကို ရှာဖွေ ရယူခြင်း၊ ထိုကိစ္စအတွက် C သည် ရန်ကုန်မြို့တွင် ငွေများ ကောက်ခံခြင်း၊ D သည် ပုသိမ်မြို့၌ ပူးပေါင်းကြံစည်မှုတွင် ပါဝင်ရန် လူများကို ဖြားယောင်းသွေးဆောင်ခြင်း၊ E သည် တောင်ငူမြို့၌ ကြံစည်ချက်ကို အားပေးသည့် ရေးသားချက်များကို ကြေညာခြင်း၊ F က ရန်ကုန်တွင် C ကောက်ခံရရှိထားသော ငွေများကို မန္တလေးမြို့မှ တောင်ကြီးမြို့ရှိ G ထံသို့ ပေးပို့ခြင်းဟူသော အချက်များနှင့် ထိုသို့ ပူးပေါင်းကြံစည်ကြသော အကြောင်းအရာများကို H က ထုတ်ဖော်ရေးသားထားသော စာတွင် ပါရှိသော အချက်များသည် ယင်းတို့အားလုံးမှာ ပူးပေါင်းကြံစည်မှု ရှိကြောင်း သက်သေထင်ရှား တင်ပြရန်အတွက်လည်းကောင်း A သည် အထက်ပါ ပြုလုပ်မှု အားလုံးကိုလည်းမသိ၊ ပြုလုပ်သူများကိုလည်း သိရှိသူ မဟုတ်သည့်ပြင်၊ ပြုလုပ်မှုများမှာလည်း ပူးပေါင်းကြံစည်မှုတွင် A ပါဝင်မီ သို့မဟုတ် ပူးပေါင်းကြံစည်မှုကို A စွန့်လွှတ်ပြီးနောက်မှ ဖြစ်ပွားကြသော်လည်း ထိုပူးပေါင်းကြံစည်မှုတွင် A ပါဝင်ကြောင်း သက်သေထင်ရှား တင်ပြရန်အတွက် လည်းကောင်း စပ်ဆိုင်သည်။

၁၁။ အမှု၌စပ်ဆိုင်သော အကြောင်းခြင်းရာများ ဖြစ်သည်ဟု အခြားနေရာများတွင် ပြဋ္ဌာန်းမထားသော်လည်း အချို့အကြောင်းခြင်းရာများသည် အောက်ပါကိစ္စများတွင် စပ်ဆိုင်သည်—

(၁) အဆိုပါ အကြောင်းခြင်းရာများသည် အငြင်းဖြစ်သည့် အကြောင်းခြင်းရာ သို့မဟုတ် စပ်ဆိုင်သောအကြောင်းခြင်းရာ တစ်ခုခုနှင့် မညီညွတ်သောကိစ္စ၊

(၂) အဆိုပါ အကြောင်းခြင်းရာများက ယင်းတို့ချည်းသက်သက် ဖြစ်စေ၊ အခြား အကြောင်းခြင်းရာများနှင့် ဆက်စပ်၍ဖြစ်စေ၊ အငြင်းဖြစ်သည့် အကြောင်းခြင်းရာ သို့မဟုတ် စပ်ဆိုင်သော အကြောင်းခြင်းရာ တစ်ခုခု ဟုတ်မှန်ကြောင်းကိုသော်လည်းကောင်း၊ မဟုတ်မှန်ကြောင်းကိုသော်လည်းကောင်း ဖြစ်နိုင်လောက်သည်ဟု သို့မဟုတ် မဖြစ်နိုင်လောက်သည်ဟု ကောက်ယူစေနိုင်သောကိစ္စ။

အခြားနည်းအားဖြင့် စပ်ဆိုင်ခြင်းမရှိသည့် အကြောင်းခြင်းရာများ မည်သည့်အခါ စပ်ဆိုင်လာခြင်း။

Illustrations.

(*a*) The question is whether *A* committed a crime at Rangoon on a certain day.

The fact that, on that day, *A* was at Maymyo is relevant.

The fact that, near the time when the crime was committed, *A* was at a distance from the place where it was committed, which would render it highly improbable, though not impossible, that he committed it, is relevant.

(*b*) The question is, whether *A* committed a crime.

The circumstances are such that the crime must have been committed either by *A*, *B*, *C* or *D*. Every fact which shows that the crime could have been committed by no one else and that it was not committed by either *B*, *C* or *D*, is relevant.

In suits for damages, facts tending to enable Court to determine amount are relevant.

12. In suits in which damages are claimed, any fact which will enable the Court to determine the amount of damages which ought to be awarded is relevant.

Facts relevant when right or custom is in question.

13. Where the question is as to the existence of any right or custom, the following facts are relevant :—

(*a*) any transaction by which the right or custom in question was created, claimed, modified, recognized, asserted or denied, or which was inconsistent with its existence ;

(*b*) particular instances in which the right or custom was claimed, recognized or exercised, or in which its exercise was disputed, asserted or departed from.

Illustration.

The question is whether *A* has a right to a fishery. A deed conferring the fishery on *A*'s ancestors, a mortgage of the fishery by *A*'s father, a subsequent grant of the fishery by *A*'s father, irreconcilable with the mortgage, particular instances in which *A*'s father exercised the right, or in which the exercise of the right was stopped by *A*'s neighbours, are relevant facts.

ဥပမာများ

(က) ပြဿနာမှာ A သည် ချိန်ကိုက်မြို့၌ နေ့တစ်နေ့တွင် ပြစ်မှုတစ်ခုကို ကျူးလွန်ခြင်း ရှိမရှိဖြစ်သည်။

ထိုနေ့က A သည် ဓမ္မြို့၌ရှိနေသည်ဆိုသော အချက်သည် စပ်ဆိုင်သည်။

ပြစ်မှုကျူးလွန်ချိန် ပတ်ဝန်းကျင်တွင် A သည် ပြစ်မှုကျူးလွန်သည့်နေရာနှင့်ခရီးအတန် ဝေးကွာသည့်နေရာ၌ ရောက်ရှိနေသဖြင့် ပြစ်မှုမကျူးလွန်ဟုမချမဆိုနိုင်သော်လည်း ကျူးလွန်ရန်လွန်စွာအကြောင်းရှိတန်သည်မဟုတ်လျှင် အဆိုပါနေရာ၌ A ရောက်ရှိနေခြင်းသည် စပ်ဆိုင်သည်။

(ခ) ပြဿနာမှာ A သည် ပြစ်မှုတစ်ခုကို ကျူးလွန် မကျူးလွန်ဖြစ်သည်။

သက်ဆိုင်သော အခြေအနေများအရ A၊ B၊ C၊ D၊ တို့အနက် တစ်ဦးဦးကပြစ်မှုကျူးလွန်ခြင်းဖြစ်ရမည်။ အခြားမည်သူတစ်ဦးတစ်ယောက်ကမျှ ပြစ်မှုကျူးလွန်ခြင်း မဟုတ်နိုင်ကြောင်းနှင့် B၊ C၊ D၊ တို့ ကျူးလွန်ခြင်းလည်း မဟုတ်ကြောင်း ဖော်ပြသောအချက်အားလုံးသည် စပ်ဆိုင်သည်။

၁၂။ နစ်နာကြေးရရန် စွဲဆိုသော တရားမမှုများတွင် နစ်နာကြေးငွေ အရေအတွက် မည်မျှ ချင့်ပြုသင့်ကြောင်း တရားရုံးက သတ်မှတ်နိုင်ရန်အတွက် အထောက်အကူပြုမည့် တစ်စုံတစ်ရာသော အကြောင်းခြင်းရာသည် စပ်ဆိုင်သည်။ နစ်နာကြေးရရန် စွဲဆိုသော တရားမမှုများတွင်နစ်နာကြေးငွေအရေအတွက်ကို တရားရုံးက သတ်မှတ်နိုင်ရန် အထောက်အကူဖြစ်စေမည့် အကြောင်းခြင်းရာများ သည် စပ်ဆိုင်ခြင်း။

၁၃။ တစ်စုံတစ်ခုသော အခွင့်အရေး သို့မဟုတ် ဓလေ့ထုံးတမ်းရှိ မရှိဟူသော ပြဿနာတွင် အောက်ပါအကြောင်းခြင်းရာများသည် စပ်ဆိုင်သည်— အခွင့်အရေး သို့မဟုတ် ဓလေ့ထုံးတမ်း ရှိမရှိဟူသော ပြဿနာပေါ်ပေါက်သည့်အခါ စပ်ဆိုင်သော အကြောင်းခြင်းရာများ။

(က) အဆိုပါ အခွင့်အရေးကိုဖြစ်စေ၊ ဓလေ့ထုံးတမ်းကိုဖြစ်စေ၊ ဖြစ်ပေါ်စေခြင်း၊ တောင်းဆိုခြင်း၊ ပြင်ဆင်ခြင်း၊ အသိအမှတ်ပြုခြင်း၊ ထောက်ခံခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုသောကိစ္စ သို့မဟုတ် အဆိုပါအခွင့်အရေး၊ ဓလေ့ထုံးတမ်းတို့ရှိသည် ဆိုခြင်းနှင့် မညီညွတ်သောကိစ္စ၊

(ခ) အဆိုပါအခွင့်အရေးကိုဖြစ်စေ၊ ဓလေ့ထုံးတမ်းကိုဖြစ်စေ၊ တောင်းဆိုခြင်း၊ အသိအမှတ်ပြုခြင်း သို့မဟုတ် လိုက်နာကျင့်သုံးခြင်းပြုသည့် တသီးတခြားအဖြစ်အပျက်များ သို့မဟုတ် ထိုသို့လိုက်နာကျင့်သုံးရန် အငြင်းပွားခြင်း၊ ထောက်ခံခြင်း သို့မဟုတ် ခွဲထွက်ပြင်းပြုသည့် တသီးတခြားအဖြစ်အပျက်များ။

ဥပမာ

ပြဿနာမှာ A သည် အင်းတစ်ခုတွင် အခွင့်အရေးရှိ မရှိဖြစ်သည်။

A ၏ မိဘဘိုးဘွားများသို့ အင်းကို အပိုင်ပေးသော စာချုပ်သည် လည်းကောင်း၊ A ၏ ဖခင်က အင်းကို ပေါင်နှံထားသည့် စာချုပ်သည် လည်းကောင်း၊ ကိုနောက်တွင် အဆိုပါအပေါင်နှင့် ဆန့်ကျင်လျက် A ၏ ဖခင်က အင်းကို လဲပြောင်းပေးခြင်း၊ A ၏ ဖခင်က အဆိုပါ အခွင့်အရေးကို အသုံးပြုခဲ့သည့် သီးခြား အဖြစ်အပျက်များနှင့် ထိုသို့ အသုံးပြုသည်ကို အနီးအနားတွင် နေထိုင်သူများက တားမြစ်ခဲ့သည့် သီးခြား အဖြစ်အပျက်များ တို့သည်လည်းကောင်း စပ်ဆိုင်သော အကြောင်းခြင်းရာများ ဖြစ်သည်။

Facts showing existence of state of mind, or of body or bodily feeling.

14. **Facts showing the existence of any state of mind, such as intention, knowledge, good faith, negligence, rashness, ill-will or good-will towards any particular person, or showing the existence of any state of body or bodily feeling, are relevant, when the existence of any such state of mind or body or bodily feeling is in issue or relevant.**

Explanation 1.—A fact relevant as showing the existence of a relevant state of mind must show that the state of mind exists, not generally, but in reference to the particular matter in question.

[1]*Explanation 2.*—But where, upon the trial of a person accused of an offence, the previous commission by the accused of an offence is relevant within the meaning of this section, the previous conviction of such person shall also be a relevant fact.

Illustrations.

(*a*) *A* is accused of receiving stolen goods knowing them to be stolen. It is proved that he was in possession of a particular stolen article.

The fact that, at the same time, he was in possession of many other stolen articles is relevant, as tending to show that he knew each and all of the articles of which he was in possession to be stolen.

(*b*) *A* is accused of fraudulently delivering to another person a counterfeit coin which, at the time when he delivered it, he knew to be counterfeit.

The fact that, at the time of its delivery, *A* was possessed of a number of other pieces of counterfeit coin is relevant.

The fact that *A* had been previously convicted of delivering to another person as genuine a counterfeit coin knowing it to be counterfeit is relevant.

(*c*) *A* sues *B* for damage done by a dog of *B*'s, which *B* knew to be ferocious.

The facts that the dog had previously bitten *X*, *Y* and *Z*, and that they had made complaints to *B*, are relevant.

(*d*) The question is, whether *A*, the acceptor of a bill of exchange, knew that the name of the payee was fictitious.

The fact that *A* had accepted other bills drawn in the same manner before they could have been transmitted to him by the payee if the payee had been a real person, is relevant as showing that *A* knew that the payee was a fictitious person.

(*e*) *A* is accused of defaming *B* by publishing an imputation intended to harm the reputation of *B*.

---

[1] Section 311 of the Code of Criminal Procedure (Volume VIII of this Code) states that evidence of a previous conviction may be given at the trial for the subsequent offence, if the fact of the previous conviction is relevant under the provisions of the Evidence Act.

၁၄။ အကြံအစည်ရှိခြင်း၊ သိရှိခြင်း၊ ရိုးဖြောင့်သောသဘောရှိခြင်း၊ ပေါ့လျော့ခြင်း၊ အရမ်းပြုလုပ်ခြင်း၊ လူတစ်ဦး တစ်ယောက်အပေါ် မလိုမုန်းတီးစိတ်ရှိခြင်း သို့မဟုတ် ကောင်းသောစိတ်ထားရှိထားခြင်းကဲ့သို့သော စိတ်အခြေအနေ တစ်ရပ်ရပ်သည် လည်းကောင်း၊ ကိုယ်ခန္ဓာ၏ အခြေအနေ တစ်ရပ်ရပ် သို့မဟုတ် ကိုယ်ခန္ဓာ၌ဖြစ်ပေါ်သော ခံစားမှု တစ်ရပ်ရပ်သည် လည်းကောင်း၊ အဆိုပါ စိတ်၏ သို့မဟုတ် ကိုယ်ခန္ဓာ၏အခြေအနေ တစ်ရပ်ရပ်ဖြစ်စေ၊ ကိုယ်ခန္ဓာ၌ဖြစ်ပေါ်သော ခံစားမှု တစ်ရပ်ရပ်ဖြစ်စေ၊ အမှန်ရှိခြင်း ဟုတ်မဟုတ်ဟူသော အချက်သည် အငြင်းဖြစ်လျှင် သို့မဟုတ် စပ်ဆိုင်ခြင်းဖြစ်လျှင် အဆိုပါအချက်တို့ကို ဖော်ပြသောအချက်များသည် စပ်ဆိုင်သည်။

ရှင်းလင်းချက် ၁။ စပ်ဆိုင်သော စိတ်၏အခြေအနေတစ်ရပ် တည်ရှိကြောင်း ဖော်ပြသည့် အချက်တစ်ခုသည် အဆိုပါစိတ်၏ အခြေအနေကို ယေဘုယျအားဖြင့် ဖော်ပြခြင်းမဟုတ်ဘဲ အငြင်းဖြစ်သည့်ကိစ္စနှင့် သက်ဆိုင်သည့် အခြေအနေကို ဖော်ပြခြင်းဖြစ်မှသာ စပ်ဆိုင်သည်။

ရှင်းလင်းချက် ၂။ သို့ရာတွင် ပြစ်မှုတစ်ခုကို ကျူးလွန်ကြောင်းဖြင့် စွပ်စွဲခံရသူတစ်ဦးတစ်ယောက်ကို စစ်ဆေးစီရင်ရာ၌ ပြစ်မှုတစ်ခုကို ယခင်က တရားခံ ကျူးလွန်ခဲ့ခြင်းသည် ဤပုဒ်မ၏ အဓိပ္ပာယ်အရ စပ်ဆိုင်လျှင် ထိုသူ့အပေါ်တွင် ယခင်က ပြစ်မှုထင်ရှား စီရင်ခဲ့ခြင်းမှာသည်း စပ်ဆိုင်သော အကြောင်းခြင်းရာ ဖြစ်ရမည်။

ဥပမာများ

(က) A သည် ပစ္စည်းများကို ခိုးရာပါပစ္စည်းများ ဖြစ်ကြောင်း သိလျက်နှင့် လက်ခံထားသည်ဟု စွဲဆိုခြင်း ခံရသည်။

သူ၏ လက်ဝယ်တွင် ထိုခိုးရာပါ ပစ္စည်း ရှိခြင်းမှာ သက်သေထင်ရှားခြင်း ရှိသည်။

သူ၏ လက်ဝယ်တွင် တစ်ချိန်တည်း၌ အခြားသော ခိုးရာပါ ပစ္စည်းများ အမြောက်အမြား တွေ့ရှိခြင်းသည် အားလုံးသော ပစ္စည်းများကို ခိုးရာပါ ပစ္စည်းများ ဖြစ်ကြောင်းသိလျက်နှင့် လက်ခံထားခြင်း ဖြစ်သည်ကို ဖော်ပြသည့် အနေဖြင့် စပ်ဆိုင်သည်။

(ခ) A သည် ဒင်္ဂါး တစ်ခုကို အတုဖြစ်ကြောင်း သိလျက်နှင့် လိမ်လည်လိုသောသဘောဖြင့် အခြား သူတစ်ဦးသို့ ပေးအပ်သည်ဟု စွပ်စွဲခြင်း ခံရသည်။

ထိုသို့ပေးအပ်စဉ်က အခြား ဒင်္ဂါး အတုအများအပြား A ထံတွင် ရှိနေခြင်းသည် စပ်ဆိုင်သည်။

A သည် ယခင်က ဒင်္ဂါး အတုဖြစ်ကြောင်း သိလျက်နှင့် ဒင်္ဂါး အစစ်ဖြစ်သည်ဟု အခြားသူ တစ်ဦးသို့ ပေးသဖြင့် ပြစ်မှုထင်ရှားစီရင်ခြင်း ခံရဖူးသည်ဆိုသော အချက်သည် စပ်ဆိုင်သည်။

(ဂ) B ၏ ခွေးတစ်ကောင်မှာ ဆိုးသော ခွေးဖြစ်ကြောင်း B သိရှိသဖြင့် ထိုခွေးကြောင့် ပျက်စီးနစ်နာခြင်းအတွက် နစ်နာကြေးပေး ရမည်ဟု A က B ကိုတရားစွဲသည်။

ထိုခွေးသည် ယခင်က X၊ Y ၊ နှင့် Z တို့ကို ကိုက်ဖူးခြင်း၊ ထိုသူတို့က B ကိုတိုင်ဖူးခြင်းတို့သည် စပ်ဆိုင်သည်။

(ဃ) ငြိုအားနာမှာ ငွေလွှဲစာချုပ်ကို လက်ခံသူ A သည် ငွေအပေး ခံရမည့်သူ၏ အမည်မှာ ဟန်ဆောင် အမည်သာ ဖြစ်ကြောင်း သိမသိ ဖြစ်သည်။

အသားတူ နည်းလမ်းအတိုင်း ရေးထားသည့် အခြား ငွေလွှဲစာချုပ်များနှင့် စပ်လျဉ်း၍ ငွေအပေးခံရမည့်သူ အမှန်ရှိခဲ့လျှင် ထိုသူက ထိုငွေလွှဲစာချုပ်များကို A ထံသို့ ပေးပို့ခြင်း မပြုနိုင်မီ A က ယင်းငွေလွှဲစာချုပ်များကို လက်ခံခြင်းသည် ငွေအပေးခံ ရမည့်သူမှာ ဟန်ဆောင်သာ ဖြစ်ကြောင်း A သိရှိသည်ကို ဖော်ပြသည့်အတွက် စပ်ဆိုင်သည်။

(င) A သည် B ၏ အသရေကို ပျက်စေရန် ရည်ရွယ်လျက် B အပေါ်တွင် အသရေ ပျက်စေသော စွပ်စွဲချက်များကို ကြေညာသည်ဟု စွဲဆိုခြင်း ခံရသည်။

စိတ်၏ အခြေအနေ သော်လည်းကောင်း၊ ကိုယ်ခန္ဓာ၏ အခြေအနေ သော်လည်းကောင်း၊ ကိုယ်ခန္ဓာ၌ ခံစားမှု အခြေအနေ သော်လည်းကောင်း၊ အမှန်တည်ရှိကြောင်း ဖော်ပြသည့် အကြောင်းအချက်များ။

The fact of previous publications by *A* respecting *B*, showing ill-will on the part of *A* towards *B*, is relevant, as proving *A*'s intention to harm *B*'s reputation by the particular publication in question.

The facts that there was no previous quarrel between *A* and *B*, and that *A* repeated the matter complained of as he heard it, are relevant, as showing that *A* did not intend to harm the reputation of *B*.

(*f*) *A* is sued by *B* for fraudulently representing to *B* that *C* was solvent, whereby *B*, being induced to trust *C*, who was insolvent, suffered loss.

The fact that, at the time when *A* represented *C* to be solvent, *C* was supposed to be solvent by his neighbours and by persons dealing with him, is relevant, as showing that *A* made the representation in good faith.

(*g*) *A* is sued by *B* for the price of work done by *B*, upon a house of which *A* is owner, by the order of *C*, a contractor.

A's defence is that *B*'s contract was with *C*.

The fact that *A* paid *C* for the work in question is relevant, as proving that *A* did, in good faith, make over to *C* the management of the work in question, so that *C* was in a position to contract with *B* on *C*'s own account, and not as agent for *A*.

(*h*) *A* is accused of the dishonest misappropriation of property which he had found, and the question is whether, when he appropriated it, he believed in good faith that the real owner could not be found.

The fact that public notice of the loss of the property had been given in the place where *A* was is relevant, as showing that *A* did not in good faith believe that the real owner of the Property could not be found.

The fact that *A* knew, or had reason to believe, that the notice was given fraudulently by *C*, who had heard of the loss of the property and wished to set up a false claim to it is relevant, as showing that the fact that *A* knew of the notice did not disprove *A*'s good faith.

(*i*) *A* is charged with shooting at *B* with intent to kill him. In order to show *A*'s intent the fact of *A*'s having previously shot at *B* may be proved.

(*j*) *A* is charged with sending threatening letters to *B*. Threatening letters previously sent by *A* to *B* may be proved, as showing the intention of the letters.

(*k*) The question is whether *A* has been guilty of cruelty towards *B*, his wife.

Expressions of their feeling towards each other shortly before or after the alleged cruelty are relevant facts.

(*l*) The question is whether *A*'s death was caused by poison.

Statements made by *A* during his illness as to his symptoms are relevant facts.

(*m*) The question is, what was the state of *A*'s health at the time an assurance on his life was effected.

A သည် B နှင့်ပတ်သက်၍ ယခင်က မကောင်းသောစိတ်ထားရှိခြင်း ပြောကြားမှုခြင်းမှာ A သည် B ၏ အသက်ကို ပျက်စေရန် ကြံရွယ်ချက်ရှိကြောင်း သက်သေ ထင်ရှားမှုအတွက် စပ်ဆိုင်သည်။

A နှင့် B တို့သည် ယခင်က ဒိုက်ရန် မရှိခဲ့ခြင်းနှင့် A သည် မိမိကြားခဲ့ခြင်းကိုသာ တစ်ဆင့်ပြန်လည် ပြောကြားခြင်း တို့မှာ A သည် B ၏ အသက်ကို ပျက်စေရန် ကြံရွယ်ခြင်း မရှိကြောင်းကို ဖော်ပြသည့်အတွက် စပ်ဆိုင်သည်။

(စ) C သည် ကြေးမြို ပေးဆပ် နိုင်သူ မဟုတ်သော်လည်း ကြေးမြို ပေးဆပ် နိုင်သူဖြစ်သည်ဟု A က လိမ်လည် ပြောဆိုသဖြင့် B သည် C အပေါ်တွင် ယုံကြည်ခဲ့ခြင်းကြောင့် ဆုံးရှုံးခဲ့ရပါသည်ဟု A အား B က တရားစွဲဆိုသည်။

A က B သည် ကြေးမြို ဆပ်နိုင်သူဖြစ်ကြောင်း ပြောကြားသည့် အချိန်တွင် C ၏ အိမ်နီးချင်းများ၊ C နှင့်ဆက်ဆံနေသူများက C သည် ကြေးမြီဆပ်နိုင်သူဟု ထင်မှတ် ကြသည်ဆိုသော အချက်သည် A ကမှီးဖြောင့်သော သဘောဖြင့် ပြောဆိုကြောင်း ဖော်ပြသည့်အတွက် စပ်ဆိုင်သည်။

(ဆ) ပိုင်ရှင်ဖြစ်သူ A ၏ အိမ်အတွက် ကန်ထရိုက် လုပ်ကိုင်သူ C ၏အမိန့်ချက်ဖြင့် B က လုပ်ကိုင်ခဲ့ရသော လက်ခငွေများကို ရလိုကြောင်းဖြင့် B က A ကို တရားစွဲဆိုသည်။

A က B ၏ သဘောတူညီချက်မှာ C နှင့် ပြုလုပ်ခြင်း ဖြစ်ကြောင်း ထုချေသည်။

A က လက်ခငွေများကို C သို့ပေးရသည်ဆိုသော အချက်သည် A က ရိုးဖြောင့်သောသဘောဖြင့် အလုပ်၏ စီမံအုပ်ချုပ်မှုကို C သို့လွှဲအပ်ထားသဖြင့်၊ C သည် ၎င်းကိုယ်တိုင်အနေဖြင့် B နှင့် မဟုတ်ဘဲ ပြုလုပ်ခြင်းဖြစ်၍ A ၏ ကိုယ်စားလှယ်ဖြစ်မဟုတ်ကြောင်း သက်သေထင်ရှားသဖြင့် စပ်ဆိုင်သည်။

(ဇ) A သည် ကောက်ရသောပစ္စည်းကို မရိုးမဖြောင့်သော သဘောဖြင့် အလွဲသုံးစားပြုသည်ဟု စွဲဆိုခြင်းခံရရာတွင် ပြဿနာမှာ ယင်းသည် အလွဲသုံးစားလိုက်သည့်အချိန်က ပစ္စည်းပိုင်ရှင်ကို မတွေ့နိုင်ဟု သဘောရိုးဖြင့် ယုံကြည်ခြင်းဟုတ်မဟုတ် ဖြစ်သည်။

ပစ္စည်းပျောက်ဆုံးသည်ကို A ရှိရာဒေသ၌ လူအများသိရှိစေရန် ကြေညာသည်ဆိုသော အကြောင်းခြင်းရာမှာ A သည် ပစ္စည်းပိုင်ရှင်ကို ရှာမတွေ့နိုင်ဟုသဘောရိုးဖြင့် ယုံကြည်ခြင်း မဟုတ်ကြောင်းကို ဖော်ပြသည့်အတွက် စပ်ဆိုင်သည်။

ပစ္စည်းပျောက်ဆုံးကြောင်း ကြားသိ၍ ပစ္စည်းကို လိမ်လည်တောင်းဆိုလိုသဖြင့် C က ကြေညာချက်ကို လိမ်လည် လှည့်ဖြားဖို့ထုတ်ကြောင်း A ကသိရှိသည် သို့မဟုတ် ယုံကြည်ရန်အကြောင်းရှိသည်ဟူသော အချက်သည် ထိုသို့ကြေညာ ချက်ထုတ်သည်ကို A သိသည်ဆိုသော အချက်အားဖြင့် A သည်သဘောရိုးနှင့် မဟုတ်ဆိုသည်မှာ သက်သေအထင်အရှား မရှိသည့်အတွက် စပ်ဆိုင်သည်။

(ဈ) A သည် B အား သေစေရန်ကြံရွယ်ချက်ဖြင့် သေနတ်ဖြင့် ပစ်ခတ်သည်ဟု စွပ်စွဲခြင်းခံရသည်။ A ၏ ကြံရွယ် ချက်ကို သိသာနိုင်ရန်အလို့ငှာ A သည် B အား ယခင်က သေနတ်ဖြင့် ပစ်ဖူးသည်ဆိုသော အကြောင်းခြင်းရာကို သက်သေ ထင်ရှား တင်ပြနိုင်သည်။

(ည) A သည် B ထံသို့ ခြိမ်းခြောက်သောစာများကို ပေးပို့သည်ဟု စွပ်စွဲခြင်းခံရသည်။ စာများ[illegible]ခြင်း၏ ကြံရွယ် ချက်ကို သိသာနိုင်ရန်အလို့ငှာ A က B သို့ ယခင်ကပေးပို့ခဲ့သည့် ခြိမ်းခြောက်သောစာများကို သက်သေတင်ပြနိုင်သည်။

(ဋ) ပြဿနာမှာ A သည် သူ၏ဇနီး B အား ညှဉ်းပန်းနှိပ်စက်မှုပြုလုပ်ခြင်း ရှိ မရှိဖြစ်သည်။

ညှဉ်းပန်းနှိပ်စက်မှုမတိုင်မီနှင့် ထိုနောက်အချိန်အနည်းငယ်အတွင်း တစ်ဦးနှင့် တစ်ဦး မည်ကဲ့သို့ စိတ်ထားရှိကြောင်း ပြောဆိုချက်များသည် စပ်ဆိုင်သော အကြောင်းခြင်းရာဖြစ်သည်။

(ဌ) ပြဿနာမှာ A သေဆုံးရခြင်းသည် အဆိပ်ကြောင့် ဟုတ် မဟုတ် ဖြစ်သည်။

A က နာဆဲ အချိန်တွင် ဝေဒနာ မည်ကဲ့သို့ ခံစားရသည်များကို ပြောဆိုချက်များမှာ စပ်ဆိုင်သော အကြောင်း ခြင်းရာများ ဖြစ်သည်။

(ဍ) ပြဿနာမှာ A သည် အသက် အာမခံ ပြုလုပ်သည့် အချိန်က ၎င်း၏ ကျန်းမာရေး အခြေအနေမှာ မည်ကဲ့သို့ ရှိကြောင်း ဖြစ်သည်။

Statements made by *A* as to the state of his health at or near the time in question are relevant facts.

(*n*) *A* sues *B* for negligence in providing him with a carriage for hire not reasonably fit for use, whereby *A* was injured.

The fact that *B*'s attention was drawn on other occasions to the defect of that particular carriage is relevant.

The fact that *B* was habitually negligent about the carriages which he let to hire is irrelevant.

(*o*) *A* is tried for the murder of *B* by intentionally shooting him dead.

The fact that *A* on other occasions shot at *B* is relevant as showing his intention to shoot *B*.

The fact that *A* was in the habit of shooting at people with intent to murder them is irrelevant.

(*p*) *A* is tried for a crime.

The fact that he said something indicating an intention to commit that particular crime is relevant.

The fact that he said something indicating a general disposition to commit crimes of that class is irrelevant.

acts earing on uestion hether ct was accientai or ntentional.

15. When there is a question whether an act was accidental or intentional, or done with a particular knowledge or intention, the fact that such act formed part of a series of similar occurrences, in each of which the person doing the act was concerned, is relevant.

Illustrations.

(*a*) *A* is accused of burning down his house in order to obtain money for which it is insured.

The facts that *A* lived in several houses successively each of which he insured, in each of which a fire occurred, and after each of which fires *A* received payment from a different insurance office, are relevant, as tending to show that the fires were not accidental.

(*b*) *A* is employed to receive money from the debtors of *B*. It is *A*'s duty to make entries in a book showing the amounts received by him. He makes an entry showing that on a particular occasion he received less than he really did receive.

The question is, whether this false entry was accidental or intentional.

The facts that other entries made by *A* in the same book are false, and that the false entry in each case in favour of *A*, are relevant.

ဖော်ပြပါ အချိန်တွင် သို့မဟုတ် ထိုအချိန်နှင့် နီးကပ်သော အချိန်တွင် A က မိမိ၏ ကျန်းမာရေးအခြေအနေမည်ကဲ့သို့ ရှိကြောင်း ပြောဆိုချက်များမှာ စပ်ဆိုင်သော အကြောင်းခြင်းရာ များဖြစ်သည်။

(စ) အသုံးပြုရန် မသင့်လျော်သော ရထားထစ်စီးကို ငှားရမ်းသဖြင့် A ၌ ထိခိုက်ဒဏ်ရာ ရသည်ဟု A က B ကို ပေါ့လျော့မှုဖြင့် တရား စွဲဆိုသည်။

အခြား အချိန်အခါများ၌ အဆိုပါရထား၏ချွတ်ယွင်းခြင်း အကြောင်း၊ B အား သတိပေးခဲ့သည်ဆိုသော အချက်မှာ စပ်ဆိုင်သည်။

B သည် မိမိငှားထားသော ရထားများနှင့် ပတ်သက်၍ ပေါ့လျော့သော အလေ့အထ ရှိသည်ဆိုသော အချက်သည် စပ်ဆိုင်ခြင်း မရှိပါ။

(ဆ) A သည် B အား၊ တမင်သေနတ်ဖြင့် ပစ်ခတ် သတ်ဖြတ်သည့် လူသတ်မှုဖြင့် စစ်ဆေး စီရင်ခြင်း ခံရသည်။

A သည် အခြား အချိန်အခါများတွင် B ကို သေနတ်ဖြင့်ပစ်ဖူးသည် ဆိုသော အချက်သည် A က B ကိုသေနတ်ဖြင့် ပစ်ရန် ကြံရွယ်ချက်ရှိကြောင်း ဖော်ပြသည့် အတွက် စပ်ဆိုင်သည်။

A သည် အခြား လူများကို သတ်ရန် ကြံရွယ်လျက် သေနတ်ဖြင့် ပစ်လေ့ရှိသည်ဆိုသော အကြောင်းခြင်းရာသည် စပ်ဆိုင်ခြင်းမရှိ။

(ဇ) A သည် ပြစ်မှုတစ်ခု ကျူးလွန်ကြောင်းဖြင့် စစ်ဆေး စီရင်ခြင်းခံရသည်။ ထိုပြစ်မှုကို ကျူးလွန်ရန် ကြံရွယ်ချက်ရှိကြောင်း ဖော်ပြသည့် အကြောင်းအရာ တစ်ခုခုကို A ပြောဆိုသည်ဟူသော အချက်သည် စပ်ဆိုင်သော အကြောင်းခြင်းရာဖြစ်သည်။

ထိုပြစ်မှုမျိုးကို ကျူးလွန်ရန် ယေဘုယျ စိတ်ထားရှိကြောင်း ဖော်ပြသည့် အကြောင်းအရာ တစ်ခုကို A ပြောဆိုသည်ဟူသောအချက်သည် စပ်ဆိုင်ခြင်းမရှိ။

၁၅။ ပြုလုပ်မှုတစ်ခုသည် မတော်တဆပြုလုပ်ခြင်း သို့မဟုတ် တမင်ပြုလုပ်ခြင်း သို့မဟုတ် တစ်စုံတစ်ခုဖြစ်မည်ကို သိလျက်နှင့်ဖြစ်စေ၊ တစ်စုံတစ်ခုဖြစ်စေရန် ကြံရွယ်ချက်နှင့်ဖြစ်စေ ပြုလုပ်ခြင်း ဟုတ် မဟုတ် ဟူသော ပြဿနာ ပေါ်ပေါက်သည့်အခါ ထိုသို့ပြုလုပ်သူ ပါဝင်ပတ်သက်ခဲ့သည့် အလားတူ တစ်ဆက်တည်းဖြစ်သော ဖြစ်ရပ်များတွင် အဆိုပါ ပြုလုပ်ချက်သည် ဆက်စပ်လျက်ရှိလျှင် ထိုသို့ဆက်စပ်လျက်ရှိသည်ဟူသော အချက်မှာ စပ်ဆိုင်သည်။ ပြုလုပ်မှုကို မတော်တဆ သို့မဟုတ် တမင်ပြုလုပ်ခြင်း ဟုတ်မဟုတ် ဟူသော ပြဿနာနှင့်သက်ဆိုင်သော အကြောင်းခြင်းရာများ။

ဥပမာများ

(က) A သည် အာမခံထားသည့် ငွေကို ရရှိရန် မိမိ၏ နေအိမ်ကို မီးရှို့မှုဖြင့် စွပ်စွဲခြင်း ခံရသည်။

A သည် အိမ်အများအပြားတွင် တစ်အိမ်ပြီး တစ်အိမ် နေထိုင်ခဲ့၍ အိမ်တိုင်းကို အာမခံ ထားခဲ့သည်၊ အိမ်တိုင်းကို မီးလောင်ခဲ့သည်၊ မီးတစ်ကြိမ် တစ်ကြိမ် လောင်ပြီးနောက် A သည် မီးအာမခံရုံး တစ်ရုံးစီမှ ထုတ်ပေးငွေရရှိခဲ့သည် ဆိုသော အချက်များသည် မီးလောင်ခြင်းမှာ မတော်တဆ မဟုတ်ကြောင်း ဖော်ပြသည့်အတွက် စပ်ဆိုင်သည်။

(ခ) A အား B ၏ မြီစားများထံမှ ငွေများကို ကောက်ခံပေးရန် ငှားရမ်းထားသည်။ A ၏ ဝတ္တရားမှာ မိမိရရှိသော ငွေများကို စာအုပ်တစ်အုပ်တွင်ရေးမှတ်ထားရန် ဖြစ်သည်။ တစ်ကြိမ်တွင် ငွေကို အမှန်ရရှိသည်ထက် လျော့နည်းဖို့ရရှိသည်ဟု စာရင်းသွင်းရေးသားထားသည်။

ပြဿနာမှာ ဤကဲ့သို့ မမှန်မကန် ရေးသားထားခြင်းမှာ မတော်တဆ သို့မဟုတ် တမင်ဟုတ် မဟုတ် ဖြစ်သည်။

ယင်းစာအုပ်၌ပင် A ရေးသားသော အခြား ရေးသွင်းချက်များမှာ မမှန်ကန်ခြင်းနှင့် ဤကဲ့သို့ မမှန်သော ရေးသားချက်တိုင်းတွင် A အကျိုးခံစားမှု ရှိစေရန် ရေးသားထားသည် ဆိုသော အချက်များမှာ စပ်ဆိုင်သည်။

(c) *A* is accused of fraudulently delivering to *B* a counterfeit rupee.

The question is, whether the delivery of the rupee was accidental.

The facts that, soon before or soon after the delivery to *B*, *A* delivered counterfeit rupees to *C*, *D* and *E* are relevant, as showing that the delivery to *B* was not accidental.

Existence of course of business when relevant

16. When there is a question whether a particular act was done, the existence of any course of business, according to which it naturally would have been done, is a relevant fact.

Illustrations.

(*a*) The question is, whether a particular letter was despatched.

The facts that it was the ordinary course of business for all letters put in a certain place to be carried to the post, and that that particular letter was put in that place, are relevant.

(*b*) The question is, whether a particular letter reached *A*. The facts that it was posted in due course, and was not returned through the Dead Letter Office, are relevant.

Admissions.

Admission defined.

17. An admission is a statement, oral or documentary, which suggests any inference as to any fact in issue or relevant fact, and which is made by any of the persons, and under the circumstances, hereinafter mentioned.

Admission by party to proceeding or his agent;

18. Statements made by a party to the proceeding or by an agent to any such party, whom the Court regards, under the circumstances of the case, as expressly or impliedly authorized by him to make them, are admissions.

by suitor in representative character;

Statements made by parties to suits suing or sued in a representative character are not admissions, unless they were made while the party making them held that character.

Statements made by—

by party interested in subject-matter;

(1) persons who have any proprietary or pecuniary interest in the subject-matter of the proceeding, and who make the statement in their character of persons so interested, or

(ဂ) A သည် ဒင်္ဂါးအတု တစ်ခုကို မရိုးမဖြောင့်သော သဘောဖြင့် ပေးသည်ဟု စွပ်စွဲခြင်း ခံရသည်။

ပြဿနာမှာ ဒင်္ဂါးကို မတော်တဆ ပေးခြင်းဟုတ် မဟုတ် ဖြစ်သည်။

B သို့မပေးမီ မကြာခင်က ဖြစ်စေ၊ ပေးပြီးနောက် မကြာမီတွင် ဖြစ်စေ၊ A သည် C D E တို့သို့ ဒင်္ဂါးအတုများ ပေးသည် ဆိုသော အချက်သည် B သို့ ပေးခြင်းမှာ မတော်တဆ မဟုတ်ကြောင်း ဖော်ပြသည့်အတွက် စပ်ဆိုင်သည်။

၁၆။ တစ်စုံတစ်ခုသောပြုလုပ်မှုကို ပြုခဲ့ခြင်းဟုတ်မဟုတ် ဟူသော ပြဿနာပေါ်ပေါက်သည့် အခါ လုပ်ရိုးလုပ်စဉ် အလုပ်တစ်ခုကိုပြုလုပ်ရာ၌ သဘာဝအတိုင်းဆိုလျှင် အဆိုပါပြုလုပ်မှုကို ပြုလုပ်ခဲ့မည်ဖြစ်ပါက ထိုလုပ်ရိုးလုပ်စဉ် အလုပ်တစ်ခု ရှိသည်ဆိုခြင်းသည် အမှုနှင့်စပ်ဆိုင်သော အကြောင်းခြင်းရာဖြစ်သည်။

လုပ်ရိုးလုပ်စဉ် ရှိခြင်းသည် မည်[?]သည့် အခါတွင် စပ်ဆိုင်ခြင်း။

ဥပမာများ

(က) ပြဿနာမှာ သက်ဆိုင်ရာစာတစ်စောင်ကို ပို့ မပို့ဖြစ်သည်။

နေရာအစ်နေရာတွင်ထည့်သည့်စာအားလုံးကို စာတိုက်သို့ပို့မြဲ လုပ်ရိုးလုပ်စဉ်ရှိခြင်း၊ ထိုစာကို အဆိုပါနေရာတွင် ထည့်ခြင်းတို့သည် စပ်ဆိုင်သည်။

(ခ) ပြဿနာမှာ သက်ဆိုင်ရာ စာတစ်စောင်သည် A ထံသို့ ရောက်မရောက်ဖြစ်သည်။

ထိုစာကို လုပ်ရိုးလုပ်စဉ်အတိုင်း စာတိုက်တွင် ထည့်လိုက်ကြောင်း၊ လူရှာမတွေ့ဟု စာသေတ္တာမှ ထိုစာပြန်လည်ရောက်ရှိခြင်းမရှိဆိုသောအချက်များတို့သည် စပ်ဆိုင်သည်။

ဝန်ခံချက်များ

၁၇။ ဝန်ခံချက်ဆိုသည်မှာ အငြင်းဖြစ်သည့် အကြောင်းခြင်းရာ သို့မဟုတ် စပ်ဆိုင်သော အကြောင်းခြင်းရာ တစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ တစ်စုံတစ်ခုသော အဓိပ္ပာယ်ကောက်ယူနိုင်ရန် နောက်လာမည့် ပြဋ္ဌာန်းချက်များတွင် ဖော်ပြထားသည့် အခြေအနေများ၌ ဖော်ပြထားသူ တစ်ဦးဦးက နှုတ်ဖြင့် ဖြစ်စေ၊ စာတမ်းအမှတ်အသားဖြင့်ဖြစ်စေ တင်ပြသော ထွက်ဆိုချက်ကို ဆိုသည်။

ဝန်ခံချက် ဆိုသည်ကိုအဓိပ္ပါယ် ဖော်ပြခြင်း။

၁၈။ အမှုသည်တစ်ဦး၏ ထွက်ဆိုချက်များသည် ဝန်ခံချက်များဖြစ်သည်။ ထို့ပြင် ထိုသို့ထွက်ဆိုနိုင်ရန် အဆိုပါအမှုသည်က အတိအလင်းသော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း လုပ်ပိုင်ခွင့် အပ်နှင်းထားသူဟု တရားရုံးကအမှု၏ အခြေအနေများအရ ယူဆသော ထိုအမှုသည်၏ ကိုယ်စားဆောင်ရွက်သူ၏ ထွက်ဆိုချက်များသည်လည်း ဝန်ခံချက်များဖြစ်သည်။

အမှုသည်၏ သို့မဟုတ်ယင်း၏ ကိုယ်စားဆောင်ရွက်သူ၏ ဝန်ခံချက်။

တရားမမှုများတွင် ကိုယ်စားလှယ်အဖြစ်ဖြင့် တရားစွဲဆိုသည့် သို့မဟုတ် တရားစွဲဆိုခြင်းခံရသည့် အမှုသည်များ၏ ထွက်ဆိုချက်များသည် ထိုသို့ကိုယ်စားလှယ်အဖြစ် ထွက်ဆိုခြင်းဖြစ်လျှင် ဝန်ခံချက်များဖြစ်သည်။

ကိုယ်စားလှယ် အဖြစ်ဖြင့် စွဲဆိုသော အမှုသည်၏ ဝန်ခံချက်။

ထွက်ဆိုချက်များပြုလုပ်ရာတွင်—

(၁) အမှု၌အချင်းဖြစ်ပစ္စည်းတွင် ပိုင်ဆိုင်ခွင့်သော်လည်းကောင်း၊ ငွေရေးကြေးရေးအကျိုးခံစားခွင့်သော်လည်းကောင်း ရှိသူများက ထိုသို့ အကျိုးခံစားခွင့်ရှိသူများ အနေနှင့် ထွက်ဆိုချက်များသည် သို့မဟုတ်

အချင်းဖြစ် ပစ္စည်းတွင် အကျိုးခံစားခွင့်ရှိသူ အမှုသည်၏ ဝန်ခံချက်။

(2) persons from whom the parties to the suit have derived their interest in the subject-matter of the suit.

are admissions, if they are made during the continuance of the interest of the persons making the statements.

[margin: ...person ...om whom ...terest ...rived.]

19. Statements made by persons whose position or liability it is necessary to prove as against any party to the suit are admissions, if such statements would be relevant as against such persons in relation to such position or liability in a suit brought by or against them, and if they are made whilst the person making them occupies such position or is subject to such liability.

[margin: ...dmissions ...y persons ...hose posi-...on must be ...roved as ...gainst party ...suit.]

Illustrations.

A undertakes to collect rents for *B*.

B sues *A* for not collecting rent due from *C* to *B*.

A denies that rent was due from *C* to *B*.

A statement by *C* that he owed *B* rent is an admission, and is a relevant fact as against *A*, if *A* denies that *C* did owe rent to *B*.

20. Statements made by persons to whom a party to the suit has expressly referred for information in reference to a matter in dispute are admissions.

[margin: Admissions by persons expressly referred to by party to suit.]

Illustration.

The question is whether a horse sold by *A* to *B* is sound.

A says to *B* " Go and ask *C* ; *C* knows all about it." *C*'s statement is an admission.

21. Admissions are relevant and may be proved as against the person who makes them, or his representative in interest; but they cannot be proved by or on behalf of the person who makes them or by his representative in interest, except in the following cases :—

[margin: Proof of admissions against persons making them, and by or on their behalf.]

(၂) တရားမမှု၌ အချင်းဖြစ်ပစ္စည်းတွင် အကျိုးခံစားခွင့်ကို အမှုသည်များက အခြားသူများထံမှ ရရှိသည့်အခါ ထိုအကျိုးခံစားခွင့်ကို မူလ လက်ရှိဖြစ်သူတို့၏ ထွက်ဆိုချက်များသည်

ထွက်ဆိုသူများ၏ အကျိုးခံစားခွင့် တည်ရှိနေဆဲ ကာလအတွင်း ထွက်ဆိုခဲ့ခြင်းဖြစ်လျှင် ဝန်ခံချက်များဖြစ်သည်။

အဆိုပါ အကျိုးခံစားခွင့်ရှိသူဖြစ်သောသူ၏ ဝန်ခံချက်။

၁၉။ တရားမမှုတွင် အမှုသည်ဖြစ်နေသူ တစ်ဦးဦးကို ဆန့်ကျင်စေသည့် သက်သေထင်ရှားအဖြစ် အခြားသူတို့၏ အနေအထား သို့မဟုတ် တာဝန်ရှိမှုကို သက်သေထူရန် လိုအပ်သည့်အခါ ထိုအခြားသူတို့၏ ထွက်ဆိုချက်များသည် ယင်းတို့ကစွဲဆိုသော သို့မဟုတ် ယင်းတို့အား စွဲဆိုသော တရားမမှုရှိပါက ထိုအမှုတွင် အဆိုပါ အနေအထား သို့မဟုတ် တာဝန်ရှိမှုနှင့်စပ်လျဉ်း၍ ယင်းတို့ကို ဆန့်ကျင်စေမည့် စပ်ဆိုင်သော အချက်များဖြစ်သည့်ပြင် ယင်းတို့သည် အဆိုပါအနေအထား သို့မဟုတ် အဆိုပါတာဝန်လက်ရှိဖြစ်နေခိုက် ထိုသို့ထွက်ဆိုခြင်းဖြစ်လျှင်၊ အဆိုပါထွက်ဆိုချက်များသည် ဝန်ခံချက်များဖြစ်သည်။

အမှုသည် တစ်ဦးဦးကို ဆန့်ကျင်စေမည့် သက်သေထင်ရှားအဖြစ်မိမိတို့၏အနေအထားကို သက်သေထူရမည့် သူတို့၏ ဝန်ခံချက်များ။

ဥပမာများ

Aသည် B အတွက်ငှားရမ်းခများကို ကောက်ခံပေးရန် တာဝန်ယူသည်။

C ထံမှ B ရရန်ရှိသော ငှားရမ်းခများကို ကောက်ခံခြင်းမပြုဟု B က A ကိုတရားစွဲသည်။

C သည် B သို့ ငှားရမ်းခပေးရန် မရှိကြောင်း A က ငြင်းဆိုသည်။

C က B သို့ ငှားရမ်းခပေးရန်ရှိကြောင်း C ၏ ပြောဆိုချက်သည် ဝန်ခံချက်ဖြစ်၍၊ C သည် B သို့ငှားရမ်းခပေးရန် မရှိကြောင်း A က ငြင်းဆိုလျှင် အဆိုပါ C ၏ ပြောဆိုချက်သည် A အပေါ်တွင် စပ်ဆိုင်သောအကြောင်းခြင်းရာဖြစ်သည်။

၂၀။ တရားမမှုတွင် အငြင်းပွားသော ကိစ္စနှင့် စပ်လျဉ်း၍ သိလိုသော အကြောင်းအရာကို မည်သူတို့ထံ မေးမြန်းနိုင်ကြောင်း အမှုသည်တစ်ဦးက အတိအလင်း ညွှန်ပြလျှင် ထိုသို့ ညွှန်ပြခြင်း ခံရသူတို့၏ ထွက်ဆိုချက်များသည် ဝန်ခံချက်များဖြစ်သည်။

တရားမမှုတွင် အမှုသည်ကအတိအလင်းရည်ညွှန်းထားသူတို့၏ ဝန်ခံချက်များ။

ဥပမာများ

ပြဿနာမှာ A က B သို့ရောင်းလိုက်သော မြင်းသည် အနာအဆာလွတ်ခြင်း ရှိ မရှိဖြစ်သည်။

A က C ထံသို့သွားမေးပါ၊ "C သည် မြင်းအကြောင်းကို အလုံးစုံသိပါသည်"ဟု B အားပြောသည်။ C ၏ ပြောဆိုချက်သည် ဝန်ခံချက်ဖြစ်သည်။

၂၁။ ဝန်ခံချက်များသည် အမှု၌ စပ်ဆိုင်သော အချက်များဖြစ်သည့်ပြင် ဝန်ခံချက် ပြုသူကိုဖြစ်စေ၊ ယင်း၏ အကျိုးဆက်ခံသည့် ကိုယ်စားလှယ်ကို ဖြစ်စေ ဆန့်ကျင်၍လည်း ထိုဝန်ခံချက်များကို သက်သေထင်ရှား တင်ပြနိုင်သည်။ သို့သော်လည်း ဝန်ခံချက်ပြုသူကိုယ်တိုင် သော်လည်းကောင်း၊ ယင်းအတွက် အခြားသူက သော်လည်းကောင်း၊ ယင်းအကျိုးဆက်ခံသည့် ကိုယ်စားလှယ်ကသော်လည်းကောင်း အဆိုပါဝန်ခံချက်များကို သက်သေထင်ရှားအဖြစ် အောက်ပါကိစ္စများမှာမှ တစ်ပါး သက်သေတင်ပြခြင်းမပြုနိုင်ချေ—

ဝန်ခံချက်များကို ဝန်ခံချက် ပြုသူတို့အား သက်သေထင်ရှားစေခြင်း။ ထို့ပြင် ဝန်ခံချက်ပြုသူတို့က သော်

(1) An admission may be proved by or on behalf of the person making it, when it is of such a nature that, if the person making it were dead, it would be relevant as between third persons under section 32.

(2) An admission may be proved by or on behalf of the person making it, when it consists of a statement of the existence of any state of mind or body, relevant or in issue, made at or about the time when such state of mind or body existed, and is accompanied by conduct rendering its falsehood improbable.

(3) An admission may be proved by or on behalf of the person making it, if it is relevant otherwise than as an admission.

Illustrations.

(*a*) The question between *A* and *B* is, whether a certain deed is or is not forged. *A* affirms that it is genuine, *B* that it is forged.

A may prove a statement by *B* that the deed is genuine, and *B* may prove a statement by *A* that the deed is forged; but *A* cannot prove a statement by himself that the deed is genuine, nor can *B* prove a statement by himself that the deed is forged.

(*b*) *A*, the captain of a ship, is tried for casting her away.

Evidence is given to show that the ship was taken out of her proper course.

A produces a book kept by him in the ordinary course of his business showing observations alleged to have been taken by him from day to day, and indicating that the ship was not taken out of her proper course. *A* may prove these statements, because they would be admissible between third parties, if he were dead, under section 32, clause (2).

(*c*) *A* is accused of a crime committed by him at Rangoon.

He produces a letter written by himself and dated at Maymyo on that day, and bearing the Maymyo post-mark of that day.

The statement in the date of the letter is admissible, because, if *A* were dead, it would be admissible under section 32, clause (2).

(*d*) *A* is accused of receiving stolen goods knowing them to be stolen.

He offers to prove that he refused to sell them below their value.

A may prove these statements, though they are admissions, because they are explanatory of conduct influenced by facts in issue.

လည်းကောင်း၊ ယင်းတို့အတွက် အခြားသူတို့က စသည်လည်းကောင်း ထိုဝန်ခံချက်များကို သက်သေထင်ရှားစေခြင်း။

(၁) အကယ်၍ ဝန်ခံချက်ပြုသူ သေဆုံးခဲ့သော် ထိုဝန်ခံချက်မှာ အခြား အမှုသည်များ၊ အကြား ဖြစ်ပွားသည့် အမှုတွင် ပုဒ်မ ၃၂ အရ စပ်ဆိုင်လျှင် ဝန်ခံချက်ပြုသူက ဖြစ်စေ၊ ထိုသူအတွက် အခြားသူက ဖြစ်စေ အဆိုပါဝန်ခံချက်ကို သက်သေထင်ရှား တင်ပြနိုင်သည်။

(၂) ဝန်ခံချက်တွင် စိတ်၏ သို့မဟုတ် ကိုယ်ခန္ဓာ၏ အခြေအနေတစ်ရပ်ရပ် အမှန်တည်ရှိကြောင်း ထွက်ဆိုချက်ပါရှိ၍ အဆိုပါစိတ်၏ သို့မဟုတ် ကိုယ်ခန္ဓာ၏အခြေအနေအမှန်တည်ရှိခြင်းမှာလည်း စပ်ဆိုင်ခြင်း သို့မဟုတ် အငြင်းဖြစ်ခြင်းဖြစ်သည့်ပြင် ဆိုခဲ့သော စိတ်၏ သို့မဟုတ် ကိုယ်ခန္ဓာ၏ အခြေအနေအမှန်တည်ရှိသည့် အချိန် သို့မဟုတ် ထိုအချိန်လောက်တွင် ထိုသို့ထွက်ဆိုခြင်းဖြစ်ပြီး၊ သို့ထွက်ဆိုရာ၌လည်း လိမ်လည်ပြောဆိုခြင်း မဟုတ်တန်ရာဟု ကောက်ယူထိုက်သည့် အပြုအမူ ပါရှိလျှင် ဝန်ခံချက်ပြုသူကဖြစ်စေ၊ ထိုသူအတွက် အခြားသူကဖြစ်စေ ထိုဝန်ခံချက်ကို သက်သေ ထင်ရှား တင်ပြနိုင်သည်။

(၃) ဝန်ခံချက်မှာ ဝန်ခံချက်အဖြစ်ဖြင့်မဟုတ်ဘဲ၊ အခြားနည်းဖြင့်စပ်ဆိုင်လျှင် ဝန်ခံချက်ပြုသူကဖြစ်စေ၊ ထိုသူအတွက် အခြားသူကဖြစ်စေ ထိုဝန်ခံချက်ကို သက်သေထင်ရှား တင်ပြနိုင်သည်။

ဥပမာများ

(က) B နှင့် A တို့နှစ်ဦးတွင် ပြဿနာမှာ စာချုပ်တစ်စောင်သည် အတုပြုလုပ်ထားခြင်း ဟုတ် မဟုတ်ဖြစ်သည်။ A က စာချုပ်သည် အစစ်အမှန်ဖြစ်သည်ဟုဆိုသည်။ B က အတုဖြစ်သည်ဟုဆိုသည်။

စာချုပ်မှာ အစစ်အမှန်ဖြစ်သည်ဟူသော B ၏ ထွက်ဆိုချက်ကို A က သက်သေထင်ရှားပြနိုင်သည်။ စာချုပ်မှာ အတုဖြစ်သည်ဟူသော A ၏ ထွက်ဆိုချက်ကို B က သက်သေထင်ရှား တင်ပြနိုင်သည်။ သို့ရာတွင် A က စာချုပ်မှာ အစစ်အမှန်ဖြစ်သည်ဟု မိမိကိုယ်တိုင်၏ ထွက်ဆိုချက်ကို သက်သေထင်ရှား မတင်ပြနိုင်။

ထို့အတူ B က စာချုပ်အတုဖြစ်သည်ဟု မိမိကိုယ်တိုင်၏ ထွက်ဆိုချက်ကို သက်သေထင်ရှား မတင်ပြနိုင်။

(ခ) သင်္ဘောမှူး A သည် သင်္ဘောကိုရေတွင် မျောသွားစေမှုဖြင့် စစ်ဆေးစီရင်ခြင်းခံရသည်။

သင်္ဘောကို သွားရိုးလမ်းစဉ်မှလွဲဖယ်၍ သွားစေသည်ဟု သက်သေခံချက်တင်ပြသည်။

A က လုပ်ရိုးလုပ်စဉ်အတိုင်း စာအုပ်တစ်အုပ်ထားရှိ၍ နေ့စဉ်တွေ့ရှိချက်များကို ရေးမှတ်ထားသဖြင့် သင်္ဘောသည် သွားရိုးလမ်းကြောင်းမှ လွဲဖယ်၍သွားခြင်းမရှိကြောင်း ဖော်ပြထားသော ထိုစာအုပ်ကို တင်ပြသည်။ ထိုရေးသားချက်များသည် အကယ်၍ A သေဆုံးခဲ့လျှင် အခြားသူများအကြားဖြစ်ပွားသည့် အမှုတွင် ပုဒ်မ ၃၂၊ အပိုဒ် (၂) အရ၊ သက်သေခံဝင်မည်ဖြစ်၍ A က ထိုရေးသားချက်များ မှန်ကြောင်း သက်သေထင်ရှား တင်ပြနိုင်သည်။

(ဂ) A သည် ရန်ကုန်မြို့တွင် ပြစ်မှုတစ်ခုကို ကျူးလွန်သည်ဟု စွပ်စွဲခြင်းခံရသည်။ သူသည် ထိုနေ့စွဲဖြင့် မန္တလေးမြို့မှ မိမိရေးသားထား၍ မန္တလေးစာတိုက်မှ နေ့စွဲတံဆိပ်ပါရှိသောစာတစ်စောင်ကို တင်ပြသည်။

အကယ်၍ A သေဆုံးလျှင် ထိုစာတွင်ပါရှိသော နေ့စွဲပါဖော်ပြချက်မှာ ပုဒ်မ ၃၂၊ အပိုဒ် (၂) အရ သက်သေခံဝင်မည်ဖြစ်သောကြောင့် ထိုနေ့စွဲပါဖော်ပြချက်မှာ သက်သေခံဝင်သည်။

(ဃ) A သည် ပစ္စည်းကို ခိုးရာပါပစ္စည်းဖြစ်ကြောင်း သိလျက်နှင့် လက်ခံသည်ဟု စွပ်စွဲခြင်းခံရသည်။

သူကပစ္စည်းကို တန်ဖိုးထက်လျော့နည်း၍ ရောင်းခြင်းမပြုနိုင်ကြောင်း မိမိငြင်းဆိုခဲ့သည်ကို သက်သေခံတင်ပြလာသည်။

ထိုသို့ ငြင်းဆိုသည့် ထွက်ဆိုချက်များသည် ဝန်ခံချက်များဖြစ်သော်လည်း အငြင်းဖြစ်သည့် အကြောင်းခြင်းရာများ၏ အရှိန်ဩဇာသက်ရောက်သည့် အပြုအမူကို ရှင်းလင်းဖော်ပြသောကြောင့် A က ထိုထွက်ဆိုချက်များကိုသက်သေ ထင်ရှား တင်ပြနိုင်သည်။

(*e*) *A* is accused of fraudulently having in his possession counterfeit coin which he knew to be counterfeit.

He offers to prove that he asked a skilful person to examine the coin as he doubted whether it was counterfeit or not, and that that person did examine it and told him it was genuine.

A may prove these facts for the reasons stated in the last preceding *illustration*.

When oral admissions as to contents of documents are relevant.

22. Oral admissions as to the contents of a document are not relevant, unless and until the party proposing to prove them shows that he is entitled to give secondary evidence of the contents of such document under the rules hereinafter contained, or unless the genuineness of a document produced is in question.

Admissions in civil cases when relevant.

23. In civil cases no admission is relevant, if it is made either upon an express condition that evidence of it is not to be given, or under circumstances from which the Court can infer that the parties agreed together that evidence of it should not be given.

Explanation.—Nothing in this section shall be taken to exempt any legal practitioner from giving evidence of any matter of which he may be compelled to give evidence under section 126.

Confession caused by inducement, threat or promise, when irrelevant in criminal proceeding.

24. A confession made by an accused person is irrelevant in a criminal proceeding, if the making of the confession appears to the Court to have been caused by any inducement, threat or promise [1] having reference to the charge against the accused person, proceeding from a person in authority and sufficient, in the opinion of the Court, to give the accused person grounds which would appear to him reasonable for supposing that by making it he would gain any advantage or avoid any evil of a temporal nature in reference to the proceedings against him.

Confession to police-officer not to be proved.

25. No confession made to a police-officer shall be proved as against a person accused of any offence :

[2][Provided that this section shall not apply to confessions made to a headman or a rural policeman appointed under the Village Act.]

---

[1] For prohibition of such inducements, etc., *see* section 343 of the Code of Criminal Procedure (Volume VIII of this Code).

[2] This proviso was substituted for the original proviso by Burma Act XVII, 1945.

(ဂ) A သည် ဒဂၢါးအတုဖြစ်ကြောင်းသိလျက်နှင့် လိမ်လည်လိုသောကြောင့် ထိုဒဂၢါးကို လက်ရှိထားသည်ဟုစွပ်စွဲခြင်းခံရသည်။

အုံက ဒဂၢါးအတု ဟုတ်မဟုတ် မိမိမသက်သာဖြင့် ကျွမ်းကျင်သောသူတစ်ဦးအား စစ်ဆေးကြည့်ရှုစေရာ ထိုသူက စစ်ဆေးပြီးနောက် ဒဂၢါးအစစ်ဖြစ်သည်ဟု ပြောဆိုကြောင်း သက်သေထင်ရှား တင်ပြလိုသည်ဟု ကမ်းလှမ်းပြောဆိုသည်။

A သည် ဤအကြောင်းခြင်းရာများအား အထက်၌ပြဆိုခဲ့သောအတိုင်း သက်သေထင်ရှားတင်ပြနိုင်သည်။

၂၂။ စာတမ်းအမှတ်အသားတစ်ခုပါ အကြောင်းအရာနှင့်စပ်လျဉ်း၍ နှုတ်ဖြင့်ဝန်ခံချက်များသည် နောက်လာမည့် ပြဋ္ဌာန်းချက်များအရ အဆိုပါ စာတမ်းအမှတ်အသားပါ အကြောင်းအရာနှင့် စပ်လျဉ်း၍ ဒုတိယအဆင့် သက်သေခံချက်တင်ပြနိုင်ခွင့်ရှိသည့်ကိစ္စ သို့မဟုတ် တင်ပြထားသော စာတမ်းအမှတ်အသားသည် အစစ်အမှန် ဟုတ် မဟုတ် အငြင်းပွားနေသည့်ကိစ္စများမှတစ်ပါး အမှု၌မစပ်ဆိုင်ချေ။

စာတမ်း အမှတ်အသားများပါ အကြောင်းခြင်းရာနှင့် စပ်လျဉ်း၍ နှုတ်ဖြင့် ဝန်ခံချက်များသည် မည်သည့်အခါ ၌စပ်ဆိုင်ခြင်း။

၂၃။ တရားမမှုများတွင် ဝန်ခံချက်နှင့်စပ်လျဉ်း၍ သက်သေခံချက်တင်ပြခြင်းမပြုရ ဟူသော စည်းကမ်းချက် အတိအလင်း သတ်မှတ်၍ ပြုလုပ်ခြင်းဖြစ်လျှင် သို့မဟုတ်သက်သေခံချက် တင်ပြခြင်း မပြုရန် နှစ်ဘက်သောအမှုသည်များ သဘောတူညီကြသည်ဟု တရားရုံးက အဆိုပါဝန်ခံချက် ပြုလုပ်စဉ်က ရှိနေသော အခြေအနေများကိုထောက်၍ အဓိပ္ပာယ်ကောက်ယူနိုင်လျှင် ထိုဝန်ခံချက်သည် အမှုနှင့် မစပ်ဆိုင်ချေ။

တရားမမှုများတွင် ဝန်ခံချက်များသည် မည်သည့်အခါ စပ်ဆိုင်ခြင်း။

ရှင်းလင်းချက်။ ။ ဤပုဒ်မပါ မည်သည့်အချက်ကမျှ ရှေ့နေတစ်ဦးဦးမှာ ပုဒ်မ ၁၂၆ အရ သက်သေမခံဘဲမနေရသော အကြောင်းကိစ္စတစ်ခုခုနှင့် စပ်လျဉ်း၍ သက်သေခံချက် တင်ပြရခြင်းမှ ကင်းလွတ်ခွင့်ရရှိသည်ဟု မကောက်ယူရ။

၂၄။ ပြစ်မှုဆိုင်ရာ အမှုတစ်ခုတွင် တရားခံတစ်ဦးကပေးသော ဖြောင့်ချက်သည် သွေးဆောင်ခြင်း၊ ခြိမ်းခြောက်ခြင်း သို့မဟုတ် ကတိပေးခြင်းကြောင့် ဖြစ်ရသည်ဟု လည်းကောင်း၊ ယင်းသို့ သွေးဆောင်ခြင်း၊ ခြိမ်းခြောက်ခြင်း၊ ကတိပေးခြင်းတို့သည် တရားခံအပေါ် အရေးယူထားသော စွပ်စွဲချက်ကို ရည်ညွှန်းကြောင်း၊ အခွင့်အာဏာရှိသူ တစ်ဦးထံမှ ထွက်ပေါ်လာကြောင်း၊ ထိုသို့ ဖြောင့်ချက်ပေးလျှင် တရားခံ၌ အမှုနှင့်စပ်လျဉ်း၍ အကျိုးတစ်စုံတစ်ရာခံစားရမည် သို့မဟုတ် ယခုအမှုပေါ် ဆိုးကျိုးတစ်ခုခုကို တိမ်းရှောင်နိုင်မည်ဟု တရားခံက ယုံကြည်လောက်အောင် အကြောင်းခိုင်လုံသည်ဟု တရားရုံးက ထင်မြင်ဖွယ် ရှိကြောင်းကို လည်းကောင်း၊ တရားရုံးက တွေ့ရှိရလျှင် ထိုဖြောင့်ချက်သည် မစပ်ဆိုင်ချေ။

သွေးဆောင်ခြင်း၊ ခြိမ်းခြောက်ခြင်း သို့မဟုတ် ကတိပေးခြင်းကြောင့် ပေးသောဖြောင့်ချက်သည် မည်သည့်အခါ ပြစ်မှုဆိုင်ရာအမှု၌ မစပ်ဆိုင်ခြင်း။

၂၅။ ရဲအရာရှိထံပေးသော ဖြောင့်ချက်ကို ပြစ်မှုတစ်ခုခု ကျူးလွန်သည်ဟု စွပ်စွဲခြင်းခံရသူအပေါ်၌ သက်သေထင်ရှားတင်ပြခြင်း မပြုရ။

သို့ရာတွင် ဤပုဒ်မသည် ကျေးရွာဥပဒေအရ ခန့်ထားသော သူကြီး သို့မဟုတ် ကျေးရွာရဲတစ်ဦးဦးထံ ပေးသောဖြောင့်ချက်နှင့်မသက်ဆိုင်စေရ။

ရဲအရာရှိထံ ပေးသောဖြောင့်ချက်ကိုသက်သေထင်ရှားမတင်ပြရခြင်း။

Confession by accused while in custody of police not to be proved against him.

26. No confession made by any person whilst he is in the custody of a police-officer, unless it be made in the immediate presence of a Magistrate, shall be proved as against such person.

Explanation.—In this section "Magistrate" does not include the head of a village discharging magisterial functions, unless such headman is a Magistrate exercising the powers of a Magistrate under the Code of Criminal Procedure.

How much of information received from accused may be proved.

27. Provided that, when any fact is deposed to as discovered in consequence of information received from a person accused of any offence, in the custody of a police-officer, so much of such information, whether it amounts to a confession or not, as relates distinctly to the fact thereby discovered may be proved.

Confession made after removal of impression caused by inducement, threat or promise, relevant.

28. If such a confession as is referred to in section 24 is made after the impression caused by any such inducement, threat or promise has, in the opinion of the Court, been fully removed, it is relevant.

Confession otherwise relevant not to become irrelevant because of promise of secrecy, etc.

29. If such a confession is otherwise relevant, it does not become irrelevant merely because it was made under a promise of secrecy, or in consequence of a deception practised on the accused person for the purpose of obtaining it, or when he was drunk, or because it was made in answer to questions which he need not have answered, whatever may have been the form of those questions, or because he was not warned that he was not bound to make such confession, and that evidence of it might be given against him.

Consideration of proved confession affecting person making it and others jointly under trial for same offence.

30. When more persons than one are being tried jointly for the same offence, and a confession made by one of such persons affecting himself and some other of such persons is proved, the Court may take into consideration such confession as against such other person as well as against the person who makes such confession.

ရဲအချုပ်တွင် ရှိနေစဉ် အတွင်း တရားခံပေးသည့် ဖြောင့်ချက်ကို ယင်းအား နစ်နာစေမည့် သက်သေထင်ရှား မတင်ပြရခြင်း။

၂၆။ တစ်ဦးတစ်ယောက်သောသူက ရဲအရာရှိ၏ အချုပ်တွင်ရှိစဉ် အတွင်း ပေးသည့် ဖြောင့်ချက်သည် ရာဇဝတ်တရားသူကြီး၏ ရှေ့မှောက်တွင် ပေးသည့် ဖြောင့်ချက်မဟုတ်လျှင် အဆိုပါ ဖြောင့်ချက်ကို ထိုသူအပေါ်၌ သက်သေထင်ရှား တင်ပြခြင်းမပြုရ။

ရှင်းလင်းချက်။ ။ဤပုဒ်မ၌ ရာဇဝတ်တရားသူကြီးဆိုသည့် စကားရပ်တွင် ရာဇဝတ်တရားသူကြီး၏ အလုပ်ဝတ္တရားများကို ဆောင်ရွက်နေသော်လည်း ရာဇဝတ်ကျင့်ထုံးကိုဥပဒေအရ၊ ရာဇဝတ်တရားသူကြီး၏အာဏာများကို သုံးစွဲနေသော ရာဇဝတ်တရားသူကြီး မဟုတ်သည့် ရွာသူကြီးမပါဝင်ချေ။

တရားခံ ထံက ရရှိသည့် သတင်းများအနက် မည်မျှကို သက်သေခံ တင်ပြနိုင်ခြင်း။

၂၇။ သို့ရာတွင် ပြစ်မှုတစ်ခုခုကျူးလွန်သည်ဟု စွပ်စွဲခြင်းခံရ၍ ရဲအရာရှိ၏ အချုပ်တွင် ရှိနေသူ တစ်ဦးဦးထံက ရရှိသည့်သတင်းအရ၊ အကြောင်းခြင်းရာတစ်ခုကို တွေ့ရှိလျှင် တရားခံ၏ သတင်းပေးချက်များအနက် ထိုတွေ့ရှိရသော အကြောင်းခြင်းရာအား တိတိကျကျ ဖော်ပြသည့် သတင်းပေးချက်ကို ဖြောင့်ချက်ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ အမှု၌ သက်သေထင်ရှား တင်ပြနိုင်သည်။

သွေးဆောင်ခြင်း၊ ခြိမ်းခြောက်ခြင်း၊ ကတိပေးခြင်း တစ်ခုခုကြောင့် ပေါ်ပေါက်လာသည့် ထင်မြင်ချက်ကို ပပျောက်စေပြီးမှ ပေးသော ဖြောင့်ချက် သည် စပ်ဆိုင်ခြင်း။

၂၈။ ပုဒ်မ ၂၄ တွင် ဖော်ပြထားသည့်အတိုင်း ပြစ်မှုဆိုင်ရာ အမှုတစ်ခုတွင် စွပ်စွဲခြင်း ခံရသော တရားခံတစ်ဦး၏ဖြောင့်ချက်သည် သွေးဆောင်ခြင်း၊ခြိမ်းခြောက်ခြင်း သို့မဟုတ် ကတိပေးခြင်း တစ်ခုခုကြောင့် ပေါ်ပေါက်လာသည့် ထင်မြင်ချက်ကို လုံးဝပပျောက်စေပြီးမှ ပေးသောဖြောင့်ချက် ဖြစ်သည်ဟု တရားရုံးက ယူဆလျှင် ထိုဖြောင့်ချက်သည် စပ်ဆိုင်သည်။

အခြားနည်း စပ်ဆိုင်သည့် ဖြောင့်ချက်သည် လျှို့ဝှက်ထားမည်ဟု ကတိပြုခြင်း စသော အကြောင်းများကြောင့် မစပ်ဆိုင်ဟု မဖြစ်စေရခြင်း။

၂၉။ ဆိုခဲ့သော ဖြောင့်ချက်တစ်ခုသည် အခြားနည်း၌စပ်ဆိုင်လျှင် ဖြောင့်ချက်ကို လျှို့ဝှက်ထားမည်ဟု ကတိပြုခြင်းကြောင့်ဖြစ်စေ၊ တရားခံကို လိမ်လည်လှည့်ဖြားခြင်းကြောင့်ဖြစ်စေ၊ တရားခံမှာ အရက်သေစာ သောက်စားမူးယစ်ခြင်းကြောင့်ဖြစ်စေ ဖြောင့်ချက်ပေးရသည် ဆိုသောကိစ္စ၊ မည်သည့်မေးခွန်းမျိုးဖြင့် မေးသည်ဖြစ်စေ၊ ထိုမေးခွန်းကို ဖြေဆိုရန်မလိုဘဲလျက် ဖြေဆိုရာ၌ ဖြောင့်ချက် ပေးရသည်ဆိုသောကိစ္စ၊ ဖြောင့်ချက်ပေးရန် တာဝန်မရှိကြောင်း၊ ဖြောင့်ချက် ပေးလျှင်လည်း ယင်းဖြောင့်ချက်ကို ထိုသူအပေါ် သက်သေထင်ရှား တင်ပြနိုင်ကြောင်းသတိမပေးသဖြင့် ဖြောင့်ချက် ပေးရသည်ဆိုသောကိစ္စ စသည့်တစ်ခုခုကြောင့် အဆိုပါ ဖြောင့်ချက်ကို မစပ်ဆိုင်ဟု မဖြစ်စေရ။

ဖြောင့်ချက် ပေးသူနှင့် တကွ ပြစ်မှု တစ်မျိုး တည်း အတွက် အမှု တစ် ခုတည်း တွင်စစ်ဆေးစီရင် ခြင်း ခံရ သူများ

၃၀။ တစ်ဦးထက်ပိုသောသူများကို ပြစ်မှုတစ်မျိုးတည်းအတွက် အမှုတစ်ခုတည်းတွင် အတူပူးတွဲလျက် စစ်ဆေးစီရင်သည့်အခါ ထိုသူများအနက် တစ်ဦးတစ်ယောက်သောသူက ပေးသော ဖြောင့်ချက်သည် မိမိနှင့် အခြားသူတစ်ဦးအပေါ်တွင် ထိခိုက်စေသည့် ဖြောင့်ချက်ဖြစ်ကြောင်း သက်သေထင်ရှားရှိလျှင် ထိုဖြောင့်ချက်ကို ဖြောင့်ချက်ပေးသူအပြင် အဆိုပါ အခြားသူအပေါ်တွင်လည်း တရားရုံးက ထည့်သွင်း စဉ်းစားနိုင်သည်။

Explanation.—" Offence," as used in this section, includes the abetment of, or attempt to commit, the offence.

Illustrations.

(*a*) *A* ,and *B* are jointly tried for the murder of *C*. It is proved that *A* said " *B* and I murdered *C*." The Court may consider the effect of this confession as against *B*.

(*b*) *A* is on his trial for the murder of *C*. There is evidence to show that *C* was murdered by *A* and *B*, and that *B* said " *A* and I murdered *C*."

This statement may not be taken into consideration by the Court against *A*, as *B* is not being jointly tried.

Admissions not conclusive proof, but may estop.

31. Admissions are not conclusive proof of the matters admitted but they may operate as estoppels under the provisions hereinafter contained.

Statements by Persons who cannot be called as Witnesses.

Cases in which statement of relevant fact by person who is dead or cannot be found, etc., is relevant.

32. Statements, written or verbal, of relevant facts made by a person who is dead, or who cannot be found, or who has become incapable of giving evidence, or whose attendance cannot be procured without an amount of delay or expense which under the circumstances of the case appears to the Court unreasonable, are themselves relevant facts in the following cases :—

When it relates to cause of death ;

(1) When the statement is made by a person as to the cause of his death, or as to any of the circumstances of the transaction which resulted in his death, in cases in which the cause of that person's death comes into question.

ရှင်းလင်းချက်။ ။ဤပုဒ်မတွင် အသုံးပြုထားသည့် "ပြစ်မှု"ဆိုသည့်စကားတွင် ထိုပြစ်မှုကို အားပေးကူညီခြင်း သို့မဟုတ် ထိုပြစ်မှုကို ကျူးလွန်ရန် အားထုတ်ခြင်းလည်း ပါဝင်သည်။

ကိုယ်တိုင် ခိုက်သည့် ပြစ်သက်သေ ထင်ရှားလည်း ရှိသောကြောင့် ခံဘက်ကို ထည့်သွင်း စဉ်းစားခြင်း။

ဥပမာများ

(က) A နှင့် B တို့အား C ကို သတ်မှုဖြင့် တစ်မှုတည်းတွင်အတူ ပူးတွဲ စစ်ဆေး စီရင်သည်။ A က " B နှင့် ကျွန်တော် C ကိုသတ်သည်"ဟု ပြောကြောင်း သက်သေ ထင်ရှားရှိသည်။ တရားရုံးသည် ထိုဖြောင့်ချက်၏ အကျိုးသက်ရောက်မှုကို B အပေါ်တွင် ထည့်သွင်း စဉ်းစား နိုင်သည်။

(ခ) A အား C ကို သတ်မှုဖြင့် စစ်ဆေး စီရင်သည်။ C ကို A နှင့် B တို့ သတ်ကြောင်းနှင့် B က " A နှင့် ကျွန်တော် C ကိုသတ်သည် " ဟုပြောကြောင်း သက်သေခံချက် ရှိသည်။

ဤပြောဆိုချက်ကို A အပေါ်တွင် တရားရုံးက ထည့်သွင်း စဉ်းစားခြင်း မပြုနိုင်၊ အဘယ်ကြောင့်ဆိုသော် B ကို တစ်မှုတည်းတွင် ပူးတွဲ စစ်ဆေး စီရင်ခြင်း မပြုသောကြောင့် ဖြစ်သည်။

၃၁။ ဝန်ခံချက်များသည် ဝန်ခံသည့်ကိစ္စများအတွက် အပြီးသတ်သက်သေခံချက် မဟုတ်သော်လည်း နောက်တွင် ပါရှိမည့် ပြဋ္ဌာန်းချက်များအရ ကွဲပြားသည့်သက်သေခံချက် မတင်ပြနိုင်ရန်ကို ငြင်းဆိုခွင့် မရှိသည့်အချက်များ ဖြစ်လာနိုင်သည်။

ဝန်ခံချက်များသည် အပြီးသတ် သက်သေခံချက် မဟုတ်သော်လည်း ကွဲပြားသည့် သက်သေခံချက်များ မတင်ပြနိုင်ရန် ငြင်းဆိုခွင့် မရှိခြင်း။

သက်သေများအဖြစ် ဆင့်ခေါ်၍ မရနိုင်သူတို့၏ ထွက်ဆိုချက်များအကြောင်း

၃၂။ သေဆုံးသူကဖြစ်စေ၊ ရှာ၍မတွေ့နိုင်သူကဖြစ်စေ၊ သက်သေခံချက် မပေးနိုင်သည့် အဖြစ်သို့ ရောက်ရှိသူကဖြစ်စေ၊ အမှု၏အခြေအနေကို ထောက်ချင့်၍ ထိုသူ လာရောက်စေရန်အတွက် ကြန့်ကြာမည့်အချိန် သို့မဟုတ် ကုန်ကျမည့် စရိတ်သည်သင့်တော်ခြင်း မရှိဟု တရားရုံးက ထင်မြင်သည့် ကိစ္စ၌ ထိုသူကဖြစ်စေ၊ အမှု၌စပ်ဆိုင်သောအကြောင်းခြင်းရာများကို စာဖြင့်ရေးသားချက် သို့မဟုတ် နှုတ်ဖြင့် ပြောဆိုချက်များရှိပါက အဆိုပါ ထွက်ဆိုချက်များသည်ပင်လျှင် အောက်ပါကိစ္စများတွင် အမှု၌စပ်ဆိုင်သော အကြောင်းခြင်းရာများ ဖြစ်သည်—

သေဆုံးသူ၊ ရှာ၍မတွေ့နိုင်သူ အစရှိသောသူ တစ်ဦးဦးက အမှု၌ စပ်ဆိုင်သော အကြောင်းခြင်းရာကို ထွက်ဆိုချက်သည် မည်သည့် ကိစ္စများ၌ စပ်ဆိုင်ခြင်း။

(၁) လူတစ်ဦး တစ်သောက် မည်သည့် အကြောင်းကြောင့် သေဆုံးကြောင်း ပြဿနာ ပေါ်ပေါက်သည့် ကိစ္စများတွင် ထိုသူသေဆုံးရခြင်း၏ အကြောင်းရင်းနှင့် စပ်လျဉ်း၍ ဖြစ်စေ၊ ထိုသူသေဆုံးရသည့် အဖြစ်အပျက်ပြစ်ပွားစဉ်က အခြေအနေ တစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ ဖြစ်စေ၊ ထိုသူကိုယ်တိုင်က ထွက်ဆိုသည့် ကိစ္စ၊

သေဆုံးရခြင်း အကြောင်းရင်းနှင့် သက်ဆိုင်သည့် ကိစ္စ။

1966 SLR. P. 321

Such statements are relevant whether the person who made them was or was not, at the time when they were made, under expectation of death, and whatever may be the nature of the proceeding in which the cause of his death comes into question.

or is made in course of business ;

(2) When the statement was made by such person in the ordinary course of business, and in particular when it consists of any entry or memorandum made by him in books kept in the ordinary course of business, or in the discharge of professional duty ; or of an acknowledgment written or signed by him of the receipt of money, goods, securities or property of any kind ; or of a document used in commerce written or signed by him ; or of the date of a letter or other document usually dated, written or signed by him.

or against interest of maker ;

(3) When the statement is against the pecuniary or proprietary interest of the person making it, or when, if true, it would expose him or would have exposed him to a criminal prosecution or to a suit for damages.

or gives opinion as to public right or custom, or matters of general interest :

(4) When the statement gives the opinion of any such person as to the existence of any public right or custom or matter of public or general interest, of the existence of which, if it existed, he would have been likely to be aware, and when such statement was made before any controversy as to such right, custom or matter has arisen.

or relates to existence of relationship :

(5) When the statement relates to the existence of any relationship by blood, marriage or adoption between persons as to whose relationship by blood, marriage or adoption the person making the statement had special means of knowledge, and when the statement was made before the question in dispute was raised.

ထိုသို့ ထွက်ဆိုခဲ့သူသည် ထွက်ဆိုစဉ်အခါက မိမိသေရမည်ဟု တွေးထင်ရန် ရှိသည် ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ သို့ပြင် မည်သည့် အကြောင်းကြောင့် ထိုသူသေဆုံးရကြောင်း ပြဿနာပေါ်ပေါက်သည့်မှုခင်းမှာလည်း မည်သည့်မှုခင်းမျိုးပင် ဖြစ်စေ၊ အဆိုပါ ထွက်ဆိုချက်များမှာ အမှု၌ စပ်ဆိုင်သည်။

(၂) ထိုသူက သာမန်လုပ်ရိုးလုပ်စဉ်အရ လုပ်ကိုင်ရာတွင် ရေးသားခြင်း သို့မဟုတ် ပြောဆိုခြင်းပြုသည့် ကိစ္စ၊ ထို့ပြင် အထူးသဖြင့် သာမန်လုပ်ရိုးလုပ်စဉ်အရ လုပ်ကိုင်ရာတွင် ဖြစ်စေ၊ လုပ်ငန်းဆိုင်ရာ တာဝန်ထမ်းဆောင်ရာတွင်ဖြစ်စေ၊ ထားရှိသောစာအုပ်များ၌ ထိုသူ၏ ရေးသွင်းချက်သို့မဟုတ် မှတ်တမ်းတင်ချက်၊ ငွေကြေးဖြစ်စေ၊ ကုန်စည်ဖြစ်စေ၊ အာမခံစာချုပ်စာတမ်း သို့မဟုတ် ပစ္စည်း တစ်မျိုးမျိုးဖြစ်စေ ရရှိကြောင်း ထိုသူ ရေးသားထားသော သို့မဟုတ် လက်မှတ်ရေးထိုးထားသော ကုန်သန်းရောင်းဝယ်မှု ပြုရာ၌ သုံးခဲ့သည့် စာချွန်စာတမ်း၊ ရက်စွဲတပ်၍ ရေးသားလေ့ရှိသည့် ထိုသူရေးသားသော သို့မဟုတ် လက်မှတ် ထိုးသောပေးစာ သို့မဟုတ် အခြား စာချွန်စာတမ်းပေါ် ရက်စွဲ။

သို့မဟုတ် လုပ်ရိုးလုပ်စဉ်အရ လုပ်ကိုင် သည့်ကိစ္စ။

(၃) ထွက်ဆိုချက်မှာ ထွက်ဆိုသူ၏ ငွေရေးကြေးရေး အကျိုးခံစားခွင့်နှင့်ဖြစ်စေ၊ ပစ္စည်း ပိုင်ဆိုင်ခွင့်နှင့်ဖြစ်စေ၊ ဆန့်ကျင်သည့်ကိစ္စ သို့မဟုတ် ထိုထွက်ဆိုချက်မှန်ကန်လျှင် ထိုသူအပေါ် ပြစ်မှုဆိုင်ရာ မှုခင်းဖြစ်စေ လျော်ကြေးရရန် တရားမမှုဖြစ်စေ စွဲဆိုနိုင်မည် သို့မဟုတ် စွဲဆိုပြီး ဖြစ်မည့်ကိစ္စ။

သို့မဟုတ် ထွက်ဆိုချက်မှာ ထွက်ဆိုသူ၏ အကျိုးနှင့် ဆန့်ကျင်သည့် ကိစ္စ။

(၄) အများပြည်သူတို့၏ အခွင့်အရေး သို့မဟုတ် ဓလေ့ ထုံးတမ်းသော်လည်းကောင်း၊ အများပြည်သူတို့၏ အကျိုးနှင့်သက်ဆိုင်သော အကြောင်းကိစ္စသော်လည်းကောင်း အမှန်တကယ်ရှိမရှိနှင့် စပ်လျဉ်း၍ ထိုသူက မိမိ၏ ထင်မြင်ချက်ကို ထွက်ဆိုရေးသားသည့်ကိစ္စ ယင်းတို့ရှိကြောင်းကို အမှန်ရှိလျှင် ထိုသူသည် သိရှိပြီး ဖြစ်ရမည့်အပြင် ထိုထွက်ဆိုချက်သည်လည်း အဆိုပါ အခွင့်အရေး၊ ဓလေ့ထုံးတမ်း၊ အကြောင်းကိစ္စ တစ်ခုခုနှင့် စပ်လျဉ်း၍ အငြင်းမပွားမီက ထွက်ဆိုချက် ဖြစ်ရမည်။

သို့မဟုတ် အများပြည်သူတို့၏ အခွင့်အရေး၊ ဓလေ့ထုံးတမ်းတို့နှင့် စပ်လျဉ်း၍ ဖြစ်စေ အများအကျိုးနှင့် သက်ဆိုင်သည့် အကြောင်းကိစ္စနှင့် စပ်လျဉ်း၍ ဖြစ်စေ ထင်မြင်ချက်ပေးသည့်ကိစ္စ။

(၅) ထွက်ဆိုချက်မှာ လူတစ်ဦးနှင့် တစ်ဦး သွေးသားတော်စပ်ခြင်း သို့မဟုတ် ထိမ်းမြားခြင်း သို့မဟုတ် မွေးစားခြင်းဖြင့် ဆွေမျိုးတော်စပ်ခြင်း ရှိ မရှိဟူသည့် အချက်နှင့် သက်ဆိုင်သည့်ကိစ္စ၊ ထိုသို့ သွေးသားတော်စပ်ခြင်း၊ ထိမ်းမြားခြင်း၊ မွေးစားခြင်းဖြင့် တစ်ဦးနှင့်တစ်ဦး ဆွေမျိုးတော်စပ်သည့်အကြောင်းကို အဆိုပါ ထွက်ဆိုသူသည် အထူး [illegible] နိုင်သော အခွင့်အလမ်းရှိပြီး ယင်းထွက်ဆိုချက်သည်လည်း အငြင်းပွားသည့် [illegible] ပေါ်ပေါက်မီက ထွက်ဆိုချက် ဖြစ်ရမည်။

သို့မဟုတ် ဆွေမျိုး တော်စပ်ခြင်း ရှိမရှိနှင့် သက်ဆိုင် သည့်ကိစ္စ။

or is made in will or deed relating to family affairs;

(6) When the statement relates to the existence of any relationship by blood, marriage or adoption between persons deceased, and is made in any will or deed relating to the affairs of the family to which any such deceased person belonged, or in any family pedigree, or upon any tombstone, family portrait or other thing on which such statements are usually made, and when such statement was made before the question in dispute was raised.

or in document relating to transaction mentioned in section 13, clause (a);

(7) When the statement is contained in any deed, will or other document which relates to any such transaction as is mentioned in section 13, clause (*a*).

or is made by several persons and expresses feelings relevant to matter in question.

(8) When the statement was made by a number of persons, and expressed feelings or impressions on their part relevant to the matter in question.

Illustrations.

(*a*) The question is, whether *A* was murdered by *B*; or

A dies of injuries received in a transaction in the course of which she was ravished.

The question is whether she was ravished by *B*; or

The question is whether *A* was killed by *B* under such circumstances that a suit would lie against *B* by *A*'s widow.

Statements made by *A* as to the cause of his or her death, referring respectively to the murder, the rape and the actionable wrong under consideration are relevant facts.

(*b*) The question is as to the date of *A*'s birth.

An entry in the diary of a deceased surgeon regularly kept in the course of business stating that on a given day he attended *A*'s mother and delivered her of a son, is a relevant fact.

(*c*) The question is, whether *A* was in Rangoon on a given day.

(၆) ထိုဖော်ပြချက်မှာ ကွယ်လွန်သူ တစ်ဦးနှင့် တစ်ဦး သွေးသားတော်စပ်၍ ဖြစ်စေ၊ ထိမ်းမြားရ၍ဖြစ်စေ၊ မွေးစားရ၍ဖြစ်စေ၊ သွေးမျိုးတော်စပ်ခြင်း ရှိမရှိဟူသော အချက်နှင့် သက်ဆိုင်သည့်ကိစ္စ၊ ထိုဖော်ပြချက်ကို ကွယ်လွန်သူ တစ်ဦးဦးပါဝင်သော မိသားစု၏ အရေးကိစ္စများနှင့် သက်ဆိုင်သော သေတမ်းစာ သို့မဟုတ် စာချုပ်စာတမ်း တစ်ခုခုတွင် လည်းကောင်း၊ မိသားစုဆွေစဉ်မျိုးဆက် စာရင်းတစ်ခုခုတွင်သော် လည်းကောင်း၊ အဆိုပါ ဖော်ပြချက်များ ပြုလုပ်လေ့ပြုလုပ်ထရှိသူ သင်္ချိုင်းကမ္ပည်း ကျောက်ပြား သို့မဟုတ် မိသားစုရုပ်ပုံ သို့မဟုတ် အခြားအရာဝတ္ထုတစ်ခုခုပေါ်တွင် သော်လည်းကောင်း ပြုလုပ်ထားခြင်းဖြစ်ပြီး ဖော်ပြချက်သည်လည်း အငြင်းပွားသည့် ပြဿနာ မပေါ်ပေါက်မီက ပြုလုပ်ချက် ဖြစ်ခဲ့မည်။

သို့မဟုတ် မိသားစု အရေးကိစ္စများနှင့် သက်ဆိုင်သော သေတမ်းစာ သို့မဟုတ် စာချုပ်စာတမ်းတွင် ဖော်ပြသည့်ကိစ္စ။

(၇) ထိုရေးသားဖော်ပြချက်သည် ပုဒ်မ ၁၃၊ အပိုဒ် (က) တွင် ဖော်ပြထားသည့် အမှုကိစ္စ တစ်ခုခုနှင့် သက်ဆိုင်သော စာချုပ်စာတမ်း သို့မဟုတ် သေတမ်းစာ သို့မဟုတ် အခြားစာတမ်းအမှတ်အသား တစ်ခုခုတွင်ပါ ထိုသို့ဆောင်ရွက်မှုရှိနေသည့်ကိစ္စ။

သို့မဟုတ် ပုဒ်မ ၁၃၊ အပိုဒ် (က) တွင် ဖော်ပြထားသော အမှုကိစ္စနှင့် သက်ဆိုင်သည့် စာတမ်းအမှတ်အသားတွင် ပါရှိသည့်ကိစ္စ။

(၈) ထိုထုတ်ဆိုချက်ကို လူအများက ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး၊ ယင်းထုတ်ဆိုချက်သည် အချင်းဖြစ်ကိစ္စနှင့် စပ်ဆိုင်သော ထိုသူတို့၏ခံစားချက် သို့မဟုတ် ထင်မြင်ချက်ကို ဖော်ပြခြင်း ဖြစ်သည့်ကိစ္စ။

သို့မဟုတ် အချင်းဖြစ်ကိစ္စနှင့် စပ်ဆိုင်သော ခံစားချက်ကို ဖော်ပြချက်၊ လူအများက ထုတ်ဆိုခြင်းဖြစ်သည့်ကိစ္စ။

ဥပမာများ

(က) ပြဿနာမှာ B က A ကို သတ်မသတ် ဖြစ်သည် သို့မဟုတ်

A သည် မုဒိမ်းပြုကျင့်ခြင်းခံရစဉ်က ရရှိသော ဒဏ်ရာများကြောင့် သေဆုံးရာ၊ ပြဿနာမှာ A ကို B က မုဒိမ်းကျင့်ခြင်းဟုတ် မဟုတ်ဖြစ်သည် သို့မဟုတ်

ပြဿနာမှာ A ကို B က သတ်ရာတွင် A ၏ မယားမုဆိုးမ၌ B အပေါ် တရားမမှု စွဲဆိုခွင့်ရှိစေမည့် အခြေအနေများအရ A ကို B က သတ်မသတ်ဖြစ်သည်။

စဉ်းစားဆဲ ဖြစ်သည့် လူသတ်မှု၊ မုဒိမ်းမှု၊ တရားစွဲဆိုခွင့်ရှိသော နစ်နာမှု အသီးသီးနှင့် စပ်လျဉ်း၍ A သို့မဟုတ် သူက ယင်းသေဆုံးရခြင်း၏ အကြောင်းရင်းနှင့် ပတ်သက်၍ ပြောဆိုချက်များသည် စပ်ဆိုင်သော အကြောင်းခြင်းရာများ ဖြစ်သည်။

(ခ) ပြဿနာမှာ A ၏ မွေးရက်သည် မည်သည့်နေ့ရက် ဖြစ်သည်။

ကွယ်လွန်သူ ဆရာဝန် တစ်ဦးက လုပ်ငန်းလုပ်စဉ်အရ အမြဲထားရှိသော နေ့စဉ်မှတ်တမ်းစာအုပ်တွင် မည်သည့်နေ့ရက်က မိမိသည် A ၏မိခင်အား သားယောက်ျားတစ်ယောက် မွေးဖွားပေးရကြောင်း ရေးသားထားချက်သည် စပ်ဆိုင်သော အကြောင်းခြင်းရာ ဖြစ်သည်။

(ဂ) ပြဿနာမှာ A သည် ဖော်ပြပါ နေ့ရက်တစ်ရက်တွင် ရန်ကုန်မြို့၌ ရှိမရှိ ဖြစ်သည်။

A statement in the diary of a deceased advocate, regularly kept in the course of business, that on a given day the advocate attended *A* at a place mentioned, in Rangoon, for the purpose of conferring with him upon specified business, is a relevant fact.

(*d*) The question is, whether a ship sailed from Rangoon on a given day.

A letter written by a deceased member of a merchant's firm by which she was chartered to their correspondents in London, to whom the cargo was consigned, stating that the ship sailed on a given day from Rangoon, is a relevant fact.

(*e*) The question is, whether rent was paid to *A* for certain land.

A letter from *A*'s deceased agent to *A*, saying that he had received the rent on *A*'s account and held it at *A*'s orders, is a relevant fact.

(*f*) The question is, whether *A* and *B* were legally married.

The statement of a deceased clergyman that he married them under such circumstances that the celebration would be a crime is relevant.

(*g*) The question is, whether *A*, a person who cannot be found, wrote a letter on a certain day. The fact that a letter written by him is dated on that day is relevant.

(*h*) The question is, what was the cause of the wreck of a ship.

A protest made by the Captain, whose attendance cannot be procured, is a relevant fact.

(*i*) The question is, whether a given road is a public way.

A statement by *A*, a deceased headman of the village, that the road was public, is a relevant fact.

(*j*) The question is, what was the price of grain on a certain day in a particular market. A statement of the price, made by a deceased trader in the ordinary course of his business, is a relevant fact.

(*k*) The question is, whether *A*, who is dead, was the father of *B*.

A statement by *A* that *B* was his son, is a relevant fact.

(*l*) The question is, what was the date of the birth of *A*.

A letter from *A*'s deceased father to a friend, announcing the birth of *A* on a given day, is a relevant fact.

(*m*) The question is, whether, and when, *A* and *B* were married.

An entry in a memorandum-book by *C*, the deceased father of *B*, of his daughter's marriage with *A* on a given date, is a relevant fact.

ကွယ်လွန်သူ တရားရုံးချုပ်ရှေ့နေတစ်ဦးက လုပ်ရိုးလုပ်စဉ်အရ အမြဲထားရှိသော နေ့စဉ်မှတ်တမ်းစာအုပ်တွင် အဆိုပါ နေ့ရက်၌ သတ်မှတ် ဖော်ပြသည့် အလုပ်ကိစ္စနှင့် စပ်လျဉ်း၍ A နှင့် တိုင်ပင်ဆွေးနွေးရန် အလို့ငှာ ရန်ကုန်မြို့ရှိ ဖော်ပြထားသည့် နေရာတွင် ထိုရှေ့နေက A နှင့် တွေ့ဆုံကြောင်း ရေးသားထားချက်သည် စပ်ဆိုင်သော အကြောင်းခြင်းရာဖြစ်သည်။

(ထ) ပြဿနာမှာ သင်္ဘောတစ်စင်းသည် ဖော်ပြပါ နေ့ရက် တစ်ရက်တွင် ရန်ကုန်ဆိပ်ကမ်းမှ ထွက်ခွာခြင်း ရှိမရှိ ဖြစ်သည်။

သင်္ဘောကိုငှားရမ်းသည့် ကုန်သည်လုပ်ငန်းမှ ကွယ်လွန်သူ လုပ်ငန်း အဖွဲ့ဝင် တစ်ဦးက လန်ဒန်မြို့ရှိ ကုန်သည်ပိုင်ရှင်ခြင်း ခံရမည့်သူများထံသို့ အဆိုပါ သင်္ဘောသည် ပြဆိုသည့် နေ့ရက်တွင် ရန်ကုန်ဆိပ်ကမ်းမှ ထွက်ခွာသွားကြောင်း ရေးသားလိုက်သည့် စာသည် စပ်ဆိုင်သော အကြောင်းခြင်းရာ ဖြစ်သည်။

(ဒ) ပြဿနာမှာ မြေကွက်တစ်ကွက်အတွက် ငှားရမ်းခကို A သို့ပေးပြီးခြင်းရှိမရှိဖြစ်သည်။

A ၏ ကွယ်လွန်သည့်ကိုယ်စား ဆောင်ရွက်သူထံမှ မိမိသည်အဆိုပါငှားရမ်းခကို A အတွက်ရရှိပြီးဖြစ်ကြောင်းနှင့် ငှားရမ်းခကိုA ၏ အမိန့်အရ မိမိလက်ဝယ်ထားရှိကြောင်းဖြင့် A ထံသို့ရေးသောစာသည် စပ်ဆိုင်သော အကြောင်းခြင်းရာ ဖြစ်သည်။

(ဓ) ပြဿနာမှာ A နှင့် B တို့သည် တရားဝင် ထိမ်းမြားခဲ့ခြင်း ရှိမရှိဖြစ်သည်။

ကွယ်လွန်သူ ခရစ်ယာန်ဘုန်းကြီးက A နှင့် B တို့ကို မိမိထိမ်းမြားပေးခဲ့ရာ၌ ထိမ်းမြားမင်္ဂလာ အခမ်းအနားကျင်းပလျှင် ပြစ်မှုမြောက်မည့်အခြေအနေမျိုးလျက်နှင့် ထိမ်းမြားပေးခဲ့ခြင်းဖြစ်ကြောင်း ထွက်ဆိုချက်သည် စပ်ဆိုင်သည်။

(န) ပြဿနာရှာ၍မတွေ့နိုင်သူ A က စာတစ်စောင်ကိုသတ်မှတ်ထားသောနေ့ရက်တစ်ရက်၌ ရေးမရေးဖြစ်သည်။

A ရေးသောစာတစ်စောင်တွင် ထိုနေ့ရက်ဖြင့် နေ့စွဲတပ်ထားသည်ဆိုသောအချက်သည် စပ်ဆိုင်သည်။

(ပ) ပြဿနာမှာ သင်္ဘောတစ်စင်းသည် မည်သည့်အကြောင်းကြောင့် ပျက်စီးရကြောင်းဖြစ်သည်။

ဆင့်ခေါ်၍မရနိုင်သော သင်္ဘောမှူးက ဖြင်း၌တာဝန်မရှိကြောင်းကန့်ကွက်ထားချက်မှာ စပ်ဆိုင်သောအကြောင်းခြင်းရာဖြစ်သည်။

(ဖ) ပြဿနာမှာ ဖော်ပြပါ လမ်းတစ်လမ်းသည် အများပြည်သူဆိုင်ရာလမ်း ဟုတ်မဟုတ်ဖြစ်သည်။

ကွယ်လွန်သူ ရွာသူကြီး A က အဆိုပါ လမ်းသည် အများပြည်သူတို့သွားလာရာလမ်းဖြစ်သည်ဟု ပြောဆိုချက်သည် စပ်ဆိုင်သော အကြောင်းခြင်းရာဖြစ်သည်။

(ဗ) ပြဿနာမှာ သတ်မှတ်ထားသောနေ့ရက်တစ်ရက်တွင် တစ်စုံတစ်ခုသော ဈေးကွက်၌ ဆန်ဈေး မည်မျှပေါက်ကြောင်းဖြစ်သည်။

ကွယ်လွန်သူကုန်သည်တစ်ဦးက မိမိ၏သာမန်လုပ်ရိုးလုပ်စဉ်အတိုင်း လုပ်ကိုင်ရာတွင် ဆန်ဈေး မည်မျှရှိမည်မျှဖြစ်ကြောင်း ထွက်ဆိုချက်သည် စပ်ဆိုင်သောအကြောင်းခြင်းရာဖြစ်သည်။

(ဘ) ပြဿနာမှာ ကွယ်လွန်သူ A သည် B ၏ ဖခင်ဟုတ်မဟုတ်ဖြစ်သည်။

A က B သည် မိမိ၏သားဖြစ်ကြောင်း ထွက်ဆိုချက်သည် စပ်ဆိုင်သောအကြောင်းခြင်းရာဖြစ်သည်။

(မ) ပြဿနာမှာ A သည် မည်သည့်နေ့ရက်တွင် မွေးဖွားကြောင်းဖြစ်သည်။

A ၏ဖခင်ကွယ်လွန်သူက ယင်း၏မိတ်ဆွေတစ်ဦးထံသို့ A သည် ဤမည်သောနေ့ရက်တွင် မွေးဖွားကြောင်းရေးသားသည့်စာသည် စပ်ဆိုင်သောအကြောင်းခြင်းရာဖြစ်သည်။

(ယ) ပြဿနာမှာ A နှင့် B တို့သည် ထိမ်းမြားခြင်း ပြုမပြုနှင့် ထိမ်းမြားခြင်းပြုလျှင်လည်း မည်သည့်အခါကပြုကြောင်းဖြစ်သည်။

B ၏ ဖခင်ကွယ်လွန်သူ C က မိမိ၏သမီးနှင့် A တို့သည် ဖော်ပြပါနေ့ရက်တွင် ထိမ်းမြားကြောင်းဖြင့် မှတ်တမ်းစာအုပ်တွင် ရေးသားထားချက်မှာ စပ်ဆိုင်သောအကြောင်းခြင်းရာဖြစ်သည်။

(*n*) *A* sues *B* for a libel expressed in a painted caricature exposed in a shop window. The question is as to the similarity of the caricature and its libellous character. The remarks of a crowd of spectators on these points may be proved.

Relevancy of certain evidence for proving, in subsequent proceeding, the truth of facts therein stated.

33. Evidence given by a witness in a judicial proceeding, or before any person authorized by law to take it, is relevant for the purpose of proving, in a subsequent judicial proceeding, or in a later stage of the same judicial proceeding, the truth of the facts which it states, when the witness is dead or cannot be found, or is incapable of giving evidence, or is kept out of the way by the adverse party, or if his presence cannot be obtained without an amount of delay or expense which, under the circumstances of the case, the Court considers unreasonable :

Provided that the proceeding was between the same parties or their representatives in interest ; that the adverse party in the first proceeding had the right and opportunity to cross-examine ; that the questions in issue were substantially the same in the first as in the second proceeding.

Explanation.—A criminal trial or inquiry shall be deemed to be a proceeding between the prosecutor and the accused within the meaning of this section.

Statements made under Special Circumstances.

Entries in books of account when relevant.

34. [1]Entries in books of account, regularly kept in the course of business, are relevant whenever they refer to a matter into which the Court has to inquire, but such statements shall not alone be sufficient evidence to charge any person with liability.

Illustration.

A sues *B* for Rs. 1,000, and shows entries in his account books showing *B* to be indebted to him to this amount. The entries are relevant, but are not sufficient without other evidence, to prove the debt.

[1] *Cf.* section 240 of the Burma Companies Act (Volume IX of this Code) and Order VII, rule 17, of the Code of Civil Procedure (*ante*). As to the admissibility in evidence of certified copies of entries in bankers' books, *see* section 4 of the Bankers' Books Evidence Act (*post*).

[2] Substituted by the Union of Burma (Adaptation of Laws) Order, 1948.

(ဂ) စျေးဆိုင်ပြတင်းပေါက်တွင် လူအများမြင်သာအောင် ပြသထားသော ရယ်ဖွယ်ဖြစ်အောင် ရေးဆွဲထားသည့် ရုပ်ပုံကားချပ်တွင် ပါရှိသည့်အသရေပျက်စေသော စာအမှတ်အသားကြောင့် A က B ကိုတရားစွဲဆိုသည်။ ပြဿနာမှာ ရုပ်ပုံသဏ္ဌာန် တူမတူနှင့် အသရေပျက်စေသည့် အဓိပ္ပာယ်လက္ခဏာ ရှိမရှိဖြစ်သည်။ ဤအချက်များနှင့် စပ်လျဉ်း၍ ရိုင်းခန်းကြည့်ရှုကြသူတို့၏ မှတ်ချက်များကို သက်သေခံအထင်ရှားတင်ပြနိုင်သည်။

၃၃။ တရားစီရင်ရေးမှုခင်း တစ်ခုတွင်ဖြစ်စေ၊ တရားဥပဒေအရ သက်သေခံချက် ရေးမှတ်ယူခွင့်ရှိသူ တစ်ဦးတစ်ယောက်ထံတွင်ဖြစ်စေ၊ သက်သေ တစ်ဦးကထွက်ဆိုသော သက်သေခံချက်သည် ထိုသက်သေခံချက်တွင် ပါရှိသည့် အကြောင်းအရာများ သက်သေထင်ရှားအဖြစ် ထိုအမှု၏ နောက်ပိုင်းအဆင့်တွင်သော် လည်းကောင်း၊ နောက်အပ်ပါဆိုသော တရားစီရင်ရေးမှုခင်း တစ်ခုတွင်သော် လည်းကောင်း၊ သက်သေခံတင်ပြရာတွင် အမှန်စပ်ဆိုင်သော အကြောင်းခြင်းရာဖြစ်သည်ဟု ဆိုရမည်။ ထိုသို့ သက်သေခံတင်ပြခြင်းသည် ထိုသက်သေ သေဆုံးခြင်း သို့မဟုတ် ထိုသက်သေကို ရှာ၍ မတွေ့နိုင်ခြင်း သို့မဟုတ် ထိုသက်သေက သက်သေခံချက် မပေးနိုင်သည့်အဖြစ်သို့ ရောက်ရှိခြင်း သို့မဟုတ် ဆန့်ကျင်ဘက် အမှုသည်က ထိုသက်သေကို မလာရောက်စေရန် တစ်နည်းနည်း ပြုလုပ်ထားခြင်း သို့မဟုတ် အမှု၏ အခြေအနေကို ထောက်ချင့်၍ ထိုသက်သေလာရောက်စေရန်အတွက် ကြန့်ကြာမည့် အချိန် သို့မဟုတ် ကုန်ကျမည့် စရိတ်မှာ သင့်တော်ခြင်း မရှိဟု တရားရုံးက ယူဆခြင်းကြောင့် သက်သေခံတင်ပြခြင်း ဖြစ်ရမည်။

အမှု တစ်မှုမှ သက်သေခံချက် ၌ ဖော်ပြထားသည့်အကြောင်း ခြင်း ရာ များ သက် သေ ထင် ရှား အ ဖြစ် နောက် တစ် မှု တွင် သက်သေခံ တင် ပြ ရန် အ တွက် အ ဆို ပါ သက် သေ ခံ ချက်သည် အမှု ၌ စပ်ဆိုင်ခြင်း။

သို့ရာတွင် ပထမ မှုခင်းမှ အမှုသည်များသည် ဒုတိယ မှုခင်းမှ အမှုသည်များ သို့မဟုတ် ယင်းတို့၏ အကျိုးဆက်ခံသည့် ကိုယ်စားလှယ်များနှင့် တူညီခြင်း၊ ပထမမှုခင်းတွင် ဆန့်ကျင်ဘက် အမှုသည်က ပြန်လှန်စစ်မေးရန် အခွင့်အရေးရရှိခဲ့ခြင်း၊ ပထမမှုခင်းနှင့် ဒုတိယမှုခင်းတွင် ပေါ်ပေါက်သော အရေးပါသည့် အငြင်းဖြစ် ပြဿနာများမှာ တစ်မှုနှင့်တစ်မှု တူညီခြင်း ရှိရမည်။

ရှင်းလင်းချက်။ ။ပြစ်မှုဆိုင်ရာ အမှုစစ်ဆေးစီရင်ခြင်း သို့မဟုတ် စုံစမ်းစစ်ဆေးခြင်းသည် ဤပုဒ်မ၏ အဓိပ္ပာယ်အရ တရားစွဲဆိုသူနှင့် တရားခံတို့အကြား ဖြစ်ပွားသော မှုခင်းဖြစ်သည်ဟု မှတ်ယူရမည်။

ထူးခြားသော အခြေအနေတွင် ထွက်ဆိုရေးသားချက်များ

၃၄။ လုပ်ရိုးလုပ်စဉ်အရ နည်းလမ်းတကျထားရှိသည့် ငွေစာရင်းစာအုပ်များပါ ရေးသွင်းချက်များသည် တရားရုံးက စုံစမ်းစစ်ဆေးရသည့်အကြောင်းအရာနှင့် သက်ဆိုင်သည့်အခါ စပ်ဆိုင်သည်။ သို့ရာတွင် ထိုသို့ ရေးသားချက်များ သက်သက်မျှဖြင့် တစ်ဦး တစ်ယောက်သော သူအပေါ်တွင် တာဝန်ရှိစေရန် လုံလောက်သော သက်သေခံချက် မဖြစ်စေရ။

စာ ရင်း စာ အုပ်များပါ ရေး သွင်း ချက် များ သည် မည် သည့် အခါ စပ် ဆိုင် ခြင်း။

ဥပမာ

A က B ထံမှ ငွေ ၁၀၀၀ ရလိုကြောင်းဖြင့် B အား တရားစွဲဆိုရာ၌ B အပေါ်တွင် A ၏ ကြွေးမြီငွေကျပ်တစ်ထောင် တင်ရှိကြောင်း ဖော်ပြသည့် မိမိ၏ စာရင်းစာအုပ်များပါ ရေးသွင်းချက်များကိုတင်ပြသည်။ ထိုရေးသွင်းချက်များသည် စပ်ဆိုင်သော်လည်း အခြားသက်သေခံချက်မရှိလျှင် ထိုရေးသွင်းချက်တို့မှာ အဆိုပါ ကြွေးမြီတင်ရှိခြင်းအတွက် လုံလောက်သောသက်သေခံချက်မဟုတ်ချေ။

Relevancy of entry in public record made in performance of duty.

35. An entry in any public or other official book, register or record, stating a fact in issue or relevant fact, and made by a public servant in the discharge of his official duty, or by any other person in performance of a duty specially enjoined by the law of the country in which such book, register or record is kept, is itself a relevant fact.

Relevancy of statements in maps, charts and plans.

36. Statements of facts in issue or relevant facts, made in published maps or charts generally offered for public sale, or in maps or plans made under the authority of Government, as to matters usually represented or stated in such maps, charts or plans are themselves relevant facts.

Relevancy of statement as to fact of public nature contained in certain Acts or notifications.

37. When the Court has to form an opinion as to the existence of any fact of a public nature, any statement of it, made in a recital contained in any Act of [Parliament of the United Kingdom of Great Britain and Ireland] [2], or in any enactment in force at any time in the Union of Burma or India or Pakistan, or in a notification of the Government appearing in the Gazette, or in any printed paper purporting to be the London Gazette or the Government Gazette of any colony or possession of the [British Crown.] [2] is a relevant fact.

Relevancy of statements as to any law contained in law-books.

38. When the Court has to form an opinion as to a law of any country, any statement of such law contained in a book purporting to be printed or published under the authority of the Government of such country and to contain any such law, and any report of a ruling of the Courts of such country contained in a book purporting to be a report of such rulings, is relevant.

၃၅။ အများပြည်သူတို့နှင့် သက်ဆိုင်သော သို့မဟုတ် ရုံးလုပ်ငန်းသုံးဖြစ်သော စာအုပ်၊ မှတ်ပုံတင်စာအုပ် သို့မဟုတ် မှတ်တမ်း တစ်ခုခုပါ ရေးသွင်းချက် တစ်ခုသည် အငြင်းဖြစ်သည့် အကြောင်းခြင်းရာကိုဖြစ်စေ၊ သက်ဆိုင်သော အကြောင်းခြင်းရာကိုဖြစ်စေ ဖော်ပြသည်ဖြစ်၍ ထိုရေးသွင်းချက်ကိုလည်း တာဝန်ဝတ္တရားအရ ဆောင်ရွက်ရာတွင် ရေးသွင်းခြင်းပြုသည့် ပြည်သူ့ဝန်ထမ်းက ရေးသားခြင်းဖြစ်လျှင် သို့မဟုတ် အဆိုပါ စာအုပ်၊ မှတ်ပုံတင်စာအုပ် သို့မဟုတ် မှတ်တမ်းထားရှိရာ တိုင်းပြည်၏ တရားဥပဒေဖြင့် အထူးဖော်ပြသတ်မှတ်ချက်အရ တာဝန်ဝတ္တရားကို ဆောင်ရွက်ရာတွင် ရေးသွင်းခြင်းပြုသည့် အခြားသူတစ်ဦးဦးက ရေးသွင်းခြင်း ဖြစ်လျှင် ထိုရေးသွင်းချက်သည်ပင်လျှင် အမှု၌စပ်ဆိုင်သော အကြောင်းခြင်းရာ တစ်ခုဖြစ်သည်။

တာဝန်ဝတ္တရားကိုဆောင်ရွက်သောအားဖြင့် အများပြည်သူဆိုင်ရာမှတ်တမ်းတွင် ရေးသွင်းချက်သည် စပ်ဆိုင်ခြင်း။

၃၆။ အများပြည်သူတို့ရောင်းချရန် ထုတ်ဝေသော မြေပုံများ သို့မဟုတ် နယ်ပုံများတွင်ဖြစ်စေ၊ အစိုးရ၏ အခွင့်အမိန့်အရ ထုတ်လုပ်သော မြေပုံများ သို့မဟုတ် အသေးစိတ် မြေပုံများတွင်ဖြစ်စေ ဖော်ပြလေ့ရှိသော အကြောင်းအရာများ၌ အငြင်းဖြစ်သည့် အကြောင်းခြင်းရာများ သို့မဟုတ် စပ်ဆိုင်သော အကြောင်းခြင်းရာများကို ဖော်ပြထားလျှင် အဆိုပါ ဖော်ပြချက်များသည်ပင်လျှင် စပ်ဆိုင်သော အကြောင်းခြင်းရာများဖြစ်သည်။

မြေပုံ၊ နယ်ပုံ အသေးစိတ် မြေပုံများတွင် ပါရှိသည့် ရေးမှတ်ချက်များသည် အမှု၌ စပ်ဆိုင်ခြင်း။

၃၇။ အများပြည်သူတို့နှင့် သက်ဆိုင်သော အကြောင်းခြင်းရာ တစ်ခုခုသည် အမှန်ရှိ မရှိနှင့် စပ်လျဉ်း၍ တရားရုံးက ဆင်ခြင်သုံးသပ်ရန် ရှိသည့်အခါ ဂရိတ်ဗြိတိန်နှင့် အိုင်ယာလန် အပါအဝင် ယူနိုက်တက်ကင်းဒမ်းနိုင်ငံ ပါလီမန်မှ ထုတ်ဆင့်သော အက်ဥပဒေများ သို့မဟုတ် ထိုအချက်ကို ပြည်ထောင်စုမြန်မာနိုင်ငံတော် သို့မဟုတ် အိန္ဒိယ သို့မဟုတ် ပါကစ္စတန်တွင် တစ်ချိန်ချိန်၌ တည်ဆဲဖြစ်သည့် ဥပဒေ တစ်ရပ်ရပ်တွင်ဖြစ်စေ၊ ပြန်တမ်းတွင်ပါရှိသည့် အစိုးရအဖွဲ့အစည်း တစ်ရပ်ရပ်၏ အမိန့်ကြော်ငြာစာတွင်ဖြစ်စေ၊ လန်ဒန် ပြန်တမ်းပါပုံနှိပ်စာရွက်တွင် ဖြစ်စေ၊ ဗြိတိန်ဘုရင်ပိုင် ကိုလိုနီနယ်မြေ၏ အစိုးရကဖြစ်စေ၊ ရေးသားဖော်ပြထားလျှင် ထိုရေးသားဖော်ပြချက်သည် အမှု၌ စပ်ဆိုင်သော အကြောင်းခြင်းရာ ဖြစ်သည်။

အများပြည်သူတို့နှင့် သက်ဆိုင်သည့် အကြောင်းခြင်းရာနှင့် စပ်လျဉ်း၍ အချို့သော ဥပဒေများ သို့မဟုတ် အမိန့်ကြော်ငြာစာများတွင် ပါရှိသော ရေးသားချက်သည်အမှု၌ စပ်ဆိုင်ခြင်း။

၃၈။ တိုင်းပြည်တစ်ပြည်၏ ဥပဒေတစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ တရားရုံးက ဆင်ခြင်သုံးသပ်ရန် ရှိသည့်အခါ အဆိုပါတိုင်းပြည် အစိုးရ၏ အမိန့်အရ၊ ထိုဥပဒေများကို ထည့်သွင်း၍ ပုံနှိပ်သည့် သို့မဟုတ် ထုတ်ဝေသည့်သဘော သက်ရောက်သော စာအုပ်တွင် ပါရှိသည့် အဆိုပါ ဥပဒေနှင့် စပ်လျဉ်းသော ရေးသားဖော်ပြချက်တစ်ရပ်ရပ်သည်လည်းကောင်း၊ အဆိုပါတိုင်းပြည်ရှိ တရားရုံးများ၏ စီရင်ထုံးစာအုပ်အဖြစ် သဘောသက်ရောက်သော စာအုပ်တွင် ပါရှိသည့်စီရင်ထုံးတစ်ခုခုသည် လည်းကောင်း စပ်ဆိုင်သည်။

ဥပဒေစာအုပ်များတွင် ပါရှိသည့် ဥပဒေတစ်ရပ်ရပ်နှင့် စပ်လျဉ်းသည့် ရေးသားဖော်ပြချက်များသည် စပ်ဆိုင်ခြင်း။

How much of a Statement is to be proved.

What evidence to be given when statement forms part of a conversation, document, book or series of letters or papers.

39. When any statement of which evidence is given forms part of a longer statement, or of a conversation or part of an isolated document, or is contained in a document which forms part of a book, or of a connected series of letters or papers, evidence shall be given of so much and no more of the statement, conversation, document, book or series of letters or papers as the Court considers necessary in that particular case to the full understanding of the nature and effect of the statement, and of the circumstances under which it was made.

Judgments of Courts of Justice when relevant.

Previous judgments relevant to bar a second suit or trial.

40. The existence of any judgment, order or decree which by law prevents any Court from taking cognizance of a suit or holding a trial, is a relevant fact when the question is whether such Court ought to take cognizance of such suit or to hold such trial.

Relevancy of certain judgments in probate, etc., jurisdiction.

41. A final judgment, order or decree of a competent Court, in the exercise of probate, matrimonial, admiralty or insolvency jurisdiction, which confers upon or takes away from any person any legal character, or which declares any person to be entitled to any such character, or to be entitled to any specific thing, not as against any specified person but absolutely, is relevant when the existence of any such legal character, or the title of any such person to any such thing, is relevant.

ရေးသားဖော်ပြချက်တစ်ခုတွင် မည်မျှကိုသာ သက်သေထင်ရှား တင်ပြနိုင်ခြင်း

၃၉။ ရေးသားဖော်ပြချက်တစ်ခုခုနှင့်စပ်လျဉ်း၍ သက်သေခံတင်ပြရာ၌ ထိုရေးသားဖော်ပြချက်သည် ပိုမိုရှည်လျားသော ရေးသားဖော်ပြချက် တစ်စိတ်တစ်ပိုင်း သို့မဟုတ် တစ်ဦးနှင့်တစ်ဦး ပြောကြားသည့်စကားများအနက်မှတစ်စိတ်တစ်ပိုင်း သို့မဟုတ် တသီးတခြားရှိနေသည့် စာတမ်းအမှတ်အသား တစ်ခု၏ တစ်စိတ်တစ်ပိုင်းဖြစ်သည့်အခါ သို့မဟုတ် စာအုပ်တစ်အုပ်၏ တစ်စိတ်တစ်ပိုင်းဖြစ်သော စာတမ်းတွင် ပါရှိသည့်အခါ သို့မဟုတ် တစ်ဆက်တည်းဖြစ်သော ပေးစာများ သို့မဟုတ် တဆက်တည်းဖြစ်သော စာချွန်စာတမ်းများ၏ တစ်စိတ်တစ်ပိုင်းဖြစ်သော စာတမ်းတွင် ပါရှိသည့်အခါ တရားရုံးက လိုအပ်သည်ဟု ယူဆသမျှကို သက်သေခံတင်ပြရမည်။ အဆိုပါ ရေးသားဖော်ပြချက်၊ ပြောစကား၊ စာတမ်းအမှတ်အသား၊ စာအုပ်များ သို့မဟုတ် စာချွန်စာတမ်းများတွင် သက်သေခံတင်ပြရန်ဖြစ်သော ရေးသားဖော်ပြချက်၏ သဘောသဘာဝနှင့် အကျိုးသက်ရောက်မှုကိုလည်းကောင်း၊ ထိုသို့ရေးသားပြောဆိုစဉ်က ရှိနေသော အခြေအနေကိုလည်းကောင်း၊ အပြည့်အစုံ နားလည်သဘောပေါက်စေခြင်းငှာ သက်ဆိုင်ရာအမှု၌ တရားရုံးက လိုအပ်သည်ဟု ယူဆသမျှကိုသာ သက်သေခံတင်ပြရမည်ဖြစ်သည်။

ရေးသားဖော်ပြချက်သည်တစ်ဦးနှင့်တစ်ဦး ပြောကြားသည့်စကားတွင် ဖြစ်စေ၊ စာတမ်းအမှတ်အသားတွင် ဖြစ်စေ၊ စာအုပ်တွင်ဖြစ်စေ၊ ပေးစာများတွင်ဖြစ်စေ၊ စာချွန်စာတမ်းများတွင် ဖြစ်စေ တစ်စိတ်တစ်ပိုင်းအဖြစ်ပါဝင်နေသည့်အခါ မည်သို့သော သက်သေခံချက်ကို တင်ပြနိုင်ခြင်း။

တရားရုံး၏ စီရင်ချက်များသည် မည်သည့်အခါ စပ်ဆိုင်ရခြင်း

၄၀။ တရားရုံးတစ်ခုခုက တရားမမှုတစ်မှုကို လက်ခံအရေးယူရန် သို့မဟုတ် ပြစ်မှုကို စစ်ဆေးစီရင်ရန်သင့်သည်မသင့်သည်နှင့်စပ်လျဉ်း၍ ပြဿနာပေါ်ပေါက်သည့်အခါ အဆိုပါတရားမမှုကို လက်ခံအရေးယူခြင်းမပြုရန် သို့မဟုတ် အဆိုပါပြစ်မှုကို စစ်ဆေးစီရင်ခြင်းမပြုရန် ထိုတရားရုံးအား တရားဥပဒေအရ တားမြစ်သည့်စီရင်ချက်၊ အမိန့်၊ သို့မဟုတ် ဒီကရီရှိနေခြင်းသည် အမှု၌ စပ်ဆိုင်သော အကြောင်းခြင်းရာ ဖြစ်သည်။

ယခင် စီရင်ချက်များသည် ဒုတိယ အကြိမ် တရားမမှု သို့မဟုတ် ပြစ်မှုကို တားမြစ်ပိတ်ပင်ရန် အတွက် စပ်ဆိုင်ခြင်း။

၄၁။ သေတမ်းစာအတည်ပြုရန်အမှု၊ လက်ထပ်ထိမ်းမြားခြင်းဆိုင်ရာအမှု၊ ရေကြောင်းဆိုင်ရာအမှု၊ လူမွဲအဖြစ်ခံယူသည့် အမှုများကို စီရင်ပိုင်ခွင့်ရှိသော တရားရုံးက သက်ဆိုင်ရာ စီရင်ပိုင်ခွင့်ကို ကျင့်သုံးလျက် ချမှတ်သော အပြီးသတ် စီရင်ချက် အမိန့် သို့မဟုတ် ဒီကရီသည် တစ်ဦးတစ်ယောက်သောသူအား ဥပဒေဆိုင်ရာ အနေအထားတစ်ရပ်ရပ်ကို အပ်နှင်းသော သို့မဟုတ် တစ်ဦးတစ်ယောက်သောသူထံမှ ဥပဒေဆိုင်ရာ အနေအထားတစ်ရပ်ရပ်ကို ရုပ်သိမ်းသော သို့မဟုတ် တစ်ဦးတစ်ယောက်သောသူမှာ မည်သို့သော ဥပဒေဆိုင်ရာ အနေအထားကို ရပိုင်ခွင့်ရှိကြောင်း သို့မဟုတ် တစ်ဦးတစ်ယောက်သောသူမှာ သီးခြားသတ်မှတ်ထားသည့် အရာဝတ္ထုတစ်ခုခုကို ရပိုင်ခွင့်ရှိကြောင်း အများသိရှိစေရန် ကြေညာပြဋ္ဌာန်းသော စီရင်ချက်၊ အမိန့်သို့မဟုတ် ဒီကရီဖြစ်ပါက ထိုသို့ အဆိုပါဥပဒေဆိုင်ရာ အနေအထားရှိခြင်းမှာ သို့မဟုတ် ထိုသူက အဆိုပါအရာဝတ္ထုကို ပိုင်ဆိုင်ခွင့်ရှိခြင်းတို့ စပ်ဆိုင်သည့်အခါ အဆိုပါအပြီးသတ်စီရင်ချက် အမိန့် သို့မဟုတ် ဒီကရီသည် အမှု၌စပ်ဆိုင်သည်။

သေတမ်းစာ အတည်ပြု လက်မှတ်သည်များနှင့် စပ်လျဉ်း၍ စီရင်ပိုင်ခွင့်ရှိသော တရားရုံးက ချမှတ်သော စီရင်ချက်များ စပ်ဆိုင်ခြင်း။

Such judgment, order or decree is conclusive proof—

that any legal character which it confers accrued at the time when such judgment, order or decree came into operation ;

that any legal character, to which it declares any such person to be entitled, accrued to that person at the time when such judgment, order or decree declares it to have accrued to that person ;

that any legal character which it takes away from any such person ceased at the time from which such judgment, order or decree declared that it had ceased or should cease ;

and that anything to which it declares any person to be so entitled was the property of that person at the time from which such judgment, order or decree declares that it had been or should be his property.

Relevancy and effect of judgments, orders or decrees, other than those mentioned in section 41.

42. Judgments, orders or decrees other than those mentioned in section 41 are relevant if they relate to matters of a public nature relevant to the enquiry ; but such judgments, orders or decrees are not conclusive proof of that which they state.

Illustration.

A sues *B* for trespass on his land. *B* alleges the existence of a public right of way over the land, which *A* denies.

The existence of a decree in favour of the defendant, in a suit by *A* against *C* for a trespass on the same land, in which *C* alleged the existence of the same right of way, is relevant, but it is not conclusive proof that the right of way exists.

Judgments, etc., other than those mentioned in sections 40 to 42, when relevant.

43. Judgments, orders or decrees, other than those mentioned in sections 40, 41 and 42, are irrelevant, unless the existence of such judgment, order or decree is a fact in issue, or is relevant under some other provision of this Act.

အဆိုပါစီရင်ချက်၊ အမိန့် သို့မဟုတ် ဒီကရီသည် အောက်ပါကိစ္စများ၌ အပြီးသတ် သက်သေခံချက်ဖြစ်သည်–

အဆိုပါစီရင်ချက်၊ အမိန့် သို့မဟုတ် ဒီကရီအတည်ဖြစ်သည့်အချိန်တွင် ယင်းသို့အပ်နှင်းသော ဥပဒေဆိုင်ရာအနေအထားပေါ်ပေါက်သည်ဆိုသည့်ကိစ္စ၊

အဆိုပါစီရင်ချက်၊ အမိန့်သို့မဟုတ် ဒီကရီ၌ ဥပဒေဆိုင်ရာအနေအထား တစ်စုံတစ်ရာကို ထိုသူရပိုင်ခွင့်ရှိကြောင်း ကြေငြာပြဋ္ဌာန်းသည့်အချိန်တွင် ထိုသူအတွက် ယင်းသို့ ကြေငြာပြဋ္ဌာန်းသည့် ဥပဒေဆိုင်ရာအနေအထား ပေါ်ပေါက်သည်ဆိုသည့်ကိစ္စ၊

အဆိုပါစီရင်ချက်၊ အမိန့် သို့မဟုတ် ဒီကရီ၌ ထိုသူထံမှ ရုပ်သိမ်းသော ဥပဒေဆိုင်ရာ အနေအထား တစ်စုံတစ်ရာရုပ်စဲပြီးဖြစ်ကြောင်း သို့မဟုတ် ရုပ်စဲရမည်ဖြစ်ကြောင်း ကြေညာပြဋ္ဌာန်းသည့်အချိန်မှစ၍ ယင်းဥပဒေဆိုင်ရာ အနေအထားသည် ထိုသူထံ၌ ရုပ်စဲသွားသည်ဆိုသည့်ကိစ္စ၊

အဆိုပါစီရင်ချက်၊ အမိန့် သို့မဟုတ် ဒီကရီ၌ ထိုသူပိုင်ဆိုင်ခွင့်ရှိကြောင်း ကြေညာထားသော အရာဝတ္ထုတစ်စုံတစ်ရာကို ထိုသူပိုင်ဆိုင်ပြီးဖြစ်ကြောင်း သို့မဟုတ် ပိုင်ဆိုင်ရမည်ဖြစ်ကြောင်း ကြေညာပြဋ္ဌာန်းသည့်အချိန်မှစ၍ အဆိုပါအရာဝတ္ထုကို ထိုသူ ပိုင်ဆိုင်သည်ဆိုသည့်ကိစ္စ။

၄၂။ ပုဒ်မ ၄၁ တွင် ဖော်ပြထားသော စီရင်ချက်၊ အမိန့် သို့မဟုတ် ဒီကရီများပင် မဟုတ်သော်လည်း အခြားစီရင်ချက်၊ အမိန့် သို့မဟုတ် ဒီကရီများသည် စုံစမ်းစစ်ဆေးနေသည့် ကိစ္စနှင့် စပ်ဆိုင်သော အများပြည်သူဆိုင်ရာ အရေးအခင်းများနှင့် ဆက်စပ်နေလျှင် ထိုစီရင်ချက်၊ အမိန့် သို့မဟုတ် ဒီကရီများသည် စပ်ဆိုင်သည်။ သို့သော်လည်း အဆိုပါစီရင်ချက်၊ အမိန့် သို့မဟုတ် ဒီကရီများသည် ယင်းတို့တွင် ဖော်ပြထားချက်များအတွက် အပြီးသတ် သက်သေခံချက်မဟုတ်ချေ။

ပုဒ်မ ၄၁ တွင် ဖော်ပြထားသည့် စီရင်ချက်၊ အမိန့် သို့မဟုတ် ဒီကရီများမှတစ်ပါးအခြား စီရင်ချက်၊ အမိန့်၊ သို့မဟုတ် ဒီကရီများ၏ စပ်ဆိုင်ခြင်းနှင့် အကျိုးသက်ရောက်ခြင်း။

ဥပမာ

A က B ကိုမိမိမြေပေါ်တွင် ကျူးကျော်မှုဖြင့် တရားစွဲဆိုသည်။ B က ထိုမြေပေါ်တွင် အများပြည်သူတို့ သွားလာခွင့်ရှိကြောင်း ထုချေသည်။ ထိုထုချေချက်မမှန်ကြောင်း A က ငြင်းဆိုသည်။

A က C အား အဆိုပါ မြေပေါ်၌ပင် ကျူးကျော်မှုဖြင့်တရားစွဲဆိုရာတွင် C က ထိုမြေပေါ်တွင် အများပြည်သူတို့ သွားလာခွင့်ရှိသည်ဟူသောအချက်ကိုပင် တင်ပြသဖြင့် တရားပြိုင်အား အနိုင်ပေးလိုက်သောဒီကရီတည်ရှိခြင်းသည်စပ်ဆိုင်သည်။ သို့သော်လည်း ထိုဒီကရီသည် အချင်းဖြစ်မြေပေါ်တွင် ထိုသို့သွားလာခွင့်ရှိကြောင်းမှာ အပြီးသတ် သက်သေခံချက်မဟုတ်ချေ။

၄၃။ ပုဒ်မ ၄၀၊ ၄၁နှင့် ၄၂တို့တွင် ဖော်ပြထားသော စီရင်ချက်အမိန့်၊ သို့မဟုတ် ဒီကရီများမဟုတ်ပါက အခြားစီရင်ချက်၊ အမိန့်၊ သို့မဟုတ် ဒီကရီများသည် အဆိုပါစီရင်ချက်၊ အမိန့် သို့မဟုတ် ဒီကရီရှိနေသည်ဆုံခြင်းသည် အငြင်းဖြစ်သည့် အကြောင်းခြင်းရာဖြစ်နေသည့်ကိစ္စ သို့မဟုတ် အဆိုပါစီရင်ချက်၊ အမိန့် သို့မဟုတ် ဒီကရီရှိနေသည်ဆုံခြင်းသည် ဤဥပဒေပါ အခြားပြဋ္ဌာန်းချက်တစ်ရပ်ရပ်အရ အမှု၌စပ်ဆိုင်နေသည့် ကိစ္စများမှတစ်ပါး အမှု၌ မစပ်ဆိုင်ချေ။

ပုဒ်မ ၄၀ မှ ၄၂ တွင် ဖော်ပြထားသော စီရင်ချက်များမဟုတ်သော အခြားစီရင်ချက် သည်များမှာ မည်သည့်အခါ စပ်ဆိုင်ခြင်း။

Illustrations.

(*a*) *A* and *B* separately sue *C* for a libel which reflects upon each of them. *C* in each case says that the matter alleged to be libellous is true, and the circumstances are such that it is probably true in each case, or in neither.

A obtains a decree against *C* for damages on the ground that *C* failed to make out his justification. The fact is irrelevant as between *B* and *C*.

(*b*) *A* prosecutes *B* for adultery with *C*, *A*'s wife.

B denies that *C* is *A*'s wife, but the Court convicts *B* of adultery.

Afterwards, *C* is prosecuted for bigamy in marrying *B* during *A*'s lifetime. *C* says that she never was *A*'s wife.

The judgment against *B* is irrelevant as against *C*.

(*c*) *A* prosecutes *B* for stealing a cow from him. *B* is convicted.

A afterwards sues *C* for the cow, which *B* had sold to him before his conviction. As between *A* and *C*, the judgment against *B* is irrelevant.

(*d*) *A* has obtained a decree for the possession of land against *B*. *C*, *B*'s son, murders *A* in consequence.

The existence of the judgment is relevant, as showing motive for a crime.

(*e*) *A* is charged with theft and with having been previously convicted of theft. The previous conviction is relevant as a fact in issue.

(*f*) *A* is tried for the murder of *B*. The fact that *B* prosecuted *A* for libel and that *A* was convicted and sentenced is relevant under section 8 as showing the motive for the fact in issue.

Fraud or collusion in obtaining judgment, or incompetency of Court may be proved.

44. Any party to a suit or other proceeding may show that any judgment, order or decree which is relevant under section 40, 41 or 42, and which has been proved by the adverse party, was delivered by a Court not competent to deliver it, or was obtained by fraud or collusion.

ဥပမာများ

(က) A နှင့် B တို့က မိမိတို့အသီးသီးအပေါ်တွင် အသရေပျက်စေသည်ဟု C ကို အသရေပျက်မှုဖြင့် တစ်မှုစီ ခွဲခြား၍ တရားစွဲဆိုသည်။ အမှုနှစ်မျိုးလုံးတွင် အသရေပျက်စေသည်ဆိုသောအကြောင်းအရာမှာ အမှန်ဖြစ်ကြောင်း C က ထွက်ဆိုသည်။

အကြောင်းခြင်းရာများကို ထောက်ချင့်၍ အသရေပျက်စေသည်ဆိုသော အကြောင်းအရာမှန်လျှင်လည်း နှစ်မှုလုံးတွင် ခုနှစ်ခြမှန်လျှင်လည်း နှစ်မှုလုံးတွင် မမှန်နိုင်ကြောင်း ယူဆရှိသည်။

C က မိမိမှန်ကြောင်း မပြနိုင်သဖြင့် A က C အပေါ်တွင် လျော်ကြေးငွေ ဒီကရီရရှိသည်။ ဤအကြောင်းခြင်းရာသည် B နှင့် C တို့အမှု၌ စပ်ဆိုင်ခြင်းမရှိချေ။

(ခ) A ၏ ဇနီး C ကို ခိုးယူပေါင်းသင်းမှုဖြင့် A က B ကို တရားစွဲဆိုသည်။

B က C သည် A ၏ ဇနီးမဟုတ်ကြောင်း ငြင်းဆိုသည်။ သို့ရာတွင် တရားရုံးက B ကို မယားခိုးမှုဖြင့် ပြစ်မှုထင်ရှားစီရင်လိုက်သည်။

ထို့နောက် A အသက်ရှင်လျက်ရှိစဉ်အတွင်း C သည် B နှင့် လက်ထပ်ထိမ်းမြားသဖြင့် ခင်ပွန်းနှစ်ယောက်ယူမှုဖြင့် တရားစွဲဆိုခြင်းခံရသည်။ C က မိမိသည် မည်သည့်အခါမျှ A ၏ ဇနီးမဟုတ်ခဲ့ကြောင်း ထုချေသည်။

B အပေါ်တွင် ချမှတ်ထားသော စီရင်ချက်သည် C အပေါ်တွင် စပ်ဆိုင်ခြင်းမရှိစေချေ။

(ဂ) A က B ကို နွားခိုးမှုဖြင့် တရားစွဲဆိုရာ B သည် ပြစ်မှုထင်ရှားစီရင်ခြင်းခံရသည်။

ထို့နောက်တွင် B သည် ပြစ်မှုထင်ရှားစီရင်ခြင်းမခံရမီက နွားကို C သို့ရောင်းခဲ့ပြီးဖြစ်သဖြင့် A က နွားကို ပြန်လည်ရရှိလိုမှုဖြင့် C ကို တရားစွဲဆိုသည်။ B အပေါ် ချမှတ်ထားသော စီရင်ချက်သည် A နှင့် C တို့စပ်ကြားတွင် စပ်ဆိုင်ခြင်းမရှိချေ။

(ဃ) A သည် B အပေါ်တွင် မြေအောက်ရောက် ရရှိရန် ဒီကရီကိုရရှိခဲ့သည်။ သို့ဖြစ်၍ B ၏သားမောင် C က A ကို အတ်သည်။

အဆိုပါ စီရင်ချက်တည်ရှိခြင်းသည် ပြစ်မှုကျူးလွန်ရန် စေ့ဆော်ချက်ကို ဖော်ပြသည့်အတွက် အမှု၌စပ်ဆိုင်သော အကြောင်းခြင်းရာဖြစ်သည်။

(င) A အပေါ်တွင် ခိုးမှုဖြင့် စွဲဆိုသည့်အပြင် ယခင်ကလည်း ခိုးမှုဖြင့် ပြစ်မှုထင်ရှား စီရင်ခဲ့ဖူးကြောင်းပြဆိုသည်။ ယခင်က ပြစ်မှုထင်ရှားစီရင်ခဲ့ဖူးခြင်းသည် အငြင်းဖြစ်သည့် အကြောင်းခြင်းရာအနေဖြင့် စပ်ဆိုင်သည်။

(စ) A သည် B ကိုသတ်မှုဖြင့် စစ်ဆေးစီရင်ခြင်းခံရသည်။ B က A ကို အသရေပျက်မှုဖြင့် တရားစွဲဆိုခဲ့ရာ A မှာ ပြစ်မှုထင်ရှားစီရင်ခြင်းနှင့် ပြစ်ဒဏ်ပေးခြင်းခံခဲ့ရသည်ဟူသော အကြောင်းခြင်းရာသည် အငြင်းဖြစ်သည့် အကြောင်းခြင်းရာအတွက် စေ့ဆော်ချက်ကို ဖော်ပြသဖြင့် ပုဒ်မ ၈ အရ စပ်ဆိုင်သော အကြောင်းခြင်းရာဖြစ်သည်။

၄၄။ ဘရားမမှု သို့မဟုတ် အခြားမှုခင်းတစ်ခုတွင် စီရင်ချက်၊ အမိန့်၊ သို့မဟုတ် ဒီကရီတစ်ခုသည် ပုဒ်မ ၄၀၊ ၄၁ သို့မဟုတ် ၄၂ အရ စပ်ဆိုင်သောအချက်ဖြစ်နေသဖြင့် ဆန့်ကျင်ဘက်အမှုသည်က ထိုစီရင်ချက်၊ အမိန့် သို့မဟုတ် ဒီကရီကို သက်သေထင်ရှားတင်ပြထားလျှင် ထိုတရားရုံးသည် အရည်အချင်းမပြည့်မီဘဲ ချမှတ်ခဲ့သည်ဟူ၍လည်းကောင်း၊ လိမ်လည်လှည့်ဖြား၍ဖြစ်စေ၊ ပူးပေါင်းကြံစည်၍ဖြစ်စေ ရရှိခဲ့သည်ဟူ၍လည်းကောင်း ကျန်ဆန့်ကျင်ဘက်အမှုသည်က တင်ပြနိုင်သည်။ စီရင်ချက်ကို ရရှိရန် လိမ်လည်လှည့်ဖြားခြင်း၊ သို့မဟုတ် ပူးပေါင်းကြံစည်ခြင်းကို ဖြစ်စေ၊ တရားရုံး၏ စီရင်ပိုင်ခွင့် မရှိခြင်းကို ဖြစ်စေ အကြောင်းခြင်းရာ တင်ပြနိုင်ခြင်း။

Opinions of Third Persons, when relevant.

Opinions of experts.

45. When the Court has to form an opinion upon a point of foreign law, or of science, or art, or as to identity of handwriting or finger impressions, the opinions upon that point of persons specially skilled in such foreign law, science or art, or in questions as to identity of handwriting or finger impressions, are relevant facts.

Such persons are called experts.

Illustrations.

(*a*) The question is, whether the death of *A* was caused by poison.

The opinions of experts as to the symptoms produced by the poison by which *A* is supposed to have died are relevant.

(*b*) The question is, whether *A*, at the time of doing a certain act, was, by reason of unsoundness of mind, incapable of knowing the nature of the act, or that he was doing what was either wrong or contrary to law.

The opinions of experts upon the question whether the symptoms exhibited by *A* commonly show unsoundness of mind, and whether such unsoundness of mind usually renders persons incapable of knowing the nature of the acts which they do, or of knowing that what they do is either wrong or contrary to law, are relevant.

(*c*) The question is, whether a certain document was written by *A*. Another document is produced which is proved or admitted to have been written by *A*.

The opinions of experts on the question whether the two documents were written by the same person or by different persons are relevant.

Facts bearing upon opinions of experts.

46. Facts, not otherwise relevant, are relevant if they support or are inconsistent with the opinions of experts, when such opinions are relevant.

Illustrations.

(*a*) The question is, whether *A* was poisoned by a certain poison.

The fact that other persons, who were poisoned by that poison, exhibited certain symptoms which experts affirm or deny to be the symptoms of that poison, is relevant.

အခြားသူများ၏ထင်မြင်ချက်များသည် မည်သည့်အခါ အမှုနှင့်စပ်ဆိုင်ခြင်း

၄၅။ အခြားနိုင်ငံ၏ ဥပဒေအချက်တစ်ခုနှင့် စပ်လျဉ်း၍ဖြစ်စေ၊ သိပ္ပံပညာ သို့မဟုတ် ဝိဇ္ဇာပညာဆိုင်ရာအချက်တစ်ခုနှင့်စပ်လျဉ်း၍ဖြစ်စေ၊ လက်ရေးလက်သား သို့မဟုတ် လက်ဗွေပုံစံတူမတူနှင့် စပ်လျဉ်း၍ဖြစ်စေ တရားရုံးက ဆင်ခြင်သုံးသပ်ရန်ရှိသည့်အခါ အဆိုပါ အခြားနိုင်ငံ၏ဥပဒေ၊ သိပ္ပံပညာ၊ သို့မဟုတ် ဝိဇ္ဇာပညာရပ်တွင်ဖြစ်စေ လက်ရေးလက်သား သို့မဟုတ် လက်ဗွေပုံစံတူမတူ နှိုင်းယှဉ် စိစစ်ရာတွင် ဖြစ်စေ ကျွမ်းကျင် တတ်မြောက်သူတို့က ဆိုခဲ့သည့် အကြောင်းခြင်းရာနှင့် စပ်လျဉ်း၍ ပေးသောထင်မြင်ချက်များသည် အမှုနှင့်စပ်ဆိုင်သော အကြောင်းခြင်းရာများ ဖြစ်သည်။

ကျွမ်းကျင်သူတို့၏ ထင်မြင်ချက်များ။

အဆိုပါ ပုဂ္ဂိုလ်များကို ကျွမ်းကျင်သူများဟု ခေါ်သည်။

ဥပမာများ

(က) ပြဿနာမှာ A သည် အဆိပ်ကြောင့် သေဆုံးရခြင်းဟုတ်မဟုတ် ဖြစ်သည်။

A ခံစားရ၍ သေဆုံးသည်ဆိုသောအဆိပ်ကြောင့် ပေါ်ပေါက်တတ်သောလက္ခဏာများနှင့် စပ်လျဉ်း၍ ကျွမ်းကျင်သူတို့၏ ထင်မြင်ချက်များသည် စပ်ဆိုင်သည်။

(ခ) ပြဿနာမှာ A သည် တစ်စုံတစ်ခုသောပြုလုပ်မှုကိုပြုစဉ်အခါက စိတ်ပေါ့သွပ်ခြင်းကြောင့် ထိုပြုလုပ်မှုသည် မည်သို့သောသဘောရှိသည်ကိုသော်လည်းကောင်း၊ မိမိသည်မှားယွင်းသော သို့မဟုတ် တရားဥပဒေနှင့် ဆန့်ကျင်သော အမှုကိုပြုလျက်ရှိသည်ကိုသော်လည်းကောင်း၊ သိနိုင်စွမ်းရှိမရှိဖြစ်သည်။

A ၌ တွေ့ရှိရသောလက္ခဏာများသည် ဖြစ်ရိုးဖြစ်စဉ်အားဖြင့် စိတ်ပေါ့သွပ်ခြင်း၏ လက္ခဏာများ ဟုတ် မဟုတ်၊ ထိုသို့စိတ်ပေါ့သွပ်သူတို့သည် စိတ်ပေါ့သွပ်ခြင်းကြောင့်၊ မိမိတို့၏ပြုလုပ်မှုများသည် မည်သို့သော သဘောရှိသည်ကိုသော်လည်းကောင်း၊ မိမိတို့၏ပြုလုပ်ချက်သည် မှားယွင်းသည် သို့မဟုတ် တရားဥပဒေနှင့် ဆန့်ကျင်သည်ကိုသော်လည်းကောင်း သိနိုင်စွမ်းမရှိသည့်အဖြစ်သို့ ရောက်ခြင်း ဟုတ် မဟုတ်ဆိုသည့် ပြဿနာနှင့် စပ်လျဉ်း၍ ကျွမ်းကျင်သူတို့၏ထင်မြင်ချက်များသည် စပ်ဆိုင်သည်။

(ဂ) ပြဿနာမှာ စာတမ်းအမှတ်အသား တစ်ခုကို A က ရေးမရေးဖြစ်သည်။

A ရေးကြောင်း သက်သေထင်ရှားထင်ပြီးဖြစ်သော သို့မဟုတ် ဝန်ခံပြီးဖြစ်သော အခြားစာတမ်း အမှတ်အသား တစ်ခုကို တင်ပြထားသည်။

ထိုစာတမ်းအမှတ်အသားနှစ်ခုကို တစ်ဦးတည်းကရေးသားသည် သို့မဟုတ် တစ်ဦးစီကရေးသားသည်ဆိုသောပြဿနာနှင့်စပ်လျဉ်း၍ကျွမ်းကျင်သူတို့၏ ထင်မြင်ချက်များသည် စပ်ဆိုင်သည်။

၄၆။ အခြားနည်းအားဖြင့်စပ်ဆိုင်မှုမရှိသော အကြောင်းခြင်းရာများသည် ဆက်စပ်မှုရှိသော ကျွမ်းကျင်သူတို့၏ထင်မြင်ချက်များကို ထောက်ခံလျှင်ဖြစ်စေ၊ မညီမညွတ်ဖြစ်လျှင်ဖြစ်စေ ထိုထင်မြင်ချက်များသည် စပ်ဆိုင်သည်။

ကျွမ်းကျင်သူတို့၏ ထင်မြင်ချက်များနှင့် စပ်လျဉ်းသော အကြောင်းခြင်းရာများ။

ဥပမာများ

(က) ပြဿနာမှာ A သည် တစ်စုံတစ်ခုသောအဆိပ်ဖြင့် အဆိပ်မိခြင်း ဟုတ် မဟုတ်ဖြစ်သည်။

ထိုအဆိပ်မျိုးဖြင့် အဆိပ်မိသောအခြားသူများ၌ အချို့သော လက္ခဏာ များ ဖြစ် ပေါ် လာ၍ ကျွမ်း ကျင်သူတို့က လည်း ထိုလက္ခဏာများသည် ထိုအဆိပ်မျိုး၏ ရှိသောလက္ခဏာများဖြစ်သည်ဟု ထောက်ခံအတည်ပြုခြင်း သို့မဟုတ် ငြင်းဆိုခြင်းသည်စပ်ဆိုင်သည်။

(b) The question is, whether an obstruction to a harbour is caused by a certain sea-wall.

The fact that other harbours similarly situated in other respects, but where there were no such sea-walls, began to be obstructed at about the same time, is relevant.

Opinion as to handwriting, when relevant.

47. When the Court has to form an opinion as to the person by whom any document was written or signed, the opinion of any person acquainted with the handwriting of the person by whom it is supposed to be written or signed, that it was or was not written or signed by that person, is a relevant fact.

Explanation.—A person is said to be acquainted with the handwriting of another person when he has seen that person write, or when he has received documents purporting to be written by that person in answer to documents written by himself or under his authority and addressed to that person, or when, in the ordinary course of business, documents purporting to be written by that person have been habitually submitted to him.

Illustration.

The question is, whether a given letter is in the handwriting of *A*, a merchant in London.

B is a merchant in Rangoon, who has written letters addressed to *A* and received letters purporting to be written by him. *C* is *B*'s clerk, whose duty it was to examine and file *B*'s correspondence. *D* is *B*'s broker, to whom *B* habitually submitted the letters purporting to be written by *A* for the purpose of advising him thereon.

The opinions of *B*, *C* and *D* on the question whether the letter is in the handwriting of *A* are relevant, though neither *B*, *C* nor *D* ever saw *A* write.

Opinion as to existence of right or custom, when relevant.

48. When the Court has to form an opinion as to the existence of any general custom or right, the opinions, as to the existence of such custom or right, of persons who would be likely to know of its existence if it existed, are relevant.

Explanation.—The expression "general custom or right" includes customs or rights common to any considerable class of persons.

(၁) ပြဿနာမှာ သင်္ဘောဆိပ်ကမ်းတစ်ခု ပိတ်ဆို့ခြင်းသည် တစ်စုံတစ်ခုသော ရောဂါတာကြောင့် ဟုတ် မဟုတ် ဖြစ်သည်။

အဆိုပါ ရောဂါတာမျိုးမရှိသည့်မှအပ အခြားအကြောင်းခြင်းရာများ၌ တည်ရှိပုံအနေအထားချင်း တူညီသော အခြားဆိပ်ကမ်းများ၌ တစ်ချိန်တည်းလောက်တွင် ထိုသို့ ရောဂါတာများမရှိသော်လည်း ပိတ်ဆို့စပြုလျက်ရှိသည်ဆိုသော အချက်သည်စပ်ဆိုင်သည်။

၄၇။ တစ်စုံတစ်ခုသောစာချုပ်စာတမ်းကို မည်သူရေးသားသည် သို့မဟုတ် မည်သူလက်မှတ်ရေးထိုးသည်ဆိုသည့်အချက်နှင့်စပ်လျဉ်း၍ တရားရုံးက ဆင်ခြင်သုံးသပ်ရန်ရှိသည့်အခါ ထိုစာချုပ်စာတမ်းကိုရေးသားသူ သို့မဟုတ် လက်မှတ်ရေးထိုးသူဟုဆိုသည့် သူ၏လက်ရေးကို သိကျွမ်းသူတစ်ဦးတစ်ယောက်က အဆိုပါစာချုပ်စာတမ်းကို အဆိုပါသူကရေးသားခဲ့သည် သို့မဟုတ် လက်မှတ်ရေးထိုးခဲ့သည်ဟူ၍သော်လည်းကောင်း၊ အဆိုပါသူရေးသားခဲ့ခြင်း သို့မဟုတ် လက်မှတ်ရေးထိုးခဲ့ခြင်း မဟုတ်ဟူ၍သော်လည်းကောင်း ထင်မြင်ချက်ပေးလျှင် အဆိုပါထင်မြင်ချက်သည် စပ်ဆိုင်သောအကြောင်းခြင်းရာ ဖြစ်သည်။

လက်ရေး လက်အားနှင့်စပ်လျဉ်းသည့် ထင်မြင်ချက်များ သည် မည်သည့်အခါ စပ်ဆိုင်ခြင်း။

ရှင်းလင်းချက်။ လူတစ်ဦးတစ်ယောက်သည် အခြားသူတစ်ဦးတစ်ယောက်၏ လက်ရေးကို ထိုသူရေးသားသည်ကို လူကိုယ်တိုင်မြင်သည့်ကိစ္စ သူကိုယ်တိုင်ဖြစ်စေ၊ သူ၏ညွှန်ကြားချက်အရ ဖြစ်စေ ရေးသားပြီး ထိုသူထံလိပ်တပ်၍ပေးပို့သော စာရွက်စာတမ်းများကို ပြန်လည်ဖြေကြားသောအားဖြင့် ထိုသူက ရေးသားသည့်သဘောသက်ရောက်သော စာရွက်စာတမ်းများကို သူကိုယ်တိုင်လက်ခံရရှိခဲ့သည့်ကိစ္စ၊ ထိုသူ ရေးသားသည့်သဘော သက်ရောက်သော စာရွက်စာတမ်းများကို လုပ်ရိုးလုပ်စဉ်အရ ထိုသူ့ထံ တင်ပြလေ့ရှိသည့် ကိစ္စများ၌ သိကျွမ်းသည်ဟု ဆိုရမည်။

ဥပမာများ

ပြဿနာမှာ တင်ပြထားသော စာတစ်စောင်သည် လန်ဒန်မြို့နေ ကုန်သည် A ၏လက်ရေးနှင့် ဟုတ် မဟုတ်ဖြစ်သည်။

B သည် ရန်ကုန်နေ ကုန်သည်တစ်ဦးဖြစ်၍ A ထံလိပ်စာတပ်၍ စာများရေးသားပေးပို့ခဲ့ရာ A ရေးသားသည့်သဘော သက်ရောက်သောစာများကို ရရှိခဲ့သည်။ C သည် B ၏ စာရေးဖြစ်၍ ယင်း၏တာဝန်များမှာ B ၏ ပေးစာ၊ ရစာများကို စစ်ဆေး၍ ဖိုင်တွဲထားရန်ဖြစ်သည်။

D သည် B ၏ ပွဲစားဖြစ်၍ B က မိမိထံသို့ A ရေးသည့် သဘောသက်ရောက်သော စာများကို D ထံ၊ ယင်းစာများနှင့်ပတ်သက်၍ အကြံဉာဏ်ပေးရန်အတွက် တင်ပြလေ့ရှိသည်။

B၊ C နှင့် D တို့သည် A စာရေးသားသည်ကို မမြင်ဖူးကြသော်လည်း အဆိုပါစာသည် A ၏ လက်ရေးနှင့် ဟုတ် မဟုတ်ဆိုသော ပြဿနာနှင့်စပ်လျဉ်း၍ B၊ C နှင့် D တို့၏ ထင်မြင်ချက်များသည် စပ်ဆိုင်သည်။

၄၈။ ယေဘုယျဓလေ့ထုံးတမ်း သို့မဟုတ် အခွင့်အရေးတစ်ခုခု အမှန်ရှိ မရှိနှင့်စပ်လျဉ်း၍ တရားရုံးက ဆင်ခြင်သုံးသပ်ရန်ရှိသည့်အခါ အဆိုပါဓလေ့ထုံးတမ်း သို့မဟုတ် အခွင့်အရေးရှိခဲ့လျှင် ထိုသို့ရှိခဲ့ကြောင်းကို သိနိုင်ဖွယ်ရာရှိသောသူများက ထိုဓလေ့ထုံးတမ်း သို့မဟုတ် အခွင့်အရေးရှိမရှိနှင့် စပ်လျဉ်း၍ ပေးသောထင်မြင်ချက်များသည် စပ်ဆိုင်သည်။

ရှင်းလင်းချက်။ "ယေဘုယျဓလေ့ထုံးတမ်း သို့မဟုတ် အခွင့်အရေး" ဆိုသည့်စကားရပ်တွင် အတော်အတန်များပြားသော လူအတန်းအစား၊ အစုအဝေးတစ်ခုခုနှင့်သက်ဆိုင်သည့် ဓလေ့ထုံးတမ်း သို့မဟုတ် အခွင့်အရေးများပါဝင်သည်။

အခွင့်အရေး၊ သို့မဟုတ် ဓလေ့ထုံးတမ်း အမှန်ရှိ မရှိနှင့် စပ်လျဉ်းသော ထင်မြင်ချက် သည် မည်သည့်အခါ စပ်ဆိုင်ခြင်း။

Illustration.

The right of the villagers of a particular village to use the water of a particular well is a general right within the meaning of this section.

Opinions as to usages, tenets, etc., when relevant.

49. When the Court has to form an opinion as to—

the usages and tenets of any body of men or family,

the constitution and government of any religious or charitable foundation, or

the meaning of words or terms used in particular districts or by particular classes of people,

the opinions of persons having special means of knowledge thereon are relevant facts.

Opinion on relationship, when relevant.

50. When the Court has to form an opinion as to the relationship of one person to another, the opinion, expressed by conduct, as to the existence of such relationship, of any person who, as a member of the family or otherwise, has special means of knowledge on the subject, is a relevant fact :

Provided that such opinion shall not be sufficient to prove a marriage in proceedings under the Burma Divorce Act, or in prosecutions under section 494, 495, 497 or 498 of the Penal Code.

Illustrations.

(*a*) The question is, whether *A* and *B* were married.

The fact that they were usually received and treated by their friends as husband and wife is relevant.

(*b*) The question is, whether *A* was the legitimate son of *B*. The fact that *A* was always treated as such by members of the family is relevant.

Grounds of opinion, when relevant.

51. Whenever the opinion of any living person is relevant, the grounds on which such opinion is based are also relevant.

ဥပမာ

တစ်စုံတစ်ခုသောကျေးရွာ၏ ရွာသူရွာသားများက တစ်စုံတစ်ခုသောရေတွင်းမှ ရေကို သုံးစွဲနိုင်သော အခွင့်အရေးသည် ဤပုဒ်မ၏ အဓိပ္ပာယ်အရ ယေဘုယျသက်ဆိုင်သော အခွင့်အရေးဖြစ်သည်။

၄၉။ တရားရုံးသည် အောက်ပါ ကိစ္စများကို ဆင်ခြင်သုံးသပ်ရန် ရှိသည့်အခါ—

ထိုကိစ္စ၏ အကြောင်းအရာကိုသိရှိရန် အထူးအခွင့်အလမ်းရှိသူတို့၏ ထင်မြင်ချက်များသည် အမှု၌ စပ်ဆိုင်သော အကြောင်းခြင်းရာဖြစ်သည်။

လူတစ်စု သို့မဟုတ် မိသားစုတစ်ခု၏အလေ့အထများနှင့် အယူဝါဒများတို့နှင့် စပ်လျဉ်းသည့်ကိစ္စ၊

ဘာသာရေးအဖွဲ့အစည်း သို့မဟုတ် ကုသိုလ်ရေးအဖွဲ့အစည်း တစ်ခုခု၏ ဖွဲ့စည်းပုံနှင့် စီမံအုပ်ချုပ်ပုံတို့နှင့် စပ်လျဉ်းသည့်ကိစ္စ၊

အချို့ဒေသများတွင်ဖြစ်စေ၊ အချို့လူအတန်းအစားကဖြစ်စေ တသီးတခြားသုံးစွဲပြောဆိုသောစကားလုံးများ သို့မဟုတ် ဝေါဟာရများ၏အဓိပ္ပာယ်နှင့် စပ်လျဉ်းသည့်ကိစ္စ။

အလေ့ အထများ၊ အယူဝါဒများ စသည် တို့နှင့်စပ်လျဉ်းသည့် ထင် ချက် မြင်များ မည် သည့်အခါ အမှု၌ စပ်ဆိုင်ခြင်း။

၅၀။ လူတစ်ဦးနှင့်တစ်ဦး ဆွေမျိုးတော်စပ်ခြင်းနှင့် စပ်လျဉ်း၍ တရားရုံးက ဆင်ခြင်သုံးသပ်ရန်ရှိသည့်အခါ သက်ဆိုင်ရာ မိသားစုတွင် ပါဝင်သူ တစ်ဦးဖြစ်၍သော် လည်းကောင်း၊ အခြားအကြောင်းကြောင့်သော်လည်းကောင်း ထိုအကြောင်းကိစ္စကို သိရှိနိုင်ရန် အထူးအခွင့်အလမ်းရှိသူတစ်ဦးဦးက ထိုသို့ဆွေမျိုးတော်စပ်ခြင်းရှိမရှိနှင့်စပ်လျဉ်း၍ မိမိ၏သဘောထားထင်မြင်ချက်ကို အပြုအမူအားဖြင့်ဖော်ပြနေလျှင် ထိုသို့ဖော်ပြနေသော သဘောထားထင်မြင်ချက်သည် စပ်ဆိုင်သော အကြောင်းခြင်းရာဖြစ်သည်။

ဆွေမျိုးတော်စပ်ခြင်းနှင့် စပ်လျဉ်းသည့် ထင်မြင် ချက် သည် မည်သည့် အခါ စပ်ဆိုင်ခြင်း။

သို့ရာတွင် မြန်မာနိုင်ငံ လင်မယားကွာရှင်းရေးဥပဒေအရ စွဲဆိုသောမှုခင်းများတွင်ဖြစ်စေ၊ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၉၄၊ ၄၉၅၊ ၄၉၇ သို့မဟုတ် ၄၉၈ အရ အရေးယူသောမှုခင်းများတွင်ဖြစ်စေ လက်ထပ်ထိမ်းမြားခြင်းကို သက်သေထင်ရှားတင်ပြရာ၌ အဆိုပါထင်မြင်ချက်သည် လုံ လောက်သော သက်သေထင်ရှားမဖြစ်စေရ။

ဥပမာများ

(က) ပြဿနာမှာ A နှင့် B တို့ လက်ထပ်ထိမ်းမြားခဲ့ခြင်းရှိ မရှိဖြစ်သည်။

A နှင့် B အား ယင်း၏တို့မိတ်ဆွေများက ခင်ပွန်းနှင့်ဇနီးအဖြစ်လက်ခံ၍ ဆက်ဆံလေ့ရှိသည်ဆိုသောအချက်သည် စပ်ဆိုင်သည်။

(ခ) ပြဿနာမှာ A သည် B ၏ တရားဝင်သား ဟုတ် မဟုတ်ဖြစ်သည်။ ထိုမိသားစုတွင် ပါဝင်သူများက A ကို တရားဝင်သားအဖြစ် အစဉ်သဖြင့် ဆက်ဆံခဲ့သည်ဆိုသော အချက်သည်စပ်ဆိုင်သည်။

၅၁။ အသက်ရှင်လျက်ရှိသူ၏ထင်မြင်ချက်သည် စပ်ဆိုင်ပါက အဆိုပါထင်မြင်ချက်၏ အခြေတည်ရာဖြစ်သောအကြောင်းများသည်လည်း စပ်ဆိုင်သည်။

ထင်မြင် ချက်အတွက် အကြောင်း ပြချက်များသည် မည်သည့် အခါ စပ်ဆိုင် ခြင်း။

Illustration.

An expert may give an account of experiments performed by him for the purpose of forming his opinion.

Character, when relevant.

In civil cases, character to prove conduct imputed irrelevant.

52. In civil cases the fact that the character of any person concerned is such as to render probable or improbable any conduct imputed to him is irrelevant, except in so far as such character appears from facts otherwise relevant.

In criminal cases, previous good character relevant.

53. In criminal proceedings the fact that the person accused is of a good character is relevant.

Previous bad character not relevant, except in reply.

54. In criminal proceedings the fact that the accused person has a bad character is irrelevant, unless evidence has been given that he has a good character, in which case it becomes relevant.

Explanation 1.—This section does not apply to cases in which the bad character of any person is itself a fact in issue.

Explanation 2.—A previous conviction is relevant as evidence of bad character.

Character as affecting damages.

55. In civil cases the fact that the character of any person is such as to affect the amount of damages which he ought to receive is relevant.

Explanation.—In sections 52, 53, 54, and 55, the word "character" includes both reputation and disposition; but, except as provided in section 54, evidence may be given only of general reputation and general disposition, and not of particular acts by which reputation or disposition were shown.

ဥပမာ

ကျွန်းကျင် သူ တစ် ဦး သည် မိမိ ထင်မြင်ချက် ပေးရန်အလို့ငှာ ဆင်ခြင်သုံးသပ်နိုင်ရေးအတွက် မိမိ ပြုလုပ်ခဲ့သော စမ်းသပ်ချက်များအကြောင်းကို တင်ပြနိုင်သည်။

အကျင့်စာရိတ္တသည် မည်သည့်အခါ စပ်ဆိုင်ခြင်း

၅၂။ တရားမမှုများတွင် သက်ဆိုင်သူတစ်ဦးတစ်ယောက်က တစ်စုံတစ်ခုပြုသည်ဟု စွပ်စွဲထားသည့်အခါ ထိုသူ၏အကျင့်စာရိတ္တကိုထောက်ချင့်၍ ထိုအမှုကို ထိုသူပြုသည်ဆိုခြင်းမှာ ဖြစ်နိုင်ဖွယ်ရှိမရှိဆိုသည့်အချက်သည် မစပ်ဆိုင်ချေ။ သို့ရာတွင် အမှု၌ ပေါ်ပေါက်သော အကြောင်းအချက်များအရ အဆိုပါအကျင့်စာရိတ္တသည် အခြားနည်းအားဖြင့် စပ်ဆိုင်သောအချက်ဖြစ်နေသည့်အခါ အဆိုပါအချက်သည် စပ်ဆိုင်သည်။

တရားမမှုများတွင် စွပ်စွဲထားသော အပြုအမူအတွက် သက်သေခံချက်အဖြစ် အကျင့်စာရိတ္တသည် မစပ်ဆိုင်ခြင်း။

၅၃။ ပြစ်မှုဆိုင်ရာမှုခင်းများတွင် တရားခံ၏ အကျင့်စာရိတ္တကောင်းသည်ဆိုသောအချက်သည် စပ်ဆိုင်သည်။

ပြစ်မှုဆိုင်ရာအမှုများတွင် ယခင်က အကျင့်စာရိတ္တကောင်းခဲ့ခြင်းသည်စပ်ဆိုင်ခြင်း။

၅၄။ ပြစ်မှုဆိုင်ရာမှုခင်းများတွင် တရားခံ၏အကျင့်စာရိတ္တ မကောင်းဆိုသောအချက်သည် စပ်ဆိုင်သောအချက်မဟုတ်ချေ။ သို့ရာတွင် တရားခံ၏ အကျင့်စာရိတ္တကောင်းကြောင်း သက်သေခံချက်တင်ပြထားလျှင် တရားခံ၏အကျင့်စာရိတ္တမကောင်းဆိုသောအချက်သည် စပ်ဆိုင်သည်။

ရှင်းလင်းချက်(၁)။ အမှုများတွင် လူတစ်ဦးတစ်ယောက်၏ အကျင့်စာရိတ္တမကောင်းဟူသည့်အချက်သည်ပင်လျှင် အငြင်းဖြစ်သည့်အကြောင်းခြင်းရာဖြစ်နေလျှင် ဤပုဒ်မသည် ထိုအမှုများနှင့် မသက်ဆိုင်ချေ။

ရှင်းလင်းချက် (၂) ယခင်ကပြစ်မှုကျူးလွန်သည်ဟု တရားရုံးကဆုံးဖြတ်သည်ကို ခံခဲ့ရခြင်းသည် အကျင့်စာရိတ္တမကောင်းကြောင်း သက်သေခံချက်အဖြစ် စပ်ဆိုင်သည်။

ယခင်က အကျင့်စာရိတ္တ မကောင်းခဲ့ခြင်းသည် အကျင့်စာရိတ္တကောင်းသည်ဆိုခြင်းကို ပြန်လည်ချေပရန် မဟုတ်လျှင် မစပ်ဆိုင်ခြင်း။

၅၅။ တရားမမှုများတွင် လူတစ်ဦးတစ်ယောက် ရထိုက်သောနစ်နာကြေးကို သတ်မှတ်ရာ၌ ထိုသူ၏ အကျင့်စာရိတ္တကို ထည့်သွင်းစဉ်းစားထိုက်သည်ဟူသော အချက်သည်စပ်ဆိုင်သည်။

ရှင်းလင်းချက်။ ပုဒ်မ ၅၂၊၅၃၊၅၄ နှင့် ၅၅ တို့၌ "အကျင့်စာရိတ္တ" ဆိုသော စကားရပ်တွင် ကျော်စောသတင်းနှင့် စိတ်နေသဘောထား နှစ်ရပ်လုံးပါဝင်သည်။ သို့ရာတွင် ပုဒ်မ ၅၄ တွင်ပြဋ္ဌာန်းထားသည့်အတိုင်းမှတစ်ပါး ကျော်စောသတင်းနှင့် စိတ်နေသဘောထားတို့ကို သက်သေခံတင်ပြရာ၌ ယေဘုယျအားဖြင့်သာ တင်ပြနိုင်သည်။ ကျော်စောသတင်း သို့မဟုတ် စိတ်နေသဘောထားကို ဖော်ပြရန်အတွက် ပြုလုပ်မှုများကို တစ်ခုစီသက်သေခံတင်ပြရန် မလိုချေ။

နစ်နာကြေးအရေအတွက်နှင့် သက်ဆိုင်သည့် အကျင့်စာရိတ္တ။

PART II.

On Proof

CHAPTER III.

FACTS WHICH NEED NOT BE PROVED.

Fact judicially noticeable need not be proved.

56. No fact of which the Court will take judicial notice need be proved.

Facts of which Court must take judicial notice.

57. The Court shall take judicial notice of the following facts:—

(1) all laws or rules having the force of law now or heretofore in force, or hereafter to be in force, in any part of the Union of Burma or India or Pakistan:

(2) all public Acts passed or hereafter to be passed by [Parliament of the United Kingdom of Great Britain and Ireland].[1] and all local and personal Acts directed by [Parliament of the United Kingdom of Great Britain and Ireland][1] to be judicially noticed;

(3) Articles of War for His Britannic Majesty's Army, Navy or Air Force;

(4) the course of proceeding of [Parliament of the United Kingdom of Great Britain and Ireland][1] and of the Union Parliament;

(5) the accession and the sign manual of the Sovereign for the time being of the United Kingdom of Great Britain and Ireland;

(6) all seals of which English Courts take judicial notice; the seals of all the Courts of the Union of Burma; the seals of Courts of Admiralty and Maritime Jurisdiction and of Notaries Public; and all seals which any person is authorized to use by any Act of [Parliament of the United Kingdom of Great Britain and Ireland][1] or other enactment in force in the Union of Burma;

(7) the accession to office, names, titles, functions and signatures of the persons filling for the time being any public office in any part of the Union of Burma, if the fact of their appointment to such office is notified in the Gazette;

---

[1] Substituted by the Union of Burma (Adaptation of Laws) Order, 1948.

အပိုင်း (၂)

သက်သေထင်ရှားပြခြင်း

အခန်း (၃)

သက်သေထင်ရှားပြရန် မလိုသည့်အကြောင်းခြင်းရာများ

၅၆။ တရားရုံးက သက်သေခံချက်မယူဘဲ လက်ခံနိုင်သော အကြောင်းခြင်းရာများကို သက်သေထင်ရှားပြရန် မလိုချေ။

အကြောင်းခြင်းရာများကို တရားစီရင်ရာတွင် သက်သေခံချက် မယူဘဲ လက်ခံခြင်း။

၅၇။ တရားရုံးသည် အောက်ပါအကြောင်းခြင်းရာများကို သက်သေခံချက်မယူဘဲ လက်ခံရမည်—

တရားရုံးက သက်သေခံချက်မယူဘဲ လက်ခံရမည့် အကြောင်းခြင်းရာများ။

(၁) ပြည်ထောင်စုမြန်မာနိုင်ငံတော် သို့မဟုတ် အိန္ဒိယနိုင်ငံ သို့မဟုတ် ပါကစ္စတန်နိုင်ငံ၏ မည်သည့်ဒေသ၌မဆို ယခုအချိန်တွင် အာဏာတည်ဆဲဖြစ်သည့် သို့မဟုတ် ယခင်အာဏာတည်ခဲ့သည့် သို့မဟုတ် နောင်တွင် အာဏာတည်မည့် ဥပဒေအားလုံး သို့မဟုတ် နည်းဥပဒေအားလုံး၊

(၂) ဂရိတ်ဗြိတိန်နှင့် အိုင်ယာလန်တို့ ပါဝင်သော ယူနိုက်တက်ကင်းဒမ်းနိုင်ငံ၏ ပါလီမန်မှ ပြဋ္ဌာန်းထားသော သို့မဟုတ် နောင်ပြဋ္ဌာန်းမည်ဖြစ်သော အများပြည်သူတို့ဆိုင်ရာ အက်ဥပဒေများအားလုံးနှင့် ဂရိတ်ဗြိတိန်နှင့် အိုင်ယာလန်တို့ပါဝင်သော ယူနိုက်တက်ကင်းဒမ်းနိုင်ငံက သက်သေခံချက်မယူဘဲ လက်ခံရမည်ဟု ညွှန်ကြားသော ဒေသန္တရဆိုင်ရာနှင့် ပုဂ္ဂိုလ်ရေးရာ ဥပဒေများအားလုံး၊

(၃) ဗြိတိသျှဘုရင်မင်းမြတ်၏ ကြည်း၊ ရေ၊ လေ တပ်မတော်ဆိုင်ရာ စစ်စည်းမျဉ်းများ၊

(၄) ပြည်ထောင်စုမြန်မာနိုင်ငံတော် ပါလီမန်နှင့် ယူနိုက်တက်ကင်းဒမ်းတွင် ပါဝင်သည့် ဂရိတ်ဗြိတိန်နှင့် အိုင်ယာလန်နိုင်ငံ ပါလီမန်တို့၏ လုပ်ငန်းဆောင်ရွက်ချက် မှတ်တမ်းများ၊

(၅) ယူနိုက်တက်ကင်းဒမ်းနိုင်ငံတွင်ပါဝင်သည့် ဗြိတိန်နှင့် အိုင်ယာလန်နိုင်ငံတို့၏ အကြီးအကဲ တာဝန်ယူသည့် နေ့ရက်နှင့် တံဆိပ်လက်မှတ်များ၊

(၆) အင်္ဂလိပ် တရားရုံးများက သက်သေခံချက်မယူဘဲ လက်ခံရသည့် တံဆိပ်အမှတ်အသားများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ရှိ တရားရုံးများ၏ ရုံးတံဆိပ်များ၊ ပင်လယ်ရေကြောင်းဆိုင်ရာတရားရုံးများနှင့် ပင်လယ်ရေကြောင်းဆိုင်ရာ စီရင်ပိုင်ခွင့်တံဆိပ်များ၊ နိုတရီပဗ္ဗလစ် မှတ်ပုံတင်အရာရှိများ၏ တံဆိပ်အမှတ်အသားများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ပုဂ္ဂိုလ်တစ်ဦး တစ်ယောက်အား သုံးစွဲခွင့်ပြုထားသည့် တံဆိပ်အမှတ်အသားများ၊

(၇) ပြည်ထောင်စုမြန်မာနိုင်ငံတော်ရှိ မည်သည့်ဒေသ၌မဆို ရာထူးတစ်ခုခုတွင် အခါအားလျော်စွာ ခန့်ထားခြင်းခံရသူများအား အဆိုပါ ရာထူးခန့်ထားကြောင်းကို နိုင်ငံတော်ပြန်တမ်းတွင် ထုတ်ပြန်ကြေညာလျှင် ထိုသို့ ခန့်ထားသည့် နေ့ရက်၊ ထိုသူ၏အမည်၊ ရာထူး၊ အလုပ်ဝတ္တရားများနှင့်ဆိုးမြဲလက်မှတ်များ၊

(8) the existence, title and national flag of every State or Sovereign recognized by [the President of the Union];[1]

(9) the divisions of time, the geographical divisions of the world, and public festivals, fasts and holidays notified in the Gazette;

(10) the territories under the dominion of the British Government:

(11) the commencement, continuance and termination of hostilities between [the Union of Burma][1] and any other State or body of persons:

(12) the names of the members and officers of the Court and of their deputies and subordinate officers and assistants, and also of all officers acting in execution of its process, and of all legal practitioners and other persons authorized by law to appear or act before it;

(13) the rule of the road on land or at sea.

In all these cases[2] and also on all matters of public history, literature, science or art, the Court may resort for its aid to appropriate books or documents of reference.

If the Court is called upon by any person to take judicial notice of any fact, it may refuse to do so unless and until such person produces any such book or document as it may consider necessary to enable it to do so.

Facts admitted need not be proved.

58. No fact need be proved in any proceeding which the parties thereto or their agents agree to admit at the hearing, or which, before the hearing, they agree to admit by any writing under their hands, or which by any rule of pleading in force at the time they are deemed to have admitted by their pleadings:

Provided that the Court may, in its discretion, require the facts admitted to be proved otherwise than by such admissions.

CHAPTER IV.

OF ORAL EVIDENCE.

Proof of facts by oral evidence.

59. All facts, except the contents of documents, may be proved by oral evidence.

---

1 Substituted by the Union of Burma (Adaptation of Laws) Order, 1948.

2 Section 84 (2) of the Code of Civil Procedure (*ante*) states that every Court shall take judicial notice of the fact that a foreign State has or has not been recognized by the President of the Union.

(၈) ပြည်ထောင်စုမြန်မာနိုင်ငံတော် သမ္မတက အသိအမှတ်ပြုထားသော နိုင်ငံအသီးသီး၏ တည်ရှိမှု၊ ယင်းနိုင်ငံ၏ တရားဝင်အမည်နှင့် နိုင်ငံတော်အလံ၊

(၉) နာရီတို့၏ အချိန်ကာလအပိုင်းအခြားများ၊ ကမ္ဘာမြေကြီး၏ ပထဝီဝင်အပိုင်းအခြားများ၊နိုင်ငံတော်ပြန်တမ်းတွင် ထုတ်ပြန်ကြေညာသည့် အများပြည်သူဆိုင်ရာ ပွဲနေ့များ၊ ဥပုသ်နေ့များနှင့် အလုပ်ပိတ်ရက်များ၊

(၁၀) ဗြိတိသျှအစိုးရပိုင်သည့် နယ်မြေဒေသအပိုင်းအခြားများ၊

(၁၁) အခြား နိုင်ငံတစ်ခုခုနှင့်ဖြစ်စေ၊ လူအစုအဝေးတစ်ခုခုနှင့်ဖြစ်စေ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်တို့ စစ်မက်စတင်ဖြစ်ပွားခြင်း၊ ဆက်လက်ဖြစ်ပွားခြင်းနှင့် ပြီးဆုံးခြင်း၊

(၁၂) တရားသူကြီးနှင့် တရားရုံးအရာရှိများ၏အမည်များ၊ ယင်းတို့က လွှဲအပ်သည့်အရာရှိများ၊ ယင်းတို့လက်အောက်အရာရှိများနှင့် လက်ထောက်များ၏ အမည်များ၊ ထိုတရားရုံး၏ အမိန့်ကို အတည်ပြုရသည့် အရာရှိအားလုံး၏အမည်များ၊ ရှေ့နေအားလုံးနှင့် ဥပဒေအရ တရားရုံးသို့ လာရောက်လျှောက်လဲ ဆောင်ရွက်ခွင့်ရသည့် အခြားသူများ၏အမည်များ၊

(၁၃) ကုန်းပေါ်၌ဖြစ်စေ၊ ရေပေါ်၌ဖြစ်စေ၊သွားလာရာတွင် လိုက်နာရမည့် လမ်းစည်းကမ်း။

ဤကိစ္စ အားလုံး၌လည်းကောင်း၊ အများပြည်သူဆိုင်ရာ သမိုင်း၊ စာပေ၊ သိပ္ပံပညာ၊သို့မဟုတ် ဝိဇ္ဇာပညာတို့နှင့် စပ်လျဉ်းသည့် ကိစ္စအားလုံး၌လည်းကောင်း၊ တရားရုံးသည် သင့်လျော်သည့် အကိုးအကားပြုထိုက်သော စာအုပ်များ သို့မဟုတ် စာရွက်စာတမ်းများကို ရှာဖွေကြည့်ရှုနိုင်သည်။

အကြောင်းအချက် တစ်ခုခုကို တရားရုံးက သက်သေခံချက်မယူဘဲ လက်ခံရန် တစ်ဦး တစ်ယောက်က တရားရုံးသို့ လျှောက်ထားလျှင် တရားရုံးက ထင်မြင်သည့် စာအုပ် သို့မဟုတ် စာရွက်စာတမ်း တစ်စုံတစ်ရာကို ထိုသူက ထင်ပြခြင်းမပြုသေးသမျှ တရားရုံးက ငြင်းဆိုနိုင်သည်။

၅၇။ မည်သည့်အမှုတွင်မဆို အမှုသည်များကဖြစ်စေ၊ ၎င်း၏ကိုယ်စားလှယ် ဆောင်ရွက်သူများကဖြစ်စေ၊အမှုကြားနာသောအခါ ဝန်ခံရန် သဘောတူထားသောအကြောင်းခြင်းရာများကိုသော်လည်းကောင်း၊ ကြားနာခြင်းမပြုမီ ယင်းတို့ကိုယ်တိုင် စာဖြင့် ဝန်ခံလက်မှတ်ရေးထိုး သဘောတူထားသော အကြောင်းခြင်းရာများကိုသော်လည်းကောင်း ထိုအချိန်အခါက အတည်ဖြစ်လျက်ရှိသော အဆိုအခြေနည်းဥပဒေများနှင့် စပ်လျဉ်း၍လည်းကောင်း၊ ထိုအဆို အခြေတို့တွင် ဝန်ခံပြီးဖြစ်သည်ဟု ယူဆနိုင်သော အကြောင်းခြင်းရာများကို သက်သေ ထင်ရှားပြရန် မလိုချေ။

ဝန်ခံသည့် အကြောင်းခြင်းရာများကိုသက်သေထင် ရှားပြ ရန်မလို။

သို့ရာတွင် ဝန်ခံသည့် အကြောင်းခြင်းရာများကိုပင် အဆိုပါဝန်ခံချက်များအပြင် အခြားနည်းဖြင့် ယင်းဝန်ခံချက်များကို သက်သေထင်ရှားတင်ပြစေရန် တရားရုံးက မိမိသဘောအလျောက် ညွှန်ကြားနိုင်သည်။

အခန်း (၄)

နှုတ်သက်သေခံချက်အကြောင်း

၅၈။ စာတမ်း အမှတ်အသားများတွင် ပါရှိသော အချက်များမှတစ်ပါး၊ အားလုံးသော အကြောင်းခြင်းရာများကို သက်သေထင်ရှားစေရန် နှုတ်သက်သေခံတင်ပြနိုင်သည်။

အကြောင်းခြင်းရာများကို နှုတ်သက်သေခံ ထင်ပြခြင်း။

Oral evidence must be direct.

60. Oral evidence must, in all cases whatever, be direct; that is to say—

if it refers to a fact which could be seen, it must be the evidence of a witness who says he saw it:

if it refers to a fact which could be heard, it must be the evidence of a witness who says he heard it;

if it refers to a fact which could be perceived by any other sense or in any other manner, it must be the evidence of a witness who says he perceived it by that sense or in that manner:

if it refers to an opinion or to the grounds on which that opinion is held, it must be the evidence of the person who holds that opinion on those grounds:

Provided that the opinions of experts expressed in any treatise commonly offered for sale, and the grounds on which such opinions are held, may be proved by the production of such treatises if the author is dead or cannot be found, or has become incapable of giving evidence, or cannot be called as a witness without an amount of delay or expense which the Court regards as unreasonable:

Provided also that, if oral evidence refers to the existence or condition of any material thing other than a document, the Court may, if it thinks fit, require the production of such material thing for its inspection.

CHAPTER V.

OF DOCUMENTARY EVIDENCE.

Proof of contents of documents.

61. The contents of documents may be proved either by primary or by secondary evidence.

Primary evidence.

62. Primary evidence means the document itself produced for the inspection of the Court.

Explanation 1.—Where a document is executed in several parts, each part is primary evidence of the document.

၆၀။ နှုတ်သက်သေခံချက်သည် မည်သည့်ကိစ္စမျိုးတွင်မဆို တိုက်ရိုက်သိဖြစ်ရမည်။ ဆိုလိုသည်မှာ–

နှုတ်သက်သေခံချက်သည်တိုက်ရိုက် သိ ဖြစ် ရမည်။

မြင်နိုင်သည့်အကြောင်းခြင်းရာနှင့် စပ်လျဉ်း၍ထွက်ဆိုလျှင် ထိုအကြောင်းခြင်းရာကို ယင်းကိုယ်တိုင်မြင်သည်ဆိုသော သက်သေ၏ သက်သေခံချက်ဖြစ်ရမည်၊

ကြားနိုင်သည့်အချက်နှင့်စပ်လျဉ်း၍ ထွက်ဆိုလျှင် ထိုအချက်ကို ကိုယ်တိုင်ကြားသည်ဆိုသော သက်သေ၏ သက်သေခံချက်ဖြစ်ရမည်၊

အခြားအာရုံတစ်ခုခုဖြင့်ဖြစ်စေ၊ အခြားနည်းလမ်းတစ်ခုခုဖြင့်ဖြစ်စေ သိရှိနိုင်သည့်အကြောင်းခြင်းရာနှင့်စပ်လျဉ်း၍ ထွက်ဆိုလျှင် ထိုအကြောင်းခြင်းရာကို အဆိုပါအာရုံ၊ သို့မဟုတ်နည်းလမ်းဖြင့် ယင်းကိုယ်တိုင်သိရှိသည်ဆိုသော သက်သေ၏ သက်သေခံချက်ဖြစ်ရမည်၊

ထင်မြင်ချက်တစ်ခုနှင့် သို့မဟုတ် ထိုထင်မြင်ချက်၏ အခြေတည်ရာဖြစ်သော အကြောင်းများနှင့်စပ်လျဉ်း၍ထွက်ဆိုလျှင် ထိုအကြောင်းများကို အခြေတည်၍ ဖြစ်ပေါ်လာသော ထင်မြင်ချက်ကိုပေးသူကထွက်ဆိုသော သက်သေခံချက်ဖြစ်ရမည်။

သို့ရာတွင် ရောင်းချလေ့ရှိသော စာအုပ်စာတမ်းတစ်စုံတစ်ရာတွင် ဖော်ပြထားသည့် အထူးကျွမ်းကျင်သူများ၏ ထင်မြင်ချက်များနှင့် ထိုထင်မြင်ချက်များ၏ အခြေတည်ရာဖြစ်သော အချက်များကို သက်သေထင်ရှားစေရန် ရေးသားသူသေဆုံးခြင်း၊ ရှာ၍မတွေ့နိုင်ခြင်း၊ သက်သေခံချက်မပေးနိုင်သည့်အဖြစ်သို့ရောက်ခြင်း၊ သက်သေအဖြစ် ဆင့်ခေါ်ပါက ကြန့်ကြာမည့်အချိန် သို့မဟုတ် ကုန်ကျမည့်စရိတ်မှာ သင့်လျော်ခြင်း ရှိမည်မဟုတ်ဟု တရားရုံးက ယူဆနိုင်သည့် အခြေအနေများ၌ သက်သေခံတင်ပြနိုင်သည်။

ထို့ပြင် နှုတ်သက်သေခံချက်သည် စာတမ်းအမှတ်အသား မဟုတ်သော အခြားအရာဝတ္ထုတစ်ခုခု၏တည်ရှိမှု သို့မဟုတ် အခြေအနေနှင့်စပ်လျဉ်း၍ ထွက်ဆိုလျှင်၊ တရားရုံးက သင့်သည်ဟု ယူဆပါက အဆိုပါအရာဝတ္ထုကို ကြည့်ရှုစစ်ဆေးရန်အတွက် တင်ပြရန် ညွှန်ကြားနိုင်သည်။

အခန်း (၅)

စာတမ်းအမှတ်အသားသက်သေခံချက်အကြောင်း

၆၁။ စာတမ်း အမှတ်အသားများ ပါရှိသော အချက်များကို သက်သေ ထင်ရှားအောင် မူရင်းသက်သေခံချက်ကိုဖြစ်စေ၊ ဒုတိယအဆင့်သက်သေခံချက်ကိုဖြစ်စေ တင်ပြနိုင်သည်။

စာတမ်း၊ အမှတ်အသားများတွင် ပါရှိ သည့်အချက်ကို သက်သေ ထင် ရှား တင်ပြခြင်း။

၆၂။ မူရင်းသက်သေခံချက် ဆိုသည်မှာ တရားရုံးက စစ်ဆေးကြည့်ရှုနိုင်ရန် တင်ပြသော မူရင်း စာတမ်း အမှတ်အသားကို ဆိုသည်။

မူရင်း သက်သေခံချက်။

ရှင်းလင်းချက် (၁)။ စာတမ်း အမှတ်အသား တစ်ခုကို အပိုင်းများခွဲ၍ ချုပ်ဆိုလျှင် ထိုသို့ချုပ်ဆိုသော စာတမ်းအမှတ်အသား တစ်ပိုင်းစီသည် ထိုစာတမ်း အမှတ်အသား၏ မူရင်းသက်သေခံချက်ပင်ဖြစ်သည်။

Where a document is executed in counterpart, each counterpart being executed by one or some of the parties only, each counterpart is primary evidence as against the parties executing it.

Explanation 2.—Where a number of documents are all made by one uniform process, as in the case of printing, lithography or photography, each is primary evidence of the contents of the rest; but, where they are all copies of a common original, they are not primary evidence of the contents of the original.

Illustration.

A person is shown to have been in possession of a number of placards, all printed at one time from one original. Any one of the placards is primary evidence of the contents of any other, but no one of them is primary evidence of the contents of the original.

Secondary evidence.

63. Secondary evidence means and includes—

(1) certified copies given under the provisions hereinafter contained;[1]

(2) copies made from the original by mechanical process which in themselves insure the accuracy of the copy, and copies compared with such copies;

(3) copies made from or compared with the original;

(4) counterparts of documents as against the parties who did not execute them;

(5) oral accounts of the contents of a document given by some person who has himself seen it.

Illustrations.

(*a*) A photograph of an original is secondary evidence of its contents, though the two have not been compared, if it is proved that the thing photographed was the original.

(*b*) A copy compared with a copy of a letter made by a copying machine is secondary evidence of the contents of the letter, if it is shown that the copy made by the copying machine was made from the original.

[1] *See* section 76, *post*.

စာတမ်းအမှတ်အသားတစ်ခုကို မှုရင်းခွဲ၍ချုပ်ဆိုရာ၌ ထိုသို့ ချုပ်ဆိုသူတို့အနက် တစ်ဦးကသာ သို့မဟုတ် အချို့ကသာ ထိုမှုရင်းခွဲအသီးသီးကို ချုပ်ဆိုလျှင် ထိုမှုရင်းခွဲ တစ်ခုစီသည် ယင်းကိုချုပ်ဆိုသူတို့အပေါ်၌ မှုရင်းသက်သေခံချက်ဖြစ်သည်။

ရှင်းလင်းချက် (၂)။ စာပုံနှိပ်ခြင်း၊ ကျောက်ပုံနှိပ်ခြင်း သို့မဟုတ် ဓာတ်ပုံရိုက်ကူးခြင်းကဲ့သို့ တစ်ပုံစံတည်းဖြစ်သောလုပ်နည်းဖြင့် စာတမ်းအမှတ်အသားများကို ထုတ်လုပ်ထားလျှင် ထိုစာတမ်း အမှတ်အသား တစ်ခုစီသည် ကျန်စာတမ်း၊ အမှတ်အသားများတွင်ပါရှိသောအချက်များ၏မှုရင်းသက်သေခံချက်ဖြစ်သည်။သို့သော်လည်း ထိုစာတမ်း အမှတ်အသားများသည် မှုရင်းစာတမ်း အမှတ်အသား တစ်ခုတည်းမှကူးယူသော မိတ္တူများဖြစ်လျှင် ယင်းတို့သည် မှုရင်းစာတမ်း အမှတ်အသားတွင် ပါရှိသော အချက်များ၏ မှုရင်းသက်သေခံချက် မဟုတ်ချေ။

ဥပမာ

လူထုစ်မှောက်ထံတွင် မှုရင်းကြော်ငြာစာ တစ်စောင်မှ တစ်ချိန်တည်း ပုံနှိပ်ထားသော ကြော်ငြာစာချက်များ ရှိကြောင်း တွေ့ရှိရသည်။ ထိုကြော်ငြာ စာများအနက် မည်သည့်ကြော်ငြာစာမဆို ကျန်ကြော်ငြာစာ တစ်ရွက်ရွက်ပါ အချက်များ၏ မှုရင်း သက်သေခံချက် ဖြစ်သည်။ သို့သော်လည်း ထိုကြော်ငြာစာ များအနက် မည်သည့် ကြော်ငြာစာမျှ မှုရင်းကြော်ငြာစာပါ အချက်များ၏ မှုရင်း သက်သေခံချက် မဟုတ်ချေ။

၆၃။ ဒုတိယအဆင့် သက်သေခံချက် ဆိုသည်မှာ အောက်ပါတို့ကို ဆိုသည်— ဒုတိယအဆင့် သက်သေခံချက်။

(၁) ဤဥပဒေတွင် နောက်လာမည့် ပြဋ္ဌာန်းချက်များအရ ထုတ်ပေးသော တာဝန်ခံမိတ္တူများ၊

(၂) တိကျမှန်ကန်သော မိတ္တူများ ကူးယူပေးနိုင်သည့် စက်ကိရိယာဖြင့် မှုရင်းမှ ကူးယူသော မိတ္တူများ ထို့ပြင် ယင်းမိတ္တူများနှင့် တိုက်ဆိုင်စစ်ဆေးထားသော မိတ္တူများ၊

(၃) မှုရင်းမှ ကူးယူထားသော သို့မဟုတ် မှုရင်းနှင့် တိုက်ဆိုင် စစ်ဆေးထားသော မိတ္တူများ၊

(၄) စာတမ်း အမှတ်အသားကို ချုပ်ဆိုခြင်း မပြုသူတို့၏ အကျိုးနှင့် ဆန့်ကျင်၍ တင်ပြသောအခါ၌ ထိုစာတမ်း အမှတ်အသား၏ မှုရင်းခွဲများ၊

(၅) စာတမ်း အမှတ်အသား တစ်ခုကို ကိုယ်တိုင်မြင်ခဲ့သူက ထိုစာတမ်း အမှတ်အသားတွင် ပါရှိသည့် အချက်များ အကြောင်းကို ပြောကြားချက်များ။

ဥပမာများ

(က) မှုရင်းတစ်ခုကို ရိုက်ကူးထားသည့် ဓာတ်ပုံကို ထိုမှုရင်းနှင့် တိုက်ဆိုင် စစ်ဆေးထားခြင်း မရှိသော်လည်း၊ ဓာတ်ပုံရိုက်ခဲ့သော အရာဝတ္ထုမှာ ထိုမှုရင်းမှန်ကြောင်း သက်သေထင်ရှားရှိလျှင် ထိုဓာတ်ပုံသည် ထိုမှုရင်းတွင် ပါရှိသောအချက်များနှင့် စပ်လျဉ်း၍ ဒုတိယအဆင့် သက်သေခံချက် ဖြစ်သည်။

(ခ) စာကူးစက်ဖြင့် စာတမ်းတစ်စောင်မှ ကူးယူထားသည့် မိတ္တူသည် မှုရင်းစာမှ ကူးယူထားသော မိတ္တူ ဖြစ်ကြောင်း တင်ပြလျှင် ထိုမိတ္တူနှင့် တိုက်ဆိုင် စစ်ဆေးထားသော မိတ္တူ တစ်စောင်သည် ထိုစာတွင် ပါရှိသော အချက်များနှင့် စပ်လျဉ်း၍ ဒုတိယအဆင့် သက်သေခံချက် ဖြစ်သည်။

(c) A copy transcribed from a copy, but afterwards compared with the original, is secondary evidence; but the copy not so compared is not secondary evidence of the original, although the copy from which it was transcribed was compared with the original.

(d) Neither an oral account of a copy compared with the original, nor an oral account of a photograph or machine-copy of the original, is secondary evidence of the original.

Proof of documents by primary evidence.

64. Documents must be proved by primary evidence except in the cases hereinafter mentioned.

Cases in which secondary evidence relating to documents may be given.

65. Secondary evidence may be given of the existence, condition or contents of a document in the following cases :—

(*a*) when the original is shown or appears to be in the possession or power—

of the person against whom the document is sought to be proved, or of any person out of reach of, or not subject to, the process of the Court, or

of any person legally bound to produce it,

and when, after the notice mentioned in section 66, such person does not produce it ;

(*b*) when the existence, condition or contents of the original have been proved to be admitted in writing by the person against whom it is proved or by his representative in interest ;

(*c*) when the original has been destroyed or lost, or when the party offering evidence of its contents cannot, for any other reason not arising from his own default or neglect, produce it in reasonable time ;

(*d*) when the original is of such a nature as not to be easily moveable ;

(ဂ) မိတ္တူတစ်စောင်မှ ကူးယူထားသော မိတ္တူကို မူရင်းနှင့် တိုက်ဆိုင် စစ်ဆေးထားလျှင် ထိုသို့ ကူးယူထားသော မိတ္တူသည် ဒုတိယအဆင့် သက်သေခံချက် ဖြစ်သည်။ သို့ရာတွင် ထိုမိတ္တူကို ထိုသို့မူရင်းနှင့် တိုက်ဆိုင် စစ်ဆေးထားခြင်း မရှိလျှင်၊ ထိုမိတ္တူ ကူးယူရာ ဖြစ်သော မိတ္တူကို မူရင်းနှင့် တိုက်ဆိုင် စစ်ဆေးပြီး ဖြစ်စေကာမူ၊ အဆိုပါ ကူးယူထားသော မိတ္တူသည် မူရင်း၏ ဒုတိယအဆင့် သက်သေခံချက် မဟုတ်ချေ။

(ဃ) မူရင်းနှင့် တိုက်ဆိုင် စစ်ဆေးထားသော မိတ္တူအကြောင်း၊ ပြောကြားချက်သည် သော်လည်းကောင်း၊ မူရင်းကို ရိုက်ကူးထားသော ဓာတ်ပုံ အကြောင်းကို ဖြစ်စေ၊ မူရင်းမှ စက်ဖြင့် ကူးယူထားသော မိတ္တူ အကြောင်းကိုဖြစ်စေ ပြောကြားချက်သည် သော်လည်းကောင်း မူရင်း၏ ဒုတိယအဆင့် သက်သေခံချက် မဟုတ်ချေ။

၆၄။ ဤဥပဒေတွင် နောက်လာမည့် ပြဋ္ဌာန်းချက်များ၌ ဖော်ပြထားသည့် ကိစ္စများမှ တစ်ပါး၊ စာတမ်း အမှတ်အသားများကို သက်သေထင်ရှားစေရန် မူရင်းသက်သေခံချက်ကို တင်ပြရပါမည်။

စာတမ်း အမှတ်အသားများ ကို သက်သေထင် ရှားစေရန် မူရင်း သက်သေ ခံချက် ကိုတင်ပြခြင်း။

၆၅။ စာတမ်းအမှတ်အသားတစ်ခုတည်းရှိခြင်းနှင့် စပ်လျဉ်း၍ဖြစ်စေ၊ ထိုစာတမ်းအမှတ်အသား၏ စည်းကမ်းချက်နှင့်စပ်လျဉ်း၍ဖြစ်စေ၊ ထိုစာတမ်းအမှတ်အသားတွင် ပါရှိသောအချက်များနှင့် စပ်လျဉ်း၍ဖြစ်စေ ဒုတိယအဆင့်သက်သေခံချက်ကို အောက်ပါကိစ္စများတွင် တင်ပြနိုင်သည်—

စာတမ်း အမှတ် အသားများ နှင့် စပ် လျဉ်း၍ ဒုတိ ယ အ ဆင့် သက်သေ ခံချက် တင်ပြ နိုင်သော ကိစ္စများ။

(က) မူရင်းစာတမ်းအမှတ်အသားသည် ထိုစာတမ်းအမှတ်အသားကို သက်သေထင်ရှားတင်ပြခြင်းဖြင့် အကျိုးထိခိုက်နစ်နာမည့်သူ သို့မဟုတ် တရားရုံးကဆင့်ခေါ်၍ မရနိုင်အောင် အလှမ်းကွာဝေးသူ သို့မဟုတ် တရားရုံးက ဆင့်ခေါ်ခြင်းကိုမလိုက်နာဘဲ နေနိုင်ခွင့်ရှိသူ သို့မဟုတ် ဥပဒေအရ ယင်းစာတမ်းအမှတ်အသားကို တင်ပြရန် တာဝန်ရှိသူ၏ လက်တွင် ဖြစ်စေ၊ ယင်း၏စီမံပိုင်ခွင့် အတွင်းတွင်ဖြစ်စေ ရှိနေကြောင်းတင်ပြပြီးဖြစ်သည့် အခါတွင် သို့မဟုတ် ထိုသို့ရှိနေဟန်လက္ခဏာရှိသည့်အခါတွင် ထို့ပြင် ပုဒ်မ ၆၆ တွင်ဖော်ပြထားသည့် အကြောင်းကြားစာကိုလည်း ပေးပို့ပြီးဖြစ်လျက်နှင့် ထိုသူကထိုမူရင်း စာတမ်းအမှတ်အသားကို တင်ပြခြင်းမရှိသည့်အခါ၊

(ခ) မူရင်းစာတမ်းအမှတ်အသားကို သက်သေထင်ရှားတင်ပြခြင်းဖြင့် အကျိုးထိခိုက် နစ်နာမည့်သူက သို့မဟုတ် ထိုသူ၏ကိုယ်စားလှယ်က မူရင်းစာတမ်းအမှတ်အသားတည်ရှိခြင်းကို ဖြစ်စေ၊ ယင်း၏စည်းကမ်းချက်ကိုဖြစ်စေ၊ယင်းတွင်ပါရှိသောအချက်များကိုဖြစ်စေ စာဖြင့် ရေးသားဝန်ခံထားကြောင်း သက်သေထင်ရှားတင်ပြသည့်အခါ၊

(ဂ) မူရင်းစာတမ်းအမှတ်အသားပျက်စီးသည့် သို့မဟုတ် ပျောက်ဆုံးသည့်အခါ သို့မဟုတ် ထိုမူရင်းစာတမ်းအမှတ်အသားတွင် ပါရှိသောအချက်များကို သက်သေထင်ရှား တင်ပြလိုသူက မိမိ၏ပျက်ကွက်မှု သို့မဟုတ် ပေါ့လျော့မှုကြောင့်မဟုတ်ဘဲ အခြားအကြောင်း တစ်ခုခုကြောင့် ထိုမူရင်းစာတမ်းအမှတ်အသားကို သင့်တော်သည့်အချိန်ကာလအတွင်း တင်ပြခြင်းမပြုနိုင်သည့်အခါ၊

(ဃ) မူရင်းစာတမ်းအမှတ်အသားသည် သဘောသဘာဝအားဖြင့် အလွယ်တကူ ရွှေ့ပြောင်းခြင်းမပြုနိုင်သည့် ပစ္စည်းမျိုးဖြစ်နေသည့်အခါ၊

(*e*) when the original is a public document within the meaning of section 74;

(*f*) when the original is a document of which a certified copy is permitted by this Act, or by any other law in force in the Union of Burma, to be given in evidence;

(*g*) when the originals consist of numerous accounts or other documents which cannot conveniently be examined in Court, and the fact to be proved is the general result of the whole collection.

In cases (*a*), (*c*) and (*d*), any secondary evidence of the contents of the document is admissible.

In case (*b*), the written admission is admissible.

In case (*e*) or (*f*), a certified copy of the document, but no other kind of secondary evidence, is admissible.

In case (*g*), evidence may be given as to the general result of the documents by any person who has examined them, and who is skilled in the examination of such documents.

Rules as to notice to produce.

66. Secondary evidence of the contents of the documents referred to in section 65, clause (*a*), shall not be given unless the party proposing to give such secondary evidence has previously given to the party in whose possession or power the document is, or to his advocate or pleader, such notice to produce it as is prescribed by law; and if no notice is prescribed by law, then such notice as the Court considers reasonable under the circumstances of the case:

Provided that such notice shall not be required in order to render secondary evidence admissible in any of the following cases, or in any other case in which the Court thinks fit to dispense with it:—

(1) when the document to be proved is itself a notice;

(2) when, from the nature of the case, the adverse party must know that he will be required to produce it;

(င) မူရင်းစာတမ်းအမှတ်အသားသည် ပုဒ်မ ၇၄ ပါ ပြဋ္ဌာန်းချက်တွင် အကျုံးဝင်သော အများပြည်သူဆိုင်ရာနှင့်သက်ဆိုင်သည့် စာတမ်းအမှတ်အသားဖြစ်နေသည့်အခါ၊

(စ) စာတမ်းအမှတ်အသားတစ်ခုကို သက်သေခံအဖြစ်တင်ပြရာ၌ မူရင်းစာတမ်းအမှတ်အသားသည် ဤဥပဒေအရဖြစ်စေ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် တည်ဆဲဖြစ်သည့်အခြားဥပဒေတစ်ရပ်ရပ်အရဖြစ်စေ တာဝန်ခံမိတ္တူဖြင့် သက်သေခံတင်ပြရန် ခွင့်ပြုထားသည့်အခါ၊

(ဆ) မူရင်းစာတမ်းအမှတ်အသားများတွင် ငွေစာရင်းများ သို့မဟုတ် အခြားစာရွက် စာတမ်းများ၊ မြောက်မြားစွာပါရှိသဖြင့် ယင်းတို့ကို တရားရုံးက အလွယ်တကူ စစ်ဆေးခြင်းမပြုနိုင်သည့်ပြင် သက်သေထင်ရှားအောင် တင်ပြရမည့်အကြောင်းခြင်းရာမှာလည်း ထိုငွေစာရင်းများ သို့မဟုတ် စာရွက်စာတမ်းများအားလုံးကို စစ်ဆေးခြင်းဖြင့် အားလုံးခြုံ၍ တွေ့ရှိသည့် အချက်ဖြစ်သည့်အခါ။

အထက်ပါ (က)၊ (ဂ)နှင့် (ဃ) ကိစ္စများတွင် စာတမ်းအမှတ်အသား၌ပါရှိသော အချက်များ၏ မည်သည့်ဒုတိယအဆင့် သက်သေခံချက်မဆို သက်သေခံဝင်သည်။

အထက်ပါ(ခ) ကိစ္စတွင် စာဖြင့်ရေးသားထားသောဝန်ခံ ချက်သည် သက်သေခံဝင်သည်။

အထက်ပါ (င) သို့မဟုတ် (စ) ကိစ္စတွင် စာတမ်းအမှတ်အသား၏ တာဝန်ခံမိတ္တူသာလျှင် သက်သေခံဝင်၍ အခြားမည်သည့် ဒုတိယအဆင့် သက်သေခံချက်မျိုးမျှ သက်သေခံမဝင်ချေ။

အထက်ပါ (ဆ) ကိစ္စတွင် ထိုသို့သော စာတမ်းအမှတ်အသားများကို စစ်ဆေးခြင်း၌ ကျွမ်းကျင်သူတစ်ဦးဦးက ထိုစာတမ်းအမှတ်အသားများကို စစ်ဆေးပြီးနောက် ယင်းတို့အပေါ် အားလုံးခြုံ၍ တွေ့ရှိသည့်အချက်ကို သက်သေခံ တင်ပြနိုင်သည်။

စာတမ်းအမှတ်အသား တင်ပြရန်အကြောင်းကြားစာနှင့် စပ်လျဉ်းသည့် စည်းကမ်းများ။

၆၆။ ပုဒ်မ ၆၅၊ အပိုဒ် (က) တွင် ရည်ညွှန်းထားသော စာတမ်းအမှတ်အသားများ၌ ပါရှိသည့် အချက်များ၏ ဒုတိယအဆင့်သက်သေခံချက်ကို တင်ပြလိုသောအမှုသည်က မူရင်းစာတမ်းအမှတ်အသားကို လက်ရှိဖြစ်သော သို့မဟုတ် စီမံပိုင်ခွင့်ရှိသောအမှုသည်အားဖြစ်စေ၊ ယင်း၏ရှေ့နေအားဖြစ်စေ၊ အဆိုပါစာတမ်းအမှတ်အသားကို တင်ပြစေရန်အတွက် ဥပဒေအရ သတ်မှတ်ထားသော အကြောင်းကြားစာဖြစ်စေ၊ အဆိုပါစာတမ်းအမှတ်အသားကို တင်ပြစေရန်အတွက် အကြောင်းကြားစာကို ဥပဒေအရ သတ်မှတ်ထားခြင်းမရှိလျှင် အမှု၏အခြေအနေအရ တရားရုံးကသင့်တော်သည်ဟုယူဆသော အကြောင်းကြားစာဖြစ်စေ အကြောင်းကြားစာတစ်မျိုးမျိုးကို ကြိုတင်ပေးပို့ခဲ့ခြင်းမရှိလျှင် မိမိတင်ပြလိုသော ဒုတိယအဆင့်သက်သေခံချက်ကို တင်ပြခြင်းမပြုရ။

သို့ရာတွင် အောက်ပါကိစ္စတစ်ရပ်ရပ်တွင် ဒုတိယအဆင့် သက်သေခံချက်ကို သက်သေခံဝင်စေရန် အတွက် အဆိုပါအကြောင်းကြားစာကို ပေးပို့ရန်မလို—

(၁) သက်သေထင်ရှားတင်ပြရမည့် စာတမ်းအမှတ်အသားသည်ပင်လျှင် အကြောင်းကြားစာ ဖြစ်နေသည့်အခါ၊

(၂) အမှု၏သဘောသဘာဝအရ ထိုစာတမ်းအမှတ်အသားကို တင်ပြစေရန် မိမိအားတောင်းဆိုဘော့မည်ကို ဆန့်ကျင်ဘက် အမှုသည်အနေနှင့် သိထိုက်သည့်အခါ၊

(3) when it appears or is proved that the adverse party has obtained possession of the original by fraud or force ;

(4) when the adverse party or his agent has the original in Court ;

(5) when the adverse party or his agent has admitted the loss of the document ;

(6) when the person in possession of the document is out of reach of, or not subject to, the process of the Court.

Proof of signature and hand-writing of person alleged to have signed or written document produced.

67. If a document is alleged to be signed or to have been written wholly or in part by any person, the signature or the handwriting of so much of the document as is alleged to be in that person's handwriting must be proved to be in his handwriting.

Proof of execution of document required by law to be attested.

68. If a document is required by law to be attested, it shall not be used as evidence until one attesting witness at least has been called for the purpose of proving its execution, if there be an attesting witness alive, and subject to the process of the Court and capable of giving evidence :

Provided that it shall not be necessary to call an attesting witness in proof of the execution of any document, not being a will, which has been registered unless its execution by the person by whom it purports to have been executed is specifically denied.

(၃) ဆန့်ကျင်ဘက်အမှုသည်က လိမ်လည်လှည့်ဖြား၍ဖြစ်စေ၊ အနိုင်အထက်ပြု၍ဖြစ်စေ၊ မူရင်းစာတမ်းအမှတ်အသားကို ရယူခဲ့သည့်သက်သေရှိသည့် သို့မဟုတ် ထိုသို့ရယူခဲ့ကြောင်း သက်သေထင်ရှားရှိသည့်အခါ၊

(၄) ဆန့်ကျင်ဘက်အမှုသည်က သို့မဟုတ် ယင်း၏ကိုယ်စားဆောင်ရွက်သူက မူရင်းစာတမ်းအမှတ်အသားကို တရားရုံးတွင်တင်သွင်းထားသည့်အခါ၊

(၅) ဆန့်ကျင်ဘက်အမှုသည်က သို့မဟုတ် ယင်း၏ကိုယ်စားဆောင်ရွက်သူက ထိုစာတမ်းအမှတ်အသားပျောက်ဆုံးကြောင်း ဝန်ခံထားသည့်အခါ၊

(၆) စာတမ်းအမှတ်အသားသက်ရှိဖြစ်သူသည် တရားရုံးကဆင့်ခေါ်၍မရနိုင်အောင် အလှမ်းကွာဝေးသူသော်လည်းကောင်း၊ တရားရုံးကဆင့်ခေါ်ခြင်းကို မလိုက်နာဘဲနေနိုင်ခွင့်ရှိသူသော်လည်းကောင်းဖြစ်သည့်အခါ သို့မဟုတ် ဒုတိယအဆင့်သက်သေခံချက်ကို သက်သေခံဝင်စေရန်အတွက် ထိုအကြောင်းကြားစာကို ပေးပို့ရန်မလို။

၆၇။ စာချုပ်စာတမ်းတစ်ခုကို ကစ်ဦးတစ်ယောက်သောသူက လက်မှတ်ရေးထိုးထားသည် သို့မဟုတ် အားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ ရေးသားထားသည်ဟုအဆိုရှိလျှင် ထိုထိုးမြဲလက်မှတ်သည် သို့မဟုတ် အဆိုပါစာတမ်းအမှတ်အသားရှိ ထိုသူ၏လက်ရေးနှင့်ဖြစ်သည်ဆိုသော ရေးသားချက်မှန်သမျှသည် ထိုသူ၏လက်ရေးနှင့်ဖြစ်ကြောင်း သက်သေထင်ရှားတင်ပြရမည်။

တင်ပြထားသည့် စာချုပ်စာတမ်း ကို လက်မှတ် ရေး ထိုး ခဲ့သည် သို့မဟုတ် ရေးသား ခဲ့သည်ဆို သူ၏ ထိုးမြဲလက် မှတ် နှင့် လက် ရေး ဖြစ်ကြောင်း သက် သေထင်ရှားတင်ပြခြင်း။

၆၈။ စာချုပ်စာတမ်းတစ်ခုကို ဥပဒေအရ အသိသက်သေများက လက်မှတ်ရေးထိုးရန်လိုအပ်သည်ဖြစ်လျှင် ထိုသို့လက်မှတ်ရေးထိုးသည့်အသိသက်သေများအနက် တစ်ဦးသည် အသက်ထင်ရှားရှိသူဖြစ်ပြီး တရားရုံးကဆင့်ခေါ်ခြင်းကို လိုက်နာရမည့်သူလည်းဖြစ်၍ သက်သေခံချက်ပေးနိုင်စွမ်းရှိသူလည်းဖြစ်လျှင် ထိုစာချုပ်စာတမ်းတွင် လက်မှတ်ရေးထိုးသော အသိသက်သေအနည်းဆုံးတစ်ဦးကို အဆိုပါစာချုပ်စာတမ်း ချုပ်ဆိုခဲ့ပြီးကြောင်း သက်သေထင်ရှား တင်ပြရန်အတွက် ခေါ်ယူစစ်ဆေးပြီးမှသာလျှင် ထိုစာချုပ်စာတမ်းကို သက်သေခံချက်အဖြစ် အသုံးပြုနိုင်သည်။ ထိုသို့အသိသက်သေကို ခေါ်ယူစစ်ဆေးခြင်းမပြုသေးသမျှ ထိုစာချုပ်စာတမ်းကို သက်သေခံချက်အဖြစ် အသုံးမပြုရ။

ဥပဒေအရ အသိသက်သေလက်မှတ် ရေးထိုးရန် လိုအပ်သော စာချုပ် စာတမ်းကို ချုပ် ဆိုကြောင်း သက် သေ ထင်ရှားတင်ပြခြင်း။

သို့ရာတွင် စာချုပ်စာတမ်းတစ်ခုကို မှတ်ပုံတင်ထားပြီးဖြစ်သည့်ပြင် ထိုချုပ်ဆိုသူကပင် ယင်းသို့ချုပ်ဆိုခဲ့ကြောင်းကို အတိအလင်း ငြင်းဆိုခြင်းမရှိပါက သက်သေထင်ရှား တင်ပြရန် အလို့ငှာ လက်မှတ်ရေးထိုးခဲ့သူ အသိသက်သေတစ်ဦးကို ခေါ်ယူစစ်ဆေးရန်မလို၊ ဤကိစ္စတွင် သေတမ်းစာများ အကျုံးမဝင်ချေ။

Proof where no attesting witness found.

69. If no such attesting witness can be found, or if the document purports to have been executed in the United Kingdom, it must be proved that the attestation of one attesting witness at least is in his handwriting, and that the signature of the person executing the document is in the handwriting of that person.

Admission of execution by party to attested document.

70. The admission of a party to an attested document of its execution by himself shall be sufficient proof of its execution as against him, though it be a document required by law to be attested.

Proof when attesting witness denies the execution.

71. If the attesting witness denies or does not recollect the execution of the document, its execution may be proved by other evidence.

Proof of document not required by law to be attested.

72. An attested document not required by law to be attested may be proved as if it was unattested.

Comparison of signature, writing or seal with others admitted or proved.

73. In order to ascertain whether a signature, writing or seal is that of the person by whom it purports to have been written or made, any signature, writing or seal admitted or proved to the satisfaction of the Court to have been written or made by that person may be compared with the one which is to be proved, although that signature, writing or seal has not been produced or proved for any other purpose.

အသိအထက်သောအဖြစ် လက်မှတ်ရေးထိုးသူကို ရှာမတွေ့သည့်အခါ သက်သေထင်ရှားတင်ပြခြင်း။

၆၉။ အဆိုပါအသိသက်သေကို ရှာမတွေ့နိုင်လျှင် သို့မဟုတ် ယူနိုင်တက်ကင်းဒမ်းတွင် ချုပ်ဆိုခြင်း ဖြစ်ခဲ့လျှင် ထိုစာချုပ် စာတမ်းတွင် အသိသက်သေအဖြစ် လက်မှတ်ရေးထိုးသူများ အနက်မှ အနည်းဆုံးတစ်ဦး၏သက်သေခံလက်မှတ်သည် ထိုသူ၏လက်ရေးဖြစ်ကြောင်းကိုလည်းကောင်း၊ ထိုစာချုပ်စာတမ်းကို ချုပ်ဆိုသူ၏ ထိုးမြဲလက်မှတ်သည် ထိုသူ၏ လက်မှတ်ဖြစ်ကြောင်းကို လည်းကောင်း သက်သေထင်ရှားတင်ပြရမည်။

အသိသက်သေ လက်မှတ်ရေးထိုး ထားသောစာချုပ်စာတမ်းကိုချုပ်ဆိုခဲ့သူက ထိုသို့ ချုပ်ဆိုကြောင်း ကိုဝန်ခံခြင်း။

၇၀။ စာချုပ်စာတမ်းတစ်ခုသည် ဥပဒေအရ အသိသက်သေ လက်မှတ် ရေးထိုးရမည် ဖြစ်စေကာမူ သက်သေခံ လက်မှတ်ရေးထိုးထားပြီးဖြစ်၍ ထိုချုပ်ဆိုသူ ကိုယ်တိုင်ကလည်း မိမိချုပ်ဆိုခဲ့ကြောင်း ဝန်ခံထားလျှင် ယင်းဝန်ခံချက်သည် ထိုသူနှင့် ပတ်သက်၍ စာချုပ်စာတမ်းကို ချုပ်ဆိုကြောင်း လုံလောက်သည့် သက်သေထင်ရှားခြင်း ဖြစ်သည်။

လက်မှတ်ရေးထိုးသော အသိသက်သေက မချုပ်ဆိုကြောင်း ငြင်းဆိုသည့် အခါ သက်သေထင်ရှားတင်ပြခြင်း။

၇၁။ လက်မှတ်ရေးထိုးသော အသိသက်သေက ထိုစာချုပ် စာတမ်းကို ချုပ်ဆိုခဲ့ခြင်းမရှိဟု ငြင်းဆိုလျှင် သို့မဟုတ် သတိမရလျှင် ထိုသို့ချုပ်ဆိုခဲ့ကြောင်း အခြားသက်သေခံချက်ဖြင့် သက်သေထင်ရှားတင်ပြနိုင်သည်။

ဥပဒေအရ အသိသက်သေလက်မှတ် ထိုးရန် မလိုသော စာချုပ်စာတမ်းကို ချုပ်ဆိုကြောင်း သက်သေထင်ရှားတင်ပြခြင်း။

၇၂။ ဥပဒေအရ အသိသက်သေ လက်မှတ်ရေးထိုးရန် မလိုသော စာချုပ် စာတမ်းတစ်ခုတွင် အသိသက်သေလက်မှတ်ရေးထိုး ထားပြီးဖြစ်သော်လည်း ချုပ်ဆိုခြင်းကို သက်သေထင်ရှားတင်ပြရာ၌ အသိသက်သေ လက်မှတ်ရေးထိုး ထားခြင်းမရှိသည့် အနေဖြင့် တင်ပြနိုင်သည်။

ထိုးမြဲလက်မှတ်၊ လက်ရေး သို့မဟုတ် တံဆိပ်ကို အခြားဝန်ခံထားသော သို့မဟုတ် သက်သေထင်ရှား တင်ပြပြီးသော ထိုးမြဲလက်မှတ်၊ လက်ရေး သို့မဟုတ် တံဆိပ်နှင့် တိုက်

၇၃။ တစ်စုံတစ်ခုသော ထိုးမြဲလက်မှတ်၊ လက်ရေး သို့မဟုတ် တံဆိပ်သည် ယင်းကို ရေးသားခဲ့သည် သို့မဟုတ် ပြုလုပ်ခဲ့သည်ဆိုသူ၏ ထိုးမြဲလက်မှတ်၊ လက်ရေး သို့မဟုတ် တံဆိပ်ဟုတ် မဟုတ် သိရှိနိုင်ရန် အလို့ငှာ အဆိုပါထိုးမြဲလက်မှတ်၊ လက်ရေး သို့မဟုတ် တံဆိပ်ကို ထိုသူရေးသားခဲ့သည် သို့မဟုတ် ပြုလုပ်ခဲ့သည်ဟု ဝန်ခံထားသော သို့မဟုတ် တရားရုံးက ကျေနပ်လောက်အောင် သက်သေထင်ရှား တင်ပြထားသော ထိုးမြဲလက်မှတ်၊ လက်ရေး သို့မဟုတ် တံဆိပ်တစ်ခုခုနှင့် တိုက်ဆိုင်စစ်ဆေးနိုင်သည်။ ထိုသူရေးသားခဲ့သည့် သို့မဟုတ် ပြုလုပ်ခဲ့သည်ဟု ဝန်ခံထားသော သို့မဟုတ် တရားရုံးက ကျေနပ်လောက်အောင် သက်သေထင်ရှား တင်ပြထားသော ဆိုခဲ့သည့် ထိုးမြဲလက်မှတ်၊ လက်ရေး သို့မဟုတ် တံဆိပ်ကိုတင်ပြစဉ်က ဤကိစ္စအတွက် တင်ပြခဲ့ခြင်း မဟုတ်စေကာမူ ထိုသို့တိုက်ဆိုင်စစ်ဆေးခြင်းပြုနိုင်သည်။

The Court may direct any person present in Court to write any words or figures for the purpose of enabling the Court to compare the words or figures so written with any words or figures alleged to have been written by such person.

This section applies also, with any necessary modifications, to finger-impressions.

Public Documents.

Public documents.

74. The following documents are public documents :—

(1) documents forming the Acts or records of the Acts—

(i) of the sovereign authority,

(ii) of official bodies and tribunals, and

(iii) of public officers, legislative, judicial and executive, whether of the Union of Burma [* * * *][1] or of a foreign country ;

(2) public records kept in the Union of Burma of private documents.

Private documents.

75. All other documents are private.

Certified copies of public documents.

76. Every public officer having the custody of a public document, which any person has a right to inspect, shall give that person on demand a copy of it on payment of the legal fees therefor, together with a certificate written at the foot of such copy that it is a true copy of such document or part thereof, as the case may be, and such certificate shall be dated and subscribed by such officer with his name and his official title, and shall be sealed, whenever such officer is authorized by law to make use of a seal, and such copies so certified shall be called certified copies.

Explanation.—Any officer who, by the ordinary course of official duty, is authorized to deliver such copies, shall be deemed to have the custody of such documents within the meaning of this section.

[1] Omitted by the Union of Burma (Adaptation of Laws) Order, 1948.

တရားရုံးသည် ရုံးရှေ့တွင် ရောက်ရှိနေသူ တစ်ဦးဦးအား ထိုသူရေးသားသည်ဆိုသော စာလုံး ဆိုင် စစ် ဆေး မှုများ သို့မဟုတ် ဂဏန်းများနှင့် တိုက်ဆိုင်စစ်ဆေးနိုင်ရန် အလို့ငှာ မည်သည့်စာလုံး သို့မဟုတ်ဂဏန်း ခြင်း များကိုမဆို ရေးသားရန် ညွှန်ကြားနိုင်သည်။

ဤပုဒ်မသည် လက်ဗွေပုံစံများနှင့်လည်း သက်ဆိုင်သည်။ ယင်းကိစ္စအလို့ငှာ ဤပုဒ်မကို လိုအပ် သလို ပြင်ဆင်ခြင်းဖြင့်လည်း သုံးနိုင်သည်။

အများပြည်သူတို့နှင့် သက်ဆိုင်သည့် စာတမ်းအမှတ်အသားများ

၇၄။ အောက်ပါ စာတမ်း အမှတ် အသား များသည် အများပြည်သူတို့နှင့် သက်ဆိုင်သည့်စာတမ်း အမှတ်အသားများဖြစ်သည် — (အများ ပြည်သူတို့နှင့် သက်ဆိုင် သည့် စာတမ်း အမှတ်အသားများ။)

၁။ အောက်ပါတို့၏ ဆောင်ရွက်ချက်ဖြစ်သော သို့မဟုတ် ဆောင်ရွက်ချက် မှတ်တမ်းများ ဖြစ်သော စာတမ်းအမှတ်အသား သို့မဟုတ် ဥပဒေများ၏ မှတ်တမ်းများ —

(က) နိုင်ငံတော် အချုပ်အခြာအာဏာပိုင်၊

(ခ) ဥပဒေအရ ဖွဲ့စည်းထားသော အဖွဲ့အစည်းများနှင့် ခုံရုံးများ၊ ထို့ပြင်

(ဂ) ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ သို့မဟုတ် နိုင်ငံခြားတိုင်းပြည်တစ်ခု၏ ဥပဒေပြု ဆိုင်ရာ၊ တရားစီရင်ရေးဆိုင်ရာနှင့် စီမံခန့်ခွဲရေးဆိုင်ရာ ပြည်သူ့ဝန်ထမ်းများ။

၂။ ပြည်ထောင်စု မြန်မာနိုင်ငံတော်တွင် အများပြည်သူတို့နှင့် သက်ဆိုင်သော မှတ်တမ်းများ အဖြစ် ထိန်းသိမ်းထားရှိသည့် ပုဂ္ဂလိကစာတမ်းအမှတ်အသားများ။

၇၅။ အခြားစာတမ်း အမှတ်အသားအားလုံးသည် ပုဂ္ဂလိကစာတမ်းအမှတ်အသားများဖြစ်သည်။ (ပုဂ္ဂလိကစာ တမ်း အမှတ် အသားများ)

၇၆။ မည်သူမဆို စစ်ဆေးကြည့်ရှုနိုင်ခွင့်ရှိသော အများပြည်သူတို့နှင့်သက်ဆိုင်သည့် စာတမ်းအမှတ် အသားကို ထိန်းသိမ်းရသော ပြည်သူ့ဝန်ထမ်းအားလုံးသည် ထိုသို့စစ်ဆေးကြည့်ရှုနိုင်ခွင့်ရှိသူက ကျသင့်သည့် တရားဝင်သတ်မှတ်သော အခကြေးငွေကိုပေးဆောင်၍ ထိုစာတမ်းအမှတ်အသားကို တောင်းဆိုသည့်အခါ ထိုသူအား ယင်းမိတ္တူကို ထုတ်ပေးရမည်၊ ထိုမိတ္တူ၏အောက်ခြေတွင် ယင်းမိတ္တူမှာ ဆိုခဲ့သည့် စာတမ်းအမှတ်အသား၏ တာဝန်ခံ မိတ္တူမှန်ဖြစ်ကြောင်း သို့မဟုတ် ထိုစာတမ်း အမှတ် အသား တစ်စိတ်တစ်ပိုင်း၏ မိတ္တူဖြစ်ကြောင်း ထောက်ခံချက် ပါရှိစေရမည်၊ ထိုထောက်ခံချက်တွင် အဆိုပါ ပြည်သူ့ဝန်ထမ်းက မိမိ၏အမည် ဘွဲ့အမည် တို့ကိုဖော်ပြပြီး နေ့စွဲတပ်၍ လက်မှတ်ရေးထိုး ရမည်၊ ထိုဝန်ထမ်းသည်ဥပဒေအရ တံ အမှတ်အသားကို အသုံးပြုခွင့်ရှိလျှင် ထိုတံဆိပ် အမှတ် အသားကို ရိုက်နှိပ်ရမည်၊ ဤကဲ့သို့ ထောက်ခံရေးသားထားသောမိတ္တူများကို တာဝန်ခံမိတ္တူများဟု ခေါ်တွင်စေရမည်။ (အများ ပြည်သူ တို့ နှင့် သက်ဆိုင် သည့် စာ တမ်း အမှတ် အ သားများ၏ တာ ဝန်ခံမိတ္တူများ။)

ရှင်းလင်းချက်။ ဝန်ထမ်းတစ်ဦးဦးသည် လုပ်ဆောင်နေကျဖြစ်သည့် မိမိ၏ရာထူးဆိုင်ရာ ဝတ္တရားအရ အဆိုပါမိတ္တူများကို ထုတ်ပေးခွင့်ရှိလျှင် ထိုဝန်ထမ်းသည် ဤပုဒ်မ၏အဓိပ္ပာယ်အရ ဆိုခဲ့သော စာတမ်းအမှတ်အသားများကို ထိန်းသိမ်းရသော ဝန်ထမ်းဖြစ်သည်ဟု မှတ်ယူရမည်။

Proof of documents by production of certified copies.

77. Such certified copies may be produced in proof of the contents of the public documents or parts of the public documents of which they purport to be copies.

Proof of other official documents.

78. The following public documents may be proved as follows :—

(1) Acts, orders or notifications of the Government,—

by the records of the departments, certified by the heads of those departments respectively, or by any document purporting to be printed by order of the President of the Union ;

(2) the proceedings of the Legislatures,—

by the journals of those bodies respectively, or by published Acts or abstracts, or by copies purporting to be printed by order of the President of the Union ;

(3) proclamations, orders or regulations issued by His Britannic Majesty or by the Privy Council, or by any department of His Britannic Majesty's Government,—

by copies or extracts contained in the London Gazette, or purporting to be printed by the [official Printer] ;[1]

(4) the Acts of the Executive or the proceedings of the Legislature of a foreign country,—

by journals published by their authority, or commonly received in that country as such, or by a copy certified under the seal of the country or sovereign, or by a recognition thereof in some enactment in force in the Union of Burma ;

(5) the proceedings of a municipal body in the Union of Burma,—

by a copy of such proceedings, certified by the legal keeper thereof, or by a printed book purporting to be published by the authority of such body ;

---

[1] Substituted by the Union of Burma (Adaptation of Laws) Order, 1948

၇၇။ အများပြည်သူတို့နှင့်သက်ဆိုင်သည့် စာတမ်းအမှတ်အသားများတွင် သို့မဟုတ် ယင်းစာတမ်းအမှတ်အသား၏ အစိတ်အပိုင်းများတွင် ပါရှိသည့်အချက်များ သက်သေသင်ရှားတင်ပြရန်အလို့ငှာ အဆိုပါစာတမ်းအမှတ်အသားများ၏ တာဝန်ခံမိတ္တူများကို တင်ပြနိုင်သည်။

တာဝန်ခံမိတ္တူများကို စာတမ်းအမှတ်အသားများအဖြစ် သက်သေထင်ရှားတင်ပြခြင်း။

၇၈။ အောက်ပါအများပြည်သူတို့နှင့်သက်ဆိုင်သည့် စာတမ်းအမှတ်အသားများကို အောက်တွင်ဖော်ပြထားသည့်အတိုင်း သက်သေထင်ရှားတင်ပြနိုင်သည်—

အစိုးရရုံးများဆိုင်ရာ အခြားစာတမ်းအမှတ်အသားများ အတွက် သက်သေထင်ရှားတင်ပြခြင်း။

(၁) အစိုးရအက်ဥပဒေများ၊ အမိန့်များနှင့် အမိန့်ကြော်ငြာစာများ—
သက်ဆိုင်ရာဌာနများ၏ အကြီးအကဲများက တာဝန်ခံ လက်မှတ်ရေးထိုးထားသော ဌာနဆိုင်ရာမှ မှတ်တမ်းများ သို့မဟုတ် ပြည်ထောင်စု သမ္မတ၏ အမိန့်သဘောအရ ပုံနှိပ်ထားသည်ဆိုသော စာတမ်းအမှတ်အသားများ၊

(၂) ဥပဒေပြုအဖွဲ့များ၏ဆောင်ရွက်ချက်များ —
ထိုအဖွဲ့များ၏ ဂျာနယ်များ သို့မဟုတ် ထုတ်ပြန်ထားသော အက်ဥပဒေများ သို့မဟုတ် ၎င်းတို့၏ ကောက်နုတ်ချက်များ သို့မဟုတ် ပြည်ထောင်စု သမ္မတ၏ အမိန့်သဘောအရ ပုံနှိပ်ထားသည်ဆိုသော မိတ္တူများ၊

(၃) ဗြိတိန်ဘုရင် သို့မဟုတ် ပရီဗီကောင်စီ သို့မဟုတ် ဗြိတိန်ဘုရင်အစိုးရ၏ ဌာနတစ်ခုခုမှဖြစ်စေ ထုတ်ပြန်သော ကြေညာစာတမ်းများ —
အမိန့်နှင့် စည်းမျဉ်းဥပဒေများ သို့မဟုတ် လန်ဒန်ဂေဇက်က ရိုက်နှိပ်သည့်သဘော သက်ရောက်သည့် မိတ္တူနှင့်ကောက်နုတ်ချက်များ၊

(၄) နိုင်ငံခြား တိုင်းပြည်တစ်ပြည်၏ အုပ်ချုပ်ရေးအဖွဲ့၏ အက်ဥပဒေများ သို့မဟုတ် ဥပဒေပြုအဖွဲ့၏ဆောင်ရွက်ချက်များ —
၎င်းအဖွဲ့များ၏ အမိန့်အာဏာအရ ထုတ်ဝေသော သို့မဟုတ် ထိုနိုင်ငံတွင် ထိုကဲ့သို့ ထုတ်ဝေသည်ဟု သာမန်အားဖြင့် လက်ခံသောဂျာနယ်များ သို့မဟုတ် ထိုနိုင်ငံ၏ တံဆိပ်ဖြင့်ဖြစ်စေ ထိုနိုင်ငံဘုရင်၏ တံဆိပ်အမှတ်အသားဖြင့် တာဝန်ခံလက်မှတ်ရေးထိုးထားသော သို့မဟုတ် ပြည်ထောင်စု မြန်မာနိုင်ငံတွင် တည်ဆဲဖြစ်သော ဥပဒေအရ အသိအမှတ် ပြုထားသော မိတ္တူများ၊

(၅) ပြည်ထောင်စု မြန်မာနိုင်ငံအတွင်း စည်ပင်သာယာရေးအဖွဲ့ တစ်ဖွဲ့၏ ဆောင်ရွက်ချက်များ —
အဆိုပါ ဆောင်ရွက်ချက်များကို ဥပဒေအရ ထိန်းသိမ်းရသူက တာဝန်ခံ လက်မှတ်ရေးထိုးသော အဆိုပါ ဆောင်ရွက်ချက်များ၏မိတ္တူ သို့မဟုတ် အဆိုပါအဖွဲ့၏အမိန့်အရ ထုတ်ဝေထားသည်ဆိုသော ပုံနှိပ်ထားသည့်စာအုပ်၊

(6) public documents of any other class in a foreign country,—

by the original, or by a copy certified by tne legal keeper thereof, with a certificate under the seal of a notary public, or of a British Consul or [diplomatic agent or the diplomatic agent for the Union],[1] that the copy is duly certified by the officer having the legal custody of the original, and upon proof of the character of the document according to the law of the foreign country.

Presumptions as to Documents.

Presumption as to genuineness of certified copies

79. The Court shall presume every document purporting to be a certificate, certified copy or other document, which is by law declared to be admissible as evidence of any particular fact and which purports to be duly certified by any officer in the Union of Burma, [or by any officer in any other part of the Union of Burma who is duly authorized thereto by the President of the Union],[2] to be genuine :

Provided that such document is substantially in the form and purports to be executed in the manner directed by law in that behalf.

The Court shall also presume that any officer by whom any such document purports to be signed or certified held, when he signed it, the official character which he claims in such paper.

Presumption as to documents produced as record of evidence.

80. Whenever any document is produced before any Court, purporting to be a record or memorandum of the evidence, or of any part of the evidence, given by a witness in a judicial proceeding or before any officer authorized by law to take such evidence, or to be a statement or confession by any prisoner or accused person, taken in accordance with law, and purporting to be signed by any Judge or Magistrate, or by any such officer as aforesaid, the Court shall presume—

that the document is genuine ; that any statements as to the circumstances under which it was taken, purporting to be made by the person signing it, are true, and that such evidence, statement or confession was duly taken.

(၆) နိုင်ငံခြား တိုင်းပြည်တစ်ပြည်၏ အများပြည်သူတို့နှင့်သက်ဆိုင်သော အခြားစာတမ်း အမှတ်အသား—

အထက်ပါ အမျိုးအစားတစ်ရပ်ရပ်ကို မူရင်းစာတမ်း သို့မဟုတ် အဆိုပါ စာတမ်းအမှတ်အသားကို တရားဝင်ထိန်းသိမ်းရသူ၏ တာဝန်ခံမိတ္တူဖြင့် တင်ပြနိုင်သည်။ ဆိုခဲ့သည့် မှန်ကြောင်း ထောက်ခံထားသောမိတ္တူသည် မူရင်းစာတမ်း အမှတ်အသား၏ အမျိုးအစားဖြစ်ကြောင်းကို ထိုနိုင်ငံခြားတိုင်းပြည်၏ တရားဥပဒေနှင့်အညီ အထောက်အထားတင်ပြပြီး ဖြစ်သည်ဟူ၍လည်းကောင်း၊ မူရင်းစာတမ်း အမှတ်အသားကို တရားဝင်ထိန်းသိမ်းရသူက နည်းလမ်းတကျ တာဝန်ခံမိတ္တူဖြစ်သည် ဟူ၍လည်းကောင်း နိုထရီပတ်ဗလစ်မှတ်ပုံတင် အရာရှိကဖြစ်စေ၊ ဗြိတိသျှကောင်စစ်ဝန် သို့မဟုတ် သံအမန်ကိုယ်စားလှယ် သို့မဟုတ် ပြည်ထောင်စု မြန်မာနိုင်ငံတော် သို့မဟုတ် သံတမန်ကိုယ်စားလှယ်ကဖြစ်စေ တံဆိပ် ရိုက်နှိပ်ထားပြီး တာဝန်ခံကြောင်း သက်သေခံချက်တစ်ရပ်ရပ် ပါရှိရမည်။

စာတမ်းအမှတ်အသားများနှင့် စပ်လျဉ်း၍ အမှန်ကဲ့သို့ မှတ်ယူခြင်း

၇၉။ (တာဝန်ခံမိတ္တူများ အစစ်အမှန် ဟု မှတ်ယူခြင်း။) သက်သေခံလက်မှတ်သော်လည်းကောင်း၊ တာဝန်ခံ မိတ္တူသော်လည်းကောင်း၊ အခြားစာချုပ်စာတမ်းသော်လည်းကောင်း ဖြစ်သည်ဆိုသော စာတမ်းအမှတ်အသားတစ်ခုသည် တစ်စုံတစ်ခုသော အချက်အတွက် သက်သေခံချက်အဖြစ် သက်သေခံဝင်သည်ဟု ဥပဒေအရ ကြေညာထားသော စာတမ်းအမှတ်အသားဖြစ်ခြင်း၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်အတွင်းရှိ ဝန်ထမ်းတစ်ဦးဦးက နည်းလမ်းတကျ တာဝန်ခံထားသော စာတမ်းအမှတ်အသားဖြစ်ခြင်းတို့နှင့် ပြည့်စုံလျှင် တရားရုံးက ယင်းကိုစစ်မှန်သည်ဟု မှတ်ယူရမည်။

သို့ရာတွင် ထိုကိစ္စနှင့် စပ်လျဉ်းသည့် အဓိကအားဖြင့် ဥပဒေတွင်ညွှန်ပြထားသည့် သဘော သက်ရောက်သော ပုံဖြင့် ချုပ်ဆိုထား၍ ထိုသို့ညွှန်ပြထားသည့် နည်းလမ်းအရ ရေးသားချုပ်ဆိုထားသောစာတမ်းအမှတ်အသားဖြစ်ရမည်။

အဆိုပါစာတမ်းအမှတ်အသားကို လက်မှတ်ရေးထိုးသည် သို့မဟုတ် တာဝန်ခံသည်ဆိုသော ဝန်ထမ်းသည် ထိုစာတမ်းအမှတ်အသားကို လက်မှတ်ရေးထိုးသည့်အခါ ယင်းစာတမ်းအမှတ်အသားပေါ်တွင် ဖော်ပြထားသည့်ရာထူးတွင် လက်ရှိထမ်းဆောင်နေသည်ဟု တရားရုံးက မှတ်ယူရမည်။

၈၀။ (သက်သေခံချက်၏မှတ်တမ်းအဖြစ် ထင်ပြသည့် စာတမ်းအမှတ်အသားများနှင့်စပ်လျဉ်း၍ အမှန်ကဲ့သို့ မှတ်ယူခြင်း။) တရားစီရင်ရေးမှုခင်းတစ်ခုတွင်ဖြစ်စေ၊ တရားဥပဒေအရ သက်သေခံ ရေးမှတ်ရယူခွင့် ရှိသူ ဝန်ထမ်း တစ်ဦးတစ်ယောက်ထံတွင်ဖြစ်စေ၊ သက်သေတစ်ဦးက ထွက်ဆိုသော သက်သေခံချက် သို့မဟုတ် သက်သေခံချက်တစ်စိတ်တစ်ပိုင်း၏ မှတ်တမ်းသော်လည်းကောင်း၊ အကျဉ်းချုပ်သော်လည်းကောင်း ဖြစ်သည်ဆိုသော စာတမ်းအမှတ်အသား သို့မဟုတ် တရားဥပဒေအရ ရေးမှတ်ရယူထားပြီး တရားသူကြီး သို့မဟုတ် ရာဇဝတ်တရားသူကြီးကဖြစ်စေ၊ အထက်ဆိုခဲ့သည့် ဝန်ထမ်းတစ်ဦးဦးက ဖြစ်စေ လက်မှတ်ရေးထိုးထားသည်ဆိုသော အကျဉ်းသား သို့မဟုတ် တရားခံတစ်ဦးတစ်ယောက်၏ ထွက်ချက်သော်လည်းကောင်း၊ ဖြောင့်ချက်သော်လည်းကောင်း ဖြစ်သည်ဆိုသော စာတမ်းအမှတ်အသားတစ်ခုခုကို တရားရုံးတစ်ခုခုသို့ တင်ပြသည့်အခါ ထိုတရားရုံးက ထိုစာတမ်းအမှတ်အသားသည် စစ်မှန်သည်ဟူ၍လည်းကောင်း၊ ထိုစာတမ်းအမှတ်အသားကို ရေးမှတ်ရယူရာတွင် ရှိနေသော အခြေအနေနှင့် စပ်လျဉ်း၍ လက်မှတ်ရေးထိုးထားသည်မှာ မှန်ကန်သည်ဟူ၍လည်းကောင်း ထိုသက်သေခံချက်၊ ထွက်ချက် သို့မဟုတ် ဖြောင့်ချက်ကို နည်းလမ်းတကျ ရေးမှတ်ရယူထားသည်ဟူ၍ လည်းကောင်း မှတ်ယူရမည်။

Presumption as to Gazettes, newspapers, private Acts of Parliament and other documents.

81. The Court shall presume the genuineness of every document purporting to be the London Gazette or the Gazette of the Union of Burma, or the Government Gazette of any colony, dependency or possession of the British Government, or to be a newspaper or journal, or to be a copy of a private Act of [Parliament of the United Kingdom of Great Britain and Ireland][1] printed by the [official Printer],[1] and of every document purporting to be a document directed by any law to be kept by any person, if such document is kept substantially in the form required by law and is produced from proper custody.

Presumption as to document admissible in England without proof of seal or signature.

82. When any document is produced before any Court, purporting to be a document which, by the law in force for the time being in England and Ireland, would be admissible in proof of any particular in any Court of Justice in England or Ireland, without proof of the seal or stamp or signature authenticating it, or of the judicial or official character claimed by the person by whom it purports to be signed, the Court shall persume that such seal, stamp or signature is genuine, and that the person signing it held, at the time when he signed it, the judicial or official character which he claims,

and the document shall be admissible for the same purpose for which it would be admissible in England or Ireland.

Presumption as to maps or plans made by authority of Government.

83. The Court shall presume that maps or plans purporting to be made by the authority of Government were so made, and are accurate; but maps or plans made for the purposes of any cause must be proved to be accurate.

Presumption as to collections of laws and reports of decisions.

84. The Court shall presume the genuineness of every book purporting to be printed or published under the authority of the Government of any country, and to contain any of the laws of that country, and ot every book purporting to contain reports of decisions of the Courts of such country.

Presumption as to powers-of-attorney.

85. The Court shall presume that every document purporting to be a power-of-attorney, and to have been executed before, and authenticated by, a notary public, or any Court, Judge, Magistrate, British Consul or Vice-Consul, or representative of [His Britannic Majesty or the Union of Burma],[1] was so executed and authenticated.

---

[1] Substituted by the Union of Burma (Adaptation of Laws) Order, 1948.

[2] The words in brackets should have been omitted.

၈၁။ အောက်တွင်ဖော်ပြထားသော စာတမ်းအမှတ်အသားများသည် အစစ်အမှန်ဖြစ်သည်ဟု မှတ်ယူရမည်။

လန်ဒန်ဂေဇက် သို့မဟုတ် ပြည်ထောင်စု မြန်မာနိုင်ငံပြန်တမ်း သို့မဟုတ် ဗြိတိသျှအစိုးရ၏ ကိုလိုနီနိုင်ငံလက်အောက်ခံ နိုင်ငံ သို့မဟုတ် ပိုင်ဆိုင်သော နိုင်ငံ၏ အစိုးရပြန်တမ်း သို့မဟုတ် သတင်းစာ သို့မဟုတ် ဂျာနယ် သို့မဟုတ် ဂရိတ်ဗြိတိန်နှင့် အိုင်ယာလန်တို့ ပါဝင်သော ယူနိုက်တက်ကင်းဒမ်းနိုင်ငံပါလီမန်၏ အက်ဥပဒေကို အစိုးရ ပုံနှိပ်ရေးအရာရှိက ပုံနှိပ်ထားသည် ဆိုသော မိတ္တူနှင့် ဥပဒေတစ်ရပ်ရပ်၏ ညွှန်ကြားချက်အရ လူတစ်ဦးတစ်ယောက်က ထိန်းသိမ်း ထားရသော စာတမ်းအမှတ်အသားဖြစ်၍ ဥပဒေက လိုအပ်သည့်အတိုင်း နေရာတကျ ထိန်းသိမ်းထားရာမှ တင်ပြခြင်းဖြစ်သည့် စာတမ်းအမှတ်အသားတိုင်းသည် အစစ်အမှန်ဖြစ် သည်ဟု တရားရုံးက မှတ်ယူရမည်။

နိုင်ငံတော် ပြန်တမ်းများ၊ သတင်းစာများနှင့် အခြား စာတမ်းအမှတ် အသားများ ပါသော ဥပဒေများနှင့် စပ်လျဉ်း၍ အမှန်ကဲ့သို့ မှတ်ယူခြင်း။

၈၂။ ဤအမှတ်အသားပါ အမှန်ဖြစ်ကြောင်း ဖော်ပြသည့် တံဆိပ်ခေါင်း သို့မဟုတ် လက်မှတ်ကို ဖြစ်စေ၊ လက်မှတ်ရေးထိုးသည် အဆုံးရှိသူက အမှီပြုသည့် ရာထူးကိုဖြစ်စေ ထင်ရှားအောင်မပြုလုပ်ဘဲ အင်္ဂလန်နိုင်ငံတွင်ဖြစ်စေ၊ အိုင်ယာလန်နိုင်ငံတွင်ဖြစ်စေ တည်ရှိလျက်ရှိသည့် တရားဥပဒေအရ ယင်း နိုင်ငံများအတွင်း တရားရုံး တစ်စုံတစ်ရာတွင် မည်သည့်အကြောင်းကိုမဆို ထင်ရှားဖော်ပြရန်လက်ခံ ယိုက်သည့် အမှတ်အသား တစ်စုံတစ်ရာကို တရားရုံးတွင် တင်ပြသည့်အခါ တရားရုံးက ယင်းတံဆိပ်၊ တံဆိပ်ခေါင်း သို့မဟုတ် လက်မှတ်သည် အစစ်အမှန်ဖြစ်ကြောင်း၊ ၎င်းလက်မှတ်ကိုရေးထိုးသူမှာလည်း ယင်းကဲ့သို့ ရေးထိုးသည့်အခါ တရားရေးရာအရ သို့မဟုတ် ရုံးလုပ်ငန်းအရ တာဝန်ထမ်းဆောင် နေကြောင်းမှတ်ယူရမည်။

ထို့ပြင် ယင်းစာတမ်းအမှတ်အသားသည် အင်္ဂလန်နှင့် အိုင်ယာလန်နိုင်ငံတို့တွင် သက်သေခံ ဝင်သည့်အတိုင်း သက်သေခံဝင်ရမည်။

အင်္ဂလန် တွင် လက်ခံနိုင်သည့် စာတမ်းအမှတ် အသားကိုတံဆိပ် သို့မဟုတ် လက် မှတ်ကို ထင်ရှား အောင် မပြုလုပ် ဘဲ အမှန်ကဲ့သို့ မှတ်ယူခြင်း။

၈၃။ နိုင်ငံတော်အစိုးရ၏ အမိန့်အရ ပြုလုပ်ထားသည်ဆိုသော မြေပုံများ သို့မဟုတ် ပုံစံပြမြေပုံ များကို ထိုကဲ့သို့ အမိန့်အရ ပြုလုပ်ထားသည်ဟူ၍ လည်းကောင်း၊ ယင်းတို့သည် တိကျမှန်ကန်သည် ဟူ၍လည်းကောင်း တရားရုံးက မှတ်ယူရမည်။ သို့ရာတွင် အခြားအကြောင်း ကိစ္စတစ်ခုခုအတွက် ပြုလုပ်ထားသော မြေပုံများ သို့မဟုတ် စံပြ မြေပုံများ တိကျမှန်ကန်ကြောင်းကိုမူ သက်သေထင်ရှား တင်ပြရမည်။

အစိုးရ၏ အမိန့် အရ ပြုလုပ်သည့် မြေပုံများ သို့ မဟုတ် ပုံစံပြမြေ ပုံများ နှင့် စပ် လျဉ်း၍ အမှန် ကဲ့သို့ မှတ် ယူ ခြင်း။

၈၄။ တိုင်းပြည်တစ်ခု၏ အစိုးရအမိန့်အရ ပုံနှိပ်ထုတ်ဝေပြီး တိုင်းပြည်၏ တရားဥပဒေများပါရှိသည် ဆိုသောစာအုပ်ဟူသမျှကိုလည်းကောင်း၊ အဆိုပါ တိုင်းပြည်ရှိ တရားရုံးများ၏ စီရင်ထုံးများပါရှိ သည်ဆိုသော စာအုပ်ဟူသမျှကို လည်းကောင်း စစ်မှန်သည်ဟု တရားရုံးကမှတ်ယူရမည်။

ဥပဒေ စုများ၊ စီ ရင်ထုံးစာ အုပ် များနှင့်စပ်လျဉ်း၍ အမှန် ကဲ့သို့ မှတ် ယူခြင်း။

၈၅။ နိုတာရီပက်ဗလစ် သို့မဟုတ် တရားရုံး၊ တရားမ တရားသူကြီး၊ ရာဇဝတ်တရားသူကြီး၊ ဗြိတိသျှ ကောင်စစ်ဝန် သို့မဟုတ် လက်ထောက်ကောင်စစ်ဝန် သို့မဟုတ် ဗြိတိသျှဘုရင်၏သို့မဟုတ်ပြည်ထောင်စု မြန်မာနိုင်ငံ၏ ကိုယ်စားလှယ်ရှေ့မှောက်တွင်ချုပ်ဆို၍ ယင်းက မှန်ကန်ကြောင်း တာဝန်ခံလက်မှတ် ရေးထိုးထားသော ကိုယ်စားလှယ်စာဖြစ်သည့် စာတမ်းအမှတ်အသားတိုင်းသည် ချုပ်ဆို၍ မှန်ကန် ကြောင်းထင်ရှားစေသည်ဟု မှတ်ယူရမည်။

ကိုယ် စား လှယ် များနှင့်စပ်လျဉ်း ၍ အမှန် ကဲ့ သို့ မှတ်ယူ ခြင်း။

Presumption as to certified copies of foreign judicial records.

86. The Court may presume that any document purporting to be a certified copy of any judicial record of any country not forming part of [His Britannic Majesty's dominions or the Union of Burma][1] is genuine and accurate, if the document purports to be certified in any manner which is certified by any representative of [His Britannic Majesty or the Union of Burma][1] in or for such country to be the manner commonly in use in that country for the certification of copies of judicial records.

Presumption as to books, maps and charts.

87. The Court may presume that any book to which it may refer for information on matters of public or general interest, and that any published map or chart, the statements of which are relevant facts and which is produced for its inspection, was written and published by the person and at the time and place, by whom or at which it purports to have been written or published.

Presumption as to telegraphic messages.

88. The Court may presume that a message, forwarded from a telegraph office to the person to whom such message purports to be addressed, corresponds with a message delivered for transmission at the office from which the message purports to be sent; but the Court shall not make any presumption as to the person by whom such message was delivered for transmission.

Presumption as to due execution, etc., of documents not produced.

89. The Court shall presume that every document, called for and not produced after notice to produce, was attested, stamped and executed in the manner required by law.

Presumption as to documents thirty years old.

90. Where any document, purporting or proved to be thirty years old, is produced from any custody which the Court in the particular case considers proper, the Court may presume that the signature and every other part of such document, which purports to be in the handwriting of any particular person, is in that person's handwriting, and, in the case of a document executed or attested, that it was duly executed and attested by the persons by whom it purports to be executed and attested.

[1] Substituted by the Union of Burma (Adaptation of Laws) Order, 1948.

၈၆။ ဗြိတိသျှဘုရင်ပိုင်နိုင်ငံများတွင် အပါအဝင် မဟုတ်သော သို့မဟုတ် ပြည်ထောင်စု မြန်မာနိုင်ငံ မဟုတ်သော နိုင်ငံတစ်ခု၏ တရားရေးရာတာဝန်ခံ၏ မိတ္တူဆိုသော စာတမ်းအမှတ်အသားတစ်စောင်သည် ထိုနိုင်ငံတွင် တရားရေးရာ မှတ်တမ်းများကို တာဝန်ခံလက်မှတ်ရေးထိုးရာ၌ အစဉ်အားဖြင့် လိုက်နာကျင့်သုံးလေ့ရှိသော နည်းလမ်းအတိုင်း တာဝန်ခံ သက်သေခံ လက်မှတ်ရေးထိုး ထားခြင်းဖြစ်သည်ဟု ထိုနိုင်ငံရှိ သို့မဟုတ် ထိုနိုင်ငံအတွက် ခန့်အပ်ထားသော ဗြိတိသျှဘုရင်၏ သို့မဟုတ် ပြည်ထောင်စု မြန်မာနိုင်ငံ၏ ကိုယ်စားလှယ်တစ်ဦးဦးက တာဝန်ခံ လက်မှတ်ရေးထိုးထားလျှင် ထိုစာတမ်းအမှတ်အသားသည် စစ်မှန်၍ တိကျသည်ဟု တရားရုံးက မှတ်ယူနိုင်သည်။

နိုင်ငံခြားတရားရုံးက တာဝန်ခံ လက်မှတ်ရေးထိုးထားသော မိတ္တူများနှင့်စပ်လျဉ်း၍ အမှန်ကဲ့သို့ မှတ်ယူခြင်း။

၈၇။ အဆိုပါစာအုပ်သည် အများပြည်သူတို့၏ သို့မဟုတ် လူအများ၏ အကျိုးနှင့် သက်ဆိုင်သော ကိစ္စများကို သိရှိနိုင်ရန်အလို့ငှာ တရားရုံးက အကိုးအကား ပြုသည့်စာအုပ်ဖြစ်လျှင် မြေပုံ သို့မဟုတ် အခြေအနေပြ မြေပုံသည်အမှု၌စပ်ဆိုင်သော အကြောင်းခြင်းရာများ ဖော်ပြပါရှိပြီး တရားရုံးက ကြည့်ရှုစစ်ဆေးရန် တင်ပြထားလျှင် ထိုရေးသားသည်ဆိုသူကပင် ရေးသားခဲ့သည်ဟူ၍လည်းကောင်း၊ ပုံနှိပ်ဖြန့်ချိသည်ဟုဆိုသူကပင် ပုံနှိပ်ဖြန့်ချိခဲ့သည်ဟူ၍လည်းကောင်း၊ မည်သည့်အချိန်နှင့် မည်သည့် နေရာ၌ရေးသားခြင်း၊ ပုံနှိပ်ခြင်းပြုသည် ဆိုသည့်အတိုင်း ထိုအချိန်၊ ထိုနေရာ၌ပင်ရေးသားခြင်း၊ ပုံနှိပ်ဖြန့်ချိခြင်း ပြုခဲ့သည်ဟူ၍လည်းကောင်း တရားရုံးကမှတ်ယူနိုင်သည်။

စာအုပ်များ၊ မြေပုံများ၊ အခြေအနေပြမြေပုံများနှင့် စပ်လျဉ်း၍ အမှန်ကဲ့သို့ မှတ်ယူခြင်း။

၈၈။ ကြေးနန်းရုံးတစ်ရုံးက ပေးပို့သဖြင့် ကြေးနန်းလိပ်စာတွင် ဖော်ပြထားသူထံ ရောက်ရှိလာသည့် ကြေးနန်းစာ တစ်စောင်သည် ကြေးနန်းရိုက်လိုက်သည်ဆိုသော ကြေးနန်းရုံးတွင် ပေးအပ်ခဲ့သည့် ကြေးနန်းစာနှင့် ထပ်တူဖြစ်သည်ဟု တရားရုံးကမှတ်ယူနိုင်သည်။ သို့ရာတွင် အဆိုပါကြေးနန်းစာကို ရိုက်ရန်ပေးအပ်ခဲ့သူသည် မည်သူမည်ဝါဖြစ်သည်ကိုမူ တရားရုံးက မည်သို့မျှမှတ်ယူခြင်းမပြုရ။

ကြေးနန်းစာများနှင့်စပ်လျဉ်း၍ အမှန်ကဲ့သို့ မှတ်ယူခြင်း။

၈၉။ စာချုပ်စာတမ်းတစ်ခုကို တင်ပြရန်လိုအပ်သည်ဟု တရားရုံးကယူဆသဖြင့် အကြောင်းကြားစာ ပေးပို့၍ တောင်းဆိုထားသော်လည်း တင်ပြခြင်းမပြုသည့်အခါ ထိုစာချုပ်စာတမ်းကို ဥပဒေအရ လိုအပ်သည့်နည်းလမ်းအတိုင်း အသိသက်သေ လက်မှတ်ရေးထိုး၍ တံဆိပ်ခေါင်းကပ်ပြီး ချုပ်ဆိုထားသော စာချုပ်စာတမ်းဖြစ်သည်ဟု တရားရုံးကမှတ်ယူရမည်။

တင်ပြခြင်းမပြုသော စာချုပ်စာတမ်းများကို ထိုက်သင့်သည့်အားလျော်စွာ ချုပ်ဆိုခြင်း စသည်တို့နှင့် စပ်လျဉ်း၍ အမှန်ကဲ့သို့ မှတ်ယူခြင်း။

၉၀။ နှစ်ပေါင်း ၃၀ ကြာမြင့်ပြီဆိုသော သို့မဟုတ် ထိုမျှကြာမြင့်ကြောင်း သက်သေထင်ရှားပြီး ဖြစ်သော စာချုပ်စာတမ်းတစ်ခုခုကိုသက်ဆိုင်ရာအမှုကိစ္စအတွက် ရုံးသို့တင်ပြသည့်အခါ ထိုစာချုပ် စာတမ်းကို သင့်တော်စွာ ထိန်းသိမ်းထားခြင်းဖြစ်သည်ဟု တရားရုံးကယူဆလျှင် ယင်းစာချုပ် စာတမ်းတွင် တစ်ဦးတစ်ယောက်လက်မှတ်ဖြစ်သည်ဆိုသော ထိုးမြဲလက်မှတ်နှင့်အခြား အစိတ်အပိုင်း အသီးသီးမှာ ထိုသူ၏လက်ရေးဖြင့်ဖြစ်သည်ဟု တရားရုံးက မှတ်ယူနိုင်သည်။ ထို့ပြင်ချုပ်ဆိုထားသော စာချုပ်စာတမ်းဖြစ်လျှင် ယင်းစာချုပ်စာတမ်းကို ချုပ်ဆိုသည် သို့မဟုတ် အသိသက်သေအဖြစ် လက်မှတ်ရေးထိုးသည်ဆိုသောသူများက နည်းလမ်းတကျချုပ်ဆိုခြင်း၊ အသိသက်သေအဖြစ်လက်မှတ် ရေးထိုးခြင်းဖြစ်သည်ဟု တရားရုံးက မှတ်ယူနိုင်သည်။

နှစ်ပေါင်း (၃၀) ကြာမြင့်သော စာချုပ်စာတမ်းများနှင့် စပ်လျဉ်း၍ အမှန်ကဲ့သို့ မှတ်ယူခြင်း။

Explanation.—Documents are said to be in proper custody if they are in the place in which, and under the care of the person with whom, they would naturally be; but no custody is improper if it is proved to have had a legitimate origin, or if the circumstances of the particular case are such as to render such an origin probable.

This explanation applies also to section 81.

Illustrations.

(*a*) *A* has been in possession of landed property for a long time. He produces from his custody deeds relating to the land, showing his titles to it. The custody is proper.

(*b*) *A* produces deeds relating to landed property of which he is the mortgagee. The mortgagor is in possession. The custody is proper.

(*c*) *A*, a connection of *B*, produces deeds relating to lands in *B*'s possession which were deposited with him by *B* for safe custody. The custody is proper.

CHAPTER VI.

OF THE EXCLUSION OF ORAL BY DOCUMENTARY EVIDENCE.

Evidence of terms of contracts, grants and other dispositions of property reduced to form of document.

91. When the terms of a contract, or of a grant, or of any other disposition of property, have been reduced to the form of a document, and in all cases in which any matter is required by law to be reduced to the form of a document, no evidence [1] shall be given in proof of the terms of such contract, grant or other disposition of property, or of such matter, except the document itself, or secondary evidence of its contents in cases in which secondary evidence is admissible under the provisions hereinbefore contained.

Exception 1.—When a public officer is required by law to be appointed in writing, and when it is shown that any particular person has acted as such officer, the writing by which he is appointed need not be proved.

[1] Where, however, a criminal Court finds that the confession or other statement of an accused person has not been recorded in the manner prescribed, evidence may be taken that the recorded statement was duly made, and notwithstanding anything contained in this section such statement shall be admitted if the error has not injured the accused as to his defence on the merits; *see* section 533 of the Code of Criminal Procedure (Volume VIII of this Code).

ရှင်းလင်းချက်။ စာချုပ်စာတမ်းများသည် သဘာဝအတိုင်း ရှိထိုက်သည့်နေရာတွင်ရှိနေ၍ စောင့်ရှောက်သင့်သူက ထိန်းသိမ်းထားရှိလျှင် သင့်တော်စွာ ထိန်းသိမ်းထားရှိသည်ဟုဆိုရမည်။ သို့သော်လည်း ထိန်းသိမ်းထားရှိခြင်းမှာ မူလကတည်းကပင် တရားဝင်ဖြစ်ကြောင်း သက်သေထင်ရှားထားရှိလျှင် သို့မဟုတ် သက်ဆိုင်ရာ အမှုကိစ္စ၏ အခြေအနေကိုထောက်၍ မူလကတည်းကပင် ထိုသို့ထိန်းသိမ်းထားရှိခြင်း ဖြစ်ဖွယ်ရာရှိလျှင် ထိုသို့ထိန်းသိမ်းထားရှိခြင်းမှာလည်း ရှိထိုက်သည့်နေရာတွင် ထိန်းသိမ်းထားရှိခြင်း ဖြစ်သည်ဟုဆိုရမည်။

ဤရှင်းလင်းချက်သည် ပုဒ်မ ၈၁ နှင့်လည်း သက်ဆိုင်သည်။

ဥပမာများ

(က) A သည် ကာလကြာမြင့်စွာ မြေကို လက်ရှိဖြစ်သည်။ ထိုမြေနှင့် စပ်လျဉ်း၍ မိမိပိုင်ဆိုင်ခွင့်ရှိကြောင်း ဖော်ပြသော စာချုပ်စာတမ်းများကို မိမိထိန်းသိမ်း ထားရှိရာ နေရာမှ တင်ပြသည်။ ထိုသို့ ထိန်းသိမ်းထားရှိခြင်းမှာ သင့်တော်သည်။

(ခ) မြေအပေါင်ခံသူ A သည် ထိုမြေနှင့် စပ်လျဉ်းသည့် စာချုပ် စာတမ်းများကို တင်ပြသည်။ ထိုမြေမှာ ပေါင်နှံသူ၏ လက်တွင်ရှိသည်။ ထိုသို့ ထိန်းသိမ်းထားရှိခြင်းမှာ သင့်တော်သည်။

(ဂ) B နှင့် အဆက်အသွယ် ရှိသော A ထံတွင် လုံခြုံစွာ ထိန်းသိမ်းထားရန် B က အပ်နှံထားသည့် B လက်ရှိဖြစ်သော မြေများနှင့် စပ်လျဉ်းသည့် စာချုပ်စာတမ်းများကို A က တင်ပြသည်။ ထိုသို့ ထိန်းသိမ်းထားရှိခြင်းမှာ သင့်တော်သည်။

အခန်း (၆)

စာတမ်းအမှတ်အသား သက်သေခံချက် တင်ပြရမည့် ကိစ္စတွင် နှုတ်သက်သေ ခံချက်ကို ပိတ်ပင်ခြင်း

၉၁။ ပဋိညာဉ်တစ်ခုတွင်ဖြစ်စေ၊ ဂရန်ပေးအပ်မှုတစ်ခုတွင်ဖြစ်စေ၊ ပစ္စည်းကို အခြားနည်း စီမံမှုတစ်ခုတွင်ဖြစ်စေ ပါရှိသည့် စည်းကမ်းချက်များကို စာချုပ်စာတမ်းအဖြစ် ရေးသားထားသည့်အခါ အဆိုပါစာချုပ်စာတမ်းတစ်ခုခုတွင်ပါရှိသည့် စည်းကမ်းချက်များကိုသော်လည်းကောင်း၊ အကြောင်းအရာတစ်ရပ်ရပ်ကို ဥပဒေအရ စာချုပ်စာတမ်းအဖြစ် ရေးသားထားရှိရန် လိုအပ်သည့် အမှုကိစ္စများတွင် ယင်းစာချုပ်စာတမ်း၌ပါရှိသည့် စည်းကမ်းချက်များကိုသော်လည်းကောင်း သက်သေထင်ရှားတင်ပြရာ၌ မူရင်းစာချုပ်စာတမ်း၊ သို့မဟုတ် ယခင်ပါရှိပြီးဖြစ်သည့် ပြဋ္ဌာန်းချက်များအရ ဒုတိယအဆင့် သက်သေခံချက်၊ သက်သေခံဝင်သည့် ကိစ္စများတွင် ထိုမူရင်းစာချုပ်စာတမ်းပါ အကြောင်းအရာများ၏ ဒုတိယအဆင့် သက်သေခံချက်များမှတစ်ပါး အခြားမည်သည့်သက်သေခံချက်ကိုမျှ တင်ပြခြင်းမပြုရ။ စာချုပ်စာတမ်းအဖြစ် ရေးသားထားသော ပဋိညာဉ်များ ပစ္စည်းလွှဲပြောင်းပေးအပ်မှုများနှင့် ပစ္စည်းကို အခြားနည်းစီမံမှုများတွင် ပါရှိသည့် စည်းကမ်းချက်များကိုသက်သေခံတင်ပြခြင်း။

ခြွင်းချက် (၁)။ ပြည်သူ့ဝန်ထမ်းတစ်ဦးကို ဥပဒေအရ စာဖြင့်ရေးသားခန့်ထားရမည့် ကိစ္စတွင် တစ်စုံတစ်ယောက်သော သူသည် အဆိုပါ ဝန်ထမ်းအဖြစ် ဆောင်ရွက်လျက်ရှိကြောင်းထင်ရှားပြီးသောအခါ အဆိုပါဝန်ထမ်းအား ခန့်အပ်ထားသည့် စာကို သက်သေထင်ရှားတင်ပြရန်မလိုချေ။

Exception 2.—Wills may be proved by any probate thereof having effect in the Union of Burma.

Explanation 1.—This section applies equally to cases in which the contracts, grants or dispositions of property referred to are contained in one document and to cases in which they are contained in more documents than one.

Explanation 2.—Where there are more originals than one, one original only need be proved.

Explanation 3.—The statement, in any document whatever, of a fact other than the facts referred to in this section, shall not preclude the admission of oral evidence as to the same fact.

Illustrations

(*a*) If a contract be contained in several letters, all the letters in which it is contained must be proved

(*b*) If a contract is contained in a bill of exchan,e, the bill of exchange must be proved.

(*c*) If a bill of exchange is drawn in a set of three, one only need be proved.

(*d*) *A* contracts, in writing, with *B*, for the delivery of indigo upon certain terms. The contract mentions the fact that *B* had paid *A* the price of other indigo contracted for verbally on another occasion

Oral evidence is offered that no payment was made for the other indigo. The evidence is admissible

(*e*) *A* gives *B* a receipt for money paid by *B*.

Oral evidence is offered of the payment.

The evidence is admissible.

Exclusion of evidence of oral agreement.

92. When the terms of any such contract, grant or other disposition of property, or any matter required by law to be reduced to the form of a document, have been proved according to the last section, no evidence of any oral agreement or statement shall be admitted, as between the parties to any such instrument or their representatives in interest, for the purpose of contradicting, varying, adding to, or subtracting from, its terms :

ဖြွင်းချက် (၂)။ သေတမ်းစာများသက်သေထင်ရှားစေရန်အလို့ငှာ ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း အတည်ဖြစ်လျက်ရှိသည့် သေတမ်းစာအတည်ပြုလက်မှတ်ကို သက်သေထင်ရှားတင်ပြနိုင်သည်။

ရှင်းလင်းချက် (၁)။ ရည်ညွှန်းဖော်ပြခဲ့သော ပဋိညာဉ်များ၊ ဂရန်ပေးအပ်မှုများ သို့မဟုတ် ပစ္စည်းကို အခြားနည်းစီမံမှုများသည် စာချုပ်စာတမ်း တစ်ခုတည်းတွင် ပါရှိသည်ဖြစ်စေ၊ တစ်ခုထက်ပိုသော စာချုပ်စာတမ်းများတွင် ပါရှိသည်ဖြစ်စေ ဤပုဒ်မသည် ထိုသို့သော ကိစ္စအားလုံးနှင့် ညီတူညီမျှသက်ဆိုင်သည်။

ရှင်းလင်းချက် (၂)။ မူရင်းစာချုပ်စာတမ်း တစ်စောင်ထက်ပို၍ရှိနေလျှင် မူရင်းတစ်စောင်ကိုသာ သက်သေထင်ရှား တင်ပြရန်လိုသည်။

ရှင်းလင်းချက် (၃)။ ဤပုဒ်မတွင် ရည်ညွှန်းဖော်ပြထားသော အကြောင်းခြင်းရာများမှတစ်ပါး အခြားအကြောင်းခြင်းရာ တစ်ခုကို စာချုပ်စာတမ်း တစ်ခုခုတွင်ဖော်ပြထားသည့်အခါ ထိုအကြောင်းခြင်းရာနှင့်စပ်လျဉ်း၍ နှုတ်သက်သေခံချက်လက်ခံခြင်းကို တားမြစ်ပိတ်ပင်ခြင်းမရှိစေရ။

ဥပမာများ

(က) ပဋိညာဉ်တစ်ခုသည် ပေးစာအများတွင် ပါရှိနေလျှင်၊ ထိုပဋိညာဉ်ပါရှိသော ပေးစာ အားလုံးကို သက်သေထင်ရှား တင်ပြရမည်။

(ခ) ပဋိညာဉ်တစ်ခုသည် ငွေလွှဲစာချုပ်တစ်ခုတွင် ပါရှိနေလျှင် ထိုငွေလွှဲစာချုပ်ကို သက်သေထင်ရှား တင်ပြရမည်။

(ဂ) ငွေလွှဲစာချုပ် တစ်ခုကို ၃ စောင်ပြုလုပ်ရေးထားလျှင် ငွေလွှဲစာချုပ် တစ်စောင်းတည်းကိုသာ သက်သေထင်ရှား တင်ပြရန်လိုသည်။

(ဃ) A သည် စည်းကမ်းချက်များဖြင့် မဲနယ်ပေးသွင်းရန်အတွက် B နှင့် ပဋိညာဉ်စာချုပ် ချုပ်ဆိုသည်။ ထိုပဋိညာဉ်တွင်၊ ယခင်အကြိမ်က နှုတ်ဖြင့် ပြုလုပ်ထားသော ပဋိညာဉ်အရ၊ အခြား မဲနယ်ပိုးငွေကို B က A ထံ ပေးပြီးကြောင်း၊ ဖော်ပြထားသည်။

ထိုအခြား မဲနယ်ပိုးငွေကို မပေးချေသေးကြောင်းဖြင့် နှုတ်သက်သေခံ တင်ပြသည်။ ယင်းသက်သေခံချက်သည် သက်သေခံဝင်သည်။

(င) B က ပေးသောငွေအတွက် A က B သို့ ပြေစာတစ်စောင်ပေးသည်။ ထိုသို့ ငွေပေးသွင်းကြောင်းကို နှုတ်ဖြင့် သက်သေခံချက် တင်ပြသည်။ ယင်းသက်သေခံချက်သည် သက်သေခံဝင်သည်။

နှုတ်ဖြင့်အဆောတည်ချက်ရှိကြောင်း သက်သေခံချက်ကို ပိတ်ပင်ခြင်း။

၉၂။ ဆိုခဲ့သည့် ပဋိညာဉ်စာချုပ်၊ ဂရန်ချထား ပေးအပ်မှု၊ စာချုပ် သို့မဟုတ် ပစ္စည်းကို အခြားနည်း စီမံမှုစာချုပ် တစ်ခုခုတွင် ပါရှိသော စည်းကမ်းချက်များကို ဖြစ်စေ၊ ဥပဒေအရ စာချုပ်စာတမ်းအဖြစ် ရေးသားထားရှိရန် လိုအပ်သော အကြောင်းအရာ တစ်ခုခုနှင့် သက်ဆိုင်သည့် စာချုပ်တွင် ပါရှိသော စည်းကမ်းချက်များကိုဖြစ်စေ၊ နောက်ဆုံးဖော်ပြခဲ့သည့် ပုဒ်မနှင့်အညီ သက်သေထင်ရှား တင်ပြပြီးသည့်အခါ အဆိုပါစာချုပ်ရှိ စည်းကမ်းချက်များကို ငြင်းဆိုရန်၊ ပြောင်းလဲရန်၊ ဖြည့်စွက်ရန် သို့မဟုတ် ယင်းစည်းကမ်းချက်များ နုတ်ပယ်ရန် အလို့ငှာ၊ ထိုစာချုပ်ချုပ်ဆိုသူတို့ အချင်းချင်းဖြစ်စေ၊ ယင်းတို့၏အကျိုး ဆက်ခံခွင့်ရှိသည့် ကိုယ်စားလှယ်တို့ အချင်းချင်းဖြစ်စေ၊ နှုတ်ဖြင့် သဘောတူညီချက် သော်လည်းကောင်း၊ ဖော်ပြချက် သော်လည်းကောင်း ရှိကြောင်း တင်ပြသော သက်သေခံချက်ကို လက်မခံရ။

Proviso (*1*).—Any fact may be proved which would invalidate any document, or which would entitle any person to any decree or order relating thereto; such as fraud, intimidation, illegality, want of due execution, want of capacity in any contiacting party, want or failure of consideration, or mistake in fact or law.

Proviso (*2*).—The existence of any separate oral agreement as to any matter on which a document is silent, and which is not inconsistent with its terms, may be proved. In considering whether or not this proviso applies, the Court shall have regard to the degree of formality of the document.

Proviso (*3*).—The existence of any separate oral agreement, constituting a condition precedent to the attaching of any obligation under any such contract, grant or disposition of property, may be proved.

Proviso (*4*).—The existence of any distinct subsequent oral agreement to rescind or modify any such contract, grant or disposition of property may be proved, except in cases in which such contract, grant or disposition of property is by law required to be in writing, or has been registered according to the law in force for the time being as to the registration of documents.

Proviso (*5*).—Any usage or custom by which incidents not expressly mentioned in any contract are usually annexed to contracts of that description may be proved:

Provided that the annexing of such incident would not be repugnant to, or inconsistent with, the express terms of the contract.

Proviso (*6*).—Any fact may be proved which shows in what manner the language of a document is related to existing facts.

ခြွင်းချက် (၁)။ စာချုပ်စာတမ်း တစ်ခုကို ပျက်ပြယ်စေမည့် လိမ်လည် လှည့်ဖြားခြင်း၊ ခြောက်လှန့်ခြင်း၊ တရားဥပဒေနှင့် မညီခြင်း၊ နည်းလမ်းတကျ ချုပ်ဆိုမှု မရှိခြင်း၊ စာချုပ်ချုပ်ဆိုသူ တစ်ဖက်ဖက်၌ ထိုသို့ ချုပ်ဆိုရန် အရည်အချင်း မပြည့်ခြင်း၊ အဖိုးစားနား မရှိခြင်း သို့မဟုတ် အဖိုးစားနားပါရှိရန်ပျက်ကွက်ခြင်း သို့မဟုတ် အကြောင်းခြင်းရာ၌ ဖြစ်စေ၊ ဥပဒေ၌ဖြစ်စေ မှားယွင်း၍ ဆောင်ရွက်ခြင်း ကဲ့သို့သော အကြောင်းခြင်းရာများ အဆိုပါ စာချုပ်စာတမ်းနှင့် စပ်လျဉ်း၍ လူတစ်ဦး တစ်ယောက်အား ဒီကရီ သို့မဟုတ် အမိန့် တစ်စုံတစ်ရာ ရနိုင်ခွင့်ရှိစေမည့် အကြောင်းခြင်းရာကို သက်သေထင်ရှား တင်ပြနိုင်သည်။

ခြွင်းချက် (၂)။ စာချုပ်စာတမ်းတစ်ခုတွင် ဖော်ပြထားခြင်းမရှိသော အကြောင်းအရာတစ်ခုသည် ထိုစာချုပ်စာတမ်းပါ စည်းကမ်းချက်များနှင့် ဆန့်ကျင်ခြင်းမရှိလျှင် ထိုအကြောင်းအရာနှင့် စပ်လျဉ်း၍ နှုတ်ဖြင့် သဘောတူညီချက် တစ်ရပ် သီးခြား ရှိနေကြောင်း သက်သေထင်ရှား တင်ပြနိုင်သည်။ စာချုပ် စာတမ်း တစ်ခုသည် ဤခြွင်းချက်နှင့် သက်ဆိုင်ခြင်း ရှိ မရှိ စဉ်းစား ဆင်ခြင်ရာ၌ ထိုစာချုပ်စာတမ်းကို မည်မျှအထိ နည်းလမ်းတကျ ချုပ်ဆိုထားသည်ကို တရားရုံးက ဂရုပြုရမည်။

ခြွင်းချက် (၃)။ ဆိုခဲ့သည့် ပဋိညာဉ်စာချုပ်၊ ဂရန်ချထား ပေးအပ်မှု စာချုပ် သို့မဟုတ် ပစ္စည်းကို အခြားနည်းစီမံမှု စာချုပ်အရ တာဝန် တစ်ရပ်ရပ် သတ်မှတ်ထားရာ၌ ကြိုတင်လိုက်နာရမည့် စည်းကမ်းချက်ဖြစ်သည့် နှုတ်ပဋိညာဉ်တစ်ခု သီးခြားရှိနေလျှင် ထိုသို့ရှိနေကြောင်း သက်သေထင်ရှား တင်ပြနိုင်သည်။

ခြွင်းချက် (၄)။ အဆိုပါ ပဋိညာဉ်ကိုဖြစ်စေ၊ ဂရန်ချထား ပေးအပ်မှုကိုဖြစ်စေ၊ ပစ္စည်းကို အခြားနည်း စီမံမှုကိုဖြစ်စေ ဥပဒေအရ စာဖြင့်ရေးသားထားရန် လိုအပ်သော ကိစ္စများ သို့မဟုတ် စာချုပ်စာတမ်း မှတ်ပုံတင်ခြင်းနှင့် စပ်လျဉ်း၍ တည်ဆဲဖြစ်သော ဥပဒေအရ ဆိုခဲ့သည့်စာချုပ်ကို မှတ်ပုံတင်ထားပြီး ဖြစ်သော ကိစ္စများမှ တစ်ပါး၊ အဆိုပါ စာချုပ်စာတမ်း တစ်ခုခုကို ဖျက်သိမ်းရန်သော်လည်းကောင်း၊ ပြောင်းလဲ ပြင်ဆင်ရန်သော်လည်းကောင်း နှုတ်ဖြင့်သီးခြား သဘောတူညီချက် တစ်ရပ် နောက်ထပ်ပြုလုပ်ခဲ့ကြောင်း သက်သေထင်ရှား တင်ပြနိုင်သည်။

ခြွင်းချက် (၅)။ ပဋိညာဉ်စာချုပ် တစ်ခုခုတွင် အတိအလင်း ဖော်ပြထားခြင်း မရှိသော အကြောင်းအရာများကို အလေ့အထ သို့မဟုတ် ဓလေ့ထုံးတမ်း တစ်ရပ်ရပ်အရ ထိုပဋိညာဉ် စာချုပ်မျိုးတွင် တစ်ပေါင်းတည်း ပါရှိသည့် အလေ့အထ သို့မဟုတ် ဓလေ့ထုံးတမ်းရှိကြောင်း သက်သေထင်ရှား တင်ပြနိုင်သည်။

သို့ရာတွင် အဆိုပါဖြစ်ရပ်ကို ထိုသို့ပူးတွဲပါရှိသည့် ပဋိညာဉ်စာချုပ်တွင် အတိအလင်း ဖော်ပြထားသော စည်းကမ်းချက်များနှင့် ဆန့်ကျင်ခြင်း သို့မဟုတ် မညီမညွတ် မရှိစေရ။

ခြွင်းချက် (၆)။ စာချုပ်စာတမ်းပါ အရေးအသားသည် တည်ရှိနေသော အကြောင်းခြင်းရာများနှင့်မည်သို့ဆက်စပ်လျက် ရှိသည်ကို တစ်စုံတစ်ရာသော အကြောင်းခြင်းရာက ဖော်ပြနေလျှင် ထိုအကြောင်းခြင်းရာကို သက်သေထင်ရှား တင်ပြနိုင်သည်။

Illustrations.

(*a*) A policy of insurance is effected on goods "in ships from Rangoon to London." The goods are shipped in a particular ship which is lost. The fact that that particular ship was orally excepted from the policy cannot be proved.

(*b*) *A* agrees absolutely in writing to pay *B* Rs. 1,000 on the first March, 1940. The fact that at the same time an oral agreement was made that the money should not be paid till the thirty-first March cannot be proved.

(*c*) An estate called "the Kalaw tea estate" is sold by a deed which contains a map of the property sold. The fact that land not included in the map had always been regarded as part of the estate and was meant to pass by the deed cannot be proved.

(*d*) A enters into a written contract with *B* to work certain mines, the property of *B*, upon certain terms. *A* was induced to do so by a misrepresentation of *B*'s as to their value. This fact may be proved.

(*e*) *A* institutes a suit against *B* for the specific performance of a contract, and also prays that the contract may be reformed as to one of its provisions, as that provision was inserted in it by mistake. *A* may prove that such a mistake was made as would by law entitle him to have the contract reformed.

(*f*) *A* orders goods of *B* by a letter in which nothing is said as to the time of payment, and accepts the goods on delivery. *B* sues *A* for the price. *A* may show that the goods were supplied on credit for a term still unexpired.

(*g*) *A* sells *B* a horse and verbally warrants him sound. *A* gives *B* a paper in these words: "Bought of *A* a horse for Rs. 500." *B* may prove the verbal warranty.

(*h*) *A* hires lodgings of *B*, and gives a card on which is written "Rooms, Rs. 200 a month." *A* may prove a verbal agreement that these terms were to include partial board.

A hires lodgings of *B* for a year, and a regularly stamped agreement, drawn up by a lawyer, is made between them. It is silent on the subject of board. *A* may not prove that board was included in the term verbally.

(*i*) *A* applies to *B* for a debt due to *A* by sending a receipt for the money. *B* keeps the receipt and does not send the money. In a suit for the amount *A* may prove this

(*j*) *A* and *B* make a contract in writing to take effect upon the happening of a certain contingency. The writing is left with *B*, who sues *A* upon it. *A* may show the circumstances under which it was delivered.

ဥပမာများ

(က) "ရန်ကုန်မြို့မှ လန်ဒန်မြို့သို့ သွားသော သင်္ဘောများတွင်" တင်ထားသော ကုန်စည်များအတွက် အာမခံစာချုပ် ချုပ်ဆိုသည်။ ယင်းကုန်စည်များကို သင်္ဘောတစ်စင်းတွင် တင်ပို့ရာ ယင်းသင်္ဘော ပျောက်ဆုံးသွားသည်။ ပျောက်ဆုံးသွားသော သင်္ဘောမှာ အာမခံ စာချုပ် ချုပ်ဆိုရာတွင် မပါဝင်စေရန် နှုတ်ဖြင့် သဘောတူညီချက် ရှိသည် ဟူသော အချက်ကို သက်သေထင်ရှား တင်ပြခြင်း မပြုနိုင်။

(ခ) A က B သို့ ငွေ ၁၀၀၀/- ကို ၁၉၄၀ ပြည့်နှစ် မတ်လ ၁ ရက်နေ့တွင် ပေးရန် စာဖြင့်ရေးသားလျက် ခြွင်းချက်မရှိ သဘောတူခဲ့သည်။ တစ်ချိန်တည်း၌ပင် ထိုငွေကို မတ်လ ၃၁ ရက်နေ့မတိုင်မီ ပေးဆပ်ခြင်း မပြုရန် နှုတ်ဖြင့် သဘောတူညီသည်ဟူသော အချက်ကို သက်သေ ထင်ရှား တင်ပြခြင်း မပြုနိုင်။

(ဂ) "ကလေသလက်ဖက်ခြံ" ဟုခေါ်တွင်သော မြေကို အရောင်းစာချုပ်တွင် မြေပုံကိုပါပူးတွဲ၍ ရောင်းချသည်။ မြေပုံတွင် မပါရှိသော မြေတစ်ကွက်မှာ ထိုခြံမြေ၏ တစ်စိတ်တစ်ပိုင်း ဖြစ်သည်ဟု အစဉ်သဖြင့် ယူဆထားသည်။ ထိုစာချုပ်အရ ရောင်းချရာတွင် ထိုမြေကွက်လည်း ပါဝင်ကြောင်း ဆိုလိုသည့် အချက်ကို သက်သေထင်ရှား တင်ပြခြင်း မပြုနိုင်။

(ဃ) A က B ပိုင်ဆိုင်သော သတ္တုတွင်းများကို သတ်မှတ်ထားသော စည်းကမ်းချက်များနှင့် လုပ်ကိုင်ရန်နှင့် ပဋိညာဉ် စာချုပ် ချုပ်ဆိုသည်။ B က သတ္တုတွင်းများ၏ တန်ဖိုးနှင့် စပ်လျဉ်း၍ အလိမ်ပြ ပြောဆို သွေးဆောင်သောကြောင့် A သည် ထိုသို့ စာချုပ် ချုပ်ဆိုမိသည်။ ဤအချက်ကို သက်သေထင်ရှား တင်ပြနိုင်သည်။

(င) A က B ကို ပဋိညာဉ် စာချုပ်တွင် ပါရှိသည့်အတိုင်း ဆောင်ရွက်စေရန် တရားမမှု စွဲဆိုပြီး ယင်းစာချုပ်တွင် စည်းကမ်းချက် တစ်ခုကို မှားယွင်းထည့်သွင်းထားခြင်းကြောင့် ထိုစာချုပ်ကို ပြင်ဆင်ပေးရန် လျှောက်ထားသည်။ A က မှိမိထိုသို့ မှားယွင်းထည့်သွင်းခဲ့သော်လည်း ထိုမှားယွင်းချက်မှာ ဥပဒေအရ ထိုပဋိညာဉ် စာချုပ်ကို မိမိပြင်ဆင် နိုင်ခွင့်ရှိသော မှားယွင်းချက်မျိုး ဖြစ်ကြောင်း သက်သေထင်ရှား တင်ပြနိုင်သည်။

(စ) A က B ထံမှ ကုန်ပစ္စည်းများကို စာရေးသား၍ မှာယူရာ ကုန်ပစ္စည်းများကို လက်ခံရရှိခဲ့သည်။ စာတွင်ပစ္စည်း တန်ဖိုးငွေကို မည်သည့်အချိန်တွင် ပေးချေရမည်ဟု မပါရှိချေ။ ကုန်ပစ္စည်းတန်ဖိုးငွေ ရလိုကြောင်းဖြင့် B က A ကိုတရားစွဲဆိုသည်။ ကုန်ပစ္စည်းများကို အကြွေးဝယ်ယူခြင်းဖြစ်၍ ငွေပေးချေရန် အချိန်မစေ့ရောက်သေးကြောင်းကို A ကသက်သေခံ တင်ပြနိုင်သည်။

(ဆ) A က B အား မြင်းတစ်ကောင်ရောင်း၍ ထိုမြင်းမှာ အနာအဆာကင်းကြောင်း နှုတ်ဖြင့် အာမခံသည်။ A က B သို့ "မြင်းတစ်ကောင်ကို A ထံမှ ငွေ ၅၀၀ိ နှင့် ဝယ်သည်" ဟု စာရေး၍ ပေးသည်။ A က နှုတ်ဖြင့် အာမခံပေးကြောင်းသင်္ကေရှားအောင် B က သက်သေ ထင်ရှား တင်ပြနိုင်သည်။

(ဇ) A က B ထံမှ အိမ်ခန်းများငှားရမ်းရာ "အခန်းများ တစ်လလျှင် ငွေ ၂၀၀ိ" ဟု ရေးထားသောလက်မှတ်ကတ်ပြားတစ်ခုကို ထုတ်ပေးသည်။ ဤစည်းကမ်းချက်များတွင် အစားအသောက် တစ်စိတ်တစ်ဒေသလည်း ပါဝင်ကြောင်း နှုတ်ဖြင့် သဘောတူညီချက် ရှိကြောင်း A က သက်သေထင်ရှား တင်ပြနိုင်သည်။

A က B ထံမှ အိမ်ခန်းများကို တစ်နှစ်အတွက် ငှားရမ်းရာ ရှေ့နေတစ်ဦးက ရေးဆွဲ၍ စည်းကမ်းတကျ စာချုပ် တစ်စောင်ကို ချုပ်ဆိုထားကြသည်။ ထိုစာချုပ်တွင် အစားအသောက်နှင့် ပတ်သက်သည့် အကြောင်းမပါရှိချေ။ စည်းကမ်းချက်တွင် အစားအသောက် ပါရှိသည်ဟု နှုတ်ဖြင့်သဘောတူကြောင်း A က သက်သေထင်ရှားတင်ပြခြင်း မပြုနိုင်။

(ဈ) A က B ထံသို့ ပြေစာ တစ်စောင် ပေးပို့၍ B ထံမှ ရရန်ရှိသော ကြွေးမြီကို တောင်းခံရာ B က ပြေစာကို သိမ်းထားသော်လည်း ကြွေးကို မပေးဆပ်ဘဲ နေသည်။ ထိုငွေကို ရလိုကြောင်း စွဲဆိုသည့်တရားမမှုတွင် A က ထိုအကြောင်းကို သက်သေ ထင်ရှားတင်ပြနိုင်သည်။

(ည) တစ်စုံတစ်ခုသော အကြောင်းအရာ ဖြစ်ပွားလျှင် ပဋိညာဉ်စာချုပ် အတည်ဖြစ်ရမည်ဟု A နှင့် B တို့သည် ပဋိညာဉ်စာချုပ် တစ်ခုကို ချုပ်ဆိုကြသည်။ ထိုစာချုပ်ကို B ထံတွင် ထားရှိရာ B က A ကို ယင်းစာချုပ်အရ တရားစွဲဆိုသည်။ စာချုပ်ကို မည်သည့် အကြောင်းများကြောင့် ထိုသို့ ပေးအပ်ခဲ့ကြောင်းကို A က သက်သေခံ တင်ပြနိုင်သည်။

Exclusion of evidence to explain or amend ambiguous document.

93. When the language used in a document is, on its face, ambiguous or defective, evidence may not be given of facts which would show its meaning or supply its defects.

Illustrations.

(*a*) *A* agrees, in writing, to sell a horse to *B* for Rs. 1,000 or Rs. 1,500.

Evidence cannot be given to show which price was to be given.

(*b*) A deed contains blanks. Evidence cannot be given of facts which would show how they were meant to be filled.

Exclusion of evidence against application of document to existing facts.

94. When language used in a document is plain in itself, and when it applies accurately to existing facts, evidence may not be given to show that it was not meant to apply to such facts.

Illustration.

A sells to *B*, by deed, " my estate at Tavoy containing 100 acres." *A* has an estate at Tavoy containing 100 acres. Evidence may not be given of the fact that the estate meant to be sold was one situated at a different place and of a different size.

Evidence as to document unmeaning in reference to existing facts.

95. When language used in a document is plain in itself, but is unmeaning in reference to existing facts, evidence may be given to show that it was used in a peculiar sense.

Illustration.

A sells to *B*, by deed, " my house in Rangoon."

A had no house in Rangoon, but it appears that he had a house at Insein, of which *B* had been in possession since the execution of the deed. These facts may be proved to show that the deed related to the house at Insein.

Evidence as to application of language which can apply to one only of several persons.

96. When the facts are such that the language used might have been meant to apply to any one, and could not have been meant to apply to more than one, of several persons or things evidence may be given of facts which show which of those persons or things it was intended to apply to.

၉၃။ စာချုပ်စာတမ်း တစ်ခုတွင် ပါရှိသည့် အရေးအသားသည် အဓိပ္ပာယ် မရှင်းလင်းကြောင်း သို့မဟုတ် မပြည့်စုံကြောင်း ပေါ်လွင်နေလျှင် ထိုအရေးအသား၏ အဓိပ္ပာယ်ကို ဖော်ပြမည်ဖြစ်သော သို့မဟုတ် ဖြည့်ပေးမည်ဖြစ်သော အကြောင်းခြင်းရာများကို သက်သေခံ တင်ပြခွင့်မရှိ။

အဓိပ္ပာယ်မရှင်းလင်းသော စာချုပ် စာတမ်းကိုရှင်းလင်းဖော်ပြရန် သို့မဟုတ် ပြင်ဆင်ရန် ဖြစ်သော သက်သေခံချက်ကိုပိတ်ပင်ခြင်း။

ဥပမာများ

(က) A က မြင်းတစ်ကောင်ကို ကျပ် ၁၀၀၀ သို့မဟုတ် ကျပ် ၁၅၀၀ ဖြင့် B သို့ ရောင်းချရန် သဘောတူစာချုပ် ရေးသားချုပ်ဆိုသည်။ အဆိုပါ တန်ဖိုးနှစ်ရပ်အနက် မည်သည့် တန်ဖိုးကို ပေးရမည် ဖြစ်ကြောင်း ပေါ်လွင်အောင် သက်သေ တင်ပြခြင်း မပြုနိုင်။

(ခ) စာချုပ်စာတမ်း တစ်ခုတွင် နေရာလပ်များ ပါရှိသည်။ ယင်းနေရာလပ်များတွင် မည်သို့ ဖြည့်စွက်ရေးသားရန် ရည်ရွယ်ကြောင်း ပေါ်လွင်စေမည့် အကြောင်းခြင်းရာများကို သက်သေ တင်ပြခြင်း မပြုနိုင်။

၉၄။ စာချုပ်စာတမ်း တစ်ခုတွင် ပါရှိသည့် အရေးအသားမှာ ထိုအတိုင်းပင် အဓိပ္ပာယ် ရှင်းလင်းနေသည့်ပြင် ထိုအရေးအသား တည်ရှိနေသည့် အကြောင်းခြင်းရာများနှင့်လည်း သက်ဆိုင်ကိုက်ညီနေလျှင် ထိုအရေးအသားသည် အဆိုပါ အကြောင်းခြင်းရာများနှင့် သက်ဆိုင်စေရန်ရည်ရွယ်၍ ရေးသားခြင်း မဟုတ်ကြောင်း သက်သေခံ တင်ပြခွင့် မရှိ။

စာချုပ် စာတမ်းတွင် တည်ရှိနေသည့် အကြောင်းခြင်းရာများနှင့်သက်ဆိုင်ခြင်းမရှိ ဟူသော သက်သေခံချက်ကိုပိတ်ပင်ခြင်း။

ဥပမာ

A သည် " ထားဝယ်မြို့ရှိ ဧက ၁၀၀ ကျယ်ဝန်းသော ကျွန်တော်ပိုင် မြေ " ဟုဆိုကာ ထိုမြေကို B အား စာချုပ်နှင့် ရောင်းချလိုက်သည်။ ထားဝယ်မြို့တွင် ဧက ၁၀၀ ကျယ်ဝန်းသော A ပိုင်သည့် မြေရှိသည်။ ရောင်းချရန် ရည်ရွယ်ရင်းဖြစ်သည့် မြေသည် အဆိုပါ နေရာတွင် မဟုတ်ဘဲ အခြားနေရာတွင် တည်ရှိသည့် မြေဖြစ်ကြောင်း၊ အကျယ်အဝန်းမှာလည်း အဆိုပါ အကျယ်အဝန်းအတိုင်းမဟုတ်ကြောင်း သက်သေခံ တင်ပြခွင့် မရှိ။

၉၅။ စာချုပ်စာတမ်းတစ်ခုတွင် ပါရှိသည့်အရေးအသားသည် ထိုအတိုင်းပင် အဓိပ္ပာယ်ရှင်းလင်းနေသော်လည်း တည်ရှိနေသည့်အကြောင်းခြင်းရာများနှင့် ဆက်စပ်၍ကြည့်လျှင် အဓိပ္ပာယ် မကွဲမပြား ရှိပါက ထိုအရေးအသားကို ထူးခြားသောအဓိပ္ပာယ်ဖြင့် ရေးသားထားကြောင်း ပေါ်လွင်အောင် သက်သေခံတင်ပြနိုင်သည်၊

တည်ရှိနေသည့်အကြောင်းခြင်းရာ များကို ထောက်၍ အဓိပ္ပာယ် မကွဲမပြားသော စာချုပ် စာတမ်းနှင့် စပ်လျဉ်း၍ သက်သေခံချက်။

ဥပမာ

A က " ရန်ကုန်မြို့ရှိ ကျွန်တော်၏အိမ် " ဟု ဆိုကာ ထိုအိမ်ကို B အား စာချုပ်နှင့် ရောင်းချသည်။ A ၌ ရန်ကုန်တွင် အိမ်ပိုင်မရှိ။ သို့ရာတွင် A ၌ အင်းစိန်မြို့တွင် တည်ရှိသော အိမ်တစ်အိမ် ရှိကြောင်း ပေါ်လွင်သည်။ ထိုစာချုပ် ချုပ်ဆိုသည့် အချိန်မှစ၍ ထိုအိမ်တွင် B နေထိုင်လျက်ရှိသည်။ ထိုစာချုပ်သည် အင်းစိန်မြို့ရှိ အိမ်နှင့် သက်ဆိုင်ကြောင်း ထင်ရှားအောင် ပြရန်အတွက် ဆိုခဲ့သည့် အကြောင်းခြင်းရာများနှင့် စပ်လျဉ်း၍ သက်သေ ထင်ရှား တင်ပြနိုင်သည်။

၉၆။ စာချုပ်စာတမ်းတွင် ပါရှိသောအရေးအသားသည် ရှိနေသောအကြောင်းခြင်းရာများအရ လူအများ သို့မဟုတ် အရာဝတ္ထုအများရှိသည့်အနက်မှ လူတစ်ဦး သို့မဟုတ် အရာဝတ္ထုတစ်ခုခုနှင့် သက်ဆိုင်ကြောင်း အဓိပ္ပာယ်သက်ရောက်နိုင်လျှင် ထို့ပြင် လူတစ်ဦးတစ်ယောက်ထက်ပို၍ သော်လည်းကောင်း၊ အရာဝတ္ထုတစ်ခုထက်ပို၍သော်လည်းကောင်း သက်ဆိုင်ကြောင်းအဓိပ္ပာယ်မသက်ရောက်နိုင်လျှင် ထိုလူများ သို့မဟုတ် ထိုအရာဝတ္ထုများအနက်မှ မည်သည့်လူ သို့မဟုတ် မည်သည့်အရာဝတ္ထုနှင့် သက်ဆိုင်စေရန် ရည်ရွယ်ကြောင်းပေါ်လွင်စေမည့် အကြောင်းခြင်းရာများကို သက်သေခံတင်ပြနိုင်သည်။

လူအများအနက်တစ်ယောက်တည်း နှင့် သာ သက်ဆိုင်နိုင်သည့် အရေးအသားကို မည်သို့ သက်ဆိုင် စေကြောင်း တင်ပြသည့် သက်သေခံချက်။

Illustrations.

(a) *A* agrees to sell to *B*, for Rs. 1,000, "my white horse." *A* has two white horses. Evidence may be given of facts which show which of them was meant.

(b) *A* agrees to accompany *B* to Tantabin. Evidence may be given of facts showing which Tantabin was meant.

Evidence as to application of language to one of two sets of facts, to neither of which the whole correctly applies.

97. When the language used applies partly to one set of existing facts, and partly to another set of existing facts, but the whole of it does not apply correctly to either, evidence may be given to show to which of the two it was meant to apply.

Illustration.

A agrees to sell to *B* "my land at X in the occupation of *Y*." *A* has land at X, but not in the occupation of *Y*, and he has land in the occupation of *Y*, but it is not at X. Evidence may be given of facts showing which he meant to sell.

Evidence as to meaning of illegible characters, etc.

98. Evidence may be given to show the meaning of illegible or not commonly intelligible characters, of foreign, obsolete, technical, local and provincial expressions, of abbreviations and of words used in a peculiar sense.

Illustration.

A, a sculptor, agrees to sell to *B*, "all my mods." *A* has both models and modelling tools. Evidence may be given to show which he meant to sell.

Who may give evidence of agreemen varying terms of document.

99. Persons who are not parties to a document, or their respresentatives in interest, may give evidence of any facts tending to show a contemporaneous agreement varying the terms of the document.

Illustration.

A and *B* make a contract in writing that *B* shall sell *A* certain cotton, to be paid for on delivery. At the same time they make an oral agreement that three months' credit shall be given to *A*. This could not be shown as between *A* and *B*, but it might be shown by *C*, if it affected his interests.

ဥပမာများ

(က) A က "ကျွန်တော်၏ မြင်းဖြူ" ဟု ဆိုသည့်မြင်းကို ငွေကျပ် ၁၀၀၀ နှင့် B အား ရောင်းရန်သဘောတူသည်။ A တွင် မြင်းဖြူနှစ်ကောင် ရှိသည်။ ထိုနှစ်ကောင်အနက် မည်သည့် မြင်းကို ရောင်းရန် ရည်ရွယ်သည်ကို ပေါ်လွင်စေသော အကြောင်းခြင်းရာများကို သက်သေခံ တင်ပြနိုင်သည်။

(ခ) A သည် B နှင့်အတူ ထန်းတပင်သို့ လိုက်ပါရန် သဘောတူသည်။ ထန်းတပင်ဆိုရာ၌ မည်သည့် ထန်းတပင်ကို ဆိုလိုကြောင်း ပေါ်လွင် စေမည့် အကြောင်းခြင်းရာများကို သက်သေခံ တင်ပြနိုင်သည်။

၉၇။ စာချုပ်စာတမ်းတွင်ပါရှိသော အရေးအသားသည် တစ်စိတ်တစ်ဒေသအားဖြင့် တည်ရှိနေသည့်အကြောင်းခြင်းရာ တစ်မျိုးတစ်စားနှင့် သက်ဆိုင်၍ တစ်စိတ်တစ်ဒေသအားဖြင့် တည်ရှိနေသည့် အခြားအကြောင်းခြင်းရာ တစ်မျိုးတစ်စားနှင့် သက်ဆိုင်သော်လည်း ထိုအရေးအသားတစ်ရပ်လုံးသည် ထိုအကြောင်းခြင်းရာနှစ်မျိုးနှစ်စားအနက် မည်သည့်အကြောင်းခြင်းရာမျိုးနှင့် သက်ဆိုင်သည်ဟု မှန်ကန်စွာကောက်ယူ၍မရလျှင် ထိုအရေးအသားကို မည်သည့်အကြောင်းခြင်းရာမျိုးနှင့်သက်ဆိုင်စေရန် ရည်ရွယ်ကြောင်း ပေါ်လွင်အောင် သက်သေခံတင်ပြနိုင်သည်။

အကြောင်းခြင်းရာနှစ်မျိုးနှစ်စား ရှိသည့် အနက် မည်သည့်အကြောင်းခြင်းရာမျိုးနှင့် သက်ဆိုင်သည်ဟု မှန်ကန်စွာကောက်ယူ၍ မရနိုင်သောအရေးအသားသည် မည် သည့် အကြောင်းခြင်းရာမျိုးနှင့် သက်ဆိုင်ကြောင်း သက်သေခံချက်။

ဥပမာ

A က "X ဒေသတွင် ရှိသော မြေသည် Y နေထိုင်လျက် ရှိကြောင်း" B အား ရောင်းရန် သဘောတူညီခဲ့ပါသည်။ အဆိုရာတွင် A ထွင် X ဒေသ၌ မြေရှိသော်လည်း Y နေထိုင်ခြင်း မရှိချေ။ ထိုပြင်သူ့တွင် Y နေထိုင်သော အိမ်ရှိသော်လည်း X ဒေသ၌မရှိချေ။ ထိုမြေနှစ်ကွက်အနက် မည်သည့် မြေကွက်ကို ရောင်းချရန် ဖြစ်ကြောင်း သက်သေခံ တင်ပြနိုင်သည်။

၉၈။ ဖတ်၍မရသည့် သို့မဟုတ် သာမန်အားဖြင့် နားမလည်နိုင်သည့် အက္ခရာစာလုံးများ၊ နိုင်ငံခြားစကားရပ်များ၊ ရှေးဟောင်းစကားရပ်များ၊ ပညာရပ်ဆိုင်ရာစကားရပ်များ၊ ဒေသအလိုက် အသုံးပြုသည့်စကားရပ်များနှင့် ကျေးလက်နယ်ပယ်အလိုက် အသုံးပြုသည့်စကားရပ်များ၊ အတိုကောက်ရေးသားချက်များနှင့် သက်ဆိုင်ရာကိစ္စအလျောက် ထူးခြားသောအဓိပ္ပာယ်ဖြင့် အသုံးပြုထားသည့်စကားလုံးများတို့၏ အဓိပ္ပာယ်ကိုပေါ်လွင်အောင် သက်သေခံတင်ပြနိုင်သည်။

ဖတ် ၍ မ ရ သည့် အက္ခရာစာလုံး စသည်များ၏ အဓိပ္ပာယ် နှင့် စပ် လျဉ်း သည့် သက် သေ ခံ ချက်။

ဥပမာ

ပန်းပုဆရာ A က "ကျွန်တော်ပိုင်ပန်းပုပစ္စည်းအားလုံး" ဟုဆိုကာ ထိုအရာအားလုံးကို B သို့ရောင်းချရန် သဘောတူသည်။ A မှာ ပန်းပုရုပ်များအပြင် ပန်းပုကိရိယာများလည်း ရှိသည်။ ထိုနှစ်ရပ်အနက် မည်သည်ကို ရောင်းချရန်ရည်ရွယ်ကြောင်းပေါ်လွင်အောင် သက်သေခံ တင်ပြနိုင်သည်။

၉၉။ စာချုပ်စာတမ်းတစ်ခုကို ချုပ်ဆိုသည့်အချိန်နှင့် တစ်ချိန်တည်းတွင် ယင်းစာချုပ်စာတမ်းပါ စည်းကမ်းချက်များကို ပြောင်းလဲပြင်ဆင် သဘောတူညီချက်ထားရှိခဲ့ကြကြောင်း ပေါ်လွင်စေမည့် အကြောင်းခြင်းရာများကို အဆိုပါစာချုပ်အား ချုပ်ရာတွင် မပါဝင်သူများကသော်လည်းကောင်း၊ စာချုပ် ချုပ်ဆိုသူ၏ အကျိုးဆက်ခံသည့် ကိုယ်စားလှယ်မဟုတ်သူများကသော်လည်းကောင်း သက်သေခံတင်ပြနိုင်သည်။

စာချုပ် စာတမ်းပါစည်းကမ်းချက် များ ကို ပြောင်း လဲ ပြင်ဆင်ရန် သဘောတူ ညီ ချက် ရှိကြောင်းကို မည်သူက သက်သေခံ တင် ပြ နိုင် ခြင်း။

ဥပမာ

A နှင့် B စာဖြင့်ရေး၍ ပဋိညာဉ်ပြုလုပ်ရာ B က A သို့ဝါဂွမ်းရောင်းချရန်နှင့် ဝါဂွမ်း ပေးအပ်သည့် အချိန်၌ အဖိုးငွေကို ပေးချေရန် ဖြစ်သည်။ ထိုသို့ပဋိညာဉ်ချုပ်ဆိုသည်နှင့် တစ်ချိန်တည်းမှာပင် ဝါဂွမ်းဖိုးငွေကို A က သုံးလကြာမှ ပေးချေရန် နှုတ်ဖြင့် သဘောတူညီချက် ထားရှိကြသည်။ ဤသို့နှုတ်ဖြင့် သဘောတူညီချက် ရှိကြောင်းကို A နှင့် B တို့ အချင်းချင်း သက်သေတင်ပြနိုင်ခွင့် မရှိသော်လည်း C က ထိုသဘောတူညီချက်ကြောင့် မိမိ၏ အကျိုးစီးပွားကို ထိခိုက်မည်ဆိုလျှင် သက်သေခံ တင်ပြနိုင်သည်။

Saving of provisions of Succession Act relating to wills.

100. Nothing in this Chaper contained shall be taken to affect any of the provisions of the Succession Act as to the construction of wills.

PART III.

Production and Effect of Evidence.

CHAPTER VII.

OF THE BURDEN OF PROOF.

Burden of proof.

101. Whoever desires any Court to give judgment as to any legal right or liability, dependent on the existence of facts which he asserts, must prove that those facts exist.

When a person is bound to prove the existence of any fact, it is said that the burden of proof lies on that person.

Illustrations.

(*a*) *A* desires a Court to give judgment that *B* shall be punished for a crime which *A* says *B* has committed.

A must prove that *B* has committed the crime.

(*b*) *A* desires a Court to give judgment that he is entitled to certain land in the possession of *B*, by reason of facts which he asserts, and which *B* denies, to be true.

A must prove the existence of those facts.

On whom burden of proof lies.

102. The burden of proof in a suit or proceeding lies on that person who would fail if no evidence at all were given on either side.

Illustrations.

(*a*) *A* sues *B* for land of which *B* is in possession, and which, as *A* asserts, was left to *A* by the will of *C*, *B*'s father.

If no evidence were given on either side, *B* would be entitled to retain his possession.

Therefore the burden of proof is on *A*.

(*b*) *A* sues *B* for money due on a bond.

The execution of the bond is admitted, but *B* says that it was obtained by fraud, which *A* denies.

If no evidence were given on either side, *A* would succeed as the bond is not disputed and the fraud is not proved.

Therefore the burden of proof is on *B*.

၁၀၀။ ဤအခန်းတွင် ပါရှိသည့်အချက်များကြောင့် သေတမ်းစာများ၏ အဓိပ္ပာယ်ကို ကောက်ယူခြင်းနှင့်စပ်လျဉ်း၍ အဓိပ္ပာယ်ဆက်ခံခြင်း ဥပဒေပါ ပြဋ္ဌာန်းချက်များကို ထိခိုက်သည်ဟု မမှတ်ယူရ။

သေတမ်းစာများနှင့် စပ်လျဉ်း၍ အမွေဆက်ခံခြင်း ဥပဒေတွင် ပါရှိသော ပြဋ္ဌာန်းချက်များကို ခြွင်းချန်ထားခြင်း။

အပိုင်း (၃)

သက်သေခံချက်တင်ပြခြင်းနှင့် သက်သေခံချက်၏ အကျိုးသက်ရောက်ခြင်း

အခန်း (၇)

သက်သေထင်ရှား တင်ပြရန်တာဝန်

၁၀၁။ မည်သူမဆိုမိမိအဆိုပြုသော အကြောင်းခြင်းရာ တည်ရှိခြင်းအပေါ် အမှီပြုပြီး တရားဝင်အခွင့်အရေး သို့မဟုတ် တာဝန်တစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ တရားရုံးက စီရင်ဆုံးဖြတ်ပေးစေလိုလျှင် ထိုသူသည် အကြောင်းခြင်းရာများကို တည်ရှိကြောင်း သက်သေထင်ရှားတင်ပြရမည်။

သက်သေထင်ရှား တင်ပြရန် တာဝန်။

တစ်ဦးတစ်ယောက်သော သူသည် တစ်စုံတစ်ရာ အကြောင်းခြင်းရာ တည်ရှိကြောင်း သက်သေထင်ရှား တင်ပြရမည်ဖြစ်လျှင် ထိုအကြောင်းခြင်းရာအား သက်သေထင်ရှားတင်ပြရန် တာဝန်သည် ထိုသူ၏အပေါ်တွင် ကျရောက်သည်ဟုဆိုရမည်။

ဥပမာများ

(က) A က B သည် ပြစ်မှု တစ်ခုကို ကျူးလွန်သည်ဟု ပြောဆို၍ B အား ပြစ်ဒဏ် စီရင်ရန် တရားရုံးက စီရင်ချက်ချမှတ်ပေးစေလိုသည်။ A က B ထိုပြစ်မှုကို ကျူးလွန်ကြောင်း သက်သေ ထင်ရှားတင်ပြရမည်။

(ခ) A က ဖော်ပြပါ အကြောင်းခြင်းရာများကို အကြောင်းပြု၍ A က B ၏ လက်ရှိဖြစ်သော မြေတစ်ကွက်ကို ရထိုက်ခွင့်ရှိကြောင်းကို တရားရုံးက စီရင်ချက် ချပေးစေလိုသည်။ (ခ) A က ထုတ်နှုန်သည်ဟု အဆိုပြု၍ B က ငြင်းဆိုထားသော အကြောင်းခြင်းရာများကို

A က ထိုအကြောင်းခြင်းရာများ တည်ရှိကြောင်း သက်သေထင်ရှားတင်ပြရမည်။

၁၀၂။ တရားမမှုတစ်ခု သို့မဟုတ် အမှုအခင်းတစ်ခုတွင် အမှုသည်နှစ်ဦးနှစ်ဘက်အနက် မည်သည့်ဘက်ကမျှ သက်သေထင်ရှားတင်ပြခြင်း မရှိပါက သက်သေထင်ရှားပြရမည့် တာဝန်သည်တရားရှုံးမည့် အမှုသည်အပေါ် ကျရောက်သည်။

သက်သေထင်ရှား တင်ပြရန် တာဝန်သည် မည်သူ့အပေါ် ကျရောက်ခြင်း။

ဥပမာများ

(က) B လက်ဝယ်ရှိသောမြေသည် B ၏ ဖခင်ဖြစ်သူ C က မိမိအားသေတမ်းစာဖြင့် ပေးအပ်ခဲ့သည်ဟု A က အဆိုပြုပြီး ထိုမြေကိုရလိုမှုနှင့် B အား တရားစွဲဆိုသည်။

မည်သည့်ဘက်ကမျှ သက်သေထင်ရှားမတင်ပြလျှင် A သည်ထိုမြေကို မိမိလက်ဝယ်ထားမြဲထားပိုင်ခွင့်ရှိသည်။

ထို့ကြောင့် သက်သေထင်ရှားတင်ပြရန် တာဝန်သည် A အပေါ် ကျရောက်သည်။

(ခ) ခံဝန်ချုပ်ပါငွေကို ရလိုကြောင်းနှင့် A က B ကိုတရားစွဲဆိုသည်။

ခံဝန်ချုပ် ချုပ်ဆိုကြောင်း B က ဝန်ခံသော်လည်း A က လိမ်လည်၍ ချုပ်ဆိုခဲ့ရပါသည်ဟု B ကပြောသည်။ A ကလည်း စာချုပ် ချုပ်ရန် လိမ်လည်ခဲ့ခြင်းမရှိပါဟု ငြင်းဆိုသည်။

မည်သည့်ဘက်ကမျှ သက်သေထင်ရှားမတင်ပြလျှင် ခံဝန်ချုပ် ချုပ်ဆိုကြောင်း အငြင်းပွားခြင်းမရှိသည့်ပြင် လိမ်လည်ကြောင်း သက်သေထင်ရှားမရှိသဖြင့် A က အမှုတွင် အနိုင်ရပေလိမ့်မည်။

သို့ဖြစ်၍ သက်သေခံထင်ရှားတင်ပြရန် တာဝန်သည် B အပေါ် ကျရောက်သည်။

Burden of proof as to particular fact.

103. The burden of proof as to any particular fact lies on that person who wishes the Court to believe in its existence, unless it is provided by any law that the proof of that fact shall lie on any particular person.

Illustration.

A prosecutes *B* for theft, and wishes the Court to believe that *B* admitted the theft to *C*. *A* must prove the admission.

B wishes the Court to believe that, at the time in question, he was elsewhere. He must prove it.

Burden of proving fact to be proved to make evidence admissible.

104. The burden of proving any fact necessary to be proved in order to enable any person to give evidence of any other fact is on the person who wishes to give such evidence.

Illustrations.

(*a*) *A* wishes to prove a dying declaration by *B*. *A* must prove *B*'s death.

(*b*) *A* wishes to prove, by secondary evidence, the contents of a lost document. *A* must prove that the document has been lost.

Burden of proving that case of accused comes within exceptions.

105. When a person is accused of any offence, the burden of proving the existence of circumstances bringing the case within any of the General Exceptions in the Penal Code, or within any special exception or proviso contained in any other part of the same Code, or in any law defining the offence, is upon him, and the Court shall presume the absence of such circumstances.

Illustrations.

(*a*) *A*, accused of murder, alleges that, by reason of unsoundness of mind, he did not know the nature of the act.

The burden of proof is on *A*.

(*b*) *A*, accused of murder, alleges that, by grave and sudden provocation, he was deprived of the power of self-control.

The burden of proof is on *A*.

၁၀၃။ တစ်စုံတစ်ခုသောအကြောင်းခြင်းရာနှင့် စပ်လျဉ်း၍ သက်သေထင်ရှားတင်ပြရန် တာဝန်သည် ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အပေါ် ကျရောက်ရမည့် ဥပဒေ တစ်ရပ်ရပ်တွင် သီးခြားသတ်မှတ်ဖော်ပြ၍ ပြဋ္ဌာန်းထားခြင်းမရှိလျှင် ထိုတာဝန်သည် အဆိုပါအကြောင်းခြင်းရာ တည်ရှိကြောင်း တရားရုံးအား ယုံကြည်စေလိုသူအပေါ် ကျရောက်သည်။

တစ်စုံတစ်ခုသောအကြောင်းခြင်းရာနှင့် စပ်လျဉ်း၍သက်သေထင်ရှားပြရန်တာဝန်။

ဥပမာ

A က B ကို ခိုးမှုဖြင့် တရားစွဲဆိုရာတွင် B သည် မိမိခိုးမှုကျူးလွန်ကြောင်း C သို့ ဝန်ခံသည်ဟု တရားရုံးအား ယုံကြည်စေလိုသည်။ ထိုသို့ဝန်ခံသည်ဆိုသော အကြောင်းခြင်းရာ သက်သေထင်ရှားအောင် A က တင်ပြရမည်။

B က အဆိုပါအချိန်တွင် မိမိသည် အခြားနေရာ၌ ရှိနေကြောင်း တရားရုံးအား ယုံကြည်စေလိုသည်။ B ကပင်အခြားနေရာ၌ရှိနေကြောင်း သက်သေထင်ရှားတင်ပြရမည်။

၁၀၄။ လူတစ်ဦးတစ်ယောက်က အကြောင်းခြင်းရာတစ်ရပ်နှင့်စပ်လျဉ်း၍ သက်သေခံတင်ပြနိုင်ရန် အတွက် အခြားအကြောင်းခြင်းရာတစ်ရပ်ရပ်ကို သက်သေထင်ရှားဦးစွာတင်ပြရန် လိုအပ်သည် ဖြစ်လျှင် ထိုအခြားအကြောင်းခြင်းရာကို သက်သေထင်ရှားတင်ပြရန်တာဝန်သည် အဆိုပါ သက်သေတင်ပြလိုသူအပေါ် ကျရောက်သည်။

သက်သေခံချက်တစ်ရပ်သက်သေခံဝင်ရန်အတွက် သက်သေထင်ရှားပြရမည့်တာဝန်။

ဥပမာများ

(က) A က B ၏သေခါနီးဝစ်ချက်ကို သက်သေခံတင်ပြလိုပါသည်။ A သည် B သေဆုံးကြောင်း သက်သေထင်ရှား တင်ပြရမည်။

(ခ) A သည် ပျောက်ဆုံးသွားသော စာချုပ်စာတမ်းတစ်ခုတွင် ပါရှိသောအကြောင်းအရာများကို ဒုတိယသဆင့် သက်သေခံချက်ဖြင့် သက်သေထင်ရှားတင်ပြလိုသည်။ A က ထိုစာချုပ်စာတမ်း ပျောက်ဆုံးကြောင်း သက်သေထင်ရှား တင်ပြရမည်။

၁၀၅။ တစ်ဦးတစ်ယောက်သည် ပြစ်မှုတစ်ခုခုကျူးလွန်သည်ဟု စွဲဆိုခြင်းခံရသည့်အခါ ပြစ်မှုဆိုင်ရာဥပဒေပါ ကင်းလွတ်ခြင်းအချက်များအနက်မှ အချက်တစ်ရပ်ရပ် သို့မဟုတ် ပြစ်မှုဆိုင်ရာဥပဒေ၏ အခြားအပိုင်းတစ်ခုခုတွင်ဖြစ်စေ၊ အဆိုပါပြစ်မှုကို အဓိပ္ပာယ်ပိုင်းခြားဖော်ပြသည့် ဥပဒေတစ်ရပ် ရပ်တွင်ဖြစ်စေ ပါရှိသောအထူးကင်းလွတ်ခွင့် သို့မဟုတ် ခြွင်းချက်တစ်ရပ်ရပ်တွင် အကျုံး ဝင်စေသည့်အခြေအနေများရှိနေကြောင်း သက်သေထင်ရှားတင်ပြရန်တာဝန်သည် ထိုသူအပေါ် ကျရောက်သည်။ ထိုကဲ့သို့သက်သေထင်ရှားမတင်ပြနိုင်လျှင် တရားရုံးအနေဖြင့်အဆိုပါအခြေအနေများ မရှိဟု မှတ်ယူရမည်။

တရားခံအပေါ် စွဲဆိုထားသောအမှုသည် ကင်းလွတ်ချက်များတွင်အကျုံးဝင်ကြောင်း သက်သေထင်ရှား တင်ပြရန်တာဝန်။

ဥပမာများ

(က) လူသတ်မှုဖြင့် စွဲဆိုခြင်းခံရသူ A က မိမိသည် စိတ်ပေါ့သွပ်သောကြောင့် ပြုမိသော အပြုအမူမှာ မည်သို့သဘော ရှိသည်ကို မသိခဲ့ပါဟုဆိုသည်။

သက်သေထင်ရှားတင်ပြရန် တာဝန်သည် A အပေါ် ကျရောက်သည်။

(ခ) လူသတ်မှုဖြင့် စွဲဆိုခြင်းခံရသူ A က မိမိအား ရုတ်တရက်ဒေါသထွက်အောင် ပြုမှုကြောင့် မိမိစိတ်ကို ချုပ်တည်း နိုင်စွမ်းမရှိတော့ဟုဆိုသည်။

သက်သေထင်ရှားတင်ပြရန်တာဝန်သည် A အပေါ် ကျရောက်သည်။

(c) Section 325 of the Penal Code provides that whoever, except in the case provided for by section 335, voluntarily causes grievous hurt shall be subject to certain punishments.

A is charged with voluntarily causing grievous hurt under section 325.

The burden of proving the circumstances bringing the case under section 335 lies on *A*.

Burden of proving fact especially within knowledge.

106. When any fact is especially within the knowledge of any person, the burden of proving that fact is upon him.

Illustrations.

(a) When a person does an act with some intention other than that which the character and circumstances of the act suggest, the burden of proving that intention is upon him.

(b) *A* is charged with travelling on a railway without a ticket. The burden of proving that he had a ticket is on him.

Burden of proving death of person known to have been alive within thirty years.

107. When the question is whether a man is alive or dead, and it is shown that he was alive within thirty years, the burden of proving that he is dead is on the person who affirms it.

Burden of proving that person is alive who has not been heard of for seven years.

108. Provided that when the question is whether a man is alive or dead, and it is proved that he has not been heard of for seven years by those who would naturally have heard of him if he had been alive, the burden of proving that he is alive is shifted to the person who affirms it.

(ဂ) မြန်မာနိုင်ငံ ရာဇသတ်ကြီး ပုဒ်မ ၃၃၅ တွင် ပြဋ္ဌာန်းထားသည့် အမှုမှတစ်ပါး၊ မည်သူမဆို ဒေါသအလိုအလျောက် အပြင်းအထန်နှင့်ရုတ်တရက်သောမှုကို ပြုလုပ်လျှင် ထိုသူအား သတ်မှတ်ထားသော ပြစ်ဒဏ်ကို ကျခံစေရမည်ဟု ယင်းဥပဒေပုဒ်မ ၃၂၅ တွင် ပြဋ္ဌာန်းထားသည်။

A သည် ပုဒ်မ ၃၂၅ အရ ဒေါသအလိုအလျောက် အပြင်းအထန်နှင့်နာကျင်စေမှုကို ပြုသည်ဟုစွဲဆိုခြင်းခံရသည်။

ထိုအမှုကို ပုဒ်မ ၃၃၅ အကျုံးဝင်စေမည့် အခြေအနေများကို သက်သေထင်ရှား တင်ပြရန်တာဝန်သည် A အပေါ် ကျရောက်သည်။

၁၀၆။ အကြောင်းခြင်းရာတစ်ခုခုသည် တစ်ဦးတစ်ယောက်သောသူကသာ သိရှိနိုင်သည့်ထူးခြားသော အကြောင်းခြင်းရာဖြစ်နေသည့်အခါ ထိုအကြောင်းခြင်းရာသက်သေထင်ရှားတင်ပြရန် တာဝန်သည် ထိုသူအပေါ် ကျရောက်သည်။ **တစ်ဦး တစ်ယောက်သောသူသာသိရှိနိုင်သည့် အကြောင်းခြင်းရာကို သက်သေထင်ရှား ပြရန်တာဝန်။**

ဥပမာများ

(က) လူတစ်ဦးတစ်ယောက်သည် တစ်စုံတစ်ခုပြုလုပ်ရာတွင် ထိုပြုလုပ်မှု၏သဘောနှင့် အခြေအနေများအရ ခန့်မှန်းရသော ရည်ရွယ်ချက်ဖြင့်မဟုတ်ဘဲ အခြားရည်ရွယ်ချက်ဖြင့် ပြုလုပ်ခြင်းဖြစ်လျှင် ထိုအခြားရည်ရွယ်ချက်ရှိကြောင်း သက်သေထင်ရှားတင်ပြရန်တာဝန်သည် ထိုသူအပေါ် ကျရောက်သည်။

(ခ) A သည် လက်မှတ်မပါဘဲ မီးရထားတွင် စီးနင်းလိုက်ပါသည်ဟု စွဲဆိုခြင်းခံရသည်၊ မိမိတွင် လက်မှတ်ပါရှိကြောင်း သက်သေထင်ပြရန်တာဝန်သည် A အပေါ် ကျရောက်သည်။

၁၀၇။ ပြဿနာမှာ လူတစ်ယောက်အသက်ရှင်လျက်ရှိသည်ဟူ၍သော်လည်းကောင်း၊ သေဆုံးပြီဟူ၍သော်လည်းကောင်း ဖြစ်သည့်အခါ ထိုသူသည် လွန်ခဲ့သောနှစ်ပေါင်း ၃၀ အတွင်း အသက်ရှင်လျက်ရှိကြောင်းတင်ပြချက်ရှိလျှင် ထိုသူသေဆုံးကြောင်း သက်သေတင်ရှားတင်ပြရန်တာဝန်သည် ထိုသူသေဆုံးပြီဟုအတည်ပြုပြောဆိုသူအပေါ် ကျရောက်သည်။ **နှစ်ပေါင်း ၃၀ အတွင်း အသက်ရှင်လျက် ရှိသည်ဟု သိရသူသေဆုံးကြောင်း သက်သေထင်ရှား တင်ပြရန် တာဝန်။**

၁၀၈။ သို့ရာတွင် ပြဿနာမှာ လူတစ်ယောက် အသက်ရှင်လျက်ရှိသည်ဟူ၍ သော်လည်းကောင်း၊ သေဆုံးပြီဟူ၍သော်လည်းကောင်းဖြစ်သည့်အခါ ထိုသူအသက်ရှင်လျက်ရှိပါက သူ၏သတင်းကိုသဘာဝအတိုင်းဆိုလျှင် မုချကြားရမည့်သူတို့က (၇) နှစ်ကြာမျှ ထိုသူ၏သတင်းကို မကြားရကြောင်း သက်သေထင်ရှားရှိလျှင် ထိုသူအသက်ရှင်လျက်ရှိကြောင်း သက်သေထင်ရှားတင်ပြရန် တာဝန်သည် ထိုသူအသက်ရှင်လျက်ရှိသည်ဟု အတည်ပြုပြောဆိုသူအပေါ် ကျရောက်သည်။ **ခုနစ်နှစ်ကြာမျှ သတင်းမကြားရသူ အသက်ရှင်လျက် ရှိကြောင်း သက်သေ ထင်ရှား တင်ပြ ရန်တာဝန်။**

Burden of proof as to relationship in the cases of partners, landlord and tenant, principal and agent.

109. When the question is whether persons are partners, landlord and tenant, or principal and agent, and it has been shown that they have been acting as such, the burden of proving that they do not stand, or have ceased to stand, to each other in those relationships, respectively, is on the person who affirms it.

Burden of proof as to ownership.

110. When the question is whether any person is owner of anything of which he is shown to be in possession, the burden of proving that he is not the owner is on the person who affirms that he is not the owner.

Proof of good faith in transactions where one party is in relation of active confidence.

111. Where there is a question as to the good faith of a transaction between parties, one of whom stands to the other in a position of active confidence, the burden of proving the good faith of the transaction is on the party who is in a position of active confidence.

Illustrations.

(a) The good faith of a sale by a client to a legal practitioner is in question in a suit brought by the client. The burden of proving the good faith of the transaction is on the legal practitioner.

(b) The good faith of a sale by a son just come of age to a father is in question in a suit brought by the son. The burden of proving the good faith of the transaction is on the father.

Birth during marriage conclusive proof of legitimacy.

112. The fact that any person was born during the continuance of a valid marriage between his mother and any man, or within two hundred and eighty days after its dissolution, the mother remaining unmarried, shall be conclusive proof that he is the legitimate son of that man, unless it can be shown that the parties to the marriage had no access to each other at any time when he could have been begotten.

113. * * * *

၁၀၉။ ပြဿနာဖြစ်သည့်ကိစ္စမှာ အချို့သောသူများသည် အစုစပ်ဝင်များသော်လည်းကောင်း၊ အိမ်ရှင်နှင့်အိမ်ငှားသော်လည်းကောင်း၊ မြေရှင်နှင့်မြေငှားသော်လည်းကောင်း၊ ကိုယ်စားဆောင်ရွက်သူအား ခန့်သူနှင့် ကိုယ်စားဆောင်ရွက်သူသော်လည်းကောင်း ဟုတ် မဟုတ်ဟူသောကိစ္စဖြစ်သည့်အခါ ထိုသူများသည် ဖော်ပြပါအတိုင်း ပြုမူဆောင်ရွက်လျက်နေကြကြောင်း တင်ပြချက်ရှိခဲ့လျှင် ထိုသူများသည် တစ်ဦးနှင့်တစ်ဦး ထိုကဲ့သို့ဆက်သွယ်မှုအနေအထားအသီးသီးတွင်မရှိကြောင်း၊ သို့မဟုတ် ထိုအနေအထားအတိုင်း ဆက်သွယ်ဆုမှု ရပ်စဲပြီးဖြစ်ကြောင်း သက်သေထင်ရှားတင်ပြရန်တာဝန်သည် ထိုသို့ဆက်သွယ်မှုမရှိကြောင်း သို့မဟုတ် ထိုသို့ဆက်သွယ်မှုရပ်စဲပြီးကြောင်း အတည်ပြုပြောဆိုသူအပေါ် ကျရောက်သည်။

အစုစပ်ဝင်များ၊ အိမ်ရှင်နှင့်အိမ်ငှား၊ မြေရှင်နှင့်မြေငှား၊ မူရင်းပုဂ္ဂိုလ်နှင့်ကိုယ်စားဆောင်ရွက်သူတို့တွင်ထိုကဲ့သို့ဆက်သွယ်မှုရှိမရှိသက်သေထင်ရှားတင်ပြရန်တာဝန်။

၁၁၀။ ပြဿနာမှာ တစ်ဦးတစ်ယောက်သောသူသည် တစ်စုံတစ်ခုသောပစ္စည်း၏ ပိုင်ရှင်ဟုတ် မဟုတ် ဟူသောကိစ္စဖြစ်သည့်အခါ၊ ထိုပစ္စည်းသည် ထိုသူ၏လက်ဝယ်ရှိကြောင်း တင်ပြချက်ရှိခဲ့လျှင် ထိုသူသည်ပစ္စည်းပိုင်ရှင်မဟုတ်ကြောင်း သက်သေထင်ရှားတင်ပြရန်တာဝန်သည် ထိုသူမှာပစ္စည်းပိုင်ရှင်မဟုတ်ဟု အတည်ပြုပြောဆိုသူအပေါ် ကျရောက်သည်။

ပိုင်ဆိုင်မှုနှင့်စပ်လျဉ်း၍ သက်သေထင်ရှားတင်ပြရန်တာဝန်။

၁၁၁။ နှစ်ဦးနှစ်ဘက်ရှိရာတွင် တစ်ဘက်သောသူက ကျန်တစ်ဦး၏ယုံကြည်ကိုးစားခြင်းကိုခံရလျက် အလုပ်ကိစ္စဆောင်ရွက်ကြရာ၌ သဘောရိုးဖြင့်ဆောင်ရွက်ခြင်း ဟုတ် မဟုတ်ဟူသော ပြဿနာပေါ်ပေါက်လျှင် ထိုအလုပ်ကိစ္စကို သဘောရိုးဖြင့် ဆောင်ရွက်ကြောင်း သက်သေထင်ရှားတင်ပြရန်တာဝန်သည် ယုံကြည်ကိုးစားခြင်းခံရသူအပေါ် ကျရောက်သည်။

ဥပမာများ

(က) အမှုသည်တစ်ဦးက မိမိ၏ ရှေ့နေအပေါ် စွဲဆိုသည့် တရားမမှုတွင် အမှုသည်က ထိုရှေ့နေသို့ တစ်စုံတစ်ရာရောင်းချလိုက်ခြင်းမှာ သဘောရိုးဖြင့်ဟုတ်မဟုတ်ဟူသောပြဿနာရှိခဲ့သည်။ သဘောရိုးဖြင့်ရောင်းချသောကိစ္စဖြစ်ကြောင်းသက်သေထင်ရှားတင်ပြရန်တာဝန်သည် ရှေ့နေအပေါ် ကျရောက်သည်။

(ခ) အရွယ်ရောက်စဖြစ်သော သားက ဖခင်အပေါ်စွဲဆိုသည့် တရားမမှုတွင် သားကဖခင်သို့ တစ်စုံတစ်ခုရောင်းချလိုက်ခြင်းမှာ သဘောရိုးဖြင့် ဟုတ် မဟုတ်ဟူသော ပြဿနာရှိခဲ့သည်။ သဘောရိုးဖြင့် ရောင်းချသောကိစ္စဖြစ်ကြောင်း သက်သေထင်ရှားတင်ပြရန်တာဝန်သည် ဖခင်အပေါ် ကျရောက်သည်။

တစ်ဦးနှင့်တစ်ဦး အလုပ်ကိစ္စဆောင်ရွက်ကြရာတွင် တစ်ဘက်သောသူမှာ ယုံကြည်ကိုးစားခြင်းခံရသည့်အခြေတွင်ရှိလျှင် အလုပ်ကိစ္စကို သဘောရိုးဖြင့် ဆောင်ရွက်ကြောင်း သက်သေထင်ရှားတင်ပြခြင်း။

၁၁၂။ သူ၏မိခင်နှင့် ယောကျ်ားတစ်ဦးတို့ တရားဝင်လက်ထပ်ပေါင်းသင်းနေစဉ်ကာလအတွင်း လူတစ်ဦးတစ်ယောက်ကိုမွေးဖွားလျှင် သို့မဟုတ် လက်ထပ်ပေါင်းသင်းခြင်းကိုရပ်စဲပြီးသည့်နောက်၊ မိခင်နောက်အိမ်ထောင်မပြုဘဲနေခဲ့သော် ရက်ပေါင်း ၂၈၀ အတွင်းမွေးဖွားလျှင် ထိုသူမှာ ယောကျ်ားတစ်ဦး၏တရားဝင်ကလေးဖြစ်ကြောင်း ထင်ရှားစေသည့် အပြီးသတ် သက်သေခံချက်ဖြစ်ရမည်။

သို့ရာတွင်ထိုသူပဋိသန္ဓေတည်နိုင်လောက်သည့် မည်သည့်အခါကာလအတွင်းမဆို အဆိုပါ လက်ထပ်ပေါင်းသင်းခြင်းပြုကြသူတို့ တစ်ဦးနှင့်တစ်ဦး ဆက်ဆံခွင့်မရှိခဲ့ကြောင်း တင်ပြနိုင်လျှင် အပြီးသတ်သက်သေခံချက်မဟုတ်ချေ။

လက်ထပ်ပေါင်းသင်း၊ နေစဉ်ကာလအတွင်းကလေးမွေးဖွားခြင်းသည် ထိုကလေးမှာ တရားဝင်ကလေးဖြစ်ကြောင်း အပြီးသတ်သက်သေခံချက်ဖြစ်ခြင်း။

၁၁၃။ • • • •

Court may presume existence of certain facts.

114. The Court may presume the existence of any fact which it thinks likely to have happened, regard being had to the common course of natural events, human conduct and public and private business, in their relation to the facts of the particular case.

Illustrations.

The Court may presume—

(*a*) that a man who is in possession of stolen goods soon after the theft is either the thief or has received the goods knowing them to be stolen, unless he can account for his possession.

(*b*) that an accomplice is unworthy of credit, unless he is corroborated in material particulars;

(*c*) that a bill of exchange, accepted or endorsed, was accepted or endorsed for good consideration;

(*d*) that a thing or state of things, which has been shown to be in existence within a period shorter than that within which such things or states of things usually cease to exist, is still in existence;

(*e*) that judicial and official acts have been regularly performed;

(*f*) that the common course of business has been followed in particular cases;

(*g*) that evidence which could be and is not produced would, if produced, be unfavourable to the person who withholds it;

(*h*) that if a man refuses to answer a question which he is not compelled to answer by law, the answer, if given would be unfavourable to him;

(*i*) that when a document creating an obligation is in the hands of the obligor, the obligation has been discharged.

But the Court shall also have regard to such facts as the following, in considering whether such maxims do or do not apply to the particular case before it:—

as to *illustration* (*a*)—a shop-keeper has in his till a marked rupee soon after it was stolen, and cannot account for its possession specifically, but is continually receiving rupees in the course of his business;

as to *illustration* (*b*)—*A*, a person of the highest character is tried for causing a man's death by an act of negligence in arranging certain machinery. *B*, a person of equally good character, who also took part in the arrangement, describes precisely what was done, and admits and explains the common carelessness of *A* and himself;

as to *illustration* (*b*)—a crime is committed by several persons. *A*, *B* and *C*, three of the criminals, are captured on the spot and kept apart from each other. Each gives an account of the crime implicating *D*, and the accounts corroborate each other in such a manner as to render previous concert highly improbable;

၁၁၄။ တရားရုံးသည် တစ်စုံတစ်ခုသော အမှုကိစ္စ၏အကြောင်းခြင်းရာနှင့်ဆက်စပ်လျက်ရှိသော သဘာဝအဖြစ်အပျက်များ၊ လူတို့၏ အမူအကျင့်နှင့် အများပြည်သူဆိုင်ရာ လုပ်ငန်းနှင့် ပုဂ္ဂလိကဆိုင်ရာ လုပ်ငန်းတို့၏ အများအားဖြင့် ဖြစ်တတ်သည့် ဖြစ်နိုင်ဖွယ်ရာသဘောကို ထောက်ရှုဆင်ခြင်လျက် အကြောင်းခြင်းရာတစ်ခုခုဖြစ်တန်ရာသည်ဟု ထင်မြင်လျှင် ထိုအကြောင်းခြင်းရာများကို အမှန်ကဲ့သို့ တရားရုံးက မှတ်ယူနိုင်သည်။ အချို့သော အကြောင်းခြင်းရာများ တည်ရှိကြောင်း တရားရုံးက မှတ်ယူနိုင်ခြင်း။

ဥပမာများ

တရားရုံးသည် အောက်ပါအတိုင်း အမှန်ကဲ့သို့ မှတ်ယူနိုင်သည်—

(က) ခိုးမှုဖြစ်ပွားပြီးနောက် မကြာမီအတွင်း ခိုးရာပါပစ္စည်းကိုလက်ဝယ်ရှိသူတစ်ယောက်က မည်သည့်နည်းလမ်းဖြင့် ထိုပစ္စည်းမိမိလက်ဝယ်သို့ ရောက်ရှိသည်ကိုအကြောင်းမပြနိုင်လျှင် ထိုသူသည် သူခိုးသော်လည်းကောင်း၊ ခိုးရာပါပစ္စည်းဖြစ်ကြောင်းသိလျက်နှင့် လက်ခံထားသူသော်လည်းကောင်း ဖြစ်ကြောင်း၊

(ခ) ပြစ်မှုကျူးလွန်ရာတွင် ကြံရာပါတစ်ဦး၏ ထွက်ဆိုချက်ကို အရေးကြီးသောအကြောင်းအရာများ၌ အထောက်အကူပြုသည့်သက်သေ ခံချက်မရှိလျှင် ထိုသူမှာယုံကြည်ထိုက်သော သက်သေမဟုတ်ကြောင်း၊

(ဂ) လက်ခံပြီးသော သို့မဟုတ် အတည်ပြုပြီးသော ငွေလွှဲစာချုပ်တွင်ပါရှိသည့် အဖိုးစားနား အပြည့်အစုံရရှိအဖြင့် ထိုငွေလွှဲစာချုပ်ကို လက်ခံခဲ့ကြောင်း သို့မဟုတ် အတည်ပြုခဲ့ကြောင်း၊

(ဃ) တစ်စုံတစ်ခုသော အရာဝတ္ထု သို့မဟုတ် အရာဝတ္ထုများ၏ အခြေအနေတည်ရှိခြင်းမှာ ထိုသို့သောအရာဝတ္ထုများ သို့မဟုတ် အရာဝတ္ထုတို့၏ အခြေအနေများရပ်စဲမြဲဖြစ်သော အချိန်ကာလမတိုင်မီ ယင်းသို့တည်ရှိနေသည်ဟု တင်ပြထားလျှင် ထိုအရာဝတ္ထုသည် သို့မဟုတ် ထိုအရာဝတ္ထုများ၏အခြေအနေသည် ဆက်လက်တည်ရှိနေကြောင်း၊

(င) တရားစီရင်ရေး လုပ်ငန်းများနှင့် အခြားရုံးလုပ်ငန်းများကို ဆောင်ရွက်သင့်သလို ပုံမှန်ဆောင်ရွက်ထားကြောင်း၊

(စ) အလုပ်ကိစ္စများတွင် တစ်ခုစီကို ဆောင်ရွက်ရာ၌ အများအားဖြင့် ဆောင်ရွက်မြဲအတိုင်း ပြုလုပ်ဆောင်ရွက်ထားကြောင်း၊

(ဆ) သက်သေခံတစ်ခုကို တင်ပြနိုင်ပါလျက် တင်ပြခြင်း မပြုလျှင် ထိုသို့ မတင်ပြဘဲ နေသူ၏ အကျိုးနှင့် ဆန့်ကျင်လိမ့်မည်ဖြစ်ကြောင်း၊

(ဇ) မဖြေဆိုဘဲ မနေရဟု ဥပဒေက ပြဋ္ဌာန်းထားခြင်းမရှိသော မေးခွန်းကို လူတစ်ယောက်က ဖြေဆိုရန် ငြင်းဆိုလျှင် ထိုသူ၏အကျိုးနှင့် ဆန့်ကျင်လိမ့်မည် ဖြစ်ကြောင်း။

(ဈ) တစ်စုံတစ်ခုသော တာဝန်ကိုထမ်းဆောင်ရန်ပြုလုပ်ထားသည့်စာချုပ်စာတမ်းသည် ထိုတာဝန်ကိုထမ်းဆောင်ရမည့်သူ၏ လက်ထဲတွင် ရောက်ရှိနေလျှင် ထိုတာဝန်ကို ထမ်းဆောင်ပြီးဖြစ်ကြောင်း၊

သို့ရာတွင် တရားရုံးက ဆိုခဲ့သည့် ဆောင်ပုဒ်များသည် တရားရုံးတွင် ရောက်ရှိလာသည့် အမှုတစ်မှုစီ နှင့်သက်ဆိုင်ခြင်း ရှိ မရှိ စဉ်းစားဆင်ခြင်ရာ၌ အောက်ပါ အကြောင်းခြင်းရာများကိုလည်း ထောက်ရှုဆင်ခြင်ရမည်—

ဥပမာ။ ။(က) တွင် အမှတ်အသား ပြုလုပ်ထားသော ငွေတစ်ကျပ်ကို ခိုးယူ ပျောက်ဆုံးပြီးနောက် မကြာမီ ဆိုင်ရှင်တစ်ဦး၏ ဆိုင်ရှိ ငွေထည့် သေတ္တာငယ်တွင် တွေ့ရှိသည်။ ထိုငွေကို မည်သည့်နည်းဖြင့်မိမိ၏ လက်သို့ ရောက်ရှိကြောင်း ဆတိအကျ မဖော်ပြနိုင်သော်လည်း ထိုဆိုင်ရှင်၏ လုပ်ငန်းစဉ်တွင် ကျပ်ငွေများ ကိုအဆက်မပြတ် လက်ခံ ရရှိနေခြင်း။

ဥပမာ။ ။(ခ) တွင် အကျင့်စာရိတ္တ အလွန်ကောင်းမွန်သူ A အပေါ် စက်ကိရိယာဆင်ရာ၌ ပေါ့လျော့မှုကြောင့် လူတစ်ယောက်အား သေစေမှုဖြင့် တရားစွဲဆိုသည်။ ဤကဲ့သို့ပင် အကျင့်စာရိတ္တ ကောင်းမွန်၍ထိုစက်ကိရိယာ ဆင်ရာ၌ ပါဝင်သော B သည် ပြုလုပ်ခဲ့သမျှကို တိကျစွာ ဖော်ပြပြီးနောက် A နှင့်တကွ မိမိပါ သတိလစ်ဟင်းခဲ့ကြောင်းကို ဝန်ခံ၍ ရှင်းလင်းဖော်ပြခြင်း။

ဥပမာ။ ။(ခ) တွင် ပြစ်မှုတစ်ခုကို လူအများ ပူးပေါင်း၍ ကျူးလွန်ကြသည်။ ပြစ်မှု ကျူးလွန်သူများအနက်မှ A၊B နှင့် C တို့ သုံးဦးကို ပြစ်မှုဖြစ်ပွားရာ နေရာတွင် ဖမ်းမိ၍ ယင်းတို့အား တစ်ယောက်တစ်နေရာစီ ထားသည်။ ယင်းတို့က အမှုအကြောင်းကို ပြောပြကြရာတွင် D ပါဝင်ကြောင်း အသီးသီးထွက်ဆို အစစ်ဆေးခံကြသည်။ ထိုသို့ထွက်ဆိုကြရာ၌ ယခင်က ကြိုတင် ပေါင်းဖက် ကြံစည်ထားသည့် လက္ခဏာမရှိလောက်အောင် ယင်းတို့၏ ထွက်ဆိုချက်များသည် တစ်ခုနှင့်တစ်ခု အထောက်အခံ ပြုလျက်ရှိခြင်း။

as to *illustration* (c)—*A*, the drawer of a bill of exchange, was a man of business. *B*, the acceptor, was a young and ignorant person, completely under *A*'s influence ;

as to *illustration* (d)—it is proved that a river ran in a certain course five years ago, but it is known that there have been floods since that time which might change its course ;

as to *illustration* (e)—a judicial act, the regularity of which is in question, was performed under exceptional circumstances ;

as to *illustration* (f)—the question is, whether a letter was received. It is shown to have been posted, but the usual course of the post was interrupted by disturbances ;

as to *illustration* (g)—a man refuses to produce a document which would bear on a contract of small importance on which he is sued, but which might also injure the feelings and reputation of his family ;

as to *illustration* (h)—a man refuses to answer a question which he is not compelled by law to answer, but the answer to it might cause loss to him in matters unconnected with the matter in relation to which it is asked ;

as to *illustration* (i) a bond is in possession of the obligor, but the circumstances of the case are such that he may have stolen it.

CHAPTER VIII.

ESTOPPEL.

Estoppel.

115. When one person has, by his declaration, act or omission, intentionally caused or permitted another person to believe a thing to be true and to act upon such belief, neither he nor his representative shall be allowed, in any suit or proceeding between himself and such person or his representative, to deny the truth of that thing.

Illustration.

A intentionally and falsely leads *B* to believe that certain land belongs to *A* and thereby induces *B* to buy and pay for it.

The land afterwards becomes the property of *A*, and *A* seeks to set aside the sale on the ground that, at the time of the sale, he had no title. He must not be allowed to prove his want of title.

ဥပမာ။ ။(ဂ) တွင် ငွေလွှဲစာချုပ်ဖြင့်ငွေထုတ်ယူသူ A သည် စီးပွားရေးလုပ်ငန်း လုပ်ကိုင်သူဖြစ်သည်။ ထိုစာချုပ်ကိုလက်ခံသူ B သည် ငယ်ရွယ်၍ အသိပညာကင်းမဲ့သူဖြစ်သည့်ပြင် A ကြောင့် လုံးလုံးလျားလျား ဖြစ်ခြင်း။

ဥပမာ။ ။(ဃ) တွင် မြစ်တစ်ခုသည် လွန်ခဲ့သည့်ငါးနှစ်က ရေကြောင်းမပြောင်းလဲဘဲစီးဆင်းခဲ့သည်မှာ သက်သေထင်ရှားသော်လည်းထိုနောက်တွင် ရေကြီးရေလျှံကြောင်းသိရှိရသည်ဖြစ်ရာထိုသို့ရေကြီးရေလျှံခြင်းကြောင့်ထိုရေစီးကြောင်းပြောင်းလဲသွားနိုင်ခြင်း။

ဥပမာ။ ။(င) တွင် တရားစီရင်ရေး လုပ်ငန်းတစ်ရပ်ကို နည်းလမ်းတကျ ဆောင်ရွက်ခြင်း ရှိမရှိဟူသော ပြဿနာတွင် ထိုဆောင်ရွက်ချက်ကို ထူးခြားသော အခြေအနေရှိ၍ဆောင်ရွက်ရခြင်း။

ဥပမာ။ ။(စ) တွင် ပြဿနာမှာ စာတစ်စောင်ကို ရ၊မရဖြစ်သည်၊ ထိုစာကို စာတိုက်တွင် ထည့်ပြီးဖြစ်ကြောင်း ထင်ပြထားသည်။ သို့ရာတွင် စာပို့ရိုးပို့စဉ်လုပ်ငန်းတွင် အဆီးအတားအနှောင့်အယှက်များရှိခြင်းကြောင့် စာမရောက်နိုင်ခြင်း။

ဥပမာ။ ။(ဆ) တွင် လူတစ်ယောက်သည် သိပ်အရေးကြီးသော ငြိငြင်ဆိုခဲ့ဖွယ် စာချုပ်တစ်ခုနှင့် ပတ်သက်၍ တရားစွဲဆိုခြင်းခံရရာတွင် ထိုငြိငြင်နှင့် သက်ဆိုင်မည်ဖြစ်သော စာချုပ်စာတမ်းတစ်ခုကို တင်ပြခြင်းမပြုခဲ့ချေ။ ထိုစာချုပ်စာတမ်းသည် ထိုသူ၏မိသားစု၏ စိတ်နှင့်ဂုဏ်အသရေကိုထိခိုက်စေနိုင်ခြင်း။

ဥပမာ။ ။(ဇ) တွင် လူတစ်ယောက်သည် ဥပဒေအရ မဖြေမဆိုဘဲနေ၍ ရနိုင်သည့်မေးခွန်းကိုဖြေဆိုရန် ငြင်းဆိုသည်။ သို့ရာတွင် ဖြေဆိုလျှင် မေးသည့်ကိစ္စနှင့်မစပ်ဆိုင်သောကိစ္စတွင် ထိုသူ၏ အကျိုးစီးပွားကို ဆုတ်ယုတ်စေနိုင်သည်။

ဥပမာ။ ။(ဈ) တွင် ဝန်ခံချုပ်တစ်ခုသည်ဘာဝန်ကိုထမ်းဆောင်ရမည့်သူ၏ လက်ဝယ်ရှိသည်။ သို့ရာတွင် အမှုကိစ္စ၏ အခြေအနေအရ ထိုဝန်ခံချုပ်ကို ထိုသူခိုးယူရရှိထားနိုင်မည်ဖြစ်ခြင်း။

အခန်း (ဂ)

ငြင်းဆိုခွင့်မရှိခြင်း

၁၁၅။ တစ်စုံတစ်ယောက်သောသူသည် ကြေညာ၍ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ ပြုလုပ်ရန် ပျက်ကွက်ခြင်းဖြင့်ဖြစ်စေ၊ အခြားသူတစ်ဦးတစ်ယောက်အား အကြောင်းအချက်တစ်ခုကို မှန်ကန်ခြင်း။ သည်ဟု ယုံကြည်စေ၍ ထိုယုံကြည်ချက်အရ ပြုမူစေရန် တမင်ပြုလျှင် သို့မဟုတ် ပြုလျှင် မိမိနှင့် အခြားသူ သို့မဟုတ် ထိုသူ၏ ကိုယ်စားလှယ်တို့ဖြစ်ပွားသည့်တရားမမှု တစ်စုံတစ်ရာတွင်လည်းကောင်း၊ အခြားမှုခင်း တစ်စုံတစ်ရာတွင်လည်းကောင်း၊ ယင်းအကြောင်းအချက်နှင့် စပ်လျဉ်း၍ မမှန်ကန်ကြောင်းကို မိမိကသော်လည်းကောင်း၊ မိမိ၏ ကိုယ်စားလှယ်ကသော်လည်းကောင်း ငြင်းဆိုခွင့် မပြုစေရ။

ဥပမာ

A သည် မြေအကွက်ကို ယင်းပိုင်မြေဖြစ်ကြောင်း B ကို ယုံကြည်စေရန်တမင် မမှန်မကန်ပြောဆိုလျက် B အား ထိုမြေကွက်ကို ဝယ်ယူစေပြီး၊ အဖိုးငွေချေစေသည်။

ထို့နောက် အဆိုပါမြေမှာ A ပိုင်မြေဖြစ်လာ၍ A က ထိုမြေကိုရောင်းချစဉ်က မိမိပိုင်မြေမဟုတ်သောကြောင့် ရောင်းဝယ်ခြင်းကို ပယ်ဖျက်ပေးရန် လျှောက်ထားသည်။ ထိုသို့ရောင်းချစဉ်အခါက ထိုမြေကို မိမိ မပိုင်ဆိုင်ကြောင်း၊ သက်သေထင်ရှားတင်ပြရန် A အား ခွင့်မပြုရ။

Estoppel of tenant; and of licensee of person in possession.

116. No tenant of immoveable property, or person claiming through such tenant, shall, during the continuance of the tenancy, be permitted to deny that the landlord of such tenant had, at the beginning of the tenancy, a title to such immoveable property; and no person who came upon any immoveable property by the licence of the person in possession thereof shall be permitted to deny that such person had a title to such possession at the time when such licence was given.

Estoppel acceptor of bill of exchange, bailee or licensee.

117. No acceptor of a bill of exchange shall be permitted to deny that the drawer had authority to draw such bill or to endorse it; nor shall any bailee or licensee be permitted to deny that his bailor or licensor had, at the time when the bailment or licence commenced, authority to make such bailment or grant such licence.

Explanation (*1*).—The acceptor of a bill of exchange may deny that the bill was really drawn by the person by whom it purports to have been drawn.

Explanation (*2*).—If a bailee delivers the goods bailed to a person other than the bailor, he may prove that such person had a right to them as against the bailor.

CHAPTER IX.

OF WITNESSES.

Who may testify.

118. All persons shall be competent to testify unless the Court considers that they are prevented from understanding the questions put to them, or from giving rational answers to those questions, by tender years, extreme old age, disease, whether of body or mind, or any other cause of the same kind.

Explanation.—A lunatic is not incompetent to testify, unless he is prevented by his lunacy from understanding the questions put to him and giving rational answers to them.

၁၁၆။ မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းကို အငှားချထားသည့်ကိစ္စတွင် အိမ်ရှင် (သို့မဟုတ်) မြေရှင်သည် အငှားချထားခြင်း စတင်သည့်အချိန်က ထိုပစ္စည်းကို ပိုင်ဆိုင်ခွင့်မရှိကြောင်းဖြင့် မြေငှား (သို့မဟုတ်) အိမ်ငှားကဖြစ်စေ၊ ထိုပစ္စည်းကို အိမ်ငှား(သို့မဟုတ်) မြေငှားထံမှ ဆိုင်ရာဆိုင်ခွင့် ဆက်ခံသူကဖြစ်စေ၊ ထိုပစ္စည်းငှားရမ်းထားဆဲကာလအတွင်း ငြင်းဆိုခွင့်မရှိစေရ။ ထို့ပြင် မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းတစ်ခုခု လက်ရှိဖြစ်သူ တစ်ဦးတစ်ယောက်သောသူအား အခွင့်အမိန့်ပေးအပ်၍ ထိုပစ္စည်းတွင် ဝင်ရောက်နေထိုင်နှင့် အမိန့်ပေးအပ်စဉ်က ထိုပစ္စည်းကို လက်ရှိထားပိုင်ခွင့်မရှိကြောင်းဖြင့် အဆိုပါ အခွင့်အမိန့်အရ ထိုပစ္စည်းတွင် ဝင်ရောက်နေထိုင်သူက ငြင်းဆိုခွင့်မရှိစေရ။

ပစ္စည်း လက်ဝယ်ရှိ သူထံမှအခွင့်အမိန့်အရနေထိုင်သူ၏ငြင်းဆိုခွင့်မရှိခြင်း။

၁၁၇။ ငွေလွှဲစာချုပ်တစ်ခုကို ရေးသားထုတ်ပေးသူမှာ ထိုသို့ရေးသားထုတ်ပေးပိုင်ခွင့်သော်လည်းကောင်း၊ ယင်းကို အတည်ပြု လက်မှတ်ရေးထိုးပိုင်ခွင့် သော်လည်းကောင်း မရှိကြောင်းဖြင့် ထိုငွေလွှဲစာချုပ်လက်ခံသူက ငြင်းဆိုခွင့်မရှိစေရ။ ၎င်းအပြင် တစ်ဦးတစ်ယောက်အား ပစ္စည်းအပ်နှံသူ သို့မဟုတ် အခွင့် အမိန့်ပေးအပ်သူမှာ ထိုပစ္စည်းအပ်နှံခြင်းစတင်သည့်အချိန်က သို့မဟုတ် ထိုအခွင့်အမိန့်ကို ပေးအပ်ခြင်း စတင်သည့်အချိန်က ထိုသို့ ပစ္စည်းအပ်နှံပိုင်ခွင့်သော်လည်းကောင်း၊ အခွင့်အမိန့်ပေးအပ်ပိုင်ခွင့်သော်လည်းကောင်း မရှိကြောင်းဖြင့် ပစ္စည်းအပ်နှံခံရသူက သို့မဟုတ် အခွင့်အမိန့်ရသူက ငြင်းဆိုခွင့်မရှိစေရ။

ငွေလွှဲစာချုပ် လက်ခံသူ၊ပစ္စည်း အပ်နှံခံရသူ သို့မဟုတ် အခွင့် အမိန့်ရသူ၏ ငြင်းဆိုခွင့်မရှိ ခြင်း။

ရှင်းလင်းချက် (၁)။ ငွေလွှဲစာချုပ်တစ်ခုကို ရေးသားထုတ်ပေးသည်ဆိုသူသည် အမှန်စင်စစ် ထိုငွေလွှဲစာချုပ်ကို ရေးသားထုတ်ပေးခြင်းမပြုကြောင်းဖြင့် ထိုငွေလွှဲစာချုပ်လက်ခံသူက ငြင်းဆိုနိုင်သည်။

ရှင်းလင်းချက် (၂)။ ကုန်ပစ္စည်းအပ်နှံခံရသူတစ်ဦးသည် မိမိထံ အပ်နှံထားသည့် ကုန်ပစ္စည်းများကို ထိုကုန်ပစ္စည်းအပ်နှံသူမှတစ်ပါး အခြားသူအား ပေးအပ်လိုက်လျှင် ထိုအခြားသူမှာ ထို ကုန်ပစ္စည်းအပ်နှံသူထက် ယင်း ကုန်ပစ္စည်းများကို ရသိုက်ခွင့်ရှိကြောင်း ထင်ရှားစေအောင် ကုန်ပစ္စည်းအပ်နှံခံရသူက သက်သေထင်ရှားတင်ပြနိုင်သည်။

အခန်း (၉)

သက်သေများအကြောင်း

၁၁၈။ မည်သူမဆို သက်သေခံနိုင်ခွင့်ရှိသည်။ သို့ရာတွင် အသက်အရွယ် နုနယ်သောကြောင့် သော်လည်းကောင်း၊ အလွန်အိုမင်းသောကြောင့်သော်လည်းကောင်း၊ ကိုယ်၌ဖြစ်စေ၊ စိတ်၌ဖြစ်စေ ရောဂါစွဲကပ်ခြင်းကြောင့် သော်လည်းကောင်း၊ အလားတူဖြစ်သော အခြား အကြောင်း တစ်ခုခု ကြောင့်သော်လည်းကောင်း မိမိအား မေးမြန်းသည့် မေးခွန်းများကို နားမလည်နိုင်သူ သို့မဟုတ် ဆင်ခြင်တိုင်းထွာ၍ဖြေဆိုခြင်းမပြုနိုင်သူဟု တရားရုံးကသင်မြင်ယူဆလျှင် ထိုသူကို သက်သေခံခွင့်မပြုရ။

မည် သူ က သက် သေ ခံနိုင် ခြင်း။

ရှင်းလင်းချက်။ ရူးသွပ်သူတစ်ယောက်သည် မိမိအား မေးမြန်းသည့်မေးခွန်းများကို နားလည်နိုင်စွမ်းလည်းမရှိ၊ ဆင်ခြင်ဘိုင်းထွာ၍ ဖြေဆိုနိုင်စွမ်းလည်းမရှိလောက်အောင် ရူးသွပ်နေသည့် အခြေအနေမျိုးမဟုတ်လျှင် သက်သေခံနိုင်ခွင့်ရှိသည်။

Dumb witnesses.

119. A witness who is unable to speak may give his evidence in any other manner in which he can make it intelligible, as by writing or by signs; but such writing must be written and the signs made in open Court. Evidence so given shall be deemed to be oral evidence.

Parties to civil suit and their wives or husbands. Husband or wife of person under criminal trial.

120. In all civil proceedings the parties to the suit, and the husband or wife of any party to the suit, shall be competent witnesses. In criminal proceedings against any person, the husband or wife of such person, respectively, shall be a competent witness.

Judges and Magistrates.

121. No Judge or Magistrate shall, except upon the special order of some Court to which he is subordinate, be compelled to answer any questions as to his own conduct in Court as such Judge or Magistrate, or as to anything which came to his knowledge in Court as such Judge or Magistrate; but he may be examined as to other matters which occurred in his presence whilst he was so acting.

Illustration.

(a) *A*, on his trial before the Court of Session, says that a deposition was improperly taken by *B*, the Magistrate. *B* cannot be compelled to answer questions as to this, except upon the special order of a superior Court.

(b) *A* is accused before the Court of Session of having given false evidence before *B*, a Magistrate. *B* cannot be asked what *A* said, except upon the special order of a superior Court.

(c) *A* is accused before the Court of Session of attempting to murder a police-officer whilst on his trial before *B*, a Sessions Judge. *B* may be examined as to what occurred.

Communications during marriage.

122. No person who is or has been married shall be compelled to disclose any communication made to him during marriage by any person to whom he is or has been married; nor shall he be permitted to disclose any such communication, unless the person who made it, or his representative in interest, consents, except in suits between married persons, or proceedings in which one married person is prosecuted for any crime committed against the other.

စကားမပြောနိုင်သော သက်သေများ။

စကားမပြောနိုင်သော သက်သေတစ်ဦးသည် စာရေးသားတင်ပြခြင်း သို့မဟုတ် လက်ရိပ်ခြေရိပ်ပြခြင်းကဲ့သို့ သူ့စကားကို နားလည်နိုင်သော အခြားနည်းတစ်နည်းနည်းဖြင့် သက်သေခံ တင်ပြနိုင်သည်။ သို့ရာတွင် ထိုကဲ့သို့ စာရေးသားတင်ပြခြင်း သို့မဟုတ် လက်ရိပ်ခြေရိပ်ပြခြင်းကို တရားရုံးတွင် လူအများရှေ့၌ပြုလုပ်ရမည်။ ထိုကဲ့သို့ တင်ပြသော သက်သေခံချက်ကို နှုတ်သက်သေခံ ချက်ဟု မှတ်ယူရမည်။

တရားမမှုတွင် အမှုသည် များနှင့် ယင်း၏ ဇနီး (သို့) ခင်ပွန်း၊ ပြစ်မှု ဆိုင်ရာမှုခင်းတွင် စွဲဆိုခြင်း ခံရ သူ၏ ခင်ပွန်း သို့မဟုတ် ဇနီး။

၁၂၀။ တရားမမှုအားလုံးတွင် အမှုသည်များသည်လည်းကောင်း၊ အမှုသည်၏ ခင်ပွန်း သို့မဟုတ် ဇနီးသည်လည်းကောင်း သက်သေများအဖြစ် အစစ်ခံနိုင်ခွင့်ရှိသူများဖြစ်သည်။ ပြစ်မှုဆိုင်ရာ မှုခင်းများတွင် စွဲဆိုခြင်းခံရသူ၏ခင်ပွန်း သို့မဟုတ် ဇနီးဖြစ်သူသည် သက်သေအဖြစ် အစစ်ခံနိုင်ခွင့် ရှိသူဖြစ်သည်။

တရားသူကြီးများ။

၁၂၁။ တရားသူကြီး တစ်ဦးဦးသော်လည်းကောင်း၊ အဆင့်မြင့်သော တရားရုံး၊ အထက်အဆင့်မြင့် တရားရုံး၏အမိန့်အရသာ တရားသူကြီးအဖြစ်ဖြင့် တရားရုံးတွင် ထိုသူ၏ပြုမူဆောင်ရွက်ချက် သို့မဟုတ် တရားသူကြီးအဖြစ်ဖြင့် တရားရုံးတွင် ဆောင်ရွက်နေစဉ် ထိုသူ သိရှိခဲ့ရသည့် အကြောင်းအရာနှင့် စပ်လျဉ်း၍ မေးခွန်းများကို ဖြေဆိုစေရန် အတင်းအကျပ်မပြုရ။ သို့ရာတွင် တရားသူကြီးအဖြစ်ဖြင့် ဆောင်ရွက်နေစဉ် ထိုသူ၏ရှေ့မှောက်၌ဖြစ်ပွားခဲ့သော အခြားအကြောင်းအရာများနှင့်စပ်လျဉ်း၍မူ ထိုသူအား စစ်ဆေးမေးမြန်းနိုင်သည်။

ပုံစံများ

(က) စက်ရှင်တရားရုံးတွင် အမှုစစ်ဆေးခြင်းခံရသူ A က B ဟူသော တရားသူကြီးသည် သက်သေတစ်ဦး၏ထွက်ဆို ချက်ကို မှားယွင်းစွာ မှတ်တမ်းတင်ခဲ့သည်ဟု ဆိုသည်။ အဆင့်မြင့်သော တရားရုံး၏ အမိန့်မရဘဲ ထိုကိစ္စနှင့်စပ်လျဉ်းသည့် မေးခွန်းများကို အတင်းအကြပ်ဖြေဆိုစေခြင်း မပြုရ။

(ခ) A သည် ရာဇဝတ်တရားသူကြီး B ၏ ရှေ့မှောက်တွင် မှားယွင်းသော သက်သေခံခဲ့ခြင်း ကြောင့် စက်ရှင်တရားရုံးတွင် စွဲဆိုခြင်း ခံရသည်။ အဆင့်မြင့်သော တရားရုံး၏ အမိန့်မရှိဘဲ A ပြောဆိုခဲ့သည့်အကြောင်းကို B အား မေးမြန်းခြင်း မပြုနိုင်ချေ။

(ဂ) စက်ရှင်တရားသူကြီး၏ ရှေ့မှောက်တွင် အမှုစစ်ဆေးခြင်းခံရစဉ် A သည် ရဲအရာရှိတစ်ဦးအား သတ်ရန်အားထုတ်မှု [illegible] ကြောင်းကို အဆိုပါ တရားသူကြီး B အား မေးမြန်းနိုင်သည်။

လက်ထပ် ပေါင်းသင်း နေစဉ်အတွင်း တစ်ဦးနှင့် တစ်ဦး ဆက်သွယ်မှု များ။

၁၂၂။ အိမ်ထောင် လက်ရှိဖြစ်သူ သို့မဟုတ် အိမ်ထောင်ရှိခဲ့ဖူးသူ တစ်ဦးအား ယင်းနှင့် လက်ထပ် ပေါင်းသင်းနေသူက သို့မဟုတ် ယင်းနှင့်လက်ထပ်ပေါင်းသင်းခဲ့ဖူးသူက လက်ထပ်ပေါင်းသင်း နေစဉ်ကာလအတွင်း ဆက်သွယ်မှုတစ်ရပ်ရပ်ကို ထုတ်ဖော်ပြောဆိုစေရန် အဆိုပါ အိမ်ထောင်လက်ရှိ ဖြစ်သူ သို့မဟုတ် အိမ်ထောင်ရှိခဲ့ဖူးသူအား အတင်းအကျပ် မပြုရ။

အိမ်ထောင်ဖက်အချင်းချင်း စွဲဆိုထားသည့် တရားမမှုများနှင့် အိမ်ထောင်ဖက် တစ်ဦးဦးအပေါ် တစ်ဦး ကျူးလွန်သည့်ပြစ်မှုဆိုင်ရာ မှုခင်းများမှ တစ်ပါး၊ ဆက်သွယ်ခဲ့သော အချက်နှင့် စပ်လျဉ်း၍ ဆက်သွယ်အသိပေးခဲ့သူက သို့မဟုတ် ယင်း၏ ကိုယ်စားလှယ်၏ အကျိုးဆက်ခံသူက သဘောတူမှသာလျှင် ထိုသို့အသိပေးခြင်းခံရသော အိမ်ထောင်လက်ရှိဖြစ်သူ သို့မဟုတ် အိမ်ထောင်ရှိခဲ့ဖူးသူမှာ အဆိုပါ အသိပေးထားသော အချက်ကို ထုတ်ဖော် ပြောဆိုခွင့်ရှိစေရ။

Evidence as to affairs of State.

123. No one shall be permitted to give any evidence derived from unpublished official records relating to any affairs of State, except with the permission of the officer at the head of the department concerned, who shall give or withhold such permission as he thinks fit.

Official communications.

124. No public officer shall be compelled to disclose communications made to him in official confidence, when he considers that the public interests would suffer by the disclosure.

Information as to commission of offences.

125. No Magistrate or police-officer shall be compelled to say whence he got any information as to the commission of any offence, and no revenue-officer shall be compelled to say whence he got any information as to the commission of any offence against the public revenue.

Explanation.—" Revenue-officer " in this section means any officer employed in or about the business of any branch of the public revenue.

Professional communications.

126. No legal practitioner shall at any time be permitted, unless with his client's express consent, to disclose any communication made to him in the course and for the purpose of his employment as such legal practitioner by or on behalf of his client, or to state the contents or condition of any document with which he has become acquainted in the course and for the purpose of his professional employment, or to disclose any advice given by him to his client in the course and for the purpose of such employment :

Provided that nothing in this section shall protect from disclosure—

(1) any such communication made in furtherance of any illegal purpose ;

(2) any fact observed by any legal practitioner, in the course of his employment as such, showing that any crime or fraud has been committed since the commencement of his employment.

It is immaterial whether the attention of such legal practitioner was or was not directed to such fact by or on behalf of his client.

၁၂၃။ နိုင်ငံတော်ရေးရာနှင့်စပ်လျဉ်း၍ ထုတ်ပြန် ကြေညာခြင်းမပြုသည့် ရုံးမှတ်တမ်းများပါ အချက်များကို သက်ဆိုင်ရာ ဌာနအကြီးအကဲ၏ ခွင့်ပြုချက်မရဘဲ မည်သူမျှ သက်သေခံတင်ပြခွင့်မရှိစေရ။ အဆိုပါဌာနအကြီးအကဲသည် မိမိသင့်သည် ထင်မြင်သည့်အတိုင်း ထိုခွင့်ပြုချက်ကို ပေးရမည် သို့မဟုတ် မပေးဘဲနေရမည်။

နိုင်ငံတော်ရေးရာနှင့် စပ်လျဉ်းသည့်သက်သေခံချက်။

၁၂၄။ ပြည်သူ့ဝန်ထမ်းတစ်ဦးဦးက မိမိအားရာထူးအလုပ်တွင်ထားအလျောက် ယုံကြည်စိတ်ချ၍ အသိပေးထားသောအချက်များကို ထုတ်ဖော်ပြောဆိုခြင်းအားဖြင့် အများပြည်သူ့အကျိုးထိခိုက်နစ်နာမည်ဟု ထင်မြင်ယူဆလျှင် ထိုပြည်သူ့ဝန်ထမ်းအား အဆိုပါအသိပေးထားသောအချက်များကို အတင်းအကျပ် ထုတ်ဖော်ပြောဆိုစေခြင်း မပြုရ။

ရာထူးအလုပ်တွင်ထားအလျောက် အသိပေးထားသော အချက်များ။

၁၂၅။ ပြစ်မှုတစ်ခုခု ကျူးလွန်ခြင်းနှင့် စပ်လျဉ်းသည့်သတင်းကို မည်သူထံမှရရှိကြောင်း ပြောဆိုစေရန် မည်သည့်ရာဇဝတ်တရားသူကြီး သို့မဟုတ် မည်သည့်ရဲအရာရှိကိုမျှအတင်းအကျပ်မပြုရ၊ ပြည်သူ့အခွန်ငွေ ယုတ်လျော့စေရန် ပြစ်မှုတစ်ခုခုကျူးလွန်ခြင်းနှင့် စပ်လျဉ်းသည့်သတင်းကို မည်သူထံမှ ရရှိကြောင်းပြောဆိုစေရန် မည်သည့်အခွန်အရာရှိကိုမျှ အတင်းအကျပ်မပြုရ။

ပြစ်မှုကျူးလွန်ခြင်းနှင့် စပ်လျဉ်းသည့် သတင်း။

ရှင်းလင်းချက်။ ။ဤပုဒ်မတွင် အခွန်အရာရှိဆိုသည်မှာ နိုင်ငံတော်အခွန်ငွေဆိုင်ရာ ဌာနတစ်ခုခုတွင် လုပ်ငန်းဆောင်ရွက်ရသည့် အရာရှိကိုဆိုသည်။

၁၂၆။ ရှေ့နေတစ်ဦးသည် မိမိ၏အမှုသည်က အတိအလင်းသဘောတူညီခြင်းမရှိလျှင် ထိုအမှုသည်၏ ရှေ့နေအဖြစ် ဆောင်ရွက်နိုင်ရန်အလို့ငှာ ထိုသို့ဆောင်ရွက်နေစဉ်အတွင်း သိရှိထားသည့် မိမိအား အမှုသည်ကဖြစ်စေ၊ အမှုသည်အတွက်တစ်ဦးဦးကဖြစ်စေ ပြောဆိုရေးသားချက် သို့မဟုတ် မိမိသိရှိခဲ့ရသည့် စာချုပ်စာတမ်းတစ်ခုခုတွင်ပါရှိသောအချက်များ သို့မဟုတ် စာချုပ်စာတမ်း၏ အခြေအနေ သို့မဟုတ် မိမိ၏အမှုသည်များအား မိမိပေးခဲ့သောအကြံဉာဏ် မည်သည့်အခါမျှ ထုတ်ဖော် ပြောဆိုခွင့်မရှိစေရ၊

ရှေ့နေနှင့်ရှေ့ရှုပ်လုပ်ငန်းအရ ပြောဆိုရေးသားစာချက်များ။

သို့ရာတွင် ဤပုဒ်မပါပြဋ္ဌာန်းချက်ကို အကာအကွယ်ယူ၍ အောက်ပါအချက်တို့ကို ထုတ်ဖော် ပြောဆိုခြင်းမပြုဘဲနေခွင့်မရှိစေရ—

(၁) တရားဥပဒေနှင့် မညီသော အကြံအစည်တစ်ခုခု ဖြစ်မြောက်စေရန်အလို့ငှာ ပြောဆို ရေးသားချက်တစ်ရပ်ရပ်၊

(၂) အမှုသည်၏ရှေ့နေအဖြစ် ဆောင်ရွက်နေစဉ်အတွင်း မိမိတွေ့ရှိရသည့် အချက် တစ်ခုခုအရ ပြစ်မှု သို့မဟုတ် လိမ်လည်မှုတစ်ခုခုကို ထိုအမှုသည်၏ရှေ့နေအဖြစ်သို့ ဆောင်ရွက်ခြင်း စတင်ပြီးနောက်တွင် ကျူးလွန်ထားကြောင်းပေါ်လွင်လျှင် ထိုသို့တွေ့ရှိသောအချက်။

ရှေ့နေက သိရှိထားသည်ဆိုရာ၌ အမှုသည် သို့မဟုတ် ယင်း၏ကိုယ်စား ဆောင်ရွက်သူနှင့် ဆက်သွယ်ရာ၌ သိရှိရသောအကြောင်းခြင်းရာအားလုံး အကျုံးဝင်သည်။ အမှုသည် ကိုယ်တိုင်ဖြစ်စေ၊ ယင်း၏ကိုယ်စားဖြစ်စေ အတိအလင်း သော်လည်းကောင်း၊ အခြားနည်းဖြင့် သော်လည်းကောင်း သိရှိရသော အကြောင်းခြင်းရာအားလုံးကိုဆိုလိုသည်။

Explanation.—The obligation stated in this section continues after the employment has ceased.

Illustrations.

(a) *A*, a client, says to *B*, a legal practitioner, "I have committed forgery and I wish you to defend me."

As the defence of a man known to be guilty is not a criminal purpose, this communication is protected from disclosure.

(b) *A*, a client, says to *B*, a legal practitioner, "I wish to obtain possession of property by the use of a forged deed on which I request you to sue."

The communication, being made in furtherance of a criminal purpose, is not protected from disclosure.

(c) *A*, being charged with embezzlement, retains *B*, a legal practitioner to defend him. In the course of the proceedings, *B* observes that an entry has been made in *A*'s account book, charging *A* with the sum said to have been embezzled, which entry was not in the book at the commencement of his employment.

This being a fact observed by *B* in the course of his employment, showing that a fraud has been committed since the commencement of the proceedings it is not protected from disclosure.

Section 126 to apply to interpreters, etc.

127. The provisions of section 126 shall apply to interpreters, and the clerks or servants of legal practitioners.

Privilege not waived by volunteering evidence.

128. If any party to a suit gives evidence therein at his own instance or otherwise, he shall not be deemed to have consented thereby to such disclosure as is mentioned in section 126 ; and, if any party to a suit or proceeding calls any such legal practitioner as a witness, he shall be deemed to have consented to such disclosure only if he questions such legal practitioner on matters which, but for such question, he would not be at liberty to disclose.

Confidential communications with legal advisers.

129. No one shall be compelled to disclose to the Court any confidential communication which has taken place between him and his legal professional adviser, unless he offers himself as a witness, in which case he may be compelled to disclose any such communications as may appear to the Court necessary to be known in order to explain any evidence which he has given but no others.

ရှင်းလင်းချက်။ ။ဤပုဒ်မတွင် ဖော်ပြထားသော ဆောင်ရွက်ရန် တာဝန်မှာ သက်ဆိုင်ရာ အမှုတွင်ရှေ့နေအဖြစ် ဆောင်ရွက်ခြင်းပြီးဆုံးသော်လည်း ဆက်လက်တည်ရှိသည်။

ဥပမာများ

(က) အမှုသည် A က ရှေ့နေ B အား "ကျွန်တော်လိမ်လည် အတုပြုမှုကို ကျူးလွန်ခဲ့၍ ကျွန်တော့်အတွက် ခုခံချေပပေးပါ" ဟုပြောသည်။

ပြစ်မှုကျူးလွန်ကြောင်း ထင်ရှားသူအတွက် ခုခံချေပပေးခြင်းသည် ပြစ်မှုမကင်းသည့် အကြံအစည်မဟုတ်သောကြောင့် ထိုပြောဆိုချက်ကိုရှေ့နေက ထုတ်ဖော်ပြောဆိုခွင့်မရှိ။

(ခ) အမှုသည် A က ရှေ့နေ B အား "ကျွန်တော်၏ လိမ်လည်အတုပြုလုပ်ထားသည့်စာချုပ်ဖြင့် ပစ္စည်းကိုရယူလိုပါသည်။ ထိုစာချုပ်ဖြင့် တရားစွဲဆိုပေးပါ" ဟုပြောဆိုသည်။

ထိုပြောဆိုချက်မှာ ပြစ်မှုမကင်းသည့် အကြံအစည်ဖြစ်မြောက်ရေးအတွက် ပြောဆိုချက်ဖြစ်၍ ရှေ့နေက မထုတ်ဖော်မပြောဆိုဘဲ နေခွင့်မရှိ။

(ဂ) A သည် အလွဲသုံးစားမှုဖြင့် တရားစွဲဆိုခြင်းခံရသဖြင့် မိမိအားခုခံပေးရန် ရှေ့နေ B ကိုငှားရမ်းသည်။ B သည် အမှုကို လိုက်ပါဆောင်ရွက် နေစဉ်အတွင်း A ၏ စာရင်းစာအုပ်တွင် အလွဲသုံးစား ထားသည်ဆိုသော ငွေနှင့် စပ်လျဉ်း၍ မိမိအား ငှားရမ်းစအချိန်က မတွေ့ရှိခဲ့သော ရေးသွင်းချက်ကို ထိုစာရင်း စာအုပ်တွင် တွေ့မြင်ရသည်။

ထိုကဲ့သို့ B တွေ့မြင်ရသည့် အကြောင်းခြင်းရာမှာ မိမိ ရှေ့နေအဖြစ် လိုက်ပါဆောင်ရွက် နေစဉ်အတွင်း သိရှိရသော အကြောင်းခြင်းရာဖြစ်ပြီး အမှုစတင် ဆောင်ရွက်သည့် နောက်မှ လိမ်လည်လှည့်ဖြားမှု ကျူးလွန်ထားကြောင်း ထိုအကြောင်းခြင်းရာပေါ်လွင်သဖြင့် B သည် ထိုအကြောင်းခြင်းရာကို မထုတ်ဖော် မပြောဆိုဘဲ နေခွင့်မရှိ။

၁၂၇။ ပုဒ်မ ၁၂၆ ပါ ပြဋ္ဌာန်းချက်များသည် စကားပြန်များနှင့်သော်လည်းကောင်း၊ ရှေ့နေများ၏ စာရေးများ သို့မဟုတ် အစေခံများနှင့် သော်လည်းကောင်း သက်ဆိုင်စေရမည်။

ပုဒ်မ ၁၂၆ ကို စကားပြန်စသည် တို့နှင့် သက်ဆိုင်စေခြင်း။

၁၂၈။ တရားမမှုတွင် အမှုသည်တစ်ဦးဦးက မိမိအလိုအလျောက်ဖြစ်စေ၊ အခြားအကြောင်းကြောင့်ဖြစ်စေ သက်သေခံလျှင် ထိုသို့သက်သေခံခြင်းကြောင့်ပုဒ်မ ၁၂၆ တွင်ဖော်ပြပါရှိသည့်အချက်များကို ထုတ်ဖော်ပြောဆိုစေရန် ထိုအမှုသည်က သဘောတူသည်ဟု မမှတ်ယူရ။ ထို့ပြင် တရားမမှု သို့မဟုတ် မှုခင်းကိစ္စတစ်ခုတွင် အမှုသည်တစ်ဦးဦးက အဆိုပါရှေ့နေတစ်ဦးဦးအား သက်သေအဖြစ် ခေါ်ယူမေးမြန်းလျှင်လည်း၊ ထိုသို့မေးမြန်းခြင်းမပြုပါက ထိုရှေ့နေ အနေဖြင့် ထုတ်ဖော်ပြောဆိုခွင့် မရှိသောကိစ္စကိုမေးမြန်းမှသာလျှင် ဆိုခဲ့သည့်အတိုင်းထုတ်ဖော်ပြောဆိုစေရန် ထိုအမှုသည်က သဘောတူသည်ဟု မှတ်ယူရမည်။

အလိုအလျောက် သက်သေခံခြင်းကြောင့် အခွင့်အရေးကို စွန့်လွှတ်ရာမရောက်ခြင်း။

၁၂၉။ မည်သည့်အမှုသည်မဆို မိမိအလိုအလျောက် တရားရုံးတွင် သက်သေအဖြစ် အစစ်မခံလျှင် ထိုသူနှင့် ယင်း၏ရှေ့နေတို့ တစ်ဦးနှင့်တစ်ဦး အတွင်းရေးဆက်သွယ်မှု ရေးသားချက်များကို တရားရုံးတွင်ထုတ်ဖော်ပြောဆိုစေရန် ထိုသူအားအတင်းအကျပ်မပြုရ။ အကယ်၍ထိုသူသည် မိမိအလိုအလျောက် သက်သေအဖြစ်အစစ်ခံလျှင်လည်း အဆိုပါဆက်သွယ်မှုများအနက် ထိုသူတင်ပြထားသော သက်သေခံချက်ကိုရှင်းလင်းရန်အတွက် သိရှိရန်လိုအပ်သည်ဟု တရားရုံးကအင်မြင်သမျှသောဆက်သွယ်မှုမှတစ်ပါး အခြားဆက်သွယ်မှုကို ထုတ်ဖော်ပြောဆိုစေရန် ထိုသူအား အတင်းအကျပ်မပြုနိုင်ချေ။

ရှေ့နေ များနှင့် အတွင်းရေး ဆက် သွယ် မှု များ။

Production of title-deeds of witness not a party.

130. No witness who is not a party to a suit shall be compelled to produce his title-deeds to any property or any document in virtue of which he holds any property as pledgee or mortgagee or any document the production of which might tend to criminate him, unless he has agreed in writing to produce them with the person seeking the production of such deeds or some person through whom he claims.

Production of documents which another person, having possession, could refuse to produce.

131. No one shall be compelled to produce documents in his possession, which any other person would be entitled to refuse to produce if they were in his possession, unless such last-mentioned person consents to their production.

Witness not excused from answering on ground that answer will criminate.

132. A witness shall not be excused from answering any question as to any matter relevant to the matter in issue in any suit or in any civil or criminal proceeding, upon the ground that the answer to such question will criminate, or may tend directly or indirectly to criminate, such witness, or that it will expose, or tend directly or indirectly to expose, such witness to a penalty or forfeiture of any kind :

Proviso.

Provided that no such answer, which a witness shall be compelled to give, shall subject him to any arrest or prosecution, or be proved against him in any criminal proceeding, except a prosecution for giving false evidence by such answer.

Accomplice.

133. An accomplice shall be a competent witness against an accused person ; and a conviction is not illegal merely because it proceeds upon the uncorroborated testimony of an accomplice.

Number of witnesses.

134. No particular number of witnesses shall in any case be required for the proof of any fact.

၁၃၀။ တရားမမှုတွင် အမှုသည်မဟုတ်သော သက်သေတစ်ဦးဦးထံမှ တစ်စုံတစ်ခုသောပစ္စည်းကို အငှားပါသက်သေပိုင်ဆိုင်ခွင့်ရှိကြောင်း ဖော်ပြသည့်စာချုပ်စာတမ်းများ သို့မဟုတ် ရွှေ့ပြောင်းနိုင်သောပစ္စည်းကိုဖြစ်စေ၊ မရွှေ့မပြောင်းနိုင်သောပစ္စည်းကိုဖြစ်စေ အပေါင်ခံသူအဖြစ်အဆိုပါသက်သေက လက်ရှိထားရာတွင် ထိုသို့လက်ရှိထားခွင့်ရှိစေသော စာချုပ်စာတမ်း သို့မဟုတ် စာချုပ်စာတမ်းတစ်ခုခုကိုတင်ပြခြင်းကြောင့် ထိုသက်သေအား ပြစ်မှုထိုက်သင့်စေနိုင်မည်ဖြစ်လျှင် ထိုသို့သောစာချုပ်စာတမ်းကို တင်ပြစေရန် ထိုသက်သေအားအတင်းအကျပ်မပြုရ။ သို့ရာတွင် ထိုသက်သေက ထိုစာချုပ်စာတမ်းများကိုတင်ပြပါမည်ဟူ၍ ထိုသို့တင်ပြစေလိုသူနှင့်ဖြစ်စေ၊ ထိုသူမှတစ်ဆင့် အခွင့်အရေးတောင်းဆိုသူနှင့်ဖြစ်စေ စာဖြင့်ရေးသား၍ သဘောတူညီထားလျှင် ထိုသို့တင်ပြစေရန် ထိုသက်သေအား အတင်းအကျပ်ပြုနိုင်သည်။

အမှုသည်မဟုတ်သော သက်သေ၏ ပိုင်ဆိုင်ခွင့် စာချုပ်စာတမ်းများကို တင်ပြခြင်း။

၁၃၁။ တစ်ဦးတစ်ယောက်သောသူ၏ လက်ဝယ်ရှိသော စာချုပ်စာတမ်းများမှာ အခြားသူတစ်ဦး၏လက်ဝယ်ရှိပါက ထိုအခြားသူက တင်ပြရန်ငြင်းဆိုနိုင်ခွင့်ရှိသော စာချုပ်စာတမ်းများဖြစ်နေလျှင် ယင်းတို့ကိုတင်ပြစေရန် ထိုအခြားသူကသဘောတူခွင့်ပြုခြင်းမရှိသေးသမျှ ထိုသို့တင်ပြစေရန် အဆိုပါ စာချုပ်စာတမ်းလက်ဝယ်ရှိသူအား အတင်းအကျပ်မပြုရ။

အခြားသူ၏ လက်ဝယ်ရှိလျှင် ထိုသူက တင်ပြရန် ငြင်းဆိုနိုင်သော စာချုပ်စာတမ်းများကို တင်ပြခြင်း။

၁၃၂။ တရားမမှုတစ်ခုခုတွင်ဖြစ်စေ၊ ပြစ်မှုဆိုင်ရာမှုခင်းတစ်ခုခုတွင်ဖြစ်စေ ပေါ်ထွက်လျက်ရှိသောငြင်းချက်များနှင့်စပ်လျဉ်း၍ မေးသောမေးခွန်းများကို သက်သေကဖြေဆိုရမည်။ ထိုမေးခွန်းကို ဖြေဆိုခြင်းအားဖြင့် မိမိသည်ပြစ်မှုပြစ်ဒဏ် သင့်မည်ဟုသော်လည်းကောင်း၊ ပြစ်မှုပြစ်ဒဏ်သင့်မည့် အရိပ်နိမိတ် ပေါ်နိုင်သည်ဟု သော်လည်းကောင်း သို့မဟုတ် ပြစ်မှုပြစ်ဒဏ် ခံရခြင်းနှင့်ဖြစ်စေ၊ ဘဏ္ဍာတော်အဖြစ် ပစ္စည်းအသိမ်းခံရခြင်းနှင့်ဖြစ်စေ တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်၍ ကြုံတွေ့မည်ဟုသော်လည်းကောင်း၊ ကြုံတွေ့မည့်အရိပ်နိမိတ်ပေါ်မည်ဟုသော်လည်းကောင်း အကြောင်းများရှိစေကာမူ သက်သေက ထိုမေးခွန်းများကိုမဖြေဆိုဘဲမနေရ။

သို့ရာတွင် မေးသမျှကို မဖြေဆိုဘဲမနေရ၍ ဖြေဆိုရသောဖြေဆိုချက်ကြောင့် ထိုသူအားဖမ်းဆီးခြင်း၊ တရားစွဲဆိုခြင်းမပြုရ သို့မဟုတ် ထိုဖြေဆိုချက်ကို အကြောင်းပြု၍ မုသားသက်သေ ထွက်ဆိုသည်ဟု တရားစွဲဆိုသောပြစ်မှုမှအပ အခြားမည်သည့်ပြစ်မှုဆိုင်ရာမှုခင်းမှာမှ ထိုဖြေဆိုချက်ကို သက်သေခံအဖြစ်အသုံးမပြုရ။

မေးမြန်းချက်ကို ဖြေဆိုလျှင် ပြစ်မှု မြောက်စေနိုင်သည်ဟူသော အကြောင်းပြချက်ဖြင့် ထိုသို့ ဖြေဆိုရခြင်းမှ သက်သေအား ကင်းလွတ်ခွင့်မပြုရခြင်း။

၁၃၃။ ပြစ်မှုကျူးလွန်ရာတွင် ကြံရာပါတစ်ဦးသည် တရားခံနှင့်ဆန့်ကျင်၍ သက်သေအဖြစ် ထွက်ဆိုနိုင်ခွင့်ရှိသူဖြစ်ရမည်။ အခြားအထောက်အကူပြုသော သက်သေခံချက်မရှိဘဲ အဆိုပါကြံရာပါ တစ်ဦး၏ သက်သေခံချက်အပေါ်တွင်သာ အခြေပြု၍ တရားခံအား ပြစ်မှုတင်ရှားစီရင်ခြင်းသည် တရားနှင့်မညီမဖြစ်စေရ။

ပြစ်မှု ကျူးလွန်ရာတွင် ကြံရာပါ။

၁၃၄။ မည်သည့်အမှုတွင်မဆို အကြောင်းခြင်းရာတစ်ရပ်ရပ်ကို သက်သေထင်ရှား တင်ပြရေးအတွက် သက်သေဦးရေမည်မျှ လိုအပ်ကြောင်းသတ်မှတ်ခြင်းမရှိစေရ။

သက်သေဦးရေ။

CHAPTER X

Of the Examination of Witnesses.

Order of production and examination of witnesses.

135. The order in which witnesses are produced and examined shall be regulated by the law and practice for the time being relating to civil and criminal procedure respectively, and, in the absence of any such law, by the discretion of the Court.

Judge to decide as to admissibility of evidence.

136. When either party proposes to give evidence of any fact, the Judge may ask the party proposing to give the evidence in what manner the alleged fact, if proved, would be relevant; and the Judge shall admit the evidence if he thinks that the fact, if proved, would be relevant and not otherwise.

If the fact proposed to be proved is one of which evidence is admissible only upon proof of some other fact, such last-mentioned fact must be proved before evidence is given of the fact first mentioned, unless the party undertakes to give proof of such fact, and the Court is satisfied with such undertaking.

If the relevancy of one alleged fact depends upon another alleged fact being first proved, the Judge may, in his discretion, either permit evidence of the first fact to be given before the second fact is proved, or require evidence to be given of the second fact before evidence is given of the first fact.

Illustrations.

(a) It is proposed to prove a statement about a relevant fact by a person alleged to be dead, which statement is relevant under section 32.

The fact that the person is dead must be proved by the person proposing to prove the statement, before evidence is given of the statement.

(b) It is proposed to prove, by a copy, the contents of a document said to be lost.

The fact that the original is lost must be proved by the person proposing to produce the copy, before the copy is produced.

(c) *A* is accused of receiving stolen property knowing it to have been stolen.

It is proposed to prove that he denied the possession of the property.

The relevancy of the denial depends on the identity of the property. The Court may, in its discretion, either require the property to be identified before the denial of the possession is proved, or permit the denial of possession to be proved before the property is identified.

အခန်း (၁၀)

သက်သေများကိုစစ်ဆေးခြင်းအကြောင်း

၁၃၅။ သက်သေများ တင်ပြရန်နှင့် စစ်ဆေးရန် အစီအစဉ်ကို တရားမမှုများနှင့် ပြစ်မှု ဆိုင်ရာကျင့်ထုံးဥပဒေတို့နှင့်လျော်ညီ၍ တည်ဆဲဥပဒေနှင့်အညီ သတ်မှတ်ရမည်။ ဆိုခဲ့သည့်ဥပဒေမျိုးမရှိလျှင် အဆိုပါအစီအစဉ်ကို တရားရုံး၏ ဆင်ခြင်မှုဖြင့် သတ်မှတ်ရမည်။ သက်သေများကို တင်ပြရန်နှင့် စစ်ဆေးရန်အစီအစဉ်။

၁၃၆။ မည်သည့်အမှုသည်ကမဆို အကြောင်းခြင်းရာ တစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ သက်သေခံချက်တင်ပြရန် အဆိုပြုသောအခါ တရားသူကြီးသည် သက်သေထင်ရှားရှိလျှင် မည်သည့်နည်းဖြင့် စပ်ဆိုင်ကြောင်းမေးမြန်းနိုင်သည်။ သက်သေခံချက် သက်သေခံဝင်သည် မဝင်သည်ကို တရားသူကြီး က ဆုံးဖြတ်ရခြင်း။

ယင်းအပြင် တရားသူကြီးသည် ထိုအကြောင်းခြင်းရာမှာ သက်သေထင်ရှားရှိလျှင် စပ်ဆိုင်မှုရှိမည်ဟု ထင်မြင်မှသာ ယင်းသက်သေခံချက်ကို လက်ခံရမည်။ ထိုသို့မထင်မြင်လျှင် လက်မခံရ။ သက်သေထင်ရှားစေလိုသော အကြောင်းခြင်းရာသည် အခြားအကြောင်းခြင်းရာတစ်ရပ်ရပ်ကို သက်သေထင်ရှားပြမှသာ လက်ခံနိုင်မည်ဖြစ်လျှင် နောက်ဆုံးဖော်ပြသည့် အကြောင်းခြင်းရာကို ပထမဖော်ပြသည့် အကြောင်းခြင်းရာ၏အလျင်သက်သေထင်ရှားတင်ပြရမည်။ သို့ရာတွင် အဆိုပါအကြောင်းခြင်းရာကို သက်သေထင်ရှားပြသရမည်ဟုအမှုသည်က တာဝန်ယူလျှင် ယင်းတာဝန်ယူချက်ကိုလည်း တရားရုံးက ကျေနပ်ပါက တင်ပြရန်ဖြစ်သော သက်သေခံချက်ကို ရှေးဦးစွာ တင်ပြခွင့်ပြုနိုင်သည်။

ဥပမာများ

(က) စပ်ဆိုင်သည့် အကြောင်းခြင်းရာ တစ်ခုနှင့် စပ်လျဉ်း၍ သေဆုံးပြီးဟု အဆိုရှိသူ၏ ထွက်ဆိုချက်ကိုသက်သေထင်ရှားတင်ပြလိုကြောင်း အဆိုပြုထားသည်။ ထိုထွက်ဆိုချက်သည် ပုဒ်မ ၃၂ အရ စပ်ဆိုင်သည့် ထွက်ဆိုချက်ဖြစ်သည်။

ထိုထွက်ဆိုချက်ကို သက်သေထင်ရှား တင်ပြလိုကြောင်း အဆိုပြုသူသည် ထိုထွက်ဆိုချက်နှင့် စပ်လျဉ်း၍ သက်သေခံတင်ပြခြင်း မပြုမီ ထိုသို့ ထွက်ဆိုသူ သေဆုံးပြီးဟူသော အကြောင်းခြင်းရာကို သက်သေ ထင်ရှား တင်ပြရမည်။

(ခ) ပျောက်ဆုံးသည်ဆိုသော စာတမ်း အမှတ်အသား တစ်ခုပါ အချက်များကို သက်သေ ထင်ရှားအဖြစ် ထိုစာတမ်း အမှတ်အသား၏ မိတ္တူကို တင်ပြလိုကြောင်း အဆိုပြုထားသည်။

ထိုစာတမ်းအမှတ်၏ မိတ္တူကို တင်ပြလိုကြောင်း အဆိုပြုသူသည် ထိုမိတ္တူကို တင်ပြခြင်း မပြုမီ မူရင်းစာတမ်း အမှတ်အသား ပျောက်ဆုံးသည် ဆိုသောအချက်ကို သက်သေထင်ရှား တင်ပြရမည်။

(ဂ) A သည် ခိုးရာပါ ပစ္စည်းကို ခိုးယူ၍ ရရှိခဲ့ကြောင်း သိလျက်နှင့် လက်ခံထားသည်ဟု တရားစွဲဆိုခြင်း ခံရသည်။ ထိုသူက ထိုပစ္စည်းမှာ မိမိလက်ဝယ် မရှိကြောင်းဖြင့် ငြင်းဆိုခဲ့သည်ကို သက်သေထင်ရှား တင်ပြလိုကြောင်းအဆိုပြုထားသည်။

ပစ္စည်းသည် ခိုးရာပါ ပစ္စည်း ဟုတ်မှန်မှသာ အဆိုပါ ငြင်းဆိုချက်သည် အမှုနှင့် စပ်ဆိုင်မည်ဖြစ်သည်။ ပစ္စည်းလက်ဝယ် မရှိကြောင်း ငြင်းဆိုချက်ကို သက်သေထင်ရှား တင်ပြခြင်း မပြုမီ ထိုပစ္စည်းမှာ ခိုးရာပါ ပစ္စည်း ဟုတ် မဟုတ် သက်သေခံ တင်ပြရန် တရားရုံးက ချင့်ချိန်၍ တောင်းဆိုနိုင်သည်။ သို့မဟုတ် ထိုပစ္စည်းမှာ ခိုးရာပါ ပစ္စည်း ဟုတ်မှန်ကြောင်း သက်သေခံ တင်ပြခြင်းမပြုမီ ပစ္စည်းလက်ဝယ် မရှိကြောင်း ငြင်းဆိုချက်ကို သက်သေထင်ရှား တင်ပြရန် တရားရုံးက ချင့်ချိန်၍ခွင့်ပြုနိုင်သည်။

(*d*) It is proposed to prove a fact (*A*) which is said to have been the cause or effect of a fact in issue. There are several intermediate facts (*B*, *C* and *D*) which must be shown to exist before the fact (*A*) can be regarded as the cause or effect of the fact in issue. The Court may either permit *A* to be proved before *B*, *C* and *D* are proved, or may require proof of *B*, *C* and *D* before permitting proof of *A*.

Examination-in-chief.

137. The examination of a witness by the party who calls him shall be called his examination-in-chief.

Cross-examination.

The examination of a witness by the adverse party shall be called his cross-examination.

Re-examination.

The examination of a witness, subsequent to the cross-examination by the party who called him, shall be called his re-examination.

Order of examinations.

138. Witnesses shall be first examined-in-chief, then (if the adverse party so desires) cross-examined, then (if the party calling him so desires) re-examined.

The examination and cross-examination must relate to relevant facts, but the cross-examination need not be confined to the facts to which the witness testified on his examination-in-chief.

Direction of re-examination.

The re-examination shall be directed to the explanation of matters referred to in cross-examination; and if new matter is, by permission of the Court, introduced in re-examination, the adverse party may further cross-examine upon that matter.

Cross-examination of person called to produce a document

139. A person summoned to produce a document does not become a witness by the mere fact that he produces it and cannot be cross-examined unless and until he is called as a witness.

Witnesses to character.

140. Witnesses to character may be cross-examined and re-examined.

Leading questions.

141. Any question suggesting the answer which the person putting it wishes or expects to receive is called a leading question.

(ဃ) အငြင်းဖြစ်သည့် အကြောင်းခြင်းရာ ဖြစ်ပေါ်ခြင်း၏ အကြောင်းသော်လည်းကောင်း၊ အကျိုးသော်လည်းကောင်း ဖြစ်သည်ဆိုသော အကြောင်းခြင်းရာ A ကို သက်သေထင်ရှား တင်ပြလိုကြောင်း အဆိုပြုထားသည်။ အကြောင်းခြင်းရာ A သည် အငြင်းဖြစ်သည့် အကြောင်းခြင်းရာ ဖြစ်ပေါ်ရခြင်း၏ အကြောင်းသော်လည်းကောင်း၊ အကျိုးသော်လည်းကောင်း ဖြစ်သည်ဟု ယူဆခြင်း မပြုနိုင်မီ အချို့သော ကြားခင် အကြောင်းခြင်းရာများ (B ၊ C နှင့် D) တို့ တည်ရှိကြောင်း တင်ပြရမည် ဖြစ်သည်။ (B) (C) နှင့် (D) တို့ကို သက်သေထင်ရှား တင်ပြရန် တရားရုံးက ခွင့်ပြုနိုင်သည်၊ သို့မဟုတ် (A) ကို သက်သေအင်ရှား တင်ပြခွင့် မပြုမီ (B) (C) နှင့် (D) တို့ကို သက်သေထင်ရှား ပြရန် တရားရုံးက တောင်းဆိုနိုင်သည်။

အဓိက စစ်မေးခြင်း။

၁၃၇။ သက်သေတင်ပြသည့် အမှုသည်က မိမိ၏ သက်သေအား စစ်မေးခြင်းကို အဓိက စစ်မေးခြင်းဟုခေါ်သည်။

ပြန်လှန် စစ်မေးခြင်း။

အမှုသည်တစ်ဦးကတင်ပြသော သက်သေအား ဆန့်ကျင်ဘက်အမှုသည်က စစ်မေးခြင်းကို ပြန်လှန် စစ်မေးခြင်းဟုခေါ်သည်။

ထပ်မံစစ်မေးခြင်း။

အမှုသည်တစ်ဦးက တင်ပြသော သက်သေအား ဆန့်ကျင်ဘက်အမှုသည်က ပြန်လှန် စစ်မေးပြီးနောက် ထိုသက်သေကိုတင်ပြသည့်အမှုသည်က စစ်မေးခြင်းကို ထပ်မံစစ်မေးခြင်းဟုခေါ်သည်။

သက်သေ စစ်မေး ခြင်း အစီအစဉ်။

၁၃၈။ သက်သေများကို ရှေးဦးစွာအဓိကစစ်မေးခြင်း ပြုရမည်။ ထို့နောက်(ဆန့်ကျင်ဘက် အမှုသည်က စစ်မေးလိုလျှင်) ပြန်လှန်စစ်မေးခြင်း ပြုရမည်။ ထို့နောက် (သက်သေတင်ပြသည့် အမှုသည်ကအပ်မံ စစ်မေးလိုလျှင်) ထပ်မံစစ်မေးခြင်းပြုရမည်။

အဓိကစစ်မေးခြင်းနှင့် ပြန်လှန်စစ်မေးခြင်းတို့မှာ အမှုနှင့် စပ်ဆိုင်သည့် အကြောင်းခြင်းရာများနှင့် သက်ဆိုင်စေရမည်၊ သို့သော်လည်း ပြန်လှန်စစ်မေးရာတွင် အဓိကစစ်မေးစဉ်က ထိုသက်သေ ထွက်ဆိုခဲ့သည့် အကြောင်းခြင်းရာများ အပေါ်တွင်သာ ပြန်လှန်စစ်မေးရမည်ဟု ကန့်သတ်ထားရန် မလိုချေ။

ထပ်မံစစ်မေးခြင်း၏ ဦးတည်ချက်။

ထပ်မံစစ်မေးခြင်းမှာ ပြန်လှန်စစ်မေးရာ၌ပါရှိသော အကြောင်းအရာများကို ရှင်းလင်းရန် အတွက်ဖြစ်ရမည်။ ထပ်မံစစ်မေးရာ၌ တရားရုံး၏ ခွင့်ပြုချက်ဖြင့်အကြောင်းအရာသစ်တစ်ခုကိုထည့်သွင်း မေးမြန်းလျှင် ဆန့်ကျင်ဘက် အမှုသည်က ထိုအကြောင်းအရာပေါ်တွင် နောက်ထပ် ပြန်လှန်စစ်မေးနိုင်သည်။

စာတမ်းအမှတ်အသား တင်ပြရန် ဆင့်ခေါ်ခြင်း ခံရသူအား ပြန်လှန်စစ်မေးခြင်း။

၁၃၉။ စာတမ်းအမှတ်အသားတစ်ခုကိုတင်ပြရန် ဆင့်ခေါ်ခြင်းခံရသူသည် ထိုစာတမ်း အမှတ်အသားကို တင်ပြရုံမျှဖြင့် သက်သေအဖြစ်သို့မရောက်။ ထိုသူကို သက်သေအဖြစ်တင်ပြခြင်းမဟုတ်လျှင် ထိုသူအား ပြန်လှန်စစ်မေးခြင်းမပြုနိုင်။

အကျင့်စာရိတ္တအတွက် တင်ပြသည့်သက်သေများ။

၁၄၀။ အကျင့်စာရိတ္တနှင့် စပ်လျဉ်း၍ တင်ပြသော သက်သေများကို ပြန်လှန် စစ်မေးခြင်းနှင့် ထပ်မံစစ်မေးခြင်းပြုနိုင်သည်။

နိမိတ်ပြ မေးခွန်းများ။

၁၄၁။ မေးမြန်းသူ အလိုရှိသည့်အတိုင်း သို့မဟုတ် မျှော်လင့်သည့်အတိုင်း ပြေဆိုစေရန် လမ်းကြောင်းပေးသော မေးခွန်းကို နိမိတ်ပြမေးခွန်းဟုခေါ်သည်။

When they must not be asked.

142. Leading questions must not, if objected to by the adverse party, be asked in an examination-in-chief, or in a re-examination, except with the permission of the Court.

The Court shall permit leading questions as to matters which are introductory or undisputed, or which have, in its opinion, been already sufficiently proved.

When they may be asked.

143. Leading questions may be asked in cross-examination.

Evidence as to matters in writing.

144. Any witness may be asked, whilst under examination, whether any contract, grant or other disposition of property, as to which he is giving evidence, was not contained in a document, and if he says that it was, or if he is about to make any statement as to the contents of any document which, in the opinion of the Court, ought to be produced, the adverse party may object to such evidence being given until such document is produced, or until facts have been proved which entitle the party who called the witness to give secondary evidence of it.

Explanation.—A witness may give oral evidence of statements made by other persons about the contents of documents if such statements are in themselves relevant facts.

Illustration

The question is, whether A assaulted B.

C deposes that he heard *A* say to *D* "*B* wrote a letter accusing me of theft, and I will be revenged on him." This statement is relevant, as showing *A*'s motive for the assault, and evidence may be given of it, though no other evidence is given about the letter.

Cross-examination as to previous statements in writing.

[1]145. A witness may be cross-examined as to previous statements made by him in writing or reduced into writing, and relevant to matters in question, without such writing being shown to him, or being proved; but, if it is intended to contradict him by the writing, his attention must, before the writing can be proved, be called to those parts of it which are to be used for the purpose of contradicting him.

[1] As to the application of section 145 to police-diaries, *see* section 172 of the Code of Criminal Procedure (Volume VIII of this Code).

နိမိတ်ပြ မေးခွန်းများကို မည်သည့်အခါ၌ မမေးရခြင်း။

၁၅၂။ အဓိက စစ်မေးခြင်း ပြုရာတွင်ဖြစ်စေ၊ ထပ်မံစစ်မေးခြင်း ပြုရာတွင်ဖြစ်စေ နိမိတ်ပြ မေးခွန်း မေးမြန်းခြင်းကို ဆန့်ကျင်ဘက်အမှုသည်က ကန့်ကွက်လျှင် မေးမြန်းခြင်းမပြုရ။ သို့ရာတွင် တရားရုံးခွင့်ပြုချက်အရ နိမိတ်ပြမေးခွန်းများကို မေးမြန်းနိုင်သည်။

အငြင်းမပွားသည့် သို့မဟုတ် အငြင်းမပွားသည့်ကိစ္စများနှင့် စပ်လျဉ်း၍ဖြစ်စေ၊ လုံလောက်စွာ သက်သေသင်္ကာပြီးဖြစ်သည်ဟု တရားရုံးက ထင်မြင်သည့် ကိစ္စများနှင့် စပ်လျဉ်း၍ဖြစ်စေ နိမိတ်ပြ မေးခွန်းများကို မေးမြန်းရန် တရားရုံးက ခွင့်ပြုရမည်။

နိမိတ်ပြ မေးခွန်းများကို မည်သည့်အခါ မေးမြန်းနိုင်ခြင်း။

၁၅၃။ ပြန်လှန်စစ်မေးရာတွင် နိမိတ်ပြမေးခွန်းများကို မေးမြန်းနိုင်သည်။

စာ ဖြင့် ရေးသားထားသည့် အကြောင်း အရာများနှင့် စပ်လျဉ်း၍ သက်သေခံချက်။

၁၅၄။ ပွဋ္ဌာန်းတစ်ခုခုနှင့်စပ်လျဉ်း၍ ပဋိညာဉ်ပြုခြင်း၊ ဂရန်ချထားပေးခြင်း သို့မဟုတ် အခြားနည်း စီမံခြင်းကို သက်သေခံသည့် သက်သေတစ်ဦးအား သိသိသက်သေခံနေစဉ် [illegible] အမှုသည်က အဆိုပါကိစ္စတစ်ခုခုကို စာချုပ်စာတမ်းတွင် ထည့်သွင်းထားခြင်း ရှိ မရှိ မေးမြန်းနိုင်သည်။ အကယ်၍ ထိုသက်သေက ထိုသို့ထည့်သွင်းထားသည်ဟု ဖြေဆိုလျှင် ထိုစာချုပ်စာတမ်းကို မတင်ပြ သေးသမျှ သိုသိုသက်သေခံခြင်းကို ဆန့်ကျင်ဘက်အမှုသည်က ကန့်ကွက်နိုင်သည်။ သို့ရာတွင် ထိုစာချုပ် စာတမ်းကို တင်ပြရန်လိုအပ်သည်ဟု တရားရုံးကထင်မြင်လျှင် တရားရုံးသည် ထိုသို့ ကန့်ကွက်ခြင်းကို ပယ်ခ်၍ ထိုသို့တင်ပြရန် မလိုအပ်ဟု ထင်မြင်ပါက ထိုကန့်ကွက်ချက်ကို ပယ်နိုင်သည်။ အကယ်၍ ထိုသက်သေက စာချုပ်စာတမ်း တစ်ခုခုတွင်ပါရှိသည့် အကြောင်းအချက်များနှင့်စပ်လျဉ်း၍ ထွက်ဆို မည် ပြုလျှင်၊ ထိုသက်သေကိုတင်ပြသည့် အမှုသည်က ထိုစာချုပ်စာတမ်း၏ ဒုတိယအဆင့်သက်သေခံ ချက် တင်ပြပိုင်ခွင့်ရှိကြောင်း သက်သေသင်္ကာအင်ပြခြင်း မပြုသေးသမျှ ထိုသို့ သက်သေခံခြင်းကို ဆန့်ကျင်ဘက်အမှုသည်က ကန့်ကွက်နိုင်သည်။

ရှင်းလင်းချက်။ စာတမ်း အမှတ်အသားတွင်ပါရှိသော အချက်များနှင့်ပတ်သက်၍ အခြား သူများ၏ ထွက်ဆိုချက်များသည် စပ်ဆိုင်သော အကြောင်းခြင်းရာဖြစ်လျှင် [illegible] ဖြစ်စေကာမူ ထိုသည့် အဆိုပါ ပြောဆိုချက်ကို ထွက်သက်သေပေးနိုင်သည်။

ဥပမာများ

ပြဿနာမှာ A သည် B အား လက်ရောက်မှု ကျူးလွန်ခြင်း ရှိမရှိဖြစ်သည်။

"B က ကျွန်တော့်အား ခိုးမှုဖြင့် စွပ်စွဲသော စာတစ်စောင်ရေးသဖြင့် ကျွန်တော်သူ့ကို လက်စားချေမည်" ဟု A က D ကို ပြောသည်ကိုကြားရသည်ဟူ၍ C က ထွက်ဆိုသည်။ ထိုထွက်ဆိုချက်မှာ A အတွက် လက်ရောက်မှု ကျူးလွန်ရန် ဖော်ဆောင်ချက်ဖြစ်ကြောင်း ပေါ်လွင်သဖြင့် စပ်ဆိုင်သည်။ ထိုစာနှင့်စပ်လျဉ်း၍ အခြားမည်သည့်သက်သေခံချက်ကိုမျှမတင်ပြ သော်လည်း အဆိုပါ ထွက်ဆိုချက်နှင့်စပ်လျဉ်း၍ သက်သေခံချက်တင်ပြနိုင်သည်။

စာဖြင့် ရေးသားထားသော [illegible]

၁၅၅။ သက်သေတစ်ဦး၏ ယခင်က စာဖြင့်ရေးသားထားသည့် ထွက်ဆိုချက်များသည် သို့မဟုတ် [illegible] ရေးသားချက် များသည် အမှုဝင်ဖြစ် ကိစ္စများနှင့် စပ်ဆိုင်ခဲ့လျှင် [illegible] ထိုရေးသားချက်ကို ထို သက်သေအားပြ၍ သို့မဟုတ် သက်သေသင်္ကာ [illegible] ထွက်ဆိုချက်များနှင့် စပ်လျဉ်း၍ ထိုသက် [illegible] ပြန်လှန်စစ်မေးခြင်းပြုနိုင်သည် [illegible] ထိုရေးသားချက်ကို ဆန့်ကျင်ရန် [illegible] ရည်ရွယ်လျှင် ထိုရေးသားချက်ကို [illegible] သက်သေအား [illegible] အသုံးပြုမည့် ထိုရေးသားချက် [illegible] ထိုသက်သေအား [illegible]

Questions lawful in cross-examination.

146. When a witness is cross-examined, he may, in addition to the questions hereinbefore referred to, be asked any questions which tend—

(1) to test his veracity,

(2) to discover who he is and what is his position in life, or

(3) to shake his credit, by injuring his character, although the answer to such questions might tend directly or indirectly to criminate him or might expose or tend directly or indirectly to expose him to a penalty or forfeiture.

When witness to be compelled to answer.

147. If any such question relates to a matter relevant to the suit or proceeding, the provisions of section 132 shall apply thereto.

Court to decide when question shall be asked and when witness compelled to answer.

148. If any such question relates to a matter not relevant to the suit or proceeding, except in so far as it affects the credit of the witness by injuring his character, the Court shall decide whether or not the witness shall be compelled to answer it, and may, if it thinks fit, warn the witness that he is not obliged to answer it. In exercising its discretion, the Court shall have regard to the following considerations :—

(1) such questions are proper if they are of such a nature that the truth of the imputation conveyed by them would seriously affect the opinion of the Court as to the credibility of the witness on the matter to which he testifies ;

(2) such questions are improper if the imputation which they convey relates to matters so remote in time, or of such a character, that the truth of the imputation would not affect, or would affect in a slight degree, the opinion of the Court as to the credibility of the witness on the matter to which he testifies ;

(3) such questions are improper if there is a great disproportion between the importance of the imputation made against the witness's character and the importance of his evidence ;

၁၄၆။ သက်သေတစ်ဦးအား ပြန်လှန်စစ်မေးသည့်အခါ ဤအထက်က ပြဋ္ဌာန်းချက်များ၌ ဖော်ပြခဲ့သော မေးခွန်းများအပြင် အောက်ပါမေးခွန်းများကိုလည်း မေးမြန်းနိုင်သည်—

ပြန်လှန် စစ်မေးရာတွင်တရားဥပဒေနှင့် ညီသော မေးနိုင်သည့်မေးခွန်းများ။

(၁) ထိုသူ၏ထွက်ဆိုချက်မှန်ကန်မှုရှိ မရှိ စမ်းသပ်ရန်၊

(၂) ထိုသူသည်မည်သည့် လူစားမျိုးဖြစ်သည်၊ ယင်းအပြင် ထိုသူ၏ဘဝအခြေအနေ မည်သို့ရှိသည်ကို ထုတ်ဖော်ရန်၊

(၃) ထိုသူအား ယုံကြည်ထိုက်မှုကို ယိမ်းယိုင်သွားစေရန် ထိုသူ၏အကျင့်စာရိတ္တကိုထိခိုက်သည့် အချက်များ ပေါ်လွင်စေမည့် မေးခွန်းများကို ဖြေဆိုရာ၌ ထိုသူအား တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ပြစ်မှုထောက်စေနိုင်သည့် အဖြေသော်လည်းကောင်း၊ ပြစ်ဒဏ်ခံရခြင်းနှင့်ဖြစ်စေ၊ ပြည်သူ့ဘဏ္ဍာအဖြစ် ပေးသွင်းသိမ်းယူသည့်ဒဏ်ဖြစ်စေ ချမှတ်ခံရမည့်အဖြေသော်လည်းကောင်း ဖြစ်နိုင်သော်လည်း ထိုသို့မေးမြန်းနိုင်သည်။

၁၄၇။ မေးခွန်းတစ်ခုသည် သက်ဆိုင်ရာ တရားမမှု သို့မဟုတ် မှုခင်းကိစ္စ၌ စပ်ဆိုင်သည့်ကိစ္စနှင့် သက်ဆိုင်နေလျှင် ပုဒ်မ ၁၃၂ ပါ ပြဋ္ဌာန်းချက်များသည် ထိုမေးခွန်းနှင့် သက်ဆိုင်စေရမည်။

မည်သည့်အခါ သက်သေကို အတင်းအကြပ် ဖြေဆိုစေရခြင်း။

၁၄၈။ မေးခွန်းတစ်ခုသည် သက်ဆိုင်ရာ တရားမမှု၌ သို့မဟုတ် မှုခင်း၌ ကိစ္စတစ်ရပ်သည် စပ်ဆိုင်ခြင်းမရှိဘဲ သက်သေ၏ယုံကြည်ထိုက်မှုကို ထိခိုက်စေရန် ထိုသူ၏အကျင့်စာရိတ္တကိုညှိုးနွမ်းစေမည့် မေးခွန်းဖြစ်လျှင် ထိုသက်သေအား ထိုမေးခွန်းကို အတင်းအကျပ် ဖြေဆိုစေခြင်း ပြုမည်မပြုမည်ကို တရားရုံးကဆုံးဖြတ်ရမည်။ သင့်သည်ဟုမြင်လျှင် သက်သေအား ထိုမေးခွန်းကိုဖြေဆိုရန် တာဝန်မရှိကြောင်းသတိပေးနိုင်သည်။ တရားရုံးသည် ချင့်ချိန်မှုကို ကျင့်သုံးရာ၌ အောက်ပါအချက်များကိုလည်း ထည့်သွင်းစဉ်းစားရမည်—

မည်သည့်အခါ မေးခွန်းကို မေး၍ မည်သည့်အခါ သက်သေအား အတင်းအကြပ် ဖြေဆိုစေရမည်ကို တရားရုံးကဆုံးဖြတ်ရခြင်း။

(၁) မေးခွန်းများတွင်ပါသော ရည်ညွှန်းသည့် စွပ်စွဲချက် မှန်ကန်ပါက သက်သေအစစ်ခံနေသော အကြောင်းအရာနှင့် စပ်လျဉ်း၍ ထိုသက်သေကို ယုံသင့်မယုံသင့် တရားရုံးက စဉ်းစားဆင်ခြင်ရာ၌ များစွာ ထိခိုက်စေမည်ဖြစ်လျှင် ထိုသို့သော မေးခွန်းများသည် မေးသင့်သော မေးခွန်းများဖြစ်သည်။

(၂) မေးခွန်းများတွင်ပါသော ရည်ညွှန်းသည့်စွပ်စွဲချက်သည် အချိန်ကာလ ကြာမြင့်စွာက ဖြစ်ပျက်ခဲ့သော အကြောင်းအရာများ ဖြစ်၍သော်လည်းကောင်း၊ ထိုစွပ်စွဲချက် မှန်ကန်လျှင်လည်း သက်သေထွက်ဆိုသည့် အကြောင်းအရာနှင့် စပ်လျဉ်း၍ သက်သေကို ယုံသင့်မယုံသင့် တရားရုံးက စဉ်းစား ဆင်ခြင်ရာ၌ ထိခိုက်ခြင်း မရှိလျှင် သို့မဟုတ် အနည်းငယ်မျှသာ ထိခိုက်စေမည်ဖြစ်လျှင် ထိုသို့သော မေးခွန်းများသည် သင့်တော်သည်မဟုတ်ချေ၊

(၃) သက်သေ၏ အကျင့်စာရိတ္တကို ထိပါးစေသည့် စွပ်စွဲချက်၏ အရေးပါမှုနှင့် ထိုသက်သေ၏ သက်သေခံချက်တို့၏ အရေးပါမှုတို့မှာ မမျှမတအောင် ကွာခြားနေလျှင် ထိုသို့သော မေးခွန်းများသည် သင့်တော်သည် မဟုတ်ချေ၊

(4) the Court may, if it sees fit, draw, from the witness's refusal to answer, the inference that the answer if given would be unfavourable.

Question not to be asked without reasonable grounds.

149. No such question as is referred to in section 148 ought to be asked, unless the person asking it has reasonable grounds for thinking that the imputation which it conveys is well-founded.

Illustrations.

(*a*) A barrister is instructed by his client that an important witness is a dacoit. This is a reasonable ground for asking the witness whether he is a dacoit.

(*b*) A pleader is informed by a person in Court that an important witness is a dacoit. The informant, on being questioned by the pleader, gives satisfactory reasons for his statement. This is a reasonable ground for asking the witness whether he is a dacoit.

(*c*) A witness, of whom nothing whatever is known, is asked at random whether he is a dacoit. There are here no reasonable grounds for the question.

(*d*) A witness, of whom nothing whatever is known, being questioned as to his mode of life and means of living, gives unsatisfactory answers. This may be a reasonable ground for asking him if he is a dacoit.

Procedure of Court in case of question being asked without reasonable grounds.

150. If the Court is of opinion that any such question was asked without reasonable grounds, it may, if it was asked by any legal practitioner, report the circumstances of the case to the High Court or other authority to which such legal practitioner is subject in the exercise of his profession.

Indecent and scandalous questions.

151. The Court may forbid any questions or inquiries which it regards as indecent or scandalous, although such questions or inquiries may have some bearing on the questions before the Court, unless they relate to facts in issue, or to matters necessary to be known in order to determine whether or not the facts in issue existed.

(၄) မေးခွန်းကို မဖြေဆိုလိုကြောင်း သက်သေကငြင်းဆိုလျှင် တရားရုံးသည် ထိုငြင်းဆိုချက်ကို ထောက်ရှုလျက် မေးခွန်းကို ဖြေဆိုခဲ့သော် ထိုသက်သေအတွက် အကျိုးယုတ်ရန် ရှိသည်ဟု ကောက်ယူသင့်သည် ထင်မြင်ပါက ကောက်ယူနိုင်သည်။

၁၄၉။ ပုဒ်မ ၁၄၈ တွင် ရည်ညွှန်းဖော်ပြသည့် မေးခွန်းကို မေးမြန်းသူသည် ထိုမေးခွန်းတွင် ပါသော ရည်ညွှန်းသည့် စွပ်စွဲချက်မှာ အခြေအမြစ်ကောင်းရှိ၍ ရှိသည်ဟု ယူဆရန် သင့်တော်သော အကြောင်းမရှိလျှင် ထိုမေးခွန်းမျိုးကို မမေးသင့်ချေ။

ထင့်လျော်သည့်အကြောင်းမရှိဘဲ မမေးရသည့်မေးခွန်း။

ဥပမာများ

(က) ရှေ့နေတစ်ဦးအား ယင်း၏ အမှုသည်က အရေးကြီးသော သက်သေတစ်ဦးမှာ ဓားပြဖြစ်သည်ဟုပြောကြားသည်။ ဤသည်မှာထို သက်သေအား ဓားပြ ဟုတ်မဟုတ် မေးမြန်းရန် သင့်လျော်သော အကြောင်းဖြစ်သည်။

(ခ) တရားရုံး၌ ရှေ့နေတစ်ဦးအား လူတစ်ယောက်က အရေးကြီးသော သက်သေတစ်ဦးမှာ " ဓားပြ" ဖြစ်သည်ဟု ပြောကြားသည်။ ရှေ့နေက မေးမြန်းသောအခါ ထိုသတင်းပေးသူက မိမိ၏ ပြောကြားချက်အတွက်ကျေနပ်လောက်သော အကြောင်းများကို ဖော်ပြသည်။ ဤသည်မှာ ထိုသက်သေအား ဓားပြဟုတ်မဟုတ် မေးမြန်းရန် သင့်လျော်သောအကြောင်းဖြစ်သည်။

(ဂ) သက်သေတစ်ဦး၏အကြောင်း မည်သို့မျှမသိဘဲလျက် ထိုသက်သေအားဓားပြဟုတ်မဟုတ်ရမ်းဆ၍ မေးမြန်းသည်။ ဤကိစ္စတွင် ထိုမေးခွန်း မေးရန် သင့်လျော်သော အကြောင်းများ မရှိချေ။

(ဃ) သက်သေတစ်ဦး၏ အကြောင်း မည်သို့မျှ မသိဘဲလျက် ယင်း၏နေထိုင်မှုအခြေအနေနှင့်အသက်မွေးဝမ်းကြောင်းမှုကို မေးမြန်းရာ ထိုသက်သေက ကျေနပ်ဖွယ်မရှိသော အဖြေကို ပေးသည်။ ဤသည်မှာ ထိုသက်သေအား ဓားပြ ဟုတ်မဟုတ် မေးမြန်းရန် သင့်လျော်သော အကြောင်း ဖြစ်နိုင်သည်။

၁၅၀။ အဆိုပါ မေးခွန်းမျိုးကို သင့်တော်သော အကြောင်းများမရှိဘဲ ရှေ့နေတစ်ဦးက မေးမြန်းခဲ့သည်ဟု တရားရုံးက ထင်မြင်ယူဆလျှင် တရားရုံးသည် အမှုဓါးအခြေအနေကို တရားရုံးချုပ်သို့ ဖြစ်စေ၊ အဆိုပါရှေ့နေ၏ လုပ်ငန်းဆောင်ရွက်မှုကို ကြီးကြပ် ကွပ်ကဲပိုင်ခွင့်ရှိသော အခြား အာဏာပိုင်သို့ဖြစ်စေ တိုင်ကြားနိုင်သည်။

သင့်တော်သော အကြောင်းများမရှိဘဲ မေးခွန်းကို မေးမြန်းလျှင် တရားရုံးက ကျင့်သုံးရမည့် ကျင့်ထုံးများ။

၁၅၁။ မေးခွန်းများ သို့မဟုတ် စုံစမ်း စစ်ဆေးချက်များသည် တရားရုံးက စဉ်းစားဆဲဖြစ်သော ကိစ္စများနှင့် အနည်းငယ် သက်ဆိုင်သော်လည်း မဖွယ်မရာဖြစ်သည် သို့မဟုတ် အသရေကို ထိခိုက်စေသည်ဟု တရားရုံးက ယူဆလျှင် အဆိုပါ မေးခွန်းများကို မမေးရန် သို့မဟုတ် ထိုသို့ စုံစမ်း စစ်ဆေးခြင်းမပြုရန် တရားရုံးက တားမြစ်နိုင်သည်။ သို့ရာတွင် အငြင်းဖြစ်သည့် အကြောင်းခြင်းရာများနှင့် သော်လည်းကောင်း၊ အငြင်းဖြစ်သည့် အကြောင်းခြင်းရာများ တည်ရှိ မရှိကို ဆုံးဖြတ်နိုင်ရန်အလို့ငှာ သိရှိရန်လိုအပ်သော ကိစ္စများနှင့် သော်လည်းကောင်း သက်ဆိုင်လျှင် အဆိုပါ မေးခွန်းများ မမေးရန် သို့မဟုတ် ထိုသို့ စုံစမ်းစစ်ဆေးခြင်း မပြုရန် တရားရုံးက တားမြစ်ခြင်း မပြုနိုင်ချေ။

မဖွယ်မရာသော သို့မဟုတ် အသရေကို ထိခိုက်စေသောမေးခွန်းများ။

Questions intended to insult or annoy.

152. The Court shall forbid any question which appears to it to be intended to insult or annoy, or which, though proper in itself, appears to the Court needlessly offensive in form.

Exclusion of evidence to contradict answers to questions testing veracity.

153. When a witness has been asked and has answered any question which is relevant to the inquiry only in so far as it tends to shake his credit by injuring his character, no evidence shall be given to contradict him; but, if he answers falsely, he may afterwards be charged with giving false evidence.

Exception 1.—If a witness is asked whether he has been previously convicted of any crime and denies it, evidence may be given of his previous conviction.

Exception 2.—If a witness is asked any question tending to impeach his impartiality and answers it by denying the facts suggested, he may be contradicted.

Illustrations.

(*a*) A claim against an underwriter is resisted on the ground of fraud.

The claimant is asked whether, in a former transaction, he had not made a fraudulent claim. He denies it.

Evidence is offered to show that he did make such a claim.

The evidence is inadmissible.

(*b*) A witness is asked whether he was not dismissed from a situation for dishonesty.

He denies it.

Evidence is offered to show that he was dismissed for dishonesty.

The evidence is not admissible.

(*c*) *A* affirms that on a certain day he saw *B* at Mandalay.

A is asked whether he himself was not on that day at Rangoon. He denies it.

Evidence is offered to show that *A* was on that day at Rangoon.

၁၅၂။ စော်ကားရန် သို့မဟုတ် စိတ်ပျက်ပြင်စေရန် ရည်ရွယ်၍မေးသော မေးခွန်းဖြစ်သည်ဟု တရားရုံးက ထင်မြင်သောမေးခွန်း သို့မဟုတ် သင့်တော်သော မေးခွန်းပင် ဖြစ်သော်လည်း အကြောင်းမဲ့ နာကြည်းစေသည့် မေးခွန်းမျိုးဖြစ်သည်ဟု ယင်မြင်သော မေးခွန်းကို တရားရုံးသည် တားမြစ်ရမည်။

စော်ကားရန် သို့မဟုတ် စိတ်ပျက် [illegible] ခြင်းဖြစ် [illegible] ရှိ မေးသည့်မေး ခွန်းများ

၁၅၃။ သက်သေတစ်ဦး၏ အကျင့်စာရိတ္တကို ညှိုးနွမ်းစေခြင်းဖြင့် ယင်းအပေါ် ယုံကြည်မှုကို ထိခိုက်စေရုံမျှသာ စုံစမ်းစစ်ဆေးဆဲ အမှုနှင့် စပ်ဆိုင်သော မေးခွန်းတစ်ခုခုကို မေးမြန်း၍ ထိုသက်သေကလည်း ဖြေဆိုပြီးဖြစ်လျှင် ထိုသက်သေ၏ ပြောဆိုချက်ကို ဆန့်ကျင်၍ မည်သည့်သက်သေခံချက်ကိုမျှမတင်ပြရ။ သို့ရာတွင် သက်သေက မမှန်မကန်ဖြေဆိုလျှင် မမှန်သက်သေခံမှုဖြင့် နောက်မှ ထိုသက်သေအား တရားစွဲဆိုနိုင်သည်။

မှန်ကန်မှု ရှိ မရှိ စမ်းသပ်သည့် မေးခွန်းများ၏ အဖြေကို [illegible] ဆန့်ကျင်ရန် [illegible] သက်သေခံ [illegible] ချက်ကို [illegible] ခြင်း။

ခြွင်းချက် (၁)။ သက်သေတစ်ဦးအား ယခင်က ပြစ်မှုထင်ရှား စီရင်ခံရဖူးခြင်း ရှိ မရှိ မေးမြန်း၍ ထိုသက်သေက ထိုသို့ မခံရဖူးကြောင်းဖြင့် ငြင်းဆိုလျှင် ထိုသက်သေအား ယခင်က ပြစ်မှုထင်ရှား စီရင်ခဲ့ဖူးကြောင်း သက်သေခံတင်ပြနိုင်သည်။

ခြွင်းချက် (၂)။ သက်သေတစ်ဦး ဘက်လိုက်နေသည်ဟူ၍ စွပ်စွဲနိုင်ရန် ထိုသက်သေအား အချို့သော အကြောင်းခြင်းရာများကို ထုတ်ဖော်မေးမြန်း၍ ထိုသက်သေက ထိုအကြောင်းခြင်းရာများကို ငြင်းဆိုဖြေကြားလျှင် ထိုသက်သေအား ထိုဖြေကြားချက်နှင့်စပ်လျဉ်း၍ ဆန့်ကျင်မေးမြန်းခြင်း၊ သက်သေခံတင်ပြခြင်း ပြုနိုင်သည်။

ဥပမာများ

(က) အာမခံလုပ်ငန်း လုပ်ကိုင်သူ တစ်ဦးအပေါ် ငွေရလိုကြောင်း တရားစွဲဆိုရာ လိမ်လည်တောင်းဆိုသည်ဟု ခုခံချေဆိုသည်။

ယခင်က အလုပ်ကိစ္စ ဆောင်ရွက်ခဲ့ရာတွင် လိမ်လည်၍ တောင်းဆိုဖူးခြင်း ရှိမရှိ ထိုတောင်းဆိုသူအား မေးမြန်းရာ ယင်းက ထိုသို့ လိမ်လည် တောင်းဆိုဖူးခြင်း မရှိဟု ငြင်းဆိုသည်။

ထိုသူ ယခင်က ထိုသို့လိမ်လည်၍ တောင်းဆိုဖူးကြောင်းပြရန် သက်သေခံချက်ကို တင်ပြလိုသည်။

ထိုသက်သေခံချက်မှာ သက်သေခံ မဝင်။

(ခ) မရိုးမဖြောင့်ခြင်းကြောင့် အလုပ်မှ ထုတ်ပယ်ခြင်းခံရဖူးသည်မဟုတ်လောဟု သက်သေအားမေးမြန်းရာ ထိုသက်သေက ထိုသို့ အလုပ်မှ ထုတ်ပယ်ခြင်း မခံရဖူးကြောင်း ငြင်းဆိုသည်။

ထိုသူသည် မရိုးမဖြောင့်ခြင်းကြောင့် အလုပ်မှ ထုတ်ပြစ်ခြင်းခံရဖူးကြောင်းကို ပြရန် သက်သေခံချက် တင်ပြလိုသည်။

ထိုသက်သေခံ ချက်မှာ သက်သေခံ မဝင်။

(ဂ) A က နေ့ရက်အချိန်ချက်တွင် B ကို မန္တလေးမြို့၌ တွေ့မြင်ခဲ့ကြောင်း အခိုင်အမာ ပြောဆိုသည်။

A အား ထိုနေ့ရက်တွင် ရန်ကုန်မြို့၌ ရှိမရှိ မေးမြန်းရာ A က မရှိကြောင်း ငြင်းဆိုသည်။

ထိုနေ့ရက်တွင် ရန်ကုန်မြို့၌ A ရှိကြောင်းကို ပြရန် သက်သေခံချက် တင်ပြလိုသည်။

ဤသက်သေခံချက်သည် သက်သေခံဝင်သည်။

The evidence is admissible, not as contradicting *A* on a fact which affects his credit, but as contradicting the alleged fact that *B* was seen on the day in question in Mandalay.

In each of these cases the witness might, if his denial was false, be charged with giving false evidence.

(*d*) *A* is asked whether his family has not had a bloodfeud with the family of *B* against whom he gives evidence.

He denies it. He may be contradicted on the ground that the question tends to impeach his impartiality.

Question by party to his own witness.

154. The Court may, in its discretion, permit the person who calls a witness to put any questions to him which might be put in cross-examination by the adverse party.

Impeaching credit of witness.

155. The credit of a witness may be impeached in the following ways by the adverse party, or, with the consent of the Court, by the party who calls him :—

(1) by the evidence of persons who testify that they, from their knowledge of the witness, believe him to be unworthy of credit ;

(2) by proof that the witness has been bribed, or has accepted the offer of a bribe, or has received any other corrupt inducement to give his evidence ;

(3) by proof of former statements inconsistent with any part of his evidence which is liable to be contradicted ;

(4) when a man is prosecuted for rape or an attempt to ravish, it may be shown that the prosecutrix was of generally immoral character.

Explanation.—A witness declaring another witness to be unworthy of credit may not, upon his examination-in-chief, give reasons for his belief, but he may be asked his reasons in cross-examination, and the answers which he gives cannot be contradicted, though, if they are false, he may afterwards be charged with giving false evidence.

ထိုသို့ သက်သေခံခြင်းမှာ A အား ယုံကြည်ထိုက်ခြင်းနှင့် သက်ဆိုင်သည့် အကြောင်းခြင်းရာကို ဆန့်ကျင်သည့်အနေဖြင့် မဟုတ်ဘဲ B ကို ထိုနေ့ရက်တွင်မန္တလေး၌ တွေ့မြင်ခဲ့သည် ဆိုသောအကြောင်းခြင်းရာကို ဆန့်ကျင်သည့် အနေဖြင့်သက်သေ ခံဝင်ခြင်း ဖြစ်သည်။

အထက်အမှု အသီးသီးတွင် သက်သေ၏ ငြင်းဆိုချက်သည် မဟုတ်မမှန် ခဲ့လျှင် ယင်းသက်သေအား မမှန်သက်သေခံမှုဖြင့် တရားစွဲဆို နိုင်သည်။

(ဃ) B အပေါ်တွင် သက်သေခံနေသော A အား ယင်း၏ မိဘအစုနှင့် B ၏ မိဘအစုတို့ ဆွေစဉ်မျိုးဆက် ရန်ငြိုး ရန်စ ရှိမရှိ မေးမြန်းရာ A က ထိုသို့ ရန်ငြိုးရန်စ မရှိကြောင်း ငြင်းဆိုသည်။

ဤအမှုနှင့်မှာ သူသည် တစ်ဖက်သို့ သက်လိုက် ငဲ့ညာနေကြောင်း ဖော်ထုတ်၍ မေးသော မေးခွန်းဖြစ်သည်ဟုသော အကြောင်းပြချက်ဖြင့် သူ့အား ယင်း၏ ငြင်းဆိုချက်နှင့် စပ်လျဉ်း၍ ဆန့်ကျင် မေးမြန်း နိုင်သည်။

၁၅၄။ သက်သေခေါ်ယူ တင်ပြသူက မိမိသက်သေအား မေးမြန်းရာတွင် ဆန့်ကျင်ဘက် အမှုသည်က တို့သက်သေအား ပြန်လှန်စစ်မေးရာ၌မေးနိုင်သော မေးခွန်းမျိုးကိုမေးမြန်းရန် တရားရုံးသည် မိမိ သက်သေကို ချင့်ချိန်၍ ခွင့်ပြုနိုင်သည်။ အမှုသည်က မိမိသက်သေကို မေးမြန်းခြင်း။

၁၅၅။ သက်သေတစ်ဦးကို မယုံကြည်ထိုက်ကြောင်းဖြင့် စွပ်စွဲလိုလျှင် ဆန့်ကျင်ဘက် အမှုသည်က ဖြစ်စေ၊ တရားရုံးက ခွင့်ပြုပါက တို့သက်သေကို တင်ပြသောအမှုသည်ကဖြစ်စေ အောက်ပါ နည်းလမ်းများဖြင့် စွပ်စွဲနိုင်သည် — သက်သေကို မယုံကြည် ထိုက်ကြောင်းဖြင့် ပြစ်တင် စွပ်စွဲခြင်း။

(၁) မိမိတို့သိရသမျှ ထိုသက်သေမှာ ယုံကြည်ထိုက်သူမဟုတ်ကြောင်း သက်သေခံကြသော သူတို့၏ သက်သေခံချက်၊

(၂) ထိုသက်သေသည် သက်သေခံရန်အတွက် တံစိုးလက်ဆောင်ရရှိထားကြောင်း သို့မဟုတ် တံစိုးလက်ဆောင် ပေးမည်ဟုသော ကမ်းလှမ်းချက်ကို ရရှိထားကြောင်း သို့မဟုတ် အခြားမတော်မကြောင့်သော သွေးဆောင်မှု တစ်ခုခုကို ရရှိထားကြောင်း သက်သေအဖြစ် တင်ပြခြင်း၊

(၃) ထိုသက်သေ၏ ယခုသက်သေခံချက် တစ်ခုခုတစ်ရာသည် ကိုက်ဆိုင်၍မေးမြန်းခြင်း ပြုလိုက်ပါက ယခုထွက်ဆိုချက်နှင့် မညီမညွတ်ဖြစ်နေသော ယခင်ထွက်ဆိုချက်များ ရှိနေကြောင်း သက်သေသင်ရွာ:ခြင်း၊

(၄) ယောကျ်ားတစ်ဦးအား မုဒိမ်းမှုဖြင့် ဖြစ်စေ၊ မုဒိမ်းကျင့်ရန် အားထုတ်မှုဖြင့် ဖြစ်စေ၊ အရေးယူသော အမှုတွင် စွပ်စွဲခံသူ အမျိုးသမီးသည် အကျင့်စာရိတ္တ ပေါ့ပျက်သူ ဖြစ်ကြောင်း တင်ပြချက်။

ရှင်းလင်းချက်။ သက်သေတစ်ဦးက အခြားသက်သေတစ်ဦးမှာ ယုံကြည်ထိုက်သူ မဟုတ်ကြောင်းဖြင့် ထွက်ဆိုရာ၌ မူလစစ်မေးခြင်းပြုပါက မည်သည့်အကြောင်းကြောင့် မိမိ ထိုသို့ ယုံကြည်မှတ်ယူသည်ကို ဖော်ပြခြင်းမပြုဘဲ နေနိုင်သည်။ သို့သော်သည်း ပြန်လှန်စစ်မေးသည့် အခါတွင်မူ မည်သည့် အကြောင်းကြောင့် ထိုသို့ယုံကြည်မှတ်ယူခဲ့ကြောင်း ထိုသူ့အား မေးမြန်းနိုင်သည်။ ထိုမေးမြန်းချက်နှင့် စပ်လျဉ်း၍ ထိုသူ၏ ပြန်ဆိုချက်များကို ဆန့်ကျင်၍ မေးမြန်းခြင်း၊ သက်သေခံတင်ပြခြင်း မပြုနိုင်ချေ။ သို့ရာတွင် ထိုဖြေဆိုချက်များ မမှန်ကန်လျှင် မမှန်သက်သေခံမှုဖြင့် ထိုသူ့အား နောက်ကာလတွင် စွဲချက်တင်၍ အရေးယူနိုင်သည်။

Illustrations.

(*a*) *A* sues *B* for the price of goods sold and delivered to *B*. *C* says that *A* delivered the goods to *B*.

Evidence is offered to show that, on a previous occasion, he said that *A* had not delivered the goods to *B*.

The evidence is admissible.

(*b*) *A* is indicted for the murder of *B*.

C says that *B*, when dying, declared that *A* had given *B* the wound of which he died.

Evidence is offered to show that, on a previous occasion, *C* said that the wound was not given by *A* or in his presence.

The evidence is admissible.

Questions tending to corroborate evidence of relevant fact, admissible.

156. When a witness whom it is intended to corroborate gives evidence of any relevant fact, he may be questioned as to any other circumstances which he observed at or near to the time or place at which such relevant fact occurred, if the Court is of opinion that such circumstances, if proved, would corroborate the testimony of the witness as to the relevant fact which he testifies.

Illustration.

A, an accomplice, gives an account of a robbery in which he took part. He describes various incidents unconnected with the robbery which occurred on his way to and from the place where it was committed.

Independent evidence of these facts may be given in order to corroborate his evidence as to the robbery itself.

Former statements of witness may be proved to corroborate later testimony as to same fact.

157. In order to corroborate the testimony of a witness, any former statement made by such witness relating to the same fact at or about the time when the fact took place, or before any authority legally competent to investigate the fact, may be proved.

ဥပမာများ

(က) A က B သို့ရောင်းချပေးအပ်လိုက်သော ကုန်ပစ္စည်းများ၏ အဖိုးငွေရလိုမှုဖြင့် B အား တရားစွဲဆိုသည်။ A သည် B သို့ ကုန်ပစ္စည်းများပေးအပ်ခဲ့ကြောင်းဖြင့် C က ထွက်ဆိုသည်။

A သည် အဆိုပါကုန်ပစ္စည်းများကို B အား မပေးအပ်ခဲ့ဟု ယခင်တစ်ကြိမ်က C ထွက်ဆိုခဲ့ကြောင်း၊ သက်သေခံ တင်ပြရန်အဆိုပြုသည်။

ထိုသက်သေခံချက်သည် သက်သေခံဝင်သည်။

(ခ) A သည် B အား လူသတ်မှုဖြင့် တရားစွဲဆိုခြင်းခံရသည်။ B သေဆုံးရသောဓားသည် A ပြုလုပ်သော ဓားဖြစ်ကြောင်းဖြင့် B သေခါနီးဆဲဆဲတွင် ပြောဆိုသွားသည်ဟု C က ထွက်ဆိုသည်။

ထိုဓားသည် A ကသော်လည်းကောင်း၊ ထိုသူ၏မျက်မှောက်၌သော်လည်းကောင်း ပြုလုပ်ခဲ့သည့်ဓားမဟုတ်ကြောင်းဖြင့် ယခင်တစ်ကြိမ်က C ပြောဆိုခဲ့ကြောင်း ဖော်ပြ၍ သက်သေခံတင်ပြရန်အဆိုပြုသည်။

ထိုသက်သေခံချက်သည် သက်သေခံဝင်သည်။

၁၅၆။ စပ်ဆိုင်သော အကြောင်းခြင်းရာ တစ်ခုခုနှင့် စပ်လျဉ်း၍ သက်သေခံသော သက်သေတစ်ဦးအား ယင်း၏သက်သေခံချက်ကို ထောက်ခံချက်ဖြင့်သွင်းရန် ကြံရွယ်ပါက အမှု၌အဆိုပါစပ်ဆိုင်သော အကြောင်းခြင်းရာ ဖြစ်ပွားသည့်အချိန် သို့မဟုတ် ထိုအချိန်လောက်တွင် ဖြစ်စေ ဖြစ်ပွားသည့်နေရာ သို့မဟုတ် ထိုနေရာအနီးအနားဝ၌ဖြစ်စေ ထိုသက်သေ သိမြင်ခဲ့ရသည့် အခြားအခြေအနေများနှင့် သက်သေသင်ရှားလျှင် တရားရုံးက စပ်ဆိုင်သော အကြောင်းခြင်းရာများနှင့် ပတ်သက်၍ သက်သေ၏ထွက်ချက်ကို ထောက်ခံသည်ဟု ယူဆလျှင် ထိုသက်သေအား မေးမြန်းနိုင်သည်။

စပ်ဆိုင်သည့်အကြောင်းခြင်းရာနှင့် ပတ်သက်သော သက်သေခံချက်ကိုထောက်ခံရန် ဖြစ်သည့် မေးခွန်းများ သက်သေခံဝင်ခြင်း။

ဥပမာ

လုယက်မှုတစ်ခုတွင် ပါဝင်ကျူးလွန်ခဲ့သူကြံရာပါက ထိုလုယက်မှု၏ ဖြစ်ပျက်ပုံအကြောင်းကို အစစ်ခံရာ၌ ထိုလုယက်မှု ကျူးလွန်ရာနေရာသို့ အသွားနှင့် ထိုနေရာမှအပြန် ခရီးလမ်းတွင် ထိုလုယက်မှုနှင့် ဆက်စပ်ခြင်းမရှိသော အခြား အဖြစ်အပျက် အမျိုးမျိုးကို ဖော်ပြသည်။

ထိုလုယက်မှုနှင့်စပ်လျဉ်းသည့် ထိုသူ၏သက်သေခံချက်ကို ထောက်ခံရန်အလို့ငှာ အဆိုပါအကြောင်းခြင်းရာများနှင့် စပ်လျဉ်း၍ လွတ်လပ်သောသက်သေခံချက်ကို တင်ပြနိုင်သည်။

၁၅၇။ သက်သေတစ်ဦး၏ သက်သေခံချက်ကို ထောက်ခံရန်အလို့ငှာ ဖြစ်ပွားသည့် အချိန်တွင်ဖြစ်စေ၊ ဖြစ်ပွားသည့် အချိန်လောက်တွင်ဖြစ်စေ ဖြစ်ရပ်တစ်ခုသည်နှင့် စပ်လျဉ်း၍ ထိုသက်သေ၏ ယခင်ထွက်ဆိုချက်သို့မဟုတ် ထိုအကြောင်းခြင်းရာကို စုံစမ်းထောက်လှမ်းနိုင်ရန် ဥပဒေအရ အာဏာပိုင်တစ်ဦး၏ ရှေ့တွင် ထွက်ဆိုခဲ့သည့် ထွက်ဆိုချက်ကို သက်သေသင်ရှားတင်ပြနိုင်သည်။

ဖြစ်ရပ်တစ်ခုနှင့် စပ်လျဉ်း၍ သက်သေခံချက်ကို ထောက်ခံရန်အလို့ငှာ သက်သေ၏ ယခင်ထွက်ဆိုချက်များကို သက်သေထင်ရှားတင်ပြခြင်း။

What matters may be proved in connection with proved statement relevant under section 32 or 33.

158. Whenever any statement, relevant under section 32 or 33, is proved, all matters may be proved either in order to contradict or to corroborate it, or in order to impeach or confirm the credit of the person by whom it was made, which might have been proved if that person had been called as a witness and had denied upon cross-examination the truth of the matter suggested.

Refreshing memory.

159. A witness may, while under examination, refresh his memory by referring to any writing made by himself at the time of the transaction concerning which he is questioned, or so soon afterwards that the Court considers it likely that the transaction was at that time fresh in his memory.

The witness may also refer to any such writing made by any other person, and read by the witness within the time aforesaid, if when he read it he knew it to be correct.

When witness may use copy of document to refresh memory.

Whenever a witness may refresh his memory by reference to any document, he may, with the permission of the Court, refer to a copy of such document:

Provided the Court be satisfied that there is sufficient reason for the non-production of the original.

An expert may refresh his memory by reference to professional treatises.

Testimony to facts stated in document mentioned in section 159.

160. A witness may also testify to facts mentioned in any such document as is mentioned in section 159, although he has no specific recollection of the facts themselves, if he is sure that the facts were correctly recorded in the document.

Illustrations.

A book-keeper may testify to facts recorded by him in books regularly kept in the course of business, if he knows that the books were correctly kept, although he has forgotten the particular transactions entered.

၁၅၈။ ပုဒ်မ ၃၂ သို့မဟုတ် ၃၃ အရ စပ်ဆိုင်သောထွက်ဆိုချက်တစ်ခုခုကို သက်သေခံတင်သွင်းလာပါက၊ အကယ်၍ အဆိုပါသက်သေသည် ပြန်လှန်မေးခွန်းနှင့် ပတ်သက်၍ ထွက်ဆိုချက်တွင် ပါဝင်သည့်ကိစ္စ မှန်ကန်မှုကို ငြင်းဆိုလျှင် ယင်းကိစ္စကို ဆန့်ကျင်ရန် သို့မဟုတ် ထောက်ခံရန် သို့မဟုတ် ယုံကြည်စေရန် သက်သေခံများ တင်ပြနိုင်သည်။

ပုဒ်မ ၃၂ သို့မဟုတ် ၃၃ အရ စပ်ဆိုင်သော ထွက်ဆိုချက်နှင့် စပ်လျဉ်း၍ မည်သည့် ကိစ္စကို သက်သေ တင်ပြနိုင်ခြင်း။

၁၅၉။ သက်သေတစ်ဦးသည် အစစ်အဆေးခံနေစဉ်အတွင်း မိမိအားမေးမြန်းသောအမှုကိစ္စနှင့် စပ်လျဉ်း၍ ပြန်လည်သတိရရှိရန် အလို့ငှာ အဆိုပါအမှုကိစ္စ ဖြစ်ပွားချိန်တွင် ဖြစ်စေ၊ ထိုကိစ္စ ဖြစ်ပွားချိန်တွင်ဖြစ်စေ၊ ထိုကိစ္စ ဖြစ်ပွားပြီးနောက် များမကြာမီ ထိုကိစ္စကို ကောင်းစွာမှတ်မိနိုင်လောက်ဖွယ် ရှိသေးသည်ဟု တရားရုံးက ထင်မြင်ယူဆသည့် အချိန်အတွင်းတွင် ဖြစ်စေ၊ မိမိကိုယ်တိုင် ရေးသားခဲ့သော ရေးသားချက်ကို ကြည့်ရှုနိုင်သည်။ အခြားသူ တစ်ဦးဦး၏ ရေးသားချက် တစ်ရပ်ရပ်ကို အဆက်ဆိုခဲ့သည့် အချိန်အတွင်း သက်သေက ဖတ်ကြည့်ခဲ့ရပြီး ထိုသို့ဖတ်ကြည့်သည့်အခါ ရေးသားချက် မှန်ကန်ကြောင်း သိခဲ့ရလျှင် ထိုအခြားသူ၏ ရေးသားချက်ကို ရည်ညွှန်းနိုင်သည်။

ပြန်လည်သတိရရန် ကြည့်ရှုခြင်း။

သက်သေတစ်ဦးသည် ပြန်လည်သတိရရှိရန်အလို့ငှာ စာရွက်စာတမ်း တစ်ခုခုကို ကြည့်ရှုနိုင်ခွင့်ရှိသည့်အခါ ထိုစာရွက်စာတမ်း၏မိတ္တူကိုလည်း တရားရုံး၏ခွင့်ပြုချက်ဖြင့် ကြည့်ရှုနိုင်သည်။ မူရင်း စာရွက်စာတမ်းကို မတင်ပြဘဲ နေခြင်းမှာ လုံလောက်သော အကြောင်းရှိသည်ဟု တရားရုံးက ကျေနပ်သည့်အခါ ထိုသို့ခွင့်ပြုနိုင်သည်။

ပြန်လည်သတိရရန် အလို့ငှာ စာရွက်စာတမ်း၏မိတ္တူကို မည်သည့်အခါ သက်သေက ကြည့်ရှုနိုင်ခြင်း။

အထူးကျွမ်းကျင်သူ တစ်ဦးသည် ပြန်လည်သတိရရှိရန် အလို့ငှာ သက်ဆိုင်ရာ အတတ်ပညာနှင့် စပ်လျဉ်းသည့် စာအုပ်စာတမ်း များကို ကြည့်ရှုနိုင်သည်။

၁၆၀။ သက်သေတစ်ဦးသည် စာရွက်စာတမ်းတစ်ခုတွင် မှန်ကန်စွာရေးမှတ်ထားကြောင်း မိမိကေန်သိလျှင် ထိုစာရွက်စာတမ်းပါ အကြောင်းခြင်းရာများကို ကိုယ်တိုင်သေချာစွာမှတ်မိခြင်းမရှိသော်လည်း ထိုအကြောင်းခြင်းရာများနှင့်စပ်လျဉ်း၍ သက်သေခံနိုင်သည်။ သို့ရာတွင်ထိုအကြောင်းခြင်းရာများသည် ပုဒ်မ ၁၅၉ တွင်ဖော်ပြထားသည့် စာရွက်စာတမ်းမျိုး၌ပါရှိသော အကြောင်းခြင်းရာများဖြစ်ရမည်။

ပုဒ်မ ၁၅၉ တွင်ဖော်ပြပါရှိသည့် စာရွက်စာတမ်း၌ပါ အကြောင်းခြင်းရာများကိုသက်သေခံခြင်း။

ဥပမာ

စာရင်းကိုင်တစ်ဦးသည် လုပ်ရိုးလုပ်စဉ်အရ နည်းလမ်းတကျ ထိန်းသိမ်းထားရှိသည့် စာရင်းစာအုပ်များတွင် ရေးသွင်းထားသော အကြောင်းအရာများကို မေ့လျော့သော်လည်း ထိုစာရင်းစာအုပ်များကို မှန်ကန်စွာ ထိန်းသိမ်းထားရှိကြောင်း မိမိသိရှိလျှင် ထိုစာရင်းစာအုပ်များတွင် မိမိရေးမှတ်ထားသည့် အကြောင်းခြင်းရာများနှင့် စပ်လျဉ်း၍ သက်သေခံနိုင်သည်။

Right of adverse party as to writing used to refresh memory.

[1]**161.** Any writing referred to under the provisions of the two last preceding sections must be produced and shown to the adverse party if he requires it; such party may, if he pleases, cross-examine the witness thereupon.

Production of documents.

162. A witness summoned to produce a document shall, if it is in his possession or power, bring it to Court, notwithstanding any objection which there may be to its production or to its admissibility. The validity of any such objection shall be decided on by the Court.

The Court, if it sees fit, may inspect the document, unless it refers to matters of State, or take other evidence to enable it to determine on its admissibility.

Translation of documents.

If for such a purpose it is necessary to cause any document to be translated, the Court may, if it thinks fit, direct the translator to keep the contents secret, unless the document is to be given in evidence; and, if the interpreter disobeys such direction, he shall be held to have committed an offence under section 166 of the Penal Code.

Giving, as evidence, of document called for and produced on notice.

163. When a party calls for a document which he has given the other party notice to produce, and such document is produced and inspected by the party calling for its production, he is bound to give it as evidence if the party producing it requires him to do so.

Using, as evidence, of document production of which was refused on notice.

164. When a party refuses to produce a document which he has had notice to produce, he cannot afterwards use the document as evidence without the consent of the other party or the order of the Court.

Illustration.

A sues *B* on an agreement and gives *B* notice to produce it. At the trial *A* calls for the document and *B* refuses to produce it. *A* gives secondary evidence of its contents. *B* seeks to produce the document itself to contradict the secondary evidence given by *A*, or in order to show that the agreement is not stamped. He cannot do so.

---

[1] As to the application of section 161 to police-diaries, *see* section 172 of the Code of Criminal Procedure (Volume VIII of this Code).

၁၆၁။ အထက်ပါ နောက်ဆုံး ပုဒ်မ ၂ ခုတို့၏ ပေါ်ပြထားသော ရေးသားချက်တစ်ခုခုကို ကြည့်ရှုလိုကြောင်း ဆန့်ကျင်ဘက်အမှုသည်က တောင်းဆိုလျှင် ထိုရေးသားချက်ကို တရားရုံးသို့တင်ပြ၍ ဆန့်ကျင်ဘက် အမှုသည်အား ပြသရမည်။ ဆန့်ကျင်ဘက် အမှုသည်သည် ထိုရေးသားချက်နှင့် စပ်လျဉ်း၍ သက်သေကို ပြန်လှန်စစ်မေးလိုလျှင် စစ်မေးနိုင်သည်။

ပြန်လည်သတိရရန် ကြည့်ရှုသည့် ရေးသားချက်နှင့်စပ်လျဉ်း၍ဆန့်ကျင်ဘက် အမှုသည်၏ အခွင့်အရေး။

၁၆၂။ သက်သေတစ်ဦးသည် စာရွက်စာတမ်းတစ်ခုကို တင်ပြရန် ဆင့်ခေါ်ခြင်းခံရ၍ ထိုစာရွက်စာတမ်းမှာလည်း ထိုသက်သေ၏ လက်တွင်ဖြစ်စေ၊ ထိုသူရယူပိုင်ခွင့်ရှိရာ နေရာ၌ဖြစ်စေ ရှိလျှင် ထိုစာရွက်စာတမ်းတင်ပြခြင်းကိုသော်လည်းကောင်း၊ ထိုစာရွက်စာတမ်း၏ သက်သေခံဝင်မှုကိုသော်လည်းကောင်း ကန့်ကွက်ချက်ရှိစေကာမူ ထိုစာရွက်စာတမ်းကို တရားရုံးသို့ယူဆောင်ခဲ့ရမည်။ အဆိုပါ ကန့်ကွက်ချက်ခိုင်လုံမှု ရှိသည် မရှိသည်ကို တရားရုံးက ဆုံးဖြတ်ရမည်။

စာရွက်စာတမ်းများကို တင်ပြခြင်း။

ထိုစာရွက်စာတမ်းမှာ နိုင်ငံတော်ဆိုင်ရာကိစ္စများနှင့် မပတ်သက်လျှင် တရားရုံးသည် ထိုစာရွက်စာတမ်း သက်သေခံဝင်သည် မဝင်သည်ကိုဆုံးဖြတ်နိုင်ရန်အလို့ငှာ မိမိသင့်တော်သည် ထင်မြင်ပါက ထိုစာရွက်စာတမ်းကိုကြည့်ရှုစစ်ဆေးနိုင်သည် သို့မဟုတ် အခြားသက်သေခံချက်ကိုရယူနိုင်သည်။

အဆိုပါကိစ္စအလို့ငှာ စာရွက်စာတမ်းတစ်ခုခုကို ဘာသာပြန်ဆိုစေရန်လိုအပ်သည့် အခါတရားရုံးသည်မိမိသင့်တော်သည်ဟုထင်မြင်ပါက ထိုစာရွက်စာတမ်းကို သက်သေခံတင်ပြခြင်းမပြုလျှင် ထိုစာရွက်စာတမ်းပါအကြောင်းအရာများကို လျှို့ဝှက်ထားရန် သက်ဆိုင်ရာ ဘာသာပြန်ဆိုသူအား ညွှန်ကြားနိုင်သည်။ ဘာသာပြန်ဆိုသူသည် ထိုညွှန်ကြားချက်ကို မလိုက်နာလျှင် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၆၆ အရပြစ်မှုကျူးလွန်သည်ဟု မှတ်ယူရမည်။

စာရွက်စာတမ်းများကိုဘာသာပြန်ခြင်း။

၁၆၃။ အမှုသည်တစ်ဦးက ဆန့်ကျင်ဘက်အမှုသည်ထံ အကြောင်းကြားစာပေးပို့၍ စာရွက်စာတမ်းတစ်စောင်ကို တင်ပြရန် တောင်းဆိုသဖြင့် ထိုဆန့်ကျင်ဘက်အမှုသည်က တင်ပြသော ထိုစာရွက်စာတမ်းကို ထိုသို့ တောင်းဆိုသည့်အမှုသည်က ကြည့်ရှုစစ်ဆေးပြီးသည့်အခါ ထိုသို့ကြည့်ရှုစစ်ဆေးသော အမှုသည်သည် စာရွက်စာတမ်းတင်ပြသူက တောင်းဆိုလျှင် ထိုစာရွက်စာတမ်းကို သက်သေခံအဖြစ် တင်သွင်းရန် တာဝန်ရှိသည်။

အကြောင်းကြားစာပေးပို့ တောင်းဆိုသဖြင့် တင်ပြသည့် စာရွက်စာတမ်းကို သက်သေခံအဖြစ် တင်သွင်းခြင်း။

၁၆၄။ အမှုသည်တစ်ဦးသည် စာရွက်စာတမ်းတစ်ခုကိုတင်ပြရန် အကြောင်းကြားစာရရှိပြီး ဖြစ်သော်လည်း ထိုစာရွက်စာတမ်းကိုတင်ပြရန်ငြင်းဆိုလျှင် ထိုသူသည် ဆန့်ကျင်ဘက်အမှုသည်၏ သဘောတူခွင့်ပြုချက်မရဘဲ သို့မဟုတ် တရားရုံး၏ အမိန့်မရဘဲ နောင်တွင် ထိုစာရွက်စာတမ်းကို သက်သေခံအဖြစ်ဖြင့် တင်ပြခွင့်မရှိချေ။

တင်ပြရန် အကြောင်းကြားစာပေးထားသော်လည်း တင်ပြရန် ငြင်းဆိုထားသော စာရွက်စာတမ်းကို သက်သေခံအဖြစ် တင်ပြခြင်း။

ဥပမာ

A က B အပေါ်တွင် ကတိစာချုပ်တစ်ခုအရ တရားစွဲဆို၍ ထိုကတိစာချုပ်ကို တင်ပြရန် B အား အကြောင်းကြားစာ ပေးသည်။ အမှုစစ်ဆေးသည့်အခါ A က ထိုစာချုပ်ကို တောင်းဆိုသော်လည်း B က တင်ပြရန် ငြင်းဆိုသည်။ A က ထိုစာချုပ်ပါ အကြောင်းအရာများနှင့် စပ်လျဉ်း၍ ဒုတိယအဆင့် သက်သေခံချက်တင်ပြသည်။ B က A တင်ပြသည့် ဒုတိယအဆင့်သက်သေခံချက်ကို ဆန့်ကျင်ရန် သို့မဟုတ် ထိုစာချုပ်တွင် တံဆိပ်ခေါင်း ကပ်ထားခြင်းမရှိကြောင်း တင်ပြရန် အလို့ငှာ မူရင်းကတိစာချုပ်ကို တင်ပြလိုသည်။ သို့သော်လည်း B သည် ထိုမူရင်းစာချုပ်ကို တင်ပြခွင့်မရှိချေ။

Judge's power to put questions or order production.

165. The Judge may, in order to discover or to obtain proper proof of relevant facts, ask any question he pleases, in any form, at any time, of any witness, or of the parties, about any fact relevant or irrelevant; and may order the production of any document or thing; and neither the parties nor their agents shall be entitled to make any objection to any such question or order, nor, without the leave of the Court, to cross-examine any witness upon any answer given in reply to any such question:

Provided that the judgment must be based upon facts declared by this Act to be relevant and duly proved:

Provided also that this section shall not authorize any Judge to compel any witness to answer any question or to produce any document which such witness would be entitled to refuse to answer or produce under sections 121 to 131, both inclusive, if the question were asked or the document were called for by the adverse party; nor shall the Judge ask any question which it would be improper for any other person to ask under section 148 or 149; nor shall he dispense with primary evidence of any document, except in the cases hereinbefore excepted.

Power of jury or assessors to put questions.

166. In cases tried by jury or with assessors, the jury or assessors may put any questions to the witnesses, through or by leave of the Judge, which the Judge himself might put and which he considers proper.

CHAPTER XI.

OF IMPROPER ADMISSION AND REJECTION OF EVIDENCE.

No new trial for improper admission or rejection of evidence.

167. The improper admission or rejection of evidence shall not be ground of itself for a new trial or reversal of any decision in any case, if it shall appear to the Court before which such objection is raised that, independently of the evidence objected to and admitted, there was sufficient evidence to justify the decision, or that, if the rejected evidence had been received, it ought not to have varied the decision.

၁၆၅။ တရားသူကြီးသည် အမှု၌ စပ်ဆိုင်သောအကြောင်းခြင်းရာများကိုဖော်ထုတ်ရန် သို့မဟုတ် အမှု၌ စပ်ဆိုင်သောအကြောင်းခြင်းရာများ သက်သေထင်ရှားရန်အလို့ငှာ အကြောင်းခြင်းရာ တစ်ခုသည်အမှု၌ စပ်ဆိုင်သည်ဖြစ်စေ၊ မစပ်ဆိုင်သည်ဖြစ်စေ ထိုအကြောင်းခြင်းရာနှင့်စပ်လျဉ်း၍ သက်သေတစ်ဦးဦးအား သို့မဟုတ် အမှုသည်များအား မိမိမေးလိုသည့်မေးခွန်းကို မည်သည့်ပုံစံမျိုးနှင့်မဆို အချိန်မရွေးမေးမြန်းနိုင်သည်။ စာတမ်းအမှတ်အသား သို့မဟုတ် အထုဝတ္ထုတစ်ခုခုကိုတင်ပြရန် အမိန့်ချမှတ်နိုင်သည်။ ထိုသို့ဆောင်ရွက်ခြင်းကိုအမှုသည်များကဖြစ်စေ၊ ယင်းတို့၏ကိုယ်စား ဆောင်ရွက်သူများကဖြစ်စေ ကန့်ကွက်ခွင့်မရှိစေရ။ ထို့ပြင် ထိုသို့ဆောင်ရွက်ရာ၌မေးသောမေးခွန်းကိုဖြေဆိုသော သက်သေအား တရားရုံး၏ခွင့်ပြုချက်မရဘဲ ပြန်လှန်စစ်မေးခွင့်လည်းမရှိစေရ။

တရားသူကြီး၏ မေးမြန်းပိုင်ခွင့် သို့မဟုတ် တစ်စုံတစ်ခုတင်ပြစေရန် အမိန့်ပေးပိုင်ခွင့်။

သို့ရာတွင် တရားသူကြီးသည် ဤဥပဒေအရ အမှု၌စပ်ဆိုင်သည်ဟူ၍ ပြဋ္ဌာန်းထားသော ထို့ပြင် သက်သေထင်ရှားစေရန် နည်းလမ်းတကျသက်သေထင်ရှား တင်ပြပြီးသည်လည်းဖြစ်သော အကြောင်းခြင်းရာ အပေါ်တွင်အခြေပြု၍ စီရင်ချက်ချမှတ်ရမည်။

ထို့ပြင်တရားသူကြီးသည် အထက်ပါ လုပ်ပိုင်ခွင့်ကို ကျင့်သုံးရာ၌ အောက်ပါစည်းကမ်းချက်များကိုလိုက်နာရမည်။ ဆန့်ကျင်ဘက်အမှုသည်က မေးသောမေးခွန်းကို သို့မဟုတ် တောင်းဆိုသောစာချုပ်စာတမ်းကို သက်သေတစ်ဦးက ပုဒ်မ ၁၂၁ မှ ၁၃၁ အထိ၊ ထိုပုဒ်မနှစ်ခုလုံး အပါအဝင်ဖြစ်သော ပုဒ်မများအရ မဖြေဆိုလို သို့မဟုတ် မတင်ပြလိုဟုငြင်းဆိုခွင့်ရှိမည်ဖြစ်လျှင် ထိုမေးခွန်းကိုဖြေဆိုစေရန် သို့မဟုတ် ထိုစာရွက်စာတမ်းကို တင်ပြစေရန် ယင်းသက်သေအားအတင်းအကျပ်မပြုရ။ ပုဒ်မ ၁၄၈ သို့မဟုတ် ၁၄၉ အရ အခြားသူတစ်ဦးဦးကမေးမြန်းရန် မသင့်တော်သောမေးခွန်းကို မေးမြန်းခြင်းမပြုရ။ ဤဥပဒေတွင် ပါဝင်ပါရှိပြီးဖြစ်သည့် ပြဋ္ဌာန်းချက်များအရခြွင်းချက်ပြုထားသော ကိစ္စများမှတစ်ပါး စာရွက်စာတမ်းတစ်ခုခုနှင့်စပ်လျဉ်း၍ မူရင်းအတိုင်း သက်သေခံချက်မတင်ပြဘဲနေရန်ခွင့်မပြုရ။

၁၆၆။ ဂျူရီလူကြီးများနှင့်ဖြစ်စေ၊ အကဲဖြတ်ပုဂ္ဂိုလ်များနှင့်ဖြစ်စေ စစ်ဆေးသောအမှုများတွင်တရားသူကြီးကသင့်တော်သည်ဟုယူဆ၍ ရင်းကိုယ်တိုင်မေးမြန်းမည်ဖြစ်သော မေးခွန်းများကို ဂျူရီ သို့မဟုတ် အကဲဖြတ်ပုဂ္ဂိုလ်များသည် တရားသူကြီးမှတစ်ဆင့်သော်လည်းကောင်း၊ တရားသူကြီး၏ခွင့်ပြုချက်ဖြင့်သော်လည်းကောင်း သက်သေများအားမေးမြန်းနိုင်သည်။

ဂျူရီနှင့် အကဲဖြတ် ပုဂ္ဂိုလ်များ၏ မေးမြန်းပိုင်ခွင့် အာဏာများ။

အခန်း (၁၁)

သက်သေခံချက်ကို နည်းလမ်းမကျဘဲလက်ခံခြင်းနှင့် နည်းလမ်းမကျဘဲပယ်ခြင်း

၁၆၇။ သက်သေခံချက်ကို နည်းလမ်းမကျဘဲလက်ခံခဲ့သည် သို့မဟုတ် နည်းလမ်းမကျဘဲပယ်ခဲ့သည်ဟူ၍ကန့်ကွက်လျှင် ကြားနာသည့် တရားရုံးသည် နည်းလမ်းမကျဘဲလက်ခံကြောင်းကန့်ကွက်လာသော်လည်း လက်ခံခဲ့သောသက်သေခံချက်မပါရှိဘဲနှင့်ပင် မူလအမှုတွင်ချမှတ်ခဲ့သောဆုံးဖြတ်ချက်မှာ လုံလောက်သောသက်သေထင်ရှားရှိကြောင်း သို့မဟုတ် ပယ်ခဲ့သော သက်သေခံချက်ကို လက်ခံခဲ့လျှင်လည်း အဆိုပါဆုံးဖြတ်ချက်ကို တစ်နည်း တစ်ဖုံ ပြောင်းလဲစေမည်မဟုတ်ကြောင်း ထင်မြင်ပါက ဖော်ပြပါအကြောင်းတစ်ခုခုကိုသာ အကြောင်းပြု၍ အဆိုပါအမှုကို အသစ်တစ်ဖန်စစ်ဆေးစီရင်စေခြင်း သို့မဟုတ် အဆိုပါအမှုတွင်ချမှတ်ထားသော ဆုံးဖြတ်ချက်ကိုပယ်ဖျက်ခြင်းမပြုရ။

သက်သေခံချက် ကို နည်းလမ်းမကျဘဲ လက်ခံခြင်း သို့မဟုတ် နည်းလမ်းမကျဘဲပယ်ခြင်းကိုအကြောင်းပြု၍ အမှုကိုအသစ်တစ်ဖန် မစစ်ဆေး မစီရင်ရခြင်း။